www.burmeseclassic.com

BURMESE CLASSIC .com



မှော်ပူဖောင်းတစ်လုံးဝယ်ခဲ့သူ

# သူဝေး

cOvEr: tkk

Thu Way

www.burmeseclassic.com

www.burmeseclassic.com

သားသား စိစဉ်ရှ်

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၂၀၁၊၂၀၃ လမ်း ၄၀၊ ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည့်ဟိန်း ၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၃ ခုနှစ် ၊ ဇူလိုင်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၁၅၀၀ ကျပ်

သုဝေး ၈၉၅.၈၃

( မော်ပူဖောင်းတစ်လုံးဝယ်ခဲ့သူ ) သုဝေး ၊ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၃
၂၈၆-စာ၊ ၁၂.၅၊ ၁၉.၅စင်တီ။
(၁) မော်ပူဖောင်းတစ်လုံးဝယ်ခဲ့သူ

# မော်ပူဖောင်းတစ်လုံးဝယ်ခဲ့သူ

www.burmeseclassic.com

www.burmeseclassic.com

# မော်ပုဖောင်းတစ်လုံးဝယ်ခဲ့သူ

## နိဒါန်း

တိုင်မှာချိတ်ထားတဲ့ အင်္ကျီကို ဖြုတ်ယူပြီး ဖြန့်ကြည့်လိုက်တယ်။ အင်္ကျီဆိုဒ်က အတော်ကြီးနေတယ်။ အတော်ဝတဲ့လူတစ်ယောက်ဝတ်တဲ့ အင်္ကျီပဲ ဖြစ်ရမယ်။ ခုတင်အောက်က ဖိနပ်တစ်ရန်ကိုလည်း ကြည့်လိုက်တယ်။ ဖိနပ်ကလည်း အတော်ကြီးတယ်။ လူဝကြီးတစ်ယောက်စီးတဲ့ ဆိုဒ်ပဲလို့ ခန့်မှန်းရပြန်တယ်။ အင်္ကျီကို တိုင်မှာပြန်ချိတ်ပြီး ဒီအခန်းထဲက ကျွန်တော် တိတ်တဆိတ်ပြန်ထွက်ခဲ့တယ်။

အိမ်နောက်မီးဖိုခန်းက စားပွဲဆီ ရောက်ခဲ့တယ်။ စားပွဲပေါ်မှာ ဇန်ခွက်တစ်ခွက်။ ဖန်ခွက်နှုတ်ခမ်းတွေကို နှာသီးဝမှာတေ့ပြီး ရှုကြည့်တယ်။ စူးပြင်းတဲ့အနံ့တစ်ခုက မူးနောက်စရာကောင်းအောင် ကျွန်တော် အနံ့ခံအာရုံထဲ တိုးဝင်သွားတယ်။ မခံနိုင်လို့ ချက်ချင်း ခွက်ကို စားပွဲပေါ်မှာ ရိုက်ချမိတယ်။ ခွက်နဲ့စားပွဲနဲ့ ထိမိတဲ့အသံ နည်းနည်းကျယ်သွားလို့ ကျွန်တော်ဘေးဘီကို သတိမူလိုက်ရသေးတယ်။

မီးဖိုခန်းနောက်ဖေးတံခါးပေါက်က ခွေးတစ်ကောင်က ခေါင်းပြူပြီး ကျွန်တော့်ကို ကြည့်နေတယ်။ သူကြည့်နေတဲ့ပုံက သူ့ တစ်ချိန်

www.burmeseclassic.com

က မြင်တွေ့ခဲ့ဖူးတဲ့ လူတစ်ယောက်ကို ကြည့်နေသလိုပဲ။ သူ့အကြည့်ကြောင့် ကျွန်တော်လည်း သူ့ကို မြင်ဖူးသလို ခံစားရသွားတယ်။ ကျွန်တော် အနားတိုးကပ်သွားပြီး ခွေးရဲ့ကျောပြင်ကို ပွတ်ပေးလိုက်တယ်။ ခွေးက ငြိမ်ခံပြီး ကျွန်တော့်ခြေထောက်ကို ခေါင်းနဲ့ ပြန်ပွတ်ပေးနေတယ်။

ဧည့်ခန်းအနီးနားက အခန်းတစ်ခုဆီက ရှိုက်သံသဲ့သဲ့ကို လှမ်းကြားရတယ်။

"ဟင်း . . ."

ကျွန်တော် သက်ပြင်းရှည်ရှည်ချမိတယ်။

သူ ငိုနေတုန်းပဲလား . . . ။

ㅈㅈㅈ



BURMESE CLASSIC .com

**(၁)**

အ.ထ.က (၁၈)၊ အခြေခံပညာအထက်တန်းကျောင်း။

ကျောင်းဝန်းထဲကို ဝင်လိုက်တာနဲ့ ယူကလစ်ရွက်တချို့ဟာ ကျွန်တော့်ခေါင်းပေါ်ကနေ ဖြတ်ပျံသွားကြတယ်။ အဝေးက တလူလူလွင့်လျှားနေတဲ့ အလံတော်ကြီးက လက်ဝှေ့ယမ်းပြကာ နှုတ်ဆက်နေသူတစ်ယောက်လိုပဲ။

ဒီကနေ့အဖို့ ကျောင်းဆောင်တွေဆီက သစ်သားပြတင်းတံခါးရွက်တွေဟာ သစ်လွင်တောက်ပနေပြီးတော့ (Hall) ခန်းမအထိ စီတန်းပေါက်ရောက်နေတဲ့ ပိတောက်ပင်တွေရဲ့ သစ်ရွက်တွေကလည်း ပိုမိုစိမ်းမြနေကြတယ်။

ကျောင်းဝန်းထဲမှာ လူစုံနေပြီထင်ပါတယ်။ ကျွန်တော် ဘယ်သူ့ကိုမှ အသံမပေးဘဲ ရပ်နေမိတယ်။ မျက်နှာကလည်း အလိုလို ပြုံးယောင်သမ်းနေမှာ သေချာပါတယ်။ ဒီနေ့ ကျောင်းသားဟောင်းတွေရဲ့ ဆရာကန်တော့ပွဲပါ။

ကျွန်တော့်ထက်ငယ်တဲ့ ကျောင်းသားဟောင်းတွေကော၊ ကျွန်တော်တို့ အစ်ကို၊ အစ်မအရွယ်၊ အဖေအမေအရွယ်ရှိမယ့် ကျောင်းသားဟောင်းတွေကော အရွယ်စုံပါပဲ။ ကျောင်းဝန်းထဲမှာ ရောက်ပြည့်နေတ်



www.burmeseclassic.com

www.burmeseclassic.com

နေကြပြီ။ ဆရာ၊ ဆရာမတွေကိုလည်း လှမ်းတွေ့နေပေမဲ့ သွားနှုတ်မဆက်သေးဘဲ သူငယ်ချင်းဟောင်းတချို့ကို မျက်လုံးနဲ့ လိုက်ရှာနေလိုက်တယ်။

ကော်ဖီကုမ္ပဏီဝတ်စုံနဲ့ ကျောင်းအဝင်ဝမှာ ကော်ဖီဝေနေတဲ့ ကောင်မလေးအဖွဲ့ထဲက တစ်ယောက်က တစ်ခါသုံးခွက်လေးနဲ့ ကော်ဖီလာဝေတယ်။ ကျွန်တော် ခေါင်းညိတ်ပြပြီး ယူလိုက်တယ်။

အဲဒီအချိန်မှာပဲ . . .

"ဟေ့ကောင် . . . သွေးခန့် . . . အဟား . . ."

အဲဒီအော်သံနဲ့အတူ 'ဝင်းသစ်' ပြေးလာတယ်။ ဝမ်းသာအားရပြေးလာပြီး ကျွန်တော့်ရှေ့ရောက်တော့ ဆတ်ခနဲ ဘရိတ်အုပ်တယ်။ ပြီးတော့ မိုက်ကယ်ဂျက်ဆင်လို ခြေရှုပ်ပြီး နှစ်ချက်လောက်ကပြပြီး ပျော်ပြသေးတယ်။ 'ဒီကောင်တော့ . . .' လို့ ကျွန်တော် ခေါင်းကို ခပ်လေးလေးခါမိပြီး ရယ်ဖြစ်သေးတယ်။

ပြီးမှ ကျွန်တော်က ဒီကောင့်ပခုံးကို ခပ်ဆတ်ဆတ် ထိုးလိုက်ပြီး . . .

"အေပေး . . . ဘာတွေလုပ်နေလဲ"

ကျွန်တော့်အမေးကို ဝင်းသစ် ခေါင်းဆတ်ပြတယ်။

"လာ . . . ဟိုမှာ ကျော်စွာတို့ရှိတယ်။ အဲ့ဒီသွားမယ် . . . လာ"

"ဘယ်ကျော်စွာလဲ၊ အုန်းမှုတ်ခွက်ကျော်စွာလား၊ သုံးစီးရှင် ကျော်စွာလား"

"နှစ်ကျော်စွာလုံးရှိတယ် . . . လာ . . . လာ . . . သွားမယ်"

ရာဇဝင်ထဲမှာ ငါးစီးရှင်ကျော်စွာတို့၊ တစ်စီးရှင် ဘာညာတို့ ရှိသလိုမျိုး ကျွန်တော်တို့ ကျောင်းသားဘဝတုန်းက သူငယ်ချင်းတွေထဲမှာ သုံးစီးရှင်ကျော်စွာဆိုတဲ့ကောင် ရှိခဲ့ဖူးတယ်။ ဆင်ဖြူတော် သုံးစီးပိုင်တာတော့ ဘယ်ဟုတ်မလဲ။



သူ့အိမ်မှာ ဇီး' တင်တဲ့ ဝက်ကြီးသုံးကောင် မွေးထားလို့ သုံးစီး(စီး)ရှင်ကျော်စွာလို့ သမုတ်လိုက်ကြတာပါ။ အုန်းမှုတ်ခွက်ကျော်စွာကတော့ ရှင်းပါတယ်။ ဆံပင်ကေကက အုန်းမှုတ်ခွက်ကေဖြစ်နေလို့။ သူငယ်တန်းကနေ ဆယ်တန်းအထိ အဲဒီကေပဲ။ ကျွန်တော်ကတော့ ဒီကောင့်ခေါင်းကြီးမြင်တိုင်း အမြဲပျင်းရိနေမိတော့တာပဲ။

ဝင်းသစ်က ကျွန်တော့်ကို ဘော်ဒါတွေစုနေတဲ့နေရာကို ဆွဲခေါ်လာခဲ့တယ်။

"ဟေ့ကောင် . . . ကျော်စွာနှစ်ကောင်"

"ဟာ . . . သွေးခန့်ကြီး . . . ကြည့်စမ်း . . . မင်းပျောက်နေတာ ကြာပြီပဲ။ အရင်နှစ်က ဆရာကန်တော့ပွဲလည်း မင်းရောက်မလာဘူး"

"ဟား . . . ဟား . . . လူစုံနေကြပါလားဟေ့"

ဆိုတဲ့ အသံနဲ့ စောမင်းနဲ့ ဒိန်ကြီးတို့လည်း ရောက်လာကြပါတယ်။ ပြီးတော့ သီဟနိုင်တို့၊ ရဲဝင်းတို့လည်း ရောက်လာကြတယ်။ နောက်ထပ်နောက်ထပ်လည်း တဖွဲဖွဲ ရောက်လာကုန်ကြပါတယ်။ ကျွန်တော်တို့နှစ်က ယောကျ်ားလေးသူငယ်ချင်းတွေ တော်တော်စုံသွားပါတယ်။ လူတွေစုံတော့ သတင်းတွေလည်း စုံရပေါ့။

"ငါကတော့ ငါ့မိန်းမစတိုးဆိုင်မှာ ကောင်တာပြန်ထိုင်နေတာပါပဲ။ ထွေထွေထူးထူးအလုပ်တော့ မရှိဘူး။ တချို့ညတွေ ဘုရားရှိခိုးတယ်။ တချို့ညတွေ နည်းနည်းသောက်တယ်။ အဲဒါနဲ့ပဲ လည်ပတ်နေတာ တစ်နေ့တစ်နေ့ကို . . ."

"ငါကတော့ ငါ့ဦးလေးသွင်းပေးတဲ့ ဘဏ်မှာပဲ လုပ်နေတာ သုံးနှစ်ရှိပြီ။ ငွေကိုင်ကွ။ လူက ရင်ကြပ်ပန်းနာ(Asthma)ဖြစ်လာတော့ ဆေးခန်းနဲ့ သိပ်မတည့်ချင်ဘူး။ အလုပ်ပြောင်းဖို့ စဉ်းစားနေတာ။ ဝန်ထမ်းလည်း မလုပ်ချင်တော့ဘူးကွ"

www.burmeseclassic.com

"ငါကတော့ ဆိုင်ကယ် ကယ်ရီချနေတာကွ။ မူဆယ်ဘက်တွေပေါ့"

"ငါ့အလုပ်ကိုတော့ ငါးပွက်ရာ ငါးစာချတဲ့အလ…ို့ ပြောရမှာပဲ။ ငါးရှဉ့် ငါးရှဉ့်ဆို ငါရှဉ့်မွေးလိုက်တာပဲ။ …တဲ့ တောက်ဘဲ့ဆိုရင် ရိုးမထဲ တိုးလိုက်တာပဲ။ ရေသန့်ဘူးထဲက စွယ်တော်ပုံပေါ်တယ်ဆိုရင်လည်း ရေသန့်ဘူး ရောင်းလိုက်တာပါပဲကွာ"

"အဟားဟား . . . ဈေးကွက်စီးပွားရေးပေါ့။ ကောင်းကွာ"

ဒီလို လက်ရှိဘဝလေးတွေကိုလည်း တစ်ယောက်တစ်ခွန်းပြောပြကြတယ်။ ကြားကြရတယ်။ ရယ်မောရတာလည်း ရှိတယ်။ ရင်မောရတာလည်း ရှိတယ်။

ဒီလိုပဲ ရောက်မလာဖြစ်တဲ့ သူငယ်ချင်းတွေအကြောင်း ကြားရတော့လည်း လွမ်းရ၊ ဆွေးရ၊ သက်ပြင်းတွေ နွေးရတယ်။

"ဆန်းဦးက ရှေ့တန်းမှာ ကျသွားပြီတဲ့။ ချောင်းပစ်ခံရတာတဲ့ကွာ"

"ပုရစ်လည်း စစ်ထဲမှာပဲ။ မိုးမြင့်လည်း ဆယ်တန်းပြီးကတည်းက နယ်စပ်ဘက် 'လိမ့်' မယ်ပြောပြီး လုံးဝကို ပျောက်သွားတာ။ အောင်ကြီးသတင်းလည်း အစအနကို ကောက်မရတော့ဘူး"

"ကျော်မင်းသူလည်း ဩစတြေးလျသွားပြီ။ 'ပက်' မြို့မှာ နေတယ်ဆိုပဲ။ ပြန်လာဖို့ မသေချာတော့ဘူးတဲ့။ ဟိုလက ငါတို့ကို လာနှုတ်ဆက်သွားတယ်။ ဘီယာဆိုင်ခေါ်ပြီး သူတိုက်မှာလိုလိုနဲ့ ငွေရှင်းတော့ ဗိုက်အောင့်တာလိုလို၊ လီပ်ခေါင်းထွက်ချင်တာလိုလို လုပ်ပြပြီးအမေ့ခံနေတာ"

ကျွန်တော်တို့ ဒီလိုစကားကောင်းနေသလိုပဲ ကျွန်တော်တို့ရဲ့ ဟိုးခပ်လှမ်းလှမ်းနားမှာလည်း မိန်းကလေးတစ်သိုက် စကားလက်ဆုံကျနေတယ်။ ဝင်းသစ်က . . .



"ဟာ . . . ဟိုမှာ ငါတို့နှစ်က ကျောင်းသူတွေကွ"

လို့ အော်ပြောတာမို့ ကျွန်တော်တို့ ကြည့်ဖြစ်လိုက်ကြတာပါ။ အဲဒီမှာ ကျွန်တော် မြင်လိုက်ရတယ်။ စောမင်းက ပခုံးတိုက်ပြီး . . .

"ဟေ့ကောင် . . . ပန်ရွှယ်ဆုလာဘ်ကိုတွေ့လား . . . ဟိုမှာ။ မင်း သူနဲ့မတွေ့ရတာကြာပြီမို့လား။ ကြည့်စမ်း . . . ကျောင်းတုန်းကဆက် အဆလေးရာလောက် ပိုလှလာတယ်။ ရွှေလိုဝင်းပြီး ပြည့်ပြီးနေတာပဲကွာ၊ အသားတွေက . . ."

"ဟေ့ကောင် . . . မင်းအသံထဲမှာ နှာဘူးသံမပါနဲ့"

"အေးပါ . . . မင်းကိုတွေ့လားလို့ ပြောတာ"

"တွေ့တယ် . . . တွေ့တယ်"

ကျွန်တော် တွေ့နေပါတယ်။ စောမင်းပြောသလိုပဲ သူဟာ တကယ်ကို ရွှေအစင်းနဲ့ ပြည့်ဝနေပါတယ်။ ဝတ်ထားတဲ့ ရွှေဝါရောင် ပါတိတ်ဝမ်းဆက်ကလေးနဲ့လည်း လိုက်တယ်။ အရှက်မရှိတဲ့ ဝင်းသစ်ကြီးက ဒီလိုဆော်ဩလာပြန်တယ်။

"ဟေ့ကောင်တွေ . . . ငါတို့ သူတို့မိန်းကလေးအသိုက်ထဲကို နွားပြောင်ကြီးတွေလို ဝင်ပြေးဇော့ကြမလား"

"အေး . . . ကောင်းတယ်ကွ"

"ဟား . . . လုပ်လိုက်လေ၊ နှိပ်ဟ"

သိပ်တောင် မဆော်ဩလိုက်ရဘူး။ ဝမ်း . . . တူး . . . သရီး အော်ပြီး တစ်ဟုန်ထိုး ခေါင်းကြီးတွေငုံ့လို့ ပြေးဝင်သွားကြတယ်။

"ဟေ့ . . . ဟေ့ . . . ဟော . . ."

"အာ . . . ဘာကြီးတွေလဲ . . ."

"အမယ်လေး . . . ဗရုတ်ကောင်တွေ"

မိန်းကလေးတွေ ငယ်သံပါအောင် အော်ကြတယ်။ ဆေးနား သူတောင်းစား၊ အဘွားကြီးနဲ့ရမ့်အကောင်တွေ စသဖြင့် ကျိန်ဆဲကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်လည်း ပြေးလာရာကနေ သူ့ကို ဝင်တိုက်မလို့လုပ်တော့ သူက ရုတ်တရက်လန့်သွားသေးပေမဲ့ ကျွန်တော့်ကို ကျွန်တော်မှန်းသိလိုက်တဲ့အခါ နှုတ်ခမ်းလေး ဝင်းသွားတယ်။ ခပ်ဝန်းဝန်းလေး ဟ,သွားတယ်။ မျက်လုံးတွေလည်း အရောင်လက်သွားတယ်။

သူ့ရဲ့ ဒီလို အသွင်ပြောင်းသွားတဲ့ မျက်နှာကို ကျွန်တော်က အသင့်ပြင်ထားတဲ့ ဖုန်းကင်မရာနဲ့ လှမ်းရိုက်လိုက်တယ်။

"ဟာ . . . သွေးခန့်ကြီး"

ကျွန်တော် သူ့ဓာတ်ပုံကို အကြီးချဲ့ကြည့်ရင်း ခေါင်းညိတ်ပြလိုက်တယ်။

"နင် ငါ့ကိုတွေ့တော့ အရမ်းဝမ်းသာသွားလို့လား"

"အောင်မာ . . . ဝမ်းမသာရပါလားတော်"

"မငြင်းနဲ့ . . . ဒီမှာ ဓာတ်ပုံရိုက်ထားတယ်။ နင့်ပုံက ငါ့ကိုတွေ့တော့ အဆမတန် ဝမ်းသာသွားတဲ့ပုံပဲ။ ငါ့အိမ်ရောက်ရင် ကွန်ပျူတာထဲထည့်၊ ပုံကြီးချဲ့ပြီး စက်ဝိုင်းခြမ်းတွေ၊ ပေတံတွေနဲ့ တိုင်းပြမယ်။ တကယ်ဝမ်းသာလို့ ဟသွားတဲ့နှုတ်ခမ်းဟာ ဘယ်လောက်ကျယ်တယ်၊ တကယ်ဝမ်းသာလို့ ကွေးသွားတဲ့ ပါးပြင်ကြွက်သားတွေက ဘယ်လောက်ဒီဂရီရှိတယ်ဆိုတာ ငါ့စာအုပ်ထဲမှာ မှတ်ထားတာရှိတယ်။ အိမ်ရောက်မှ သေချာတိုင်းကြည့်ရမယ်"

ကျွန်တော် ဒီလိုပြောတော့ သူ ခေါင်းမော့ရယ်တယ်။ တခြားသူတွေလည်း ဝိုင်းကြည့်ကြတယ်။ 'သွေးခန့်တို့ကတော့ အဆန်းတွေပြောပြီ' လို့ ချစ်ဖူးသိမ့်ကလည်း ဩချတဲ့အသံကြီးနဲ့ ပြောသေးတယ်။ အားလုံးက မတွေ့ရတာကြာပြီဖြစ်တဲ့ သူငယ်ချင်းတွေပါပဲ။ ပန်းရွှယ်က ရယ်လို့ဝမှ . . .

"ဝမ်းသာတာပေါ့ဟာ . . . ။ နင်တို့ ငါတို့ရပ်ကွက်က အိမ်လည်းပြောင်းသွား၊ နင်လည်း နိုင်ငံခြားထွက်သွားပြီးကတည်းက နင်နဲ့



ဘယ်မှာတွေ့ရတော့လို့လဲ။ ဒါနဲ့ နင် ဒီပြန်လာတာ အပြီးလား၊ ဘာလုပ်ဖို့လဲ"

"အေး . . . နင်ပြောသလို အပြီးပြန်လာတာ။ အလုပ်က အိမ်ဆောင်ရေးအကျိုးဆောင်လုပ်မလို့"

"အမ် . . ."

"စပြီ . . . ပေါက်ကရတွေ"

သူတို့ ဝိုင်းပြီး အံ့ဩကြပြီ။ ပြုံးစိစိ လုပ်ကြရယ်ကြပြီ။ ဒီက အတည်ပြောနေတာကို။

"ငါတို့နိုင်ငံက လူလတ်တန်းစားတွေအတွက် ဈေးနှုန်းချိုပြီး အဆင့်အတန်းမြင့်တဲ့ မင်္ဂလာခန်းမတွေ တည်ဆောက်မယ်။ တည်ထောင်မယ်။ ပြီးရင် ဆန်းဆန်းပြားပြား မင်္ဂလာဆောင်နိုင်တဲ့ စုံတွဲတွေဆိုရင် သူတို့မင်္ဂလာပွဲကို (modify)လုပ်နိုင်ရင် လုပ်နိုင်သလောက် ဈေးလျှော့ပေးမယ်။ ငါအကြံပေးတဲ့အတိုင်း လက်ခံပြီး မင်္ဂလာဆောင်မယ်ဆိုရင် မင်္ဂလာခန်းမနဲ့ အကျွေးအမွေးစရိတ်တွေ မယူတဲ့အပြင် အကောင်းစားလက်ဖွဲ့ပေးပြီး သူတို့စိတ်ကြိုက် ဟန်းနီးမွန်းပါ စီစဉ်ပေးမယ်"

ဘယ်သူမှ ငှက်ပျောတုံးဖက်ချင်စိတ် မရှိကြတာမို့ အားလုံးက စိတ်ဝင်စားသွားကြတယ်။ အဲ့ဒီအထဲမှာ အုန်းမှုတ်ခွက်ကျော်စွာက အကဲဆုံး။

"ဟောကောင် . . . ငါ့ကို အကြံပေးကွာ။ ငါ မင်း အကြံပေးတဲ့အတိုင်း မင်္ဂလာဆောင်မယ်။ ပြော . . . ငါ ဘယ်လိုဆောင်ရမလဲ"

"အင်း . . . မင်းဆိုရင် မင်းက ကျောက်ခေတ်လူသား ဆံပင်ကေနဲ့ဆိုတော့ သူများတွေလို လေယာဉ်ပျံပေါ်တက်ဆောင်လို့လည်း မရဘူး။ လကမ္ဘာပေါ်တက်ပြီး ဆောင်ဖို့ဆိုလည်း ငါ့မှာက အဲလောက်စရိတ်မရှိဘူး။ ရေအောက်ထဲမှာ သင်္ဘောပေါ်မှာတွေကလည်း သူများတွေဆောင်ပြီးပြီ။ လေထီးနဲ့လည်း သူများတွေ ဆောင်ဖူးတယ်ကွ အင်း - မင်းက ကျောက်ခေတ်လူသား ကေနဲ့ဆိုတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com

"အာ . . . ဒါချည်း ပြောနေတာပဲ"

"ဒါချည်း ပြောမှာပေါ့ကွ။ မင်းဆံပင်ပေါ်မူတည်ပြီး မင်းမင်္ဂလာပွဲကို စီစဉ်ရမှာ။ အင်း . . . ဟုတ်ပြီ . . . ဒီလိုလုပ်ကွ။ မင်းပုံကလည်း ကမ္ဘာဦးပုံစံဆိုတော့ မင်းကလည်း ဒါဝင်ရဲ့ သီအိုရီအရ လူမဖြစ်ခင်စပ်ကြားတုန်းက မျောက်တွေလို မင်္ဂလာဆောင်ကွာ။

သစ်ပင်ပေါ်မှာ ဆောင်ရမယ်။ ပွဲလာဧည့်သည်တွေကို နွယ်ကြိုးနဲ့စီးပြီး လိုက်နှုတ်ဆက်ရမယ်။ ရေခဲမုန့်နဲ့ ကိတ်မုန့်တွေကိုလည်း ကမ္ဘာဦးတုန်းကလိုပဲ ကျောက်ခွက်တွေထဲထည့်ပြီး ကျွေးမယ်။ မင်္ဂလာနောက်ခံတေးဂီတကိုလည်း ကျောက်တုံးတွေ တဂွက်ဂွက်ရိုက်ပြီး တီးပေးမယ်။ သစ်ခေါင်းပါတဲ့ သစ်ပင်ကြီးကို လက်ဖွဲ့တွေလက်ခံတဲ့နေရာအဖြစ်ထားမယ်။ လက်ဖွဲ့တွေ သစ်ခေါင်းထဲမှာ ထည့်ရမယ်။ ပြီးတော့ . . ."

"အာ . . . တော်ပြီကွာ။ မင်းလုပ်နေတာနဲ့ပဲ မင်္ဂလာဦးညလည်း လိုဏ်ဂူထဲမှာပဲ အိပ်ရဖို့များနေပြီ။ သွား . . . ဘာတွေမှန်းမသိဘူး"

အုန်းမှုတ်ခွက်ကျော်စွာ လေသွားပြီး ကျွန်တော့်အနားက ထွက်သွားတယ်။ ကျန်တဲ့သူတွေလည်း ကျွန်တော်မျက်နှာပြောင်နေမှန်း သိသွားပြီး တစ်ယောက်တစ်ခွန်းဆဲဆိုပြီး ရှဲသွားကုန်ကြပါတယ်။

ကောင်းတယ်။ ဒီတော့မှ ပန်ရွယ်နဲ့ နှစ်ယောက်တည်း ကျန်ခဲ့တော့တာပေါ့။

ခုနက စကားတွေကြောင့် ပန်ရွယ်က ရယ်မောနေရှာတုန်းပါ။

ကျွန်တော်ကတော့ ရယ်နေတဲ့သူ့ရှေ့မှာ ခြေစုံရပ်ပြီး ဟိုးတုန်းက ကာလတချို့ကို ပြန်တွေးနေမိတယ်။

ကျွန်တော့်အနောက်မှာ ပိတောက်ရွက်တွေ ကြွေနေတယ်လို့ လှည့်မကြည့်ဘဲ သိနေမိတယ်။

* * *



## အတိတ် (၁)

ပန်ရွယ်ဆုလာဘ်ဆိုတဲ့ ကောင်မလေးနဲ့ ပတ်သက်တဲ့ အမှတ်တရအကြောင်း ပြောရရင်တော့ ကျွန်တော့်မှာ တောင်ပုံရာပုံအများကြီးပါပဲ။ ဘာလို့လဲဆိုတော့ သူနဲ့က ငယ်သူငယ်ချင်း၊ ခြံချင်းကပ်လျက်သည်း ဖြစ်ခဲ့ဖူးတာကိုး။ ထားပါတော့။

အဲဒီလို အမှတ်တရအများကြီးထဲကမှ ဆယ်တန်းတုန်းက ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်လေးကို ပြန်စားမြုံ့ပြန်ပြမယ်။ ဒီဖြစ်ရပ်အတွက် ဒိန်ကြီးနဲ့ စောမင်းကိုလည်း ဇာတ်ပို့ပြန်ခေါ်ရမယ်။ ဇာတ်ပို့သာ ပြောရတာ အဲ့ဒီတုန်းက ဒိန်ကြီးက မင်းသားဖြစ်မှာ။ ဒါပေမဲ့ နောက်ဆုံးမှာတော့ သုံးကောင်လုံး ဗီလိန်ဖြစ်သွားတာပါပဲ။

အဖြစ်အပျက်အစမှာတော့ ကျွန်တော်ဟာ ဒိန်ကြီးအိမ်အလည်သွားမိရာက စတာပါပဲ။

သူ့အိမ်မှာ နေကာမျက်မှန်ကြီးတပ်၊ အချစ်ဝတ္ထုခုနစ်အုပ်လောက် ပြန့်ကျဲလျက်နဲ့ ဖိမ်ကျနေတဲ့ ဒိန်ကြီးကို သွားတွေ့ပါတယ်။

"ဟာ . . . ဟေ့ကောင် ဘာတွေဖြစ်နေတာလဲ။ မျက်မှန်အမည်းကြီးနဲ့။ အာဖရိကယင်ကောင်ကြီး ကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ရောက်ရောက်ချင်း ပေါက်ကရစကားလုံးနဲ့ထွင်းလိုက်တယ်။ ဒိန်ကြီးက အင်းခနဲ ညည်းညူပြီး မျက်မှန်ချွတ်ပြကာ . .

"မျက်စိစွန်နေလို့ကွ။ ဒီမှာကြည့် . . . "

"ဟင် . . . "

ကြည့်လိုက်တော့လည်း ဟုတ်တယ်။ မျက်လုံးနှစ်ဘက်ရဲ့ အစွန်းက ဘုသီးကြီးတွေထပြီး မျက်လုံးပိတ်မတတ် ဖြစ်နေတယ်။

"ဟာ . . . ပြန်တပ်ထားမျက်မှန်။ ရွံတာကွာ"

"မင်းကလည်း . . . "

"မင်းကမလည်းနဲ့ တကယ်ရွံတာ။ ဒါနဲ့ ဒီအချစ်ဝတ္ထုကြီးတွေက ဘာလုပ်တာလဲ။ သြော် . . . သိပြီ။ ရည်းစားစာရေးဖို့ စကားလုံးတွေ လိုက်နိုက်နေတာမို့လား"

"ဟာ . . . ဟောကောင် . . . ရှူး . . . ငါ့အမေ ကြားသွားမယ်"

ဒီစကားအရဆို ကျွန်တော်ခန့်မှန်းတာ မှန်သွားတဲ့သဘောပဲ။ ဒီကောင် ဘယ်သူ့ကို ရည်းစားစာပေးဖို့ ကြံနေတာပါလိမ့်။ ရည်းစားစာလည်း ပေးချင်၊ လူမိမှာလည်း ကြောက်နေတဲ့ ဒီကောင့်မျက်နှာက ဘုရားရှိခိုးနေတုန်း အိမ်သာတက်ချင်လာတဲ့ ရုပ်နဲ့။

ကျွန်တော်က ပါးစပ်နဲ့ မပြောချင်တာမို့ ဒီကောင့်မျက်နှာနားနားရွက်ကပ်လိုက်ပြီး နှစ်ကိုယ်ကြားအသိပေးဖို့ အမူအရာပြလိုက်တယ်။ ဒီတော့မှ ဒီကောင်က . . .

"ငါ ပန်ရှယ်ဆုလာဘ်ကို စာပေးမလို့ကွ"

"ဘာ . . . "

အဲ့ဒီအသံကို နှုတ်ကသာ တိုးတိုးထွက်တာ၊ စိတ်ကတော့ ဟိန်းသွားတာပဲ။

ဒီကောင်ကများ ကြံကြီးစည်ရာ။ ဒီကောင်သွားပေးတဲ့စာ ဟိုက အိမ်မြှောင်ချေးကျုံးပစ်ရင်တောင် ကံကောင်း။ ဒါပေမဲ့ ကျွန်တော်က



အဲ့လို ပစ်ပစ်ခါခါ မပြောရက်ပါဘူး။ အချွန်လေးနဲ့သာ အသာဆက်ခေးလိုက်ပါတယ်။

"အေး . . . ကောင်းတယ်ကွ။ မင်းနဲ့ပန်ရှယ်နဲ့ဆို လိုက်တယ်"

"ဟာ . . . အဲ့လောက်ကြီးအထိတော့ မင်း မနှိမ့်ပါနဲ့ကွာ။ မျှော်လင့်ချက်ရှိတယ်လောက် ပြောရင်ကို ငါပျော်ပါတယ်။ လိုက်တာတော့ ဘယ်လိုက်မှာလဲ။ ငါ့အသားက ဒီလောက်မည်းတာကို"

အဲဒါလည်း သိသိလျက်နဲ့ ဒီကောင်က။ ဒါပေမဲ့ ကျွန်တော်ကလည်း ကျွန်တော့်ရှေ့မှာ လာအားငယ်ပြရင် မနေတတ်ဘူး။ ကြံဖန်အားပေးမိတတ်တာ။

"မင်းကလည်းကွာ . . . ကျောက်သင်ပုန်းက ဘာအရောင်လဲ"

"အနက်ရောင်"

"မြေဖြူကကော . . . "

"အဖြူရောင်"

"အဲ့ဒါပဲလေ . . . ကျောက်သင်ပုန်းနဲ့ မြေဖြူနဲ့တောင် ပေါင်းရသေးတာပဲ။ မင်းကလည်း ကိုယ့်ကိုယ်ကိုယ် ကွန်ဖီးဒန့်စ် (confidence) ထားစမ်းပါ"

ကျွန်တော့်စကားကြောင့် ဒီကောင့်မျက်နှာ အဖီးလိုက် ပြုံးတက်လာတယ်။

"အေးကွ . . . ဟုတ်တယ်နော်။ မင်းပြောမှ ငါ အားတက်လာပြီ"

ဒါပေမဲ့ တစ်ချက် ပြန်တွေးပြီး စဉ်းစားနေပါသေးတယ်။

"ဒါနဲ့ ငါ ဒီလိုစာပေးလို့ ဖြစ်ပါ့မလား။ ငါတို့ လူပျိုတော့ဖြစ်ပါပြီနော်"

ဒိန်ကြီးက အဲ့လို အတွေးခေါင်နေပြန်တယ်။ ကျွန်တော်ကလည်း အဲ့လိုကောင်မျိုးကို ချောက်ချဖို့ ကျမ်းကြီးကျမ်းငယ်တွေ သိခိုင်



www.burmeseclassic.com

www.burmeseclassic.com

ထားတာဆိုတော့ . . .

"မင်းကလည်း မင်းမျက်ခွက်ကို မှန်ထဲမှာ ကြည့်ကြည့်ဦး။ ဝက်ခြံတွေ လက်ညှိုးသောက်မလွဲပေါက်နေတာ လူပျိုဖြစ်လို့ပေါ့ကွ။ ဆယ်တန်းကျောင်းသားတောင် ဖြစ်နေပြီပဲ။ 'အပျိုစစ်စစ်၊ ဆယ့်သုံးနှစ်၊ ဖုထစ်ဘာနှစ်သွယ်' ဆိုလားပဲ။ ကျမ်းတွေထဲမှာ ဆိုထားတယ်ကွ။ မိန်းကလေးဆိုရင်လည်း (၁၃) နှစ်လောက်ဆိုရင် ပျိုဖော်ဝင်ပြီတဲ့။

ရှေးတုန်းက ကင်းဝန်မင်းကြီး ဦးကောင်းရေးထားတဲ့ အိမ်မှုခန်းစမ္ပသတ် (၃၄) စောင်တွဲ အပိုဒ် (၃၃) မှာလည်း 'မိဘတို့သည် သားသမီးတို့ကို (၁၅) နှစ်၊ (၁၆) နှစ်အရွယ်ရောက်လျှင် အိမ်ထောင်ချပေးရမည်။ ၎င်းအရွယ်၌ ထိုအရွယ်တွင် အိမ်ထောင်ချပေးထားခြင်း မရှိသောကြောင့် သားသမီးက မသင့်လျော်သောအမှုကို ပြုသော် အပြစ်မဆိုသာချေ' လို့ပါတယ်ကွ"

"ဟာ . . . ဒါဆို ရှေးတုန်းက ဥပဒေပုံစံနဲ့ဆို မိန်းမတောင် ယူလို့ရပြီပေါ့၊ ဟုတ်လား"

"ခွေးဖြစ်ချင်ရင် ယူပေါ့ကွာ"

အဲဒီလို ဝိတ်ပြောလိုက်တော့ ဒီကောင့်မျက်နှာလေး သေးသွားတယ်။ ဟုတ်တယ်လေ . . .။ သောက်မြင်က ကပ်လာပြီ။ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ တစ်မိန်းမတည်း မိန်းမနေတာ၊ နာကိုဘူးတယ်။

"စတာပါကွာ။ လူ့အခွင့်အရေးအရ မင်း ရည်းစားစာပေးခွင့်ရှိတဲ့အရွယ် ရောက်ပါပြီ"

'ကျောင်းအုပ်ကြီးအုပ်ရင်တော့ သေပေါ့' လို့လည်း စိတ်ထဲကတစ်ဆက်တည်း ပြောမိပါတယ်။ ဟိုကောင်ကတော့ အပီပြုံးနေတယ်။ ကျွန်တော်က လူ့အခွင့်အရေးတွေ ဘာတွေ ပြောလိုက်တော့ ဒီကောင်ဘာရယ်မဟုတ်ဘဲ အထင်ကြီးသွားပုံပေါ်တယ်။

"ဒါဆို မင်းကို ငါ အားကိုးတော့မယ် . . . သွေးခန့်။ ငါ့ကိုရည်းစားစာ တစ်စောင်လောက် ချီးမြှင့်ပါကွာ။ ဒီအရျစ်ဝတ္ထုကြီးတွေက



ည်း ငှားသာငှားလာတာ မျက်လုံးကမကောင်းတော့ ဘာမှဖတ်မရဘူး။ ခင်းက ကဗျာတွေစာတွေ လက်စောင်းထက်တာ အားလုံးအသိ။ မင်းရဲ့အားလုံးတွေနဲ့ ငါ့ကို ကူညီပေးစမ်းပါကွာ . . . နော် "

"ဟာ . . . ငါ စာရေးရမှာ ပျင်းတယ်။ မင်း ဘာသာရေး၊ ငါ ဒါးစပ်က အော်ပေးမယ်"

"မျက်စိနာနေလို့ ကောင်းကောင်းမမြင်ရပါဘူးဆို ဘယ်လိုရေးမှာတုန်း၊ မင်းကလည်း"

"ဒီမှာ ငါက လက်တွေယောင်နေတာကွ။ ဘောလ်ပင်မကိုင်နိုင်ဘူး"

ညက ခြင်ထောင်ကြိုးချိတ်ဖို့ သံရိုက်ရင်း လက်ညှိုးကို တူနဲ့ရိုက်မိတာ။ ရိုက်မိတာက ဘယ်လက်ညှိုး။ သူ့တစ်ချောင်းတည်းယောင်နေတော့ ပျင်းနေမှာစိုးတာနဲ့ ညာဘက်လက်ညှိုးကိုပါ တူနဲ့ထုလိုက်တာ။ အဲဒါကြောင့် အခုလို လက်ညှိုးနှစ်ဖက်လုံး ညီတူမျှတူလေး ယောင်နေတာပါ။

"ဒါဆို စောမင်းကို သွားရေးခိုင်းရအောင်။ ဒီကောင်က လက်ရေးလည်း လှတယ်။ ဒါမျိုးတွေဆို အိမ်သာအရမ်းတက်ချင်နေရင်တောင် အောင့်ထားပြီး ကူညီတတ်တာ"

"ဒါဆိုလည်း သွားကြတာပေါ့ကွာ"

ဒီလိုနဲ့ ထွက်လာခဲ့ကြပါတယ်။ စောမင်းအိမ်ရောက်တော့ စောမင်းကို ရေမရောဘဲ တိုက်ရိုက်တွေ့ရပါတယ်။ ဒါပေမဲ့ သူ့ရုပ်က 'သရုပ်မှန်' မဟုတ်ဘူး။ 'မော်ဒန်' ဖြစ်နေတာလည်း မဟုတ်ဘူး။ လေးခွမှန်ထားတဲ့ ကြွက်သိုးကြီးလို ထုံဝေဝေကြီး ဖြစ်နေတယ်။ ကျွန်တော်တို့ သူ့ရှေ့အနီးဆုံး နေရာရောက်တာတောင် သူက အဲဒီပုံကြီးအတိုင်းပဲ။ ကျွန်တော်တို့ရောက်ကြောင်းကို သိတာလိုလို၊ မသိတာလိုလိုနဲ့။

"ဟေ့ကောင် . . . စောမင်း၊ ဘာဖြစ်နေတာတုံး"



www.burmeseclassic.com

www.burmeseclassic.com

ဒိန်ကြီးက ပခုံးလှုပ်မေးလိုက်မှ 'ဟင် . . . ဟင် . . .' နဲ့ ယောင်းလောင်းပွင့်နေတဲ့ ပါးစပ်ကြီးကို 'ပလပ် . . . ပလပ်' မြည်အောင်သပ်ပြီး မျက်လုံးတွေကိုလည်း ပွတ်သပ်ပြီး ကြည့်တယ်။

"ဟင် . . . သွေးခန့်နဲ့ ဒိန်ကြီး"

"အေး . . . ငါတို့ပဲ။ မင်းပုံကြီးက ဘာဖြစ်နေတာလဲ"

"ငါ . . . ငါ . . . ငါမူးနေတာကွ"

"ဟင် . . ."

"ငါ အရက်မူးနေတာ"

သူ့အမေ သွေးတိုးရင်သောက်တဲ့ ကချင်ပေါင်းရည်ဆိုတာကြီးရှိတယ်။ ဆေးဥဆေးမြစ်တွေကို အရက်ပြင်းနဲ့စိမ်ထားတဲ့ ဥစ္စာပေါ့။ အဲ့ဒါကို အိမ်မှာ ဘယ်သူမှမရှိတုန်း ချိုမလားဆိုပြီး စောမင်းက ခိုးသောက်ကြည့်တာတဲ့။ မချိုဘူး၊ အရသာက စိမ်းရွှေရွှေကြီးတဲ့။ ဒါပေမဲ့ အရသာတွေ့သွားလို့ နောက်ထပ်တစ်ငွတ်နှစ်ငွတ်သောက်ရင်း အနုလို မရှုနိုင်၊ မကယ်နိုင် ငူငူငိုင်ငိုင်ကြီး မူးနေတာတဲ့။

"ခွေးမသား . . . မင်း တအားငေါ်တာပဲ"

သူ့ဖြစ်စဉ်ပြီးတော့ ကျွန်တော်တို့ကလည်း လာရင်းကိစ္စကို ပြောရတယ်။

"ဒီလိုကွာ . . . ဆုလာဘ်လေးကို သူများတွေ လုယက်မပြေးခင် ငါ့ရင်ထဲက ခံစားချက်တွေကို သူ့အတွက်ရေးဖို့ သဝဏ်လွှာ . . ."

"ပန်ရွှယ့်ကို စာပေးမလို့တဲ့။ အဲ့ဒါ မင်းကို လာရေးခိုင်းတာကွာ . . . ရှင်းလား"

ဒိန်ကြီးက အဖြစ်သည်းတဲ့အမူအရာနဲ့ ပြောနေတာနဲ့ ကျွန်တော်ကပဲ ဆားကနေ လိုရင်းတိုရှင်း ပြောချလိုက်တယ်။

"မင်းတို့က ကိုယ့်ဘာသာကိုယ် ရေးပါလား"

"မဖြစ်လို့ပေါ့ကွာ။ ငါက လက်နာနေတယ်။ ဘောလ်ပင်ကိုင်မရဘူး။ ဟိုကောင်ကလည်း မကြာခင် ကန်းတော့မယ့်နီးနီးကို မျက်လုံးနာနေတယ်။ ဘာမှမမြင်ရဘူး။ ဒါကြောင့် မင်းကို လာရေးခိုင်းကြတာ"



"အေး . . . ငါကလည်း မူးနေတာနော်။ အင်း . . . ဒါဆေဲ့ အင်း . . . ဖြစ်သွားမှာပါကွ။ အဟေး . . ."

စောမင်းက မထူနိုင်အောင် ယိမ်းနေပေမဲ့ ရည်းစားစာဆိုတာမျိုးဆိုတော့ စိတ်ပါသွားပုံရတယ်။ ချက်ချင်းပဲ အလုပ်လက်ခံတဲ့စကားဆိုလာတယ်။

"လာ . . . အိပ်ခန်းထဲ သွားရေးကြမယ်"

အိပ်ခန်းထဲရောက်တော့ ဒိန်ကြီးက စတိုးဆိုင်က ဝယ်လာတဲ့ ရည်းစားစာရေးတဲ့ ပန်းရောင်စာရွက်လှလှလေးနဲ့ စာအိတ်လှလှလေးကို ထုတ်ပေးတယ်။

ကျွန်တော်က အိပ်ရာပေါ် သက်သောင့်သက်သာလှဲပြီးပဲ စာရွက်မှာ ဘောလ်ပင်တော့ပြီး ရေးဖို့အသင့်ဖြစ်နေတဲ့ စောမင်းကို စကားလုံးတွေ ရွတ်ပြရတယ်။ ကျွန်တော့်ရဲ့ နှုတ်ထွက်အက္ခရာတွေကို စောမင်းက ရင်မှာသွယ်ပြီး မှင်အပြာနဲ့ ခြယ်လီမှ်မပေါ့။

"သို့ . . . ပန်ရွှယ် . . ."

"ဟေ့ကောင် . . . ဆုလာဘ်လို့ လုပ်ပါကွ။ ငါတို့တွေက သူ့ကို ဆုလာဘ်လို့ပဲခေါ်တာ။ ပန်ရွှယ်လို့ခေါ်တာ မင်းတစ်ယောက်တည်းရှိတယ်။ ပန်ရွှယ်လို့ သွားရေးလိုက်ရင် ဒီစာကို မင်းပေးတဲ့စာလို့ ထင်သွားပြီး မင်းကို ပြန်ကြိုက်သွားဦးမယ်"

ဒိန်ကြီးက အဲ့လို မနာလိုအူတို စောဒကတက်ပြီး မုန်ယိုသေးတယ်။ သိပ်ကြည့်မရပေမဲ့ စကားကို ပြင်ပေးလိုက်ပါတယ်။

"သို့ . . . ဆုလာဘ် . . . နင့်ရဲ့ ဖူထွက်နေတဲ့ . . ."

"ဟေ့ကောင် . . . ဟေ့ကောင် . . . ဘာပြောမလို့တုံး"

"ဆုံးအောင် နားထောင်စမ်းပါကွာ။ ဆုလာဘ် နင့်ရဲ့ ဖူထွက်နေတဲ့ လက်ဖမိုးပေါ်က မှည့်ကလေးပေါ်လို့ ပြောမလို့ပါ"

"ဩော် . . . မှည့်ကိုပြောတာလား။ လန့်သွားတာပဲ ဟူး . . ."

www.burmeseclassic.com

ဒိန်ကြီးက မျက်မှန်ချွတ်၊ ချွေးသုတ်ပြီး လန့်ပြတယ်။ စောမင်းက ခေါင်းကြီးတယိမ်းယိမ်းနဲ့ ကုန်းရေးနေတယ်။ ခေါင်းကြီးက မူးလို့ယိမ်းတာလား၊ ရေးနေတဲ့စာထဲမှာ စျာန်ဝင်ပြီး (တရုတ်စာပေသမားတွေကဗျာရွတ်သလို ) ခေါင်းကြီး ဆန်ကောလှည့်သလို ယိမ်းနေတာလားတော့ မခန့်မှန်းတတ်ဘူး။

ကျွန်တော် အဲ့နှစ်ကောင်ကို အကဲခတ်ပြီးမှ ဆက်ရွတ်တယ်။

“ဆုလာဘ် နင့်ရဲ့ ဖုထွက်နေတဲ့ လက်ဖမိုးပေါ်က မှည့်ကလေးပေါ် ငွေရောင်လိပ်ပြာလေးလာနားရင် ငါရဲ့ အဆီပြန်နေတဲ့ နှာခေါင်းထိပ်မှာလည်း ယင်ကောင်တစ်ကောင် လာနားစေချင်တယ်”

“ဟင် . . .”

ဒိန်ကြီးဆီက ဟင်ပဲ ထွက်လာတယ်။ နားမလည်ဘူး ဖြစ်သွားတယ်။ ဒါပေမဲ့ ပြန်မမေးသေးဘူး။ ကျွန်တော် အဲ့ဒီကောင်ကို ခပ်တည်တည် တစ်ချက်ကြည့်ပြီးမှ ဆက်ရွတ်တယ်။

“ဆုလာဘ်ရေ . . . မင်းခြေသလုံးဖြူဖြူလေးကို ခွေးကိုက်တဲ့နေ့မှာ ကိုယ်လည်း မြွေတွင်းထဲကို လက်တစ်ဆုံးနှိုက်ပစ်မယ်ကွာ”

“ဟာ . . . ဒါဆို သေပြီပေါ့ဟ။ မင်းဟာက ဘာကြီးလဲ”

“ဘာ . . . ဘာကြီးကမှာတုံး၊ မင်း နားမလည်ဘဲနဲ့။ ပန်ရှယ်က (IQ) မြင့်တယ်။ တော်ရုံရည်းစားစာမျိုး သွားရေးပြီးပေးရင် ဟိုက နှပ်ချေးတောင် သုတ်မှာမဟုတ်ဘူး။ ဒါကြောင့် ငါက အဆင့်မြင့်တဲ့ ရေးဟန်တွေပါအောင် ဖန်တီးနေတာ။

အခု ငါရေးထားတဲ့ နှစ်ကြောင်းက မင်းဟာ သူနဲ့ပတ်သက်ရင် အရာရာ တူညီချင်တဲ့ကောင်ဆိုတာကို ဖော်ပြနေတာပဲ။ သူ့မှည့်ကလေးပေါ် လိပ်ပြာနားရင် မင်းနှာခေါင်းမှာ ယင်ကောင်နားရမယ်။ သူခွေးကိုက်ရင် ငါမြွေကိုက်မယ်။ အဲလိုကို တူညီချင်စိတ် ပြင်းပြတာကို ငါက ဖွဲ့နွဲ့ပြနေတာ”

“ဩော် . . . အဲ့လိုလား”



“မင်းကမှ သဘောမပေါက်ဘဲ။ စောကြီးတောင် သဘောပေါက်တယ်။ ဟုတ်တယ်မို့လား . . . စောကြီး”

စောမင်းခေါင်းကြီး ယိမ်းပြတယ်။ ပေါက်တယ်တဲ့။

ကျွန်တော် ဆက်ရွတ်တယ်။

“နင့်ဖိနပ်လေး သူများတက်နင်းလို့ ပြတ်သွားတဲ့နေ့က ကိုယ်လည်း ကိုယ့်ဦးထုပ်လေးကို ကျောင်းအပြန်လမ်းမှာ လွှင့်ပစ်ခဲ့လိုက်တယ်”

“ကျွတ် . . . နှမြောစရာကြီးကွာ”

လို့ ဒိန်ကြီးက တိုးတိုးရွတ်သေးတယ်။

ကျွန်တော်ကတော့ ကိုယ့်ဘာသာကိုယ်ရွတ်ပြီး ကိုယ့်ဘာသာကိုယ် ရယ်ချင်လာတာနဲ့ အောင့်ထားရတယ်။

“မင်းကလည်းကွာ . . . ငါ့စာသားတွေ ဒီလောက် (Good) နေတာကို . . . နော် . . . စောကြီး၊ (Good) တယ် မဟုတ်လား”

စောကြီးက ခေါင်းယိမ်းပြတယ်။ (သေချာပါတယ်၊ အဲ့ကောင် မူးနေတုန်း) ကျွန်တော် ဆက်ရွတ်တယ်။

“နင့်ခေါင်းရင်းက ပန်းရုံမှာ စံပယ်တွေပွင့်တဲ့အခါ ငါ့အိမ်သာနားမှာလည်း ပဒိုင်းပန်းတွေ ပွင့်ချင်တယ်။ ရှင်းရှင်းပြောမယ်ဟာ နင်ခေါင်းကုတ်ရင် ငါ ‘ဖင်’ ကုတ်မယ်”

“ဟော့ကောင် . . . ဒါ ရည်းစားစာကွ။ ‘တင်ပါး’ လို့ရေးမှ ယဉ်မှာပေါ့ကွ။ နော် . . . စောမင်း”

ဒိန်ကြီး ကျွန်တော့်ကို ပြန်ခံပက်ရင်း စောမင်းကိုလည်း လှမ်းစစ်ကူခေါ်သေးတယ်။ စောမင်းကတော့ ထုံးစံအတိုင်း (ကျောက်ဆည်ဆင်ကြီးလို) ခေါင်းကြီးပဲ ယိမ်းပြနေတယ်။ ဒီကောင် အခုထက်ထိ အမူးကို မပြေသေးပါဘူး။

“ဘယ်လိုလဲ . . . စောကြီး။ မင်း . . . ငါအော်ပေးနေတာတွေကို မှန်အောင်ရေးရဲ့လား”

“ရေးပါတယ်ကွ . . . အေ့ . . . ငါ့ကို စိတ်ချစမ်းပါ . . . အေ့”



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလေချဉ်တက်သံကြီးကကို စိတ်ချစရာ တစ်စက်မှမကောင်း။

ဒိန်ကြီးကလည်း မျက်လုံးမကောင်းတော့ ဒီကောင်ရေးတဲ့ စာကို မစစ်နိုင်ဘူး။ ကျွန်တော်ကလည်း နဂိုကတည်းက ပြီးပြီးရောသဘောနဲ့ဆိုတော့ ဝင်မစစ်ခဲ့ဘူး။ ရည်းစားစာပြီးပြီးချင်းပဲ အိတ်ထဲတန်းထည့်၊ တံတွေးဆွတ် ချိတ်ပိတ်ပစ်လိုက်တယ်။

ပြီးတော့ သုံးယောက်သား လက်ချင်းထပ်ပြီး ကြွေးကြော်လိုက်ကြသေးတယ်။

"မိုးပြိုရေကြီးလို့ မြေကြီးမီးတောက်ပါစေ . . . ဒီစရီးအောင်မြင်ရမယ်"

ဒိန်ကြီးက စာကို တယုတယနဲ့ ရင်ထဲ ပိုက်သေးတယ်။ ရင်ခုန်ပြုးကြီးနဲ့ပေါ့။

"ငါ . . . ငါ သူ့လွယ်အိတ်ထဲ ခိုးထည့်ရမယ်ကွ . . . ဟီး"



"ခွေးမသားတွေ . . . တည့်တည့်ရပ်စမ်း။ ဟိုကောင် အခုမှသာပြီး နှပ်ချေးပြုပြုမနေနဲ့။ အာ . . . ဒီကောင် လက်ကို တည့်တည့်မြှောက်ပါဆိုကွာ . . . ကဲကွာ"

စောမင်း ခေါင်းကို 'တုန်'ခနဲ ကျေးခံလိုက်ရတယ်။

ဒီအနန္တဂိုဏ်းဝင်ကြီးက သိပ်အဆဲကြမ်းပါတယ်။ ဒီဆရာကြီးသက်ထဲမှာမှ မိရတာ ကံကို အိတ်သွန်ဖာမှောက် ဆိုးတာပဲ။

ဒိန်ကြီးအမူက ကွင်းဆက်လိုက်ပြီး ကြံရာပါကျွန်တော်နဲ့ စောမင်းကိုပါ မီးခိုးကြွက်လျှောက်ခဲ့ပြီ။ ကျောက်သင်ပုန်းရှေ့မှာ ကျွန်တော်တို့သုံးယောက် မတ်တတ်ရပ်နေရပြီ။ စောမင်းက အင်္ကျီချိုင်းပြဲနေလို့ သက်ကောင်းကောင်း မမြှောက်ရဲဘူး။ ဆရာက ခပ်စူးစူးကြည့်လိုက်မှ သက်ကိုပြင်မြှောက်တယ်။ ဒီတော့ အင်္ကျီချိုင်းပေါက်ထဲက ချိုင်းမွေးစုလေးတွေ တိုးထွက်လာတယ်။ အော်ဂလီဆန်ချင်စရာ . . . အော့ . . .

ပန်ရွယ်က သူ့ကိုပေးတဲ့စာကို ဆရာကြီးကို သွားတိုင်တာကိုး။ အမှန်တော့ သာမန်အားဖြင့်ဆိုရင် စာပေးရုံနဲ့တော့ (မဟုတ်လည်း ရည်းစားစာတွေ မပြတ်ရောက်နေတဲ့) ပန်ရွယ်က ဒီလိုတို့ပြန်မှာမဟုတ်ဘူး။ ကျောင်းသူကျောင်းသားအချင်းချင်း တိုင်ကြတန်းကြဆိုရင် နေရခက်မှာစိုးလို့ဆိုပြီး စာကိုဖြဲပစ်၊ မီးရှို့ပစ်ပြီး နေမြဲအတိုင်းနေမှာပါ။ အခုဟာက တစ်မျိုးကြီးပဲ။ ကြားထဲမှာ တစ်ခုခု . . . အင်း . . . တစ်ခုခုတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ခွေးမသား . . . လာစမ်း။ မင်းရေးတဲ့စာ မင်းဖတ်ပြစမ်း . . . သူတောင်းစား"

ဆရာတွေဆဲတာ စိတ်ထဲမှာ စေတနာပါလို့၊ ဖရုဿဝါစာ မထိုက်ဘူးလို့ဆိုတာ မှတ်သားဖူးတယ်။ အခုလည်း ဆရာက တုတ်ကြီး မြှောက်လို့ (တုတ်ကြီးက ပေါက်ပြားအရိုး လုပ်လို့ရလောက်မယ်)အသင့် ရွယ်ထားတယ်။

"ကျွန်တော်ရေးတာ မဟုတ်ဘူးဆရာ၊ စောမင်းရေးတာ။ သွေးခန့်ရှတ်ပြတာကို"

"ဟေ့ကောင် . . . သောက်တွန့်မတက်နဲ့။ မင်းပေးတဲ့စာပဲ ဖတ်ဆိုဖတ်"

ဒိန်ကြီးက ပန်ရွယ်လွယ်အိတ်ထဲ ထည့်ပေးခဲ့တဲ့စာကို တစ်ခန်းလုံးကြားအောင် အော်ဖတ်ပြရတယ်။ ပန်ရွယ်က သူ့ခုံမှာ သူ မျက်နှာအပ်လို့ ငိုတယ်။ ရှက်လို့တဲ့။

ဒိန်ကြီးက အသံတုန်တုန်နဲ့ စဖတ်တယ်။ စစဖတ်ချင်း အသံမထွက်ဖြစ်နေလို့ ဆရာကတုတ်နဲ့ 'တုန်'ခနဲ ခေါက်လိုက်ရသေးတယ်။ ဒီတော့မှ . . .

"သို့ . . . ဆုလာဘ် နှင်ရဲ့ ဖူထွက်နေတဲ့မှည့်ပေါ် ငါ့နှာခေါင်း ပေါ်နားနေတဲ့ ယင်ကောင်က လာနားလိမ့်မယ် . . . ဟင် . . ."

ဒိန်ကြီး သူ့စာသူဖတ်ပြီး 'ဟင်'သွားတယ်။ ကျွန်တော်လည်း မျက်လုံးပြူးသွားတယ်။ တစ်ခုခုတော့ လွဲ . . . လွဲ . . . ။

"ဟေ့ကောင် . . . ဆက်ဖတ်စမ်း"

"ဟုတ် . . . ဟုတ်ကဲ့ . . . ။ ဆုလာဘ်ရေ . . . နှင့်ခြေသလုံးကို ခွေးကော၊ မြွေကော ကိုက်ပါစေ၊ ဟင် . . ."

ဒီနေရာမှာလည်း တလွဲကြီးပဲ။ ကျွန်တော်နဲ့ ဒိန်ကြီး သိလိုက်ပြီ။ အလွဲတွေက စောမင်းဆီက လာတာပဲဆိုတာကို။ မူးမူးနှင့် တလွဲတွေကြားကာ တလွဲတွေ ရေးလိုက်ခြင်းပဲဖြစ်မယ်။



"ဟေ့ကောင် . . . မင်း 'စနက်'တွေမို့လား"

လို့ ကျွန်တော် လေသံသဲ့သဲ့နဲ့မေးတော့ ဒီကောင်က ငုံ့ထား ခေါင်းကြီးကို ယိမ်းပြပြန်တယ်။ ဟူး . . . တော်တော့်ကို စိတ်ပျက် စရာကောင်းတာပဲ။

စာက ထူးဆန်းနေတော့ တစ်ခန်းလုံး မျက်လုံးတွေလက်ပြီး နားတွေချွန်းနေအောင် စွင့်ထားကြတယ်။

"နှင် ဖိနပ်ပြတ်တဲ့နေ့မှာ ငါ ဦးထုပ်ရောင်းစားမယ်။ နှင့်ခေါင်း ပေါ်က အိမ်သာနားမှာ ပဒိုင်းပန်းတွေကော၊ စံပယ်ပန်းတွေကော ပွင့်နေကြတယ်။ ရှင်းရှင်းပြောမယ်ဟာ . . . နှင့်တင်ပါးကို ငါ ခေါင်းနဲ့ ပြေးဆောင့်ချင်တယ်"

"ဝါး . . ."

ခနဲ ကျောင်းသားထုရဲ့ ရယ်သံက တစ်ပြိုင်တည်း ပွင့်ထွက်လာပါတော့တယ်။ တချို့တွေလည်း ဗိုက်နှိပ်ရယ်ကုန်ကြတယ်။ ပန်ရွယ်ကတော့ မငိုတော့ဘဲ မျက်လုံးစိမ်းကြီးနဲ့ ကျွန်တော်တို့ကို အဆိပ်ခတ်ထားတဲ့ရုပ်နဲ့ ကြည့်နေပါတော့တယ်။

အဲဒီနေ့က ကျွန်တော်တို့သုံးကောင်စလုံး အိမ်သာတွေ လိုက်ဆေးရတယ်။ ဘောလုံးကွင်းထဲ မြက်ပေါက်ရတယ်။ ဖတ်ဖတ်ကို မောတယ်။

• • •

ပြဿနာပြီးလို့ သုံးလေးရက်ကြာတော့ ပန်ရွယ်နဲ့ကျွန်တော် တွေ့ကြတယ်။ သူက ခါးသေးသေးလေးပေါ် လက်နှစ်ဖက်ထောက်ပြီး . . .

"နှင့်ကို ငါ တစ်သက်မကြေဘူး သိလား"



www.burmeseclassic.com

www.burmeseclassic.com

"ဘာလဲ . . . နင့်ကိုပေးတဲ့စာက ငါပေးတဲ့စာမဟုတ်လို့ ခုလို ခုလု ဖြစ်နေတာမို့လား"

"အောင်မယ် . . . အောင်မယ် . . . နင့်ကိုနင် ဘာများမှတ်နေ သလဲ"

"ငါ့ကိုယ်ငါ ဘယ်လိုမှတ်သလဲဆိုတော့ 'ပျိုတိုင်းကြိုက်တဲ့ နင်း ဆီနိုင်'၊ 'သဲသဲလှုပ်တဲ့ ဘဲဘဲရုပ်'၊ 'ကိုယ်လုပ်တော်တစ်သိန်း၊ အထိန်း တော်တစ်ကုဋေ၊ ခြေတင်တော်တစ်သောင်း၊ မောင်းမလေးထောင် ကြည်တဲ့ကောင် . . .' အဲလို့ မှတ်တယ်ဟ"

ပြောင်းဖူးရိုးနဲ့ ကောက်ထုသွားပါတယ်။ (ဟီး . . . နည်း တောင်နည်းသေး)

သူ ဘယ်လောက်သောက်မြင်ကပ်ချင်သွားမှန်း သိပေမဲ့ အဲ့လို စာချိုးလိုက်ရတာကိုက ပါးစပ်ထဲ ဘယ်လိုအရသာတွေ့မှန်းမသိ။

ဒိန်ကြီးနဲ့ပတ်သက်ပြီး အဲဒီရက်က သူ့ကို မထိခလုတ်၊ ထိ ခလုတ် စကြသေးတယ်။ သူ လမ်းသွားရင် 'ဘယ်ညာ . . . ဘယ်ညာ' လို့ မစတော့ဘဲ အဲ့ဒီအစား 'ဒိန်ညာ . . . ဒိန်ညာ' လို့ အော်ကြတော့ တယ်။

အဲဒီတော့ သူက စားလက်စဒိန်ခဲဘူးကိုတောင် မစားတော့ဘဲ အမှိုက်ပုံးထဲ လွှင့်ပစ်တော့တယ်။ ဒိန်ကြီးကတော့ သိပ်ပျော်တာပေါ့။ 'မင်းတို့ကလည်း မစကြပါနဲ့ကွ။ ဟဲ . . . ဟဲ . . . ဟဲ . . . ဟဲ . . . သူရှက်နေမှာပေါ့ . . . ဟီး . . . ဟီး . . . ဟီး . . .' ဆိုပြီး ပါးစပ်ကို မစေ့တော့ဘူး။ ပန်ရွှယ်နဲ့ စခံရရုံနဲ့တင် အဲလိုပျော်တဲ့ကောင်။

ဒါပေမဲ့ အဲ့ဒီရက်ပိုင်းသာ သူ့ကို ဒိန်ကြီးနဲ့ စကြတာ။ နောက် ပိုင်းရက်တွေရောက်တော့ ကျွန်တော်နဲ့ပဲ စကြပြန်ရော။ ဒါကလည်း ကျောင်းစုံညီပွဲမှာ ကျွန်တော်ရေးခဲ့တဲ့ နံရံကပ်ကဗျာကြောင့်ပါ။ ကဗျာ က ရိုးရိုးရယ်ပါ။ ကျိတ်ပုန်းခုတ်နေရတဲ့ ချစ်သူလေး ကိုယ့်ကိုပြန်ကြည့်



[illegible] ဘုရားမှာတိုင်တည်ပြီး ဆုပန်မယ်ဆိုတဲ့ အကြောင်းပါ။ ကဗျာ [illegible]ပိုင်းက အေးဆေးပါပဲ။ အောက်ပိုင်းအချပိုဒ်ကျမှ သူများတွေက [illegible]တည်တည်နဲ့ သမုတ်ချင်စရာဖြစ်သွားတာ။

အမြန်ကွယ် အခုတစ်သက်

ပန်ရွှယ်ဆုလာဘ်မယ်

အပြန်ဝယ် သူ့အတွက် ပန်းခက်သီ၍ . . .

ဆိုတဲ့ အပိုဒ်ပေါ့။

"တွေ့လား . . . ဒီကောင် ပန်ရွှယ်ဆုလာဘ်ကို ကဗျာထဲမှာ [illegible]ထည့်ရေးပြလိုက်တာ"

"ဟုတ်တယ် . . . ဒိန်ကြီးကို ရွတ်ပြပေးတဲ့ ရည်းစားစာကျ [illegible]တော့ မြွေကိုက်တာတွေကော၊ ဖိနပ်ပြတ်တာတွေကော ပေါက်ကရတွေ [illegible]ပဲ။ အခု သူ့အတွက် သူရေးတဲ့ကဗျာကျတော့ ရှယ်ပဲ။ ဒီကောင် [illegible]ကောင်ပဲ"

အဲဒီလိုအသံတွေ ထွက်လာပါတယ်။

ဒါပေမဲ့ ဒါတွေဟာ ပန်ရွှယ်နဲ့ ကျွန်တော့်ကို ရိုးတိုးရှန်းတန်း [illegible]ဖြစ်စေခဲ့ပါဘူး။ ဒါကလည်း သူနဲ့ကျွန်တော်ဟာ တစ်ယောက်နဲ့တစ် [illegible]ယောက် ရင်ခုန်ဖို့မေ့နေတဲ့ ငယ်သူငယ်ချင်းတွေဖြစ်နေတာ၊ ခြင်္သေ့ကပ် [illegible] ကစားဖော်ဖြစ်နေတာတွေကြောင့်လည်း တစ်ပိုင်းအပါအဝင် [illegible]။ သူကလည်း ရင်ခုန်တဲ့အမူအရာ မပြဘူး။ မုန့်စားလိုက်၊ ရေသောက် လိုက်၊ စာကျက်လိုက်ပါပဲ။ ကျွန်တော်ကလည်း အတန်းထဲက ခပ်ဒွဒွ [illegible]တွေကို ချောက်ချလိုက်၊ ဘောလုံးကန်လိုက်၊ စာနည်းနည်းကြည့် [illegible] အိပ်ငိုက်လိုက်ပါပဲ။

ဒါပေမဲ့ တခြားလူတွေရဲ့ မျက်လုံးအသီးသီးမှာတော့ ကျွန်တော် နဲ့ သူ့ကို သီးသန့်နယ်မြေလေးအဖြစ် တွဲပြီး မြင်ခဲ့ကြပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

(2)

ပန်းရွယ်က ရယ်လို့ဝမှ ခေါင်းမော့လာပြီး ကျွန်တော့်ကိုကြည့် တယ်။ ထူးဆန်းသလို ကြည့်နေတယ်။ နည်းနည်းကြာအောင် ကြည့်ပြီး မှ သူ့ကြည့်နေတာ ကျွန်တော့်ကို ကြည့်နေတာမဟုတ်မှန်း ကျွန်တော် သိတယ်။ ကျွန်တော့်အနောက်ဘက်က တစ်နေရာရာကို ကြည့်နေတာ။

"သွေးခန့် . . . နင် သူ့ကို သိတယ်မို့လား"

ကျွန်တော် လှည့်ကြည့်လိုက်တယ်။

အလံတိုင်အောက်မှာ လက်ပိုက်ပြီး ငြိမ်သက်ရပ်နေတဲ့ မိန်းက လေးတစ်ယောက်ကို တွေ့ရတယ်။ ခရမ်းရောင်ဝတ်စုံမွန်နဲ့။

"သူပါလား . . ."

သူ့ကို ကျွန်တော်သိတယ်။ သူ့နာမည်က မြန်မာမဆန်ဘူး။ 'ယုအိ' တဲ့။

"နင် သွားနှုတ်ဆက်လိုက်လေ"

ပန်းရွယ်က ပြောတော့မှ ကျွန်တော့်ခြေလှမ်းတွေ သူ့ဆီ စလှမ်း ဖြစ်တယ်။

ယုအိကလည်း ကျွန်တော့်ကို လှမ်းမြင်သွားပြီး မျက်ဝန်း တလက် လက်နဲ့ ပြုံးအိကြည့်နေတယ်။

သူနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော့်မှာ အတိတ်ရှိတယ်။

⁂ ⁂ ⁂



## အတိတ် (၂)

အဝေးက မြူတောထဲမှာ သွားလာနေကြတဲ့ လူတွေကို အရိပ် [illegible]ည်းကလေးတွေအဖြစ်သာ မြင်နေရပါတယ်။ ဒီနှစ်ဆောင်းဟာ စော ချောင်မှာ အေးခဲနေခဲ့တယ်။ မုန့်ပူပူစားဖို့ သင့်လျော်တဲ့ နံနက်ခင်း အေး အေးကလေးမှာ ကျွန်တော်ဟာ ကျောင်းသွားလမ်းအတိုင်း လျှောက်လာ ခဲ့ပါတယ်။ သချာင်္ဘာသာညံ့တဲ့ ကျွန်တော်ဟာ မြူတွေကိုရေတွက်လို့ ရမှာလားလို့လည်း အတွေးခေါင်နေခဲ့သေးတယ်။

အဲ့ဒီအချိန်ပဲ စက်ဘီးကလေးက 'ဂျိုင်း . . . ဂျိုင်း . . .' မြည် အောင်တွန်းပြီး ကျွန်တော့်အနားကို ပြေးကပ်လာတယ်။

ကောင်မလေးတစ်ယောက်ပဲ။ သူမရဲ့ ထိတ်လန့်နေတဲ့ မျက် ဝန်းဝိုင်းဝိုင်းနဲ့ ဖြူဝေနေတဲ့ အသားအရေဟာ ဒီလို မြူခိုးရာသီနဲ့ လိုက် ဖက်နေသလိုပါ။ စက်ဘီးလက်ကိုင်လေးကို ကိုင်ထားလျက်နဲ့ လက်တွေ တုန်နေတဲ့ သူမက . . .

"သရဲ . . . သရဲ . . . သရဲ . . . နောက် . . . နောက် . . . မှာ . . ."

"ဟင် . . ."

www.burmeseclassic.com

ကျွန်တော် ကြောင်တောင်တောင်နဲ့ သူ့ကို အရင်ကြည့်မိတယ်။ ပြီးမှ နောက်ကို လှည့်ကြည့်လိုက်တယ်။ ပြီးပြီးရော မကြည့်ပါဘူး။ သေချာနဲ့အောင် ကြည့်တာပါ။ ဒါပေမဲ့ . . .

"ဘာမှမရှိပါဘူးဟ"

"ကျွတ် . . . ရှိတယ် . . . နင် သေချာကြည့်"

အဲ့ဒီစကားပြောတဲ့ သူ့အမူအရာက မျက်လုံးတွေကို စူးနေအောင်မှိတ်ပြီး လက်ညှိုးလေးနဲ့ လက်ပြန်ထိုးပြနေတဲ့ ပုံလေးပါ။

"ဟော . . . သေချာကြည့်ပြီးပြီ။ ဘာသရဲမှမရှိဘူး။ ရှိရင် နင်ပြလေ"

ဒီတော့မှ သူက စူးနေအောင် မှိတ်ထားတဲ့ မျက်လုံးလေးတွေကို တွန့်တွန့်ဆုတ်ဆုတ်လေးပြန်ဖွင့်၊ နောက်ကို မဝံ့မရဲလေး ဖြည်းဖြည်းချင်း လှည့်ကြည့်တယ်။

"ဟိုမှာ . . . သရဲ . . ."

သူပြတဲ့ သရဲဆိုတာကို ကျွန်တော် ကြည့်လိုက်တယ်။ ဘာမှ သရဲမဟုတ်ဘူး။ လမ်းမအလယ်မှာ မှောက်လျက်လေးအုပ်ကျနေတဲ့ စက္ကူချပ်ပုံးလေးတစ်ပုံးပါ။ တစ်စုံတစ်ယောက်က မဆင်မခြင် လွှင့်ပစ်ထားတဲ့ စက္ကူချပ်ပုံးလေးတစ်ခု ဖြစ်မှာပဲလို့ ကျွန်တော် သိလိုက်တယ်။

"အဲ့ဒါက သရဲဟုတ်လား"

"အင်း . . ."

လို့ သူဖြေတော့ ကျွန်တော် ခေါင်းခါမိသွားတယ်။ ဒီကောင်မလေးကတော့ 'ပြားလျော့' နေရှာတာနေမှာပါလို့ ကျွန်တော်တွေးလိုက်တယ်။

ကျွန်တော် သူ့ကို ဂရုမစိုက်တော့ဘဲ ရှေ့ဆက်လျှောက်ခဲ့လိုက်တယ်။ ဒီတော့လည်း သူက မနေခဲ့ပါဘူး။ ဘေးကနေ ခြင်းအဖြူလေးပါတဲ့ သူ့စက်ဘီးကို တွန်းပြီး ကပ်လိုက်လာတယ်။ သူ့ကို ကျွန်တော် သိပါတယ်။ ဒီနှစ်မှ (အဲ့ဒီနှစ်က ဆယ်တန်းနှစ်) ကျွန်တော်တို့ကျောင်း



ရောက်လာတဲ့ ကျွန်တော်တို့ အတန်းက ကောင်မလေးပါ။ အဲ့အဓ... တစ်ယောက်လို့ ထင်ရလောက်အောင် စကားအင်မတန် နည်းလွန်း... အပေါင်းအသင်းလည်း မရှိရှာဘူး။

မျက်နှာက အရမ်းဖြူပြီး ဝိုင်းမိုမိုလေးဖြစ်နေတာမို့ တရုတ်စပ်...တယ်လို့ ပြောချင်စရာပဲ။ နှုတ်ခမ်းသေးသေး၊ ပါးစပ်ဖောင်းဖောင်းလေး...။ သူ့ပါးလေးကို အပ်နဲ့ထိုးလိုက်ရင် 'ရှူး . . .' ဆိုပြီး သံရှည်ဆွဲလို့ ...ဝင်သွားမလား မှတ်ရတယ်။ တစ်နှစ်ပတ်လုံးလည်း သူ့ဆံပင်တွေ...ကို ကျစ်ဆံမြီး ကျစ်ထားတတ်သေးတယ်လေ။ ဒါကြောင့် သူ့ကိုမြင်ရ...ကြိုးလုလုလေးတစ်ချောင်းကို မြင်ရတာနဲ့လည်း တူတယ်။

အခု သူ့စက်ဘီးလေးကို ကြည့်လိုက်တော့ ရှေ့ဘီးကပြားနေ...တယ်။ ဘီးပေါက်လာတယ်ထင်ရဲ့။

"နင် . . . နင် . . . လှည့်ကြည့် . . . ကြည့် . . . လိုက်ဦး"

ကောင်မလေးက အထိတ်တလန့် ပြောလာပြန်ပြီ။ ကျွန်တော် သူ့ကို တစ်ချက်ကြည့်ပြီး မျက်လုံးနှစ်လုံးစလုံးကို ခပ်လေးလေး မှိတ်မိ...တယ်။ လေပါတယ်ပေါ့လေ။ ဒါပေမဲ့ လှည့်တော့ ကြည့်လိုက်ပါတယ်။

"ဟင် . . ."

ခုနက စက္ကူပုံးလေးက ကျွန်တော်တို့နဲ့ ခပ်နီးနီးမှာ ရောက်...ပြန်တယ်။ ကျွန်တော်တို့ လျှောက်လာခဲ့တာလည်း ခုနနေရာနဲ့ တော်...ဝေးခဲ့ပြီပဲ။ ဒီစက္ကူပုံးကလည်း အဝေးကြီးမှာ ကျန်ခဲ့သင့်ပြီပေါ့။ အခု ...ယ်လိုလုပ် ခပ်နီးနီးမှာ လာရှိနေရတာလဲ။

တွေးရင်း နဖူးက ချွေးနည်းနည်းစို့လာတယ်။ ဟူး . . . စက္ကူ...ချပ်ပုံးသရဲလို့ ရှိလို့လား။ တစ်ခါမှတော့ မကြားဖူးဘူး။ ကျွန်တော် အား...တင်းပြီး မဟုတ်ကဟုတ်ကအတွေးကို ဖျောက်လိုက်တယ်။

"လာ . . . လာ . . . ကိုယ့်လမ်းကိုယ် ဆက်လျှောက်မယ်"

"အင်း . . . ငါ ဘုရားစာ နည်းနည်းရတယ်"

ဆိုပြီး သူကလည်း နှုတ်ခမ်းသေးသေးလေးနဲ့ ရွတ်ပြီးလိုက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲ့လိုနဲ့ နည်းနည်းလျှောက်ပြီးတော့ ခုနသသယကို ခိုင်မာအောင် ကျွန်တော် ဆတ်ခနဲ လှည့်ကြည့်လိုက်တယ်။

"ဟင် . . ."

စက္ကူချပ်ပုံးက လိုက်လာပြန်ပြီ။ တကယ့်ကို တရွေ့ရွေ့နဲ့ အရှင်လတ်လတ် လိုက်လာတာကို မြင်ရတာ။

ကောင်မလေးနဲ့ကျွန်တော် မျက်လုံးချင်း ဆုံမိပြီ။ ပြီးတော့ . .

"အမယ်လေး . . . အမေ . . ."

"အား . . ."

တစ်သံတည်းအော်၊ တစ်ချိုးတည်း ပြေးကြပါရော။

သူက အကျယ်ကြီးအော်ပြီး ပြေးတယ်။ ကျွန်တော်က ပုဆိုးတိုအောင် မ,ပြီးပြေးတယ်။ သူက စက်ဘီးကိုတွန်းလျက် ပြေးရတာဆိုတော့ တဂျုံးဂျုံးကို မြည်လို့ပေါ့။ ခရီးကလည်း သိပ်မတွင်ပါဘူး။ တိတ်ဆိတ်တဲ့ ဆောင်းရာသီကျောင်းသွားလမ်းကလေးဟာ ကျွန်တော်တို့နှစ်ယောက်တည်းနဲ့ သောသောညံသွားပါတယ်။

တော်တော်လေးပြေးပြီးတော့ နှစ်ယောက်စလုံး မောနေပြီ။ မျက်နှာမှာ ချွေးသီးတွေ ဥနေပြီ။ ဟောဟောဟဲဟဲမြည်လို့ ခါးလေးတွေကိုင်းနေပြီ။

အမောနည်းနည်းပြေလောက်မှ ကျွန်တော် နောက်လှည့်ကြည့်လိုက်တယ်။

"ဟော . . ."

ထင်တဲ့အတိုင်းပဲ။

စက္ကူပုံးက ရောက်နေပြန်ပြီ။ ဒါပေမဲ့ ကျွန်တော် မလန့်တော့ဘူး။ ခုနကသာ ရုတ်တရက်မို့ များများမတွေးနိုင်ဘဲ ထပြေးမိတာ။ အခုတော့ (ပြေးရင်းနဲ့လည်း ဒီအဖြစ်ကို တွေးကြည့်မိလာတာဆိုတော့) မလန့်တော့ဘူး။ ဒီကိစ္စ မှုမမှန်ဘူးဆိုတာ သေချာပေမဲ့ သရဲတွေ၊ မှင်စာသေးသေးလေးတွေနဲ့ ပတ်သက်ချင်မှ ပတ်သက်မှာလို့ တွေးမိတယ်။ အဲဒါကြောင့် စက္ကူချပ်ပုံးဆီ သေချာအနီးကပ်သွားကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။



"ငါ သွားကြည့်မယ်ကွာ"

"ဟာ . . . နင်မကြောက် . . . ကြောက် . . . ဘူးလား"

"မဆင်မခြင် လျှောက်ကြောက်နေလို့ ဘယ်ဖြစ်မလဲ။ ငါသွားကြည့်မယ်"

"အာ . . . ဟော့ . . ."

တားလိုတဲ့အသံလေးနဲ့ သူ နေကျန်ခဲ့တယ်။ ကျွန်တော် စက္ကူချပ်ပုံးလေးဆီ တည့်တည့်သွားလိုက်တယ်။

အနီးရောက်တော့ စက္ကူချပ်ပုံးဟာ အကောင်ပေါက်ခါနီး ကြက်ဥ[illegible]လုံးလို လှုပ်လှုပ်ရွရွ ဖြစ်နေတယ်။ ဘာသဘောကြောင့် ဒီလိုဖြစ်နေ[illegible]သိတော့ ကျွန်တော် ကြောက်စိတ်နည်းနည်း ပြန်ဝင်မိသေးတယ်။ [illegible]မဲ့ စိတ်ကို တင်းလိုက်တယ်။ ဆုံးဖြတ်ထားတဲ့အတိုင်း လုပ်မယ်။

တုန်ယင်နေတဲ့ လက်နဲ့ပဲ စက္ကူပုံးလေးကို ဆွဲလှန်လိုက်တယ်။ [illegible]တ်ချင်းပဲ (ကြောက်လို့) နောက်တစ်လှမ်း ခုန်ဆုတ်လိုက်တယ်။

". . . . ."

စက္ကူချပ်ပုံးအောက်ထဲမှာက . . .။ အဲဒီမှာ တွေ့လိုက်ရတာက [illegible]သရဲမှ မဟုတ်ပါ။

"ဟား . . . ခွေးပေါက်စလေးတစ်ကောင်ဟ"

"ဟင် . . ."

ကျွန်တော်ပြောလိုက်တော့ သူမ စက်ဘီးလေးကို တဂျုံးဂျုံးတွန်း[illegible] အပြေးလာတယ်။

"အယ် . . . ချစ်စရာလေး"

ခွေးလေးကို ငုံ့ကြည့်ပြီး သူမ မျက်နှာလေး ဝင်းသွားတယ်။

လွန်ခဲ့တဲ့ စက္ကန့်ပိုင်းလောက်က ထိတ်ဖြာစိုးရွံ့နေတဲ့ မျက်နှာ[illegible] အခု စက္ကန့်ပိုင်းမှာတော့ လင်းလက်ပြုံးအိလို့။ နှုတ်ခမ်းလေး[illegible]တလုပ်ပြီး ပြုံးနေတာမို့ သူမရဲ့ သွားဖြူဖြူလေးတွေကို ကျွန်တော်[illegible]နေရပါတယ်။ သွားတွေက ဖြူဖြူချွန်ချွန်၊ သေးသေးလေးတွေ၊ တစ်



www.burmeseclassic.com

www.burmeseclassic.com

ချောင်း၊ နှစ်ချောင်း၊ သုံးချောင်း၊ လေးချောင်း၊ ငါးချောင်းလောက် မြင်ရတယ်။

"ဘယ်ကခွေးလေးလဲ မသိဘူးနော်"

ဆိုပြီး သူမ ချီကြည့်တယ်။ ကျွန်တော့်ကို ချီတာမဟုတ်ဘူးလေ။ ခွေးလေးကို ချီတာ။

ခွေးက ကော်ဖီကို နို့ဆီများများနဲ့ ဖျော်ထားတဲ့အရောင်လောက်။ ခြေလေးဖက်လုံးရဲ့ ခြေကျင်းဝတ်တွေနားမှာ အဖြူရောင်လေးတွေ၊ လည်ပင်းအောက်နားကလည်း ဖြူဖြူ၊ နားရွက်နှစ်ဖက်ကြားမှာလည်း အဖြူရောင်နှစ်ဖက်၊ အမြီးထိပ်ကလည်း ဖြူဖြူပဲ။

ခွေးကလေးက သူ့ကိုချီပြုပြီး အသိအမှတ်ပြုလို့လား မသိပါဘူး။ တအီအီနဲ့ . . . အသံလေးတွေပြုလို့ သူမကလည်း မျက်လုံးလေးတွေ မှေးကွေးသွားအောင် ပြုံးလို့။

ကျွန်တော်က ခုနက စက္ကူချပ်ပုံးကို ခေါင်းမှာ ခဏစွပ်ကြည့်လိုက်တယ်။

"ဟင် . . . အပြင်ကို မြင်ရတယ်ဟ။ ဒီမှာ အပေါက်သေးသေးလေးတွေ ပါတာကိုး။ အဲဒါကြောင့် ဒီခွေးလေးက ဒီစက္ကူပုံးထဲက မထွက်နိုင်ပေမဲ့ အပြင်ကိုမြင်ရပြီး ငါတို့နောက်က ပြေးလိုက်လာနိုင်တာကိုး"

"အင်း . . . သူမိုက်ဆာလို့ ငါတို့ တစ်ခုခုများကျွေးမလားဆိုပြီး ပြေးလိုက်လာတာထင်တယ်နော်"

"ဟုတ်ရင် ဟုတ်မှာပေါ့။ ပိုင်ရှင်မဲ့ခွေးတော့ ဖြစ်လောက်မယ်ဟ"

"ဟုတ်လား . . . ငါမွေးချင်လိုက်တာ"

သူက ဒီလိုဆိုလာတော့ ကျွန်တော်က ခွေးကျမ်းလည်း အလွတ်မရဘဲ ရုပ်တည်တည်နဲ့ ဖြီးချလိုက်ပါသေးတယ်။

"ငါ ဒီခွေးရဲ့ ကြန်အင်လက္ခဏာကို ကြည့်ရတာလည်း 'လောကဟိတ' ရာသီကျမ်းထဲက အဆိုအရ ဒီခွေးက ရွှေပေးမဲ့ခွေးမျိုးပဲဟ"



"ဟုတ်လား . . . ။ သူ့ခြေထောက်လေးတွေနဲ့ မြေကြီးကိုယက်ပြီး ရွှေအိုးမြှုပ်ထားတဲ့နေရာတွေကို တူးတူးပြီး ပေးမှာလား"

"အာ . . . အဲ့လို့တော့ ဘယ်ဟုတ်မလဲ။ နင်တို့အိမ် လာဘ်ကွင်းမှာ၊ စီးပွားဖွံ့ဖြိုးမှာ။ အဲ့ဒါကိုပြောတာ"

"သြော် . . . အဲ့လို့လား။ ဘာပဲဖြစ်ဖြစ်ပါဟာ ငါ ဒီခွေးလေးကို မွေးတော့မှာ"

ဆိုပြီး ခွေးကလေးကို သူ့စက်ဘီးရဲ့ အဖြူရောင်ကော်ခြင်းလေးထဲထည့်တယ်။ ပြီးတော့ ကျောင်းသွားလမ်းအတိုင်း လျှောက်ခဲ့ကြတယ်။

ကျောင်းနားက စက်ဘီးပြင်ဆိုင်ရောက်ရင် စက်ဘီးဖာမယ်။ ပြီးရင် စက်ဘီးအမြန်နင်းပြီး အိမ်တစ်ခေါက်ပြန်လို့ ခွေးလေးကို သွားပို့မယ်ဆိုတဲ့အကြောင်းကလွဲရင် ဘာစကားမှ မပြောတော့ဘူး။ သူ ကျွန်တော့်ကို ဘာစကားမှမပြောတော့ဘူး။ တကယ့်ကို တစ်ခွန်းမှ မပြောတော့ဘူး။ လုံးဝ မပြောတော့ဘူး။

ဒီလို သူရဲ့ နှုတ်ဆိတ်လွန်းမှုကြောင့် ဆောင်းနံနက်ဦးလေးဟာလည်း ပိုမိုငိုက်မြည်း အေးမြလာရှာပါတယ်။

စက္ကူချပ်ပုံးလေးကတော့ အဝေးမှာ ကျန်နေခဲ့ပါပြီ။

ဟုတ်တယ်။

ဟိုး . . . ဝေး . . . ဝေး . . . မှာ . . . ။

• • •

အဲ့ဒီအဖြစ်အပျက်နောက်ပိုင်း သူနဲ့ ကျောင်းတံခါးအဝင်မှာ၊ အတန်းတံခါးအထွက်မှာ (အတန်းထဲမှာ ဖက်ချိုး၊ ခေါင်းချိုး၊ ဟိုလှည့်ဒီလှည့် လုပ်တဲ့အခါမှာလည်း လှမ်းတွေ့ဖြစ်) ကော်ရစ်တာ စင်္ကြံမှာ၊ နိုင်ငံတော်သီချင်းဆိုရာ ကွင်းပြင်မှာ၊ ကျောင်းထဲက ရေဘုံပိုင်မှာ၊ (ကျွန်တော်တို့က သောက်ရေခပ်၊ သူတို့က ဘုရားပန်းဆေးတဲ့အခါပေါ့) မုန့်စားတန်းမှာ စသဖြင့် ဆုံလေ့ဆုံထ ရှိတဲ့နေရာတွေမှာ ဆုံကြပါသေးတယ်။

www.burmeseclassic.com

ဆိုတိုင်းလည်း သူက မျက်လုံးလေးဝိုင်းသွားပြီး တစ်ခုခုပြောမလိုလို နှုတ်ခမ်းလေး ဟတတ ဖြစ်သွားပြီ၊ ကျွန်တော့်ကိုလည်း ပြုံးပြရမလိုလိုဖြစ်သွား၊ တစ်ခုခုပြောမလို့ လက်ကိုခပ်ဆဆ မြှောက်မိတာမျိုး ဖြစ်သွားရုံကလွဲပြီး ဘာစကားမှလည်း မပြောဖြစ်လိုက်ကြဘူး။ သူလည်း သူ့လမ်းသူ ခေါင်းငုံ့ရင်းလျှောက်သွား၊ ကျွန်တော်လည်း ကျွန်တော့် လမ်းကျွန်တော် ဖိနပ်ရှပ်တိုက် လျှောက်သွားကြတာချည်းပဲ။

သူက ပြောချင်မှန်းမသိ၊ မပြောချင်မှန်းမသိဆိုတော့ ကျွန်တော်ကလည်း စမပြောဖြစ်တော့ဘူးပေါ့။ ပြောရင်လည်း နင် ဟိုနွေးလေးကို တကယ်မွေးဖြစ်လား၊ ဘာနာမည်ပေးတာလဲ။ ငါ့နာမည်ရယ်၊ နင့်နာမည်ရယ် ပေါင်းပြီး ပေးတာများလား စသဖြင့်တော့ ကျွန်တော့်ဘက်က ပြောစရာရှိပါတယ်။ သူ့ဘက်ကတော့ ဘာပြောလဲ။ အင်း . . . နဂိုကတည်းက စကားရှားပါးတဲ့ ကောင်မလေးမှာ ကျွန်တော့်အတွက် ဘာစကားရှိမှာလဲ။

ဒီလိုမျိုး တစ်နေ့ပြီးတစ်နေ့နဲ့ စာမေးပွဲဖြေပြီးတဲ့အထိ ဘာမှမပြောဖြစ်ခဲ့ကြပါဘူး။ စာမေးပွဲတွေပြီးတော့ သူ ပျောက်သွားတယ်။ စာမေးပွဲနောက်ဆုံးနေ့ကတော့ သူစောစောပြန်သွားတာ တစ်စွန်းတစ်စတွေ့လိုက်ရတယ်။ ကျွန်တော် လှမ်းကြည့်လိုက်တဲ့အချိန် ကျောင်းဝန်းနံရံအပြင်ဘက်ထဲ ရွေ့လျားသွားပြီဖြစ်တဲ့ လွယ်အိတ်အဝါရောင်လေးကိုပဲ တွေ့လိုက်ရတော့တာပါ။ အောင်စာရင်း ထွက်တဲ့နေ့ကလည်း သူ ရောက်မလာခဲ့ဘူး။

ဘယ်တွေသွား၊ ဘာတွေလုပ်လဲ၊ သူ့အနာဂါတ်ကို ဘယ်လိုသတင်းစကားနဲ့မှ ပြန်မကြားခဲ့ဘူး။

နောက်တော့ ကျွန်တော်လည်း ကျောင်းထွက်ဖို့လိုလို၊ အလုပ်လုပ်ဖို့လိုလိုနဲ့ ပြည်ပထွက်ခဲ့ရတာပေါ့ပဲ။



အတိတ်ဆိုတာ
ရင်ဘတ်ထဲက ပစ္စုပ္ပန်တဲ့။

နွေရိပ်ရဲ့ 'ကကြိုးပျက်ကဝေ' . . . မှ။



www.burmeseclassic.com

www.burmeseclassic.com

**(3)**

"နှင် ဟိုရွှေးလေးကို တကယ်မွေးဖြစ်ခဲ့လား"

" . . . . . "

"နှင် ကျစ်ဆံမြီး မကျစ်တော့ဘူးပေါ့"

" . . . "

မေးနေတာတွေလည်း မဖြေဘဲ အိအိလေးပြုံးပြီးသာ ကျွန်တော့်ကို ကြည့်နေတယ်။

သူ အရင်လို စကားနည်းတုန်းလား။ ကျစ်ဆံမြီးလေး ကျစ်ထားတုန်းက ကြိုးလေးတစ်ချောင်း တွဲလောင်းကျနေသလို လုပနေတဲ့ သူမဟာ ဆံပင်တွေကို စုသိမ်းပြီး ဖြန့်ချထားတော့လည်း ဘယ်လို ဖွဲ့နွဲ့ရမှန်းမသိအောင် လှနေတာပါပဲ။

"ငါ အရင်ထက် ပိုခန့်လာတယ်မို့လား"

သူရယ်တယ်။ ပြီးမှ ဖြေတယ်။

"အင်း . . . အသားနည်းနည်း ပိုဖြူလာတယ်"

ကျွန်တော်ပါ လိုက်ရယ်မိတယ်။ ဘာလို့လဲမသိဘူး ရင်ထဲမှာ ချမ်းချမ်းမြေ့မြေ့ ခံစားနေရတယ်။ ကျွန်တော် ဒီနှစ်တွေမှာ သူ့ကို တွေ့ချင်နေခဲ့တာလား။

ခပ်လှမ်းလှမ်းက ပန်ရွှယ်ကလည်း သူ့ကို လှမ်းပြုံးပြတယ်။ သူကလည်း ခေါင်းကလေးငုံ့လျှိုးပြီး ပြန်ပြုံးပြတာ ကျွန်တော် တွေ့ရတယ်။ ပန်ရွှယ့်ကို ပြုံးပြပြီးတော့ ကျွန်တော့်ကို ပြန်မော့ကြည့်လာပြီး –



"ပန်ရွှယ်ဆုလာဘ်လည်း အရမ်းလှလာတာပဲနော်၊ ချစ်စရာကောင်းသား"

သူမျှားကို ချစ်စရာလေးလို့ ပြောနေတဲ့ သူ့ပုံလေးကလည်း ချစ်စရာလေးပါပဲ။ သူပြောတဲ့ စကားအပေါ်လည်း ဘာကြောင့်မှန်းမသိ ကျွန်တော် ကျေနပ်သွားတယ်။ နောက်တော့ . . . "နှင် အိမ်ထောင်ကျနေပြီလား . . .' လို့ မေးမလို့ရှိသေး . . . ။

"ကော်မတီဝင်ကျောင်းသားများရှင် . . . ကန်တော့ခံဆရာ၊ ဆရာမများကို ခန်းမအတွင်းမှာ နေရာယူပေးပါရန်အတွက် ကူညီတွဲခေါ်ခဲ့ကြပါရန် ပန်ကြားအပ်ပါတယ်ရှင့်။ ကန်တော့ပွဲလာ ကျောင်းသားကျောင်းသူဟောင်းများလည်း ခန်းမအတွင်း သတ်မှတ်ထားသော နေရာများအတိုင်း ဝင်ရောက်နေရာယူပေးကြပါရှင်"

စပီကာဆီက အသံထွက်လာတယ်။

ကျောင်းသားတွေ ရုတ်ရုတ်ရုတ်ရုတ်နဲ့ ခန်းမထဲ ဝင်ကြတယ်။ ...သစ်နဲ့ စောမင်းကလည်း ကျွန်တော့်ကို ခါးဖက်၊ ပခုံးညှစ်ပြီး အတင်း ...သွားတယ်။ ဒိန်ကြီးက ပန်ရွှယ်နဲ့ ခပ်ခွာခွာ ကပ်လိုက်သွားတာကို ...လည်း တွေ့တယ်။ 'ယုအိ'ကိုတော့ ခန်းမထဲပြန်ရောက်မှ တွေ့တယ်။ သူတစ်ယောက်တည်း အခန်းထောင့်မှာ ရို့ရို့လေးထိုင်လို့ ဆရာတွေ ...ဘက်လှည့်ပြီး လက်အုပ်ချီထားတာ ကျွန်တော့်ကိုတွေ့တော့ သွားလေးတွေပေါ်အောင် ပြုံးပြနေပြန်ပါတယ်။

ဆရာတွေက အမှတ်တရစကားပြောတော့ ကျွန်တော်တို့ ကျောင်းသားတွေ ကျောင်းသားဘဝကို လွမ်းတဲ့စိတ်တွေ မထိန်းနိုင်ကြတော့ဘူး။ တချို့တွေ မျက်ရည်ဝဲတယ်။ တချို့ မှင်သက်ငိုင်ကျလို့ တချို့တွေ ရီဝေလို့။ ကန်တော့ကြိုးတိုင်တော့ ငိုသံစွက်စွက်နဲ့ လိုက်ဆိုကြတယ်။

ကန်တော့ပြီးတော့ ကျောင်းသားတွေ အုပ်စုလိုက်၊ အုပ်စုလိုက်၊ ...ယ်နဲ့ ပိုမိုရင်းနှီးရတဲ့ ဆရာတွေဆီ ပြေးကြတယ်။ ဆရာ၊ ဆရာမအား



www.burmeseclassic.com

www.burmeseclassic.com

လုံးကို ချစ်ခင်ကြရပေမဲ့ ကျောင်းသားတိုင်းမှာ ကိုယ်နဲ့မှ ပိုအလျဉ်းသင့်ပြီး သံယောဇဉ်တွယ်ခဲ့ရတဲ့ ဆရာ၊ ဆရာမတွေလည်း ရှိကြတယ်လေ။

ဆရာကြီးဦးငြိမ်းကတော့ ကျွန်တော်တို့ရဲ့ အချစ်ဆုံးလက်ရင်းဆရာကြီးပဲ။ ဆံပင်တွေ ကျဲကျဲဖြူ၊ နှစ်ပေါင်းများစွာ ကွမ်းတွေစားလို့ ဆွေ့အိ်နေတဲ့ ပါးစောင်ကြီးတွေနဲ့ ဆရာကြီးငြိမ်းက . . .

"နောက်နေ့တွေ ဆရာ့အိမ် လာလည်ကြဦးကွာ။ မင်းတို့ကို အနာဂတ်အတွက် သိပ်အရေးကြီးတဲ့ ဆုံးမစကားတွေ ပြောချင်သေးတယ်"

"ဟုတ်ကဲ့ . . . ဆရာ"

"တပည့်တို့ လူစုပြီးလာခဲ့မယ်။ ဆရာသာ ထမင်းများများချက်ထား"

"အေးပါကွာ . . . ဟား . . . ဟား . . ."

" . . ."

ကျွန်တော် ဆရာ့စကားကို နားစွင့်ရယ်မောလျက်နဲ့ပဲ မျက်လုံးလည်း ကစားနေမိတယ်။ ကျွန်တော် ဘယ်သူ့ကို ရှာနေမိတာလဲ။

"ယုအိကို ရှာနေတာလား"

ရုတ်တရက်ဝင်မေးလိုက်တဲ့ ပန်ရွှယ့်အသံကြောင့် ကျွန်တော် အူကြောင်ကြောင် ဖြစ်သွားသေးတယ်။ ဘယ်လို ပြန်ဖြေရမှန်းမသိဘဲ အနေရခက်တဲ့ အမူအရာဖြစ်မသွားခင်မှာပဲ အသံတစ်ခုက တိုးဝင်လာပြန်တယ်။

" . . . . ."

ဖုန်းမြည်သံပါ။ ကျွန်တော် ကောက်ကိုင်လိုက်ပြီး နားရွက်နဲ့ နှုတ်ခမ်းကြားမှာတေ့ပြီး 'ဟယ်လို . . .' လို့ ထူးလိုက်တယ်။

" . . . . . . . . . . . . . . . . . . . . .

. . . . . . . . ."

အဲဒီမှာ စပါတယ်။



(၅)

**မင်းဟာ တစ်ခါတလေ နီဖြစ်ပြီး**
**တစ်ခါတလေတော့ ရုပ်တုဖြစ်မယ်ဆိုတာ**
**လက်ခံထားစမ်းပါ**

**(ကျော်ဂျာအင်ဒါဆင်)**

www.burmeseclassic.com

## (4)

မောင်းချဓား၊ တောင်တက်ကြိုးခွေတစ်ခွေ၊ ရေစိုနေရင်တောင် ခြစ်လို့ရတဲ့ မီးခြစ်တစ်လုံး။ ပြီးတော့ ဆေးဝါးအနည်းငယ်။ အဲ့ဒါတွေကို သူ့နေရာနဲ့သူ အကန့်လိုက်ထည့်ထားတဲ့ ကျောပိုးအိတ်ကို ကျောမှာလွယ်ခဲ့တယ်။

ခရီးကြမ်းတစ်ခုကို ဖြတ်သန်းရတော့မယ့်သူနဲ့ တူနေမလား။ ဟုတ်တယ်။ ကြမ်းမကြမ်း မသေချာပေမဲ့ သိပ်မချောမွေ့မှန်းတော့ သေချာတဲ့ခရီးတစ်ခုကို ကျွန်တော် သွားရတော့မယ်။ ဒါဟာ အခန့်မသင့်ရင် ဘဝရဲ့ စိတ်အလှုပ်ရှားစရာအကောင်းဆုံး ခရီးစဉ်တစ်ခုလည်း ဖြစ်သွားနိုင်တယ်ဆိုတာ အဲဒီတုန်းက ကျွန်တော် ကြိုတင် မတွေးထားမိခဲ့ပါဘူး။

ကားဂိတ်ကို အနည်းငယ်နောက်ကျမှရောက်အောင် တမင် ချိန်ကိုက်ပြီး လာခဲ့တယ်။ ကားဂိတ်ကိုရောက်တော့ ကျွန်တော် လိုက်ပါစီးနင်းရမဲ့ ကားနံပါတ်ကို ဘယ်သူ့ကိုမှ မမေးမြန်းဘဲ ကိုယ့်ဘာသာကိုယ် လိုက်ရှာတယ်။ ကားဘော်ဒီတစ်လျှောက်မှာ ( . . . . . ) ခရီးသွားလုပ်ငန်းဆိုတဲ့ စာတန်းနဲ့အတူ ရှာနေတဲ့ကားနံပါတ်ကို တွေ့ပါတယ်။



ကားကိုကြည့်လိုက်တော့ ကားက သာမန်အဝေးပြေးခရီးသွားကားတစ်စီးပါပဲ။ ပြတင်းပေါက်တွေ အလုံပိတ်ပြီး (Air - con) မပြတ်ဖွင့်ထားတဲ့ကားမျိုး မဟုတ်ပါဘူး။ ပြတင်းပေါက်တွေက ဖွင့်ပိတ်လို့ရတယ်။ လူအယောက်လေးဆယ်ဝန်းကျင်လောက်ဆန့်မဲ့ ကားမျိုးပဲ။ ဒီလိုကားကို အကဲခတ်နေတုန်းပဲ။

"ခုံနံပါတ် (၂၂) က ဧည့်သည်လား မသိဘူးရှင့်"

"ဩော် . . . ဟုတ်ပါတယ်"

"ဟုတ်ကဲ့ရှင် . . . ဒါဆို ကားအပေါ်ကို ကြွပေးပါလားရှင့်။ ခရီးစတင်ချိန် နီးပါပြီ။ အစ်ကို့ကို စောင့်နေတာပါရှင့်"

"ဩော် . . . ဟုတ်လား၊ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်ထင်တယ်"

ဧည့်လမ်းညွှန်ကောင်မလေးက ပြုံးပြီး အပေါ်ကိုကြွဖို့ လက်ညွှန်ပြတယ်။ ဒီတော့ ကျွန်တော်လည်း ကားပေါ်တက်ဖို့ ပြင်ရတာပေါ့။ ဒါပေမဲ့ ကျွန်တော် မတက်ရသေးခင် လုံခြုံရေးဝတ်စုံလို အဝတ်ပြာနဲ့ လူတစ်ဦးက ကားပေါ်ကနေ ဆင်းလာပါတယ်။ တကူးတက မကြည့်ပေမဲ့ မျက်နှာချင်းဆိုင်မိသွားတော့ . . .

"ဟေ့ကောင် . . . သွေးခန့်"

"ဟာ . . . ဝင်းသစ်"

ဝင်းသစ်ကြီးနဲ့ လာတိုးနေပြန်တယ်။ ဝင်းသစ်က သူမထင်ထားတဲ့နေရာမှာ ကျွန်တော့်ကို ပက်ပင်းတွေ့ရလို့ အံ့သြဝမ်းသာသွားတဲ့ရုပ်ကြီး တန်းဖြစ်သွားတယ်။ ကွမ်းယာထုပ်ကို ဘောင်းဘီကြား အမြန်ညှပ်ထည့်ရင်း . . .

"မင်းက . . . နောက်ကျနေတဲ့ ဒီကားနဲ့လိုက်မဲ့ ဧည့်သည်လား"

"အေးကွ . . . မင်းကကော"



www.burmeseclassic.com

www.burmeseclassic.com

“ပြောရအုံး ဝန်ထမ်းစခရီးစဉ်တစ်လျှောက် ဆောင်ရွက်ပေးရမဲ့ ဝန်ထမ်းပေါ့။ ယာဉ်အကျိုးဆောင်ပည်း ဟုခေါ်တယ်။ လိုချင်ရာဆိုလည်း ဆောင်တယ်” ဆိုပြီး ဒီတော့မှ ဆရာကြီးတော်သွားတုန်းကပေါ့ ခရီးသွားလုပ်ငန်းတစ်ခုမှာ အလုပ်ရနေတာကွ’ ဆိုတဲ့ ဒီအကောင့်ရဲ့စကားကို ပြန်အမှတ်ရမိတော့တယ်။

“ဟာ . . . ဒါဆို အတော်မိုက်ကွ။ ဒါမှ မင်းကို မေးစရာလေးတွေ ရှိလို့”

“အေး . . . မေးလေ။ ဟာ . . . အခု မမေးနဲ့ဦး။ ကားထွက်ချိန်နီးနေပြီ။ ငါ ကားစစ်ရဦးမယ်။ မင်းလည်း နေရာမှာ သွားထိုင်တော့”

ပြောပြောဆိုဆိုပဲ ဝင်းသစ်က ကားအနောက်ဘက်ကို လျှောက်သွားတာမို့ ကျွန်တော်မေးချင်တာ မမေးလိုက်ရဘူး။

ဒီတော့ ကားပေါ်တက်ခဲ့တယ်။ ကိုယ့်နံပါတ်ရှိရာခုံဆီ သွားတယ်။ ဒီလိုသွားတဲ့ ကျွန်တော့်ခြေလှမ်းတွေက အနည်းငယ် နှေးကွေးနေလိမ့်မယ်။ ဆောင်ဘိတစ်လျှောက်က ခုံတွေမှာရှိနေကြတဲ့ ခရီးသည်တွေကို မသိမသာ အကဲခတ်ရင်း လာခဲ့တယ်။

ကိုယ့်ခုံနေရာရောက်တော့ ဆောင်နားက ပြတင်းပေါက်ဘက် အခြမ်းမှာ ခရီးသည်တစ်ယောက်က ရောက်နှင့်နေပါပြီ။ ဒါ ကိုယ်နဲ့ ခရီးတစ်လျှောက် တစ်ခုံတည်းသွားရမဲ့ ခရီးသည်ပေါ့။ အသားဖြူဖြူနဲ့ ဦးထုပ်ဝိုက်ဆောင်းထားတဲ့ ချာတိတ်လေးပဲ။

ကျွန်တော် ပခုံးချိတ်လွယ်လာတဲ့ ကျောပိုးအိတ်ကို အိတ်စင်ပေါ်တင်လိုက်ပြီး နေရာမှာ ထိုင်လိုက်တယ်။ ဒီတော့မှ ဆောင်ကလူငယ်က ဦးထုပ်ကိုလှန်ပြီး ကျွန်တော့်ကို ကြည့်လာတယ်။ ကျွန်တော်ကလည်း ပြန်ကြည့်လိုက်တယ်။



ပြီး ဘာမှမဖြစ်သလို ပုံမှန်အတိုင်း အကြည့်လွှဲဖြစ်လိုက်တယ်။ ဒါပေမဲ့ ချက်ချင်းပဲ လွှဲလက်စအကြည့်ကို ရုပ်သိမ်းပြီး သူ့ကို ပြန်ကြည့်လိုက်မိတယ်။ အဲ့ဒီဆောင်နားက လူကလည်း ကျွန်တော့်ကို အကြောင်းသား ပြန်ကြည့်နေပါပဲလား။

“ယုအိ”

“ဟာ . . . သွေးခန့် . . . တိုက်ဆိုင်လိုက်တာ။ နင်လည်း ဒီကားနဲ့ လိုက်မဲ့ခရီးသွားဧည့်သည်ပေါ့ . . . ဟုတ်လား”

“အေးပေါ့ . . . အဟား . . .”

ကျွန်တော်လည်း ရွှင်ပျဝမ်းသာသွားတယ်။ သူနဲ့ ဒီလိုနေရာမှာ ပြန်တွေ့ရမယ်လို့မှ ထင်မထားခဲ့ပဲ။

သူလည်း သိပ်ဝမ်းသာသွားသလို အကြာကြီး ကြည့်နေတယ်။

“အဟင်း . . .”

“အင်း . . .”

နှစ်ယောက်သား ပြုံးသဲ့သဲ့နဲ့ ရယ်ဖြစ်နေကြပြန်ရော၊ တော်တော်ကြာသည်အထိပေါ့။ နောက်တော့လည်း စကားနည်းတဲ့ သူ့ဝသီအတိုင်း သူ ငြိမ်သွားသလို ကျွန်တော်ကလည်း အလိုက်တသိ လိုက်ပါငြိမ်သက်ပေးလိုက်ပါတယ်။ ကိုယ့်ခုံကိုယ်ကျောမှီပြီး မှေးစက်နေလိုက်တယ်။

ခဏကြာတော့ ကားက စတင်ထွက်ခွာပါတယ်။

‘ဖျတ်’ခနဲ မှေးစက်အလွှာချထားတဲ့ မျက်ခွံကို ရုတ်တရက်ဖွင့်လိုက်တယ်။ ပြီး ကားပေါ်က ခရီးသည်တွေကို မျက်လှမ်းမီသလောက် ကျွန်တော် မသိမသာ အကဲခတ်နေရပါပြီ။ ဘယ်သူဟာ အရေခြုံထားတဲ့ ရန်သူလဲ။ ဘယ်သူဟာ ကျွန်တော့်အတွက် အန္တရာယ်ကို ယူဆောင်လာသူဖြစ်မလဲ။ မျက်လုံးနဲ့ကြည့်ရုံနဲ့ မသိနိုင်ပေမဲ့ ကျွန်တော်မျက်လုံးနဲ့ပဲ တွက်ဆအကဲခတ်ရတော့မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဘာလို့ ဒီလိုလုပ်ရတာလဲ။

ကျွန်တော် ဘာလို့ ဒီလိုကားပေါ်ကလူတွေကို သံသယတစ်ပိုင်းနဲ့ အကဲခတ်နေရတာလဲ။ ပြီးတော့ ဒီကားပေါ်ကိုကော ကျွန်တော် ဘာကြောင့် ရောက်ရှိလာရတာလဲ။

. . . . . ။

အဖြစ်အပျက်ကို အကြောင်းစုံ ပြန်ခင်းပြရရင် . . .

. . . . . ။



## အတိတ် (၃)

"ဒါက သိပ်ကောင်းတာ . . . အစ်ကိုရဲ့။ အဝင်ကောင်းပြီး အသည်းကို ထိနိုက်နှုန်းလည်း နည်းတယ်။ ပုံမှန်လစ်မစ်ထက်ပိုအောင် အစ်ကိုမှီဝဲသွားမိရင်လည်း မနက်မိုးလင်းတဲ့အခါ ခေါင်းမထောင်နိုင်အောင် ခေါင်းကိုက်တာမျိုး၊ ရေသောက်တိုင်း အော့အန်တာမျိုးတွေ မဖြစ်တော့ဘူး။ ထမင်းစားလို့လည်း အရမ်းကောင်းတယ်"

"ဘယ်အရက်သောက်သောက် ထမင်းစားကောင်းပါတယ်ကွာ"

"ဒါက ပိုကောင်းတယ် . . . အစ်ကိုရဲ့။ တချို့အရက်တွေက အစ်ကို ထမင်းစားတဲ့အခါ ရရှိမဲ့ အဟာရဓာတ်တွေကို တိုက်ဖျက်ပစ်တာမျိုးရှိပေမဲ့ ဒီအရက်ကတော့ တခြားအဟာရဓာတ်ကို မထိနိုက်စေဘူးတဲ့။ ဒီမှာ အညွှန်းလည်း ပါပါတယ် . . . အစ်ကိုရဲ့။ အင်္ဂလိပ်လိုရေးထားပေမဲ့ အစ်ကို ဖတ်တတ်မှာပါ။ ပြည်တွင်းဖြစ်ကို အားပေးကြည့်ပါ အစ်ကိုရဲ့"

အရောင်းဝန်ထမ်းမလေးရဲ့ အသံတစီစီကြားမှာပဲ ကျွန်တော် ပုလင်းလေးကို လှည့်ပတ်ကြည့်နေမိတယ်။ ပုလင်းလေးက အထဲမှာ ကြေးနီရောင်အရည်တွေနဲ့ တောက်ပနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့်လဲမသိ။ ကျွန်တော်နည်းနည်းလည်း စိတ်မကောင်း ဖြစ်သွားနေမိတယ်။ ပြုံးရွှင်သွက်လက်စွာ အချက်အလက်ကျကျ စကားဆိုနေတဲ့ ဒီအရောင်းဝန်ထမ်း မိန်းကလေးဟာ အရက်ကုမ္ပဏီတစ်ခုရဲ့ အရောင်းဝန်ထမ်းလေးမဟုတ်ဘဲ တက္ကသိုလ်ကျောင်းသူလေးတစ်ယောက် ဖြစ်နေရင် ဘယ်လောက်ကောင်းမလဲဆိုတဲ့ အတွေးမျိုး ဝင်မိလို့ပေါ့။

ကောင်မလေးက ကျွန်တော့်ထက် အနည်းငယ်လောက်ပဲငယ်မဲ့ တက္ကသိုလ်ကျောင်းသူအရွယ်လေးပါပဲ။ ဒါမှမဟုတ် ကျောင်းပြီးတွဲ့ ဈေးပြီးလျက်နဲ့ ဒီအလုပ်ကို ဝင်လုပ်နေတာလား။ ကျွန်တော် အဲ့ဒီလောက်အထိ နည်းနည်း ဆန့်ဆန့်ချဲ့ချဲ့ တွေးမိသေးတယ်။

ဒီနေ့က ကျွန်တော် ပြည်ပက ပြန်လာပြီး သိပ်မကြာခင် တစ်ရက်ကပါပဲ၊ အိမ်ကလူတွေ တခြားမြို့က ဆွေမျိုးရဲ့အလှူရှိလို့ သွားတဲ့အချိန်မို့ အိမ်မှာ ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့တဲ့ရက်ကပေါ့။

ညမှာ ဘောလုံးပွဲရှိတာကြောင့် အာလူးကြော်နဲ့ သောက်စရာ တစ်ခုခုလေးနဲ့တွဲပြီး ဒီညကို ဖြတ်သန်းကြည့်မလားလို့ စိတ်ကူးမိပြီး အဝယ်တော် ထွက်ခဲ့တာပါ။ ဒီရောက်တော့ ယမကာတံဆိပ်သစ်တစ်ခုကို အခုလို ညွှန်းဖွဲ့ကြော်ငြာနေတာနဲ့ တိုးတော့တာပဲ။

ကျွန်တော် ပုလင်းမှာပါတဲ့အညွှန်းစာကို ဖတ်နေတုန်း ဝန်ထမ်းမလေးက ဆက်ပြောလာတယ်။

"စမ်းသပ်သုံးစွဲကြည့်ပါ . . . အစ်ကိုရဲ့။ ဘာအညွှန်းမှမပါတဲ့အရက်တွေ သောက်မဲ့အစား ဒီလိုအာမခံကောင်းတဲ့ ယမကာလေးတွေ မှီဝဲတော့ ကျန်းမာရေးအတွက် side-effect လည်း သက်သာတာပေါ့။ ပြီးတော့ ညီမတို့ကုမ္ပဏီက ဒီတံဆိပ်သစ်အတွက် ထူးဆန်းတဲ့ ကံစမ်းမဲတစ်ခုလည်း လုပ်ထားတယ်"

"ထူးဆန်းတဲ့ ကံစမ်းမဲ"

ကျွန်တော် သံယောင်လိုက်မိသွားတယ်။



. . . ဟုတ်တယ် . . . အစ်ကိုရဲ့၊ ဘယ်လိုထူးဆန်းတာလဲဆိုတာကိုတော့ ကုမ္ပဏီလူကြီးပိုင်းတွေကလည်း လျှို့ဝှက်ထားသေးလို့ မသိရသေးပါဘူး။ ဒါပေမဲ့ ထူးထူးဆန်းဆန်းတော့ . . . များမှာတဲ့။ ဒါကြောင့် . . . ဝယ်မယ့် (Customer) တွေကို ညီမတို့က . . . Address တွေ၊ ဖုန်းနံပါတ်တွေ တောင်းပြီး မှတ်တမ်းလည်း တင်ထားရမှာ . . . အစ်ကိုရဲ့၊ ဒါမှ ကံစမ်းမဲပေါက်တဲ့အခါ ဆုရရှင်ကို ဆက်သွယ်နိုင်မှာလေ"

. . . ထူးဆန်းတဲ့ ကံစမ်းမဲဆိုတဲ့ စာလုံးကို စိတ်ထဲကနေ . . . တစ်ကြိမ် ရွတ်မိတယ်။

"ကဲ . . . ဒါဆို တစ်လုံးယူမယ်ကွာ"

ကျွန်တော် ဒီလိုပြောလိုက်တော့ ဝန်ထမ်းကောင်မလေးကလည်း ကျေနပ်တဲ့ တလွှင်လွှင်နဲ့အတူ အရက်ပုလင်းကို ထုပ်ပိုးပေးတယ်။ ကျွန်တော့်အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်တွေလည်း တောင်းပြီး စာရင်းမှတ်သေးတယ်။

ကံစမ်းမဲစိတ်ဝင်စားလို့ရယ် မဟုတ်ပါဘူး။ ဒီလိုပဲ ကုမ္ပဏီတွေက 'ကံစမ်းမဲ . . . ကံစမ်းမဲ' နဲ့ ကြော်ငြာတတ်တာပဲ။ နောက်မှ မပေးဘဲနေလည်း ဘယ်သူမှ ဘာမှတတ်နိုင်တဲ့ ကိစ္စမှမဟုတ်တာ။ ကျွန်တော်ကလည်း သိပ်သောက်တတ်တာမဟုတ်သလို ဘယ်လိုအရက်က ဘယ်လိုကောင်းမှန်းလည်း သိပ်သိတာမဟုတ်လို့ ဒီပုလင်းလေးဝယ်လိုက်တာပါ။

အရောင်းဝန်ထမ်းမလေးက သေချာထုပ်ပိုးပေးထားတဲ့ ပုလင်းကို တရိုတသေ ဦးညွှတ်ပေးရင်း . . .

"အားပေးတာ ကျေးဇူးတင်ပါတယ်ရှင်။ ဒီလိုအားပေးတဲ့အတွက် အစ်ကို ဒီထက်ပိုပြီး ချောမောရည်မွန်တဲ့ ရုပ်အဆင်း ရရှိပါစေရှင်"



www.burmeseclassic.com

www.burmeseclassic.com

"အဟင်း . . . မင်းလည်း ကြော်ငြာတာ တော်ပါတယ်။ ဒါပေမဲ့ ကုန်ပစ္စည်းက အရက်ဖြစ်နေတာတော့ . . ."

ပခုံးနှစ်ဖက်တွန့်ပြပြီး ထွက်ခဲ့တယ်။

အဲ့ဒီအရက်ဝယ်ခဲ့တဲ့ကိစ္စက တစ်ညတာအတွက်တောင် မှတ်မှတ်ရရ ရှိစေခဲ့တဲ့ ကိစ္စမဟုတ်ခဲ့ပါဘူး။ သောက်နေရင်းနဲ့ကို အရက်ပုလင်းဝယ်ခဲ့တဲ့ အဖြစ်အပျက်ကို လုံးဝ မေ့လျော့သွားခဲ့ပါပြီ။ ဒါလည်း ဖြစ်သင့်ပါတယ်။ ဒီလိုပစ္စည်းတစ်ခုခုကို သမာရိုးကျ ဝယ်ယူသုံးစွဲလိုက်တဲ့ အဖြစ်အပျက်ဟာ ဘာများ အမှတ်တရဖြစ်စေမှာလဲ။ ကိုယ့်လက်က ညှပ်ချလိုက်တဲ့ လက်သည်းစလေးတွေလို အလွယ်တကူ မေ့ပစ်သွားရုံသာ။

ပြီးတော့ အဲ့ဒီရက်ပိုင်းမှာ ကျွန်တော့်ဦးနှောက်ထဲ အမြဲလွှမ်းမိုးနေတာကလည်း ရှိနေလို့ပါပဲ။ အဲ့ဒါကတော့ ဆရာကန်တော့ပွဲကိစ္စပေါ့။ ရှားရှားပါးပါးစွာနဲ့ အသံတိတ်ခွဲခွာပြီး တစ်ပါးသူတို့ရဲ့ ရေမြေ၊ တစ်ပါးသူတို့ရဲ့ အကြည့်တွေအောက်မှာ နေထိုင်ကြာခဲ့တဲ့ ကျွန်တော်က တစ်ချိန်က သူငယ်ချင်းတွေရှိရာ၊ တစ်ချိန်က ဆရာသမားတွေရှိရာ၊ တစ်ချိန်က ကျောင်းဆောင်တွေရှိရာ တစ်ချိန်က ဖြူစင်လွတ်လပ်မှုတွေ ထင်ကျန်ခဲ့ရာတွေကို အမြဲအောက်မေ့ပြန်ချင်ခဲ့တယ်။

အခု ကိုယ့်တိုင်းကိုယ့်ပြည် ပြန်ရောက်ပြီး မကြာခင်မှာပဲ သတင်းစာထဲမှာ ကြော်ငြာထားတဲ့ ကျွန်တော်တို့ကျောင်းမှာ ကျင်းပမဲ့ ဆရာကန်တော့ပွဲကြော်ငြာကို သွားတွေ့တော့တာပဲ။ ဒါကြောင့် အဲ့ဒီရက်ပိုင်း ကျွန်တော့်စိတ်မှာ ကျောင်းဝန်းထဲပြန်ဝင်ရမဲ့ ခြေလှမ်းတွေရဲ့ ခံစားချက်သာ လွှမ်းမိုးနေခဲ့တာပေါ့။

ဆရာကန်တော့ပွဲနေ့ကလည်း ပျော်ခဲ့ရပါတယ်။ တွေ့ချင်တဲ့သူတွေကော တွေ့လောက်မယ်ထင်တဲ့သူတွေကော၊ မတွေ့နိုင်တော့ဘူးထင်တဲ့သူတွေကော အားလုံးကို အားရဖွယ်တွေ့ရပါတယ်။ ဆရာတွေကို ကန်တော့ရတာလည်း ငြိမ်းချမ်းအေးမြရပါတယ်။



ဒါပေမဲ့ . . . ထူးခြားတာတစ်ခုကလည်း အဲ့ဒီနေ့မှာ စတင်ခဲ့တာပါပဲ။ ဆရာကန်တော့ပွဲ ပြီးခါနီးအချိန်မှာ အမည်မသိသူတစ်ယောက်ရဲ့ ဖုန်းနံပါတ်တစ်ခုက ဝင်လာပါတယ်။ ကိုယ်နဲ့မရင်းနှီးတဲ့ ဖုန်းနံပါတ်တစ်ခု . . .

ကျွန်တော် ကောက်ကိုင်လိုက်တော့ . . .

"Congratulation ပါခင်ဗျာ . . ."

ဆိုတဲ့စကားကို စတင်ကြားလိုက်ရပါတယ်။

• • •

"Congratulation ပါ အစ်ကို၊ ထိုင်ပါခင်ဗျ"

အနောက်တိုင်းဝတ်စုံကို ကျကျနနဝတ်ဆင်ထားတဲ့လူက ကျွန်တော့်ကို စားပွဲရှေ့က ခုံကို ရိုရိုကျိုးကျိုးညွှန်ပြပြီး ပြောတယ်။

ကျွန်တော် ခေါင်းပြန်ညိတ်ပြပြီး ထိုင်လိုက်တယ်။

"ကျွန်တော်တို့ ယမကာကုမ္ပဏီကနေ ဆုမဲပေါက်တဲ့အတွက် ဂုဏ်ယူပါတယ်"

"ဟုတ်ကဲ့ . . . ကျွန်တော်လည်း ပျော်ရွှင်ပါတယ်"

ကျွန်တော် အခုရောက်ရှိနေတဲ့ နေရာကတော့ မိုးမျှော်ထပ်ကြီးရဲ့ အပေါ်ဆုံးအထပ်မှာရှိတဲ့ ကုမ္ပဏီတစ်ခုရဲ့ ရုံးခန်းထဲမှာပါ။ ဆရာကန်တော့ပွဲမှာ ဝင်လာတဲ့ဖုန်းက ဒီယမကာကုမ္ပဏီက ကံစမ်းမဲပေါက်တဲ့အကြောင်း အကြောင်းကြားတဲ့ဖုန်းပါ။ လူသားစင်စစ် ကျွန်တော်က နေရင်းထိုင်ရင်း ကံစမ်းမဲပေါက်တဲ့ကိစ္စကို ဝမ်းမသာဘဲနေပါ့မလား။ သိပ်ပျော်တာပေါ့။

"ကျွန်တော်တို့ရဲ့ ကံစမ်းမဲ (Lucky Dip) အစီအစဉ်အရ ချီးမြှင့်မယ့် ဆုကြေးငွေက သိန်း (၃၀၀) ပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

လို့ သူကပြောတော့ ကျွန်တော့်တစ်ကိုယ်လုံး ရှိန်းတက်သွားတယ်။ တခဏ် လောဘစိတ်ကကို ဒီလိုခံစားရစေတယ်။ ဒါပေမဲ့ . . .

"ဒါပေမဲ့ . . ."

လို့ သူက နောက်ဆက်တွဲစကား ထွက်လာတော့ တခြားအကြောင်း ရှိလိမ့်ဦးမယ်။ ကျွန်တော် ဂရုတစိုက်နားထောင်လိုက်တယ်။

"ဒါပေမဲ့ အစီအစဉ်အရ ကံစမ်းမဲပေါက်တဲ့လူက ငါးယောက်ဖြစ်နေတယ်။ အစ်ကိုက အဲဒီအထဲမှာ ပါဝင်တဲ့တစ်ယောက်ပေါ့"

"ဩော် . . . ဒီတော့ ကျွန်တော်တို့ ငါးယောက်က အဲဒီသိန်းသုံးရာကို ခွဲယူရမှာပေါ့"

"မဟုတ်ဘူးခင်ဗျ။ ကျွန်တော့်တို့အစီအစဉ်အရ အဲဒီငါးယောက်ထဲမှာ တစ်ယောက်က မဲထပ်နှိုက်လိုက်ရပါတယ်။ အဲဒီလိုမဲနှိုက်လို့ ပေါက်လာတဲ့တစ်ယောက်ကတော့ အစ်ကိုပါပဲ"

"ကျွန်တော် . . . ဟား . . . ဒါဆို ကျွန်တော်တစ်ယောက်တည်း ဒီငွေတွေ ရတော့မှာပေါ့"

"မဟုတ်ဘူးခင်ဗျ"

လုပ်ပြန်ပြီ။ ကျွန်တော့်မှာ ဝမ်းသာလိုက်၊ အဲဒီဝမ်းသာမှုက ခလုတ်ပြန်တိုက်လိုက်နဲ့ ဖြစ်နေတယ်။ သူကလည်း မဟုတ်ဘူးခင်ဗျချည်း ပြောနေတာကိုး။

"မဟုတ်ပါဘူး။ နောက်ဆုံးတစ်ယောက်တည်း မဲပေါက်တဲ့အစ်ကိုက ထွက်ပြေးသူဖြစ်မှာပါ"

"ဗျာ . . . ဘယ်လို . . ."

ကျွန်တော် နားမလည်ဖြစ်သွားတော့ တစ်ဖက်လူ ပြုံးတယ်။ ကျွန်တော် နားမလည်ဖြစ်သွားမှာကို ကြိုတင်နားလည်ထားတဲ့ပုံနဲ့။

"ကျွန်တော် ဖြည်းဖြည်းချင်း ရှင်းပြပါ့မယ် . . . အစ်ကို။ ကျွန်တော်တို့ ယမကာကုမ္ပဏီက ခရီးသွားလုပ်ငန်းတစ်ခုကိုလည်း ထောင်ထားပါသေးတယ်။ လေ့လာရေး၊ ဘုရားဖူး၊ အပန်းဖြေ စသဖြင့် ခေါင်း



[…]ဉ်အမျိုးမျိုးနဲ့ပေါ့။ ပို့ဆောင်ပေးတဲ့ နေရာတွေကလည်း သွားလာနေ[…]တဲ့ နာမည်ကြီးနေရာတွေမဟုတ်ဘဲ လူသူအရောက်အပေါက်နည်းပြီး [...]သာတဲ့ မြို့ကလေးတွေဆီ ပို့ဆောင်ပေးတတ်ပါတယ်"

"အစီအစဉ်ကတော့ ကောင်းသားပဲ။ အဆင်ကောပြေရဲ့လား"

"အစဆိုတော့ အခက်အခဲတော့ များတုန်းပါ။ ကျွန်တော်တို့ ကလည်း ပုံစံအသစ်နဲ့ လုပ်တာဆိုတော့ ဝန်ဆောင်မှုကို အဓိကထားလိုက်တယ်။ ပြီးတော့ ကျွန်တော်တို့ ပို့ဆောင်ပေးမဲ့ မြို့နာမည်ကို မပြောဘဲ ဝှက်ထားပြီး တခြားနာမည်ပြောင်လေးတွေပဲ ပြောပြထားတယ်။ ဒီတော့ ခရီးသွားတွေလည်း စိတ်ဝင်စားမှုပိုတာပေါ့"

"အင်း . . . အဆန်းတော့ အဆန်းပဲ။ အဲဒါနဲ့ အခု ကျွန်တော်တို့ ကံစမ်းမဲပေါက်တာနဲ့က ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ . . . အစ်ကိုရယ်"

သူက ချက်ကျလက်ကျ ရှည်ရှည်လျားလျား ရှင်းပြပါတော့တယ်။

"ကျွန်တော်တို့ အစီအစဉ်အရ ဂိမ်းတစ်ခုလုပ်ထားတယ်။ အခု ကံစမ်းမဲပေါက်တဲ့ငါးယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် မသိကြဘူး။ မြင်လည်း မမြင်ဖူးကြသေးဘူး။ ဒီအခြေအနေအတိုင်းနဲ့ပဲ အဲဒီငါးယောက်ကို တခြားလေ့လာရေးခရီးသည်တွေနဲ့အတူ ကားတစ်စီးနဲ့ မြို့တစ်မြို့ကို လွှတ်ပေးလိုက်မယ်။

အဲဒီမြို့ရောက်တဲ့အခါ အဲဒီငါးယောက်ထဲက တစ်ယောက် ထွက်ပြေးရမယ်။ ကျန်တဲ့လူလေးယောက်က ကိုယ့်အစီအစဉ်နဲ့ကိုယ် ဖမ်းဆီးရမယ်။ ငါးယောက်ထဲမှာ မဲထပ်နှိုက်ပြီး မဲပေါက်ထားတဲ့အစ်ကိုက ဒီဂိမ်းအတွက် ထွက်ပြေးရမဲ့သူပေါ့။ အချိန်ကို နှစ်ရက်ပေးထားမယ်။

မြို့အဝင်မှာ ကားရပ်ပြီး တခြားခရီးသည်တွေနဲ့အတူ အစ်ကိုတို့ ငါးယောက်ကိုပါ ချခဲ့မယ်။ နှစ်ရက်ပြည့်တဲ့နောက် [...]နက်ခင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

မြို့အထွက်က ကားရှိတဲ့နေရာကို ပြန်လာရမယ်။ ကားဆီကို အစ်ကို တစ်ယောက်တည်း ရောက်လာနိုင်ရင်တော့ ဒီဂိမ်းရဲ့ (winner) က အစ်ကို ဖြစ်ပြီး ဆုငွေသိန်းသုံးရာရမှာပေါ့။ တခြားသူက အစ်ကို့ကို ဖမ်းဆီးလာ နိုင်ခဲ့ရင်တော့ အဲ့ဒီလူက ဆုကြေးတွေကို သိမ်းပိုက်သွားမှာပေါ့"

ကျွန်တော် မျက်မှောင်ကုတ်နေမိတယ်။ သူပြောပြလို့ Game ပုံစံကိုတော့ နားလည်ပါပြီ။ ဒါပေမဲ့ . . .

"အချင်းချင်းလည်း မသိကြဘဲနဲ့ ဘယ်သူက ဘယ်ထွက်ပြေးရမဲ့သူမှန်း၊ ဘယ်သူက ဖမ်းဆီးရမဲ့သူမှန်း မသိကြဘဲနဲ့ ဒီဂိမ်းက လှုပ်ရှားအသက်ဝင်လာပါ့မလား"

"ဒီတော့မှပေါ့ဗျ။ ကျွန်တော်တို့ ကြိုတင်စမ်းသပ်ထားတဲ့ ဂိမ်းပါ။ တစ်ယောက်နဲ့တစ်ယောက် အကဲခတ်နိုင်စွမ်းက စကားပြောသွားမှာပါ။ ဉာဏ်အားနည်းပြီး စိတ်လှုပ်ရှားလွယ်တဲ့ လူဆိုရင်တော့ ဒီဂိမ်းထဲကလူမှန်း ရိပ်မိလွယ်သွားပါလိမ့်မယ်။ တကယ်ကစားချိန်ထဲ ရောက်တဲ့အခါ အစ်ကိုတို့ သိလာပါလိမ့်မယ်။ အစ်ကို လွယ်မယ်ထင်ရင် အန္တရာယ်များမှာပဲ။ အစ်ကို့ကို ဖမ်းဆီးရုံနဲ့ သိန်း (၃၀၀)ရမဲ့ အလုပ်ဆိုတော့ ကျန်တဲ့လေးယောက်က ဉာဏ်သုံးကြမှာပဲ"

ဟုတ်တယ်။ ပေါ့ဆရင် လျှော့ကျသွားမှာပဲ။ ကျွန်တော် ခေါင်းတညိတ်ညိတ် လုပ်နေမိတယ်။ သူက ဆက်ပြောတယ်။

"မွေးစကတည်းက ကလေးတွေကို စကားမပြောတတ်ခင် ဘယ်ဘာသာစကားနဲ့မှ မရင်းနှီးစေဘဲနဲ့ တစ်နေရာရာမှာ သက်သက်ထားလိုက်ရင် သူတို့ကြီးပြင်းအရွယ်ရောက်လာတဲ့အခါ သူတို့အချင်းချင်းသာ နားလည်တဲ့ ဘာသာစကားတစ်မျိုး ထွက်လာတတ်တယ်ဆိုတဲ့ စစ်တမ်းတစ်ခုရှိတယ်"

"အင်း . . . "

"ဒီလိုပဲ တစ်ယောက်နဲ့တစ်ယောက် မမြင်မသိသေးတဲ့ လူတစ်စုကို ဂိမ်းတစ်ခုထဲထည့်ပြီး လှုပ်ရှားခိုင်းတဲ့အခါ ဘယ်လိုအမြင်တွေ ထွက်



လာမလဲဆိုတာကို ကျွန်တော်တို့ကုမ္ပဏီသူဌေးက စိတ်ဝင်စားနေတယ်။ ဒါကြောင့် ဒီလို ဘယ်သူဟာ မိတ်ဆွေ၊ ဘယ်သူဟာ ရန်သူကို ကြို သိဘဲ စမ်းတဝါးဝါးသံသယတွေနဲ့ ကစားရမဲ့ဂိမ်းကို သူက နာမည် ပေးထားသေးတယ်"

"ဘာတဲ့လဲ"

"(blind - game) တဲ့"

ကြားရရုံနဲ့ နားထဲမှာ မှောင်တယ်။ အကန်းကစားပွဲထဲမှာ ပါဝင်ရင်း ဘယ်လိုအမြင်တွေ ရရှိမလဲတဲ့။ မေးခွန်းကလည်း ခပ်ရှုပ်ရှုပ်ပဲ။ ရင်ထဲ မနှစ်မမြို့တစ်ချက်ဖြစ်သွားပေမဲ့ ကျွန်တော်လည်း စိတ်ဝင်စားမိတယ်။ စိန်ခေါ်မှုတစ်ရပ်လို့လည်း မြင်မိတယ်။

"ဒီဂိမ်းထဲမှာ ထွက်ပြေးသူဖြစ်မဲ့ အစ်ကို့ကို မျက်ကန်းနံပါတ်တစ် blind (1) လို့ နာမည်အတိုကောက် ပေးထားချင်ပါတယ်။ ကစားနည်းအတွက် မရှင်းတာရှိရင် မေးနိုင်ပါတယ်အစ်ကို"

"အင်း . . . မေးချင်တာက ကျန်တဲ့ (blind) လေးယောက်က ကျွန်တော့်ကို ဖမ်းဆီးတဲ့နေရာမှာ ဒဏ်ရာအနာတရ ရအောင်လုပ်ကြမှာလား"

"အနည်းနဲ့အများတော့ ရှိပါလိမ့်မယ်။ အသက်အန္တရာယ်ဖြစ်အောင်တော့ မကြမ်းတမ်းဖို့ စည်းကမ်းထုတ်ပြန်ထားပြီးသားပါ။ နည်းနည်းတော့ အပင်ပန်းခံ၊ အနာခံရမှာပေါ့။ ဒါပေမဲ့ ဒီဂိမ်းက ကာယအားဆက် ဉာဏအား ယှဉ်ပြိုင်ရမဲ့ ဂိမ်းပါ။ မကြာခင် သိလာပါလိမ့်မယ်"

"အင်း . . . ကျွန်တော့်ကိုဖမ်းမဲ့ တခြား blind တွေကတော့ လူအင်အား သုံးကြမှာလား။ တခြားလူပိုတွေခေါ်ပြီး အဖွဲ့လိုက် လှုပ်ရှားကြမှာလား"

"သူတို့ လွတ်လပ်ခွင့်အရ အဖွဲ့နဲ့လှုပ်ရှားရင်လည်း လှုပ်ရှားဖို့ ခွင့်ပေးထားပါတယ်။ ဒါပေမဲ့ သူတို့ ဒီကစထွက်ရင်တော့ လူအင်အား ကောင်းကောင်း ပါသွားမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခု



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုတို့ကို ပို့ဆောင်မဲ့ ခရီးစဉ်အတွက် ကားခုံအရေအတွက်က တကယ့်လေ့လာရေးခရီးသည်တွေနဲ့တင် ပြည့်သလောက် ရှိနေပါပြီ။

အစ်ကိုတို့ငါးယောက်ပါ ပေါင်းထည့်ပြီးရင် ခုံနံပါတ်အလွတ် နှစ်ခုံ၊ သုံးခုံလောက်ပဲ ရှိတော့မှာပါ။ ဒါကြောင့် သူတို့ လူအင်အားခေါ်နိုင်လည်း နှစ်ယောက်၊ သုံးယောက်ထက် ပိုမခေါ်နိုင်တော့ပါဘူး"

"ဒါဆိုရင်တော့ ကျွန်တော့်အတွက် ကောင်းတာပဲ"

"တစ်ချက်တော့ ရှိပါသေးတယ်။ သူတို့ ဒီကစအတွက်မှာ လူအင်အားခေါ်သွားဖို့ အခက်အခဲရှိပေမဲ့ ဂိမ်းစတင်မဲ့မြို့ကို ရောက်ရင်တော့ အဲဒီမြို့ကလူတွေကို ငှားရမ်းပြီး လှုပ်ရှားနိုင်သေးတယ်"

"အင်း . . . ဒါတော့ ဟုတ်တယ်။ ဒါနဲ့ ခရီးစဉ်ကားပေါ်မှာပါတဲ့ ဝန်ထမ်းတွေတိုကော blind တွေဟာ ဘယ်သူတွေဖြစ်ကြောင်း အသိပေးထားမှာလား"

"ဝန်ထမ်းတွေကိုတောင် လျှို့ဝှက်ထားပေးမှာပါဗျ။ နှစ်ရက်ပြည့်နောက်ဆုံးနေ့တစ်ခင်းမှသာ ကျွန်တော်တို့အချင်းချင်း ဆက်သွယ်ပြီး အသိပေးပြီး Game မှာ Winner ဖြစ်တဲ့သူကို ကြိုဆိုနိုင်းမှတ်တမ်းတင်နိုင်းမှာဖြစ်ပါတယ်။ ပြီး သိပ်မကြာတဲ့ ရက်ပိုင်းမှာတော့ ပွဲအခမ်းအနားနဲ့အတူ ဆုကြေးငွေ ချီးမြှင့်ပေးမှာပါ"

မေးစရာမရှိတော့ပေမဲ့ ကျွန်တော် စဉ်းစားနေမိသေးတယ်။ ဘာတွေလုပ်ပြီး ဘယ်လိုတွေ ချမ်းသာနေမှန်းလည်း မသိဘူး။ ဆုကြေးက သိန်း (၃၀၀) တဲ့။ သိပ်မနည်းဘူး။ လူတော်တော်များများကို ဆွဲဆောင်နိုင်မဲ့ ကိန်းဂဏန်းပဲ။ အခုခေတ်အရ ကားအကောင်းစားနှစ်စီးလောက်နောက်ကျွမ်းပစ်ဝယ်စီးလို့ရမဲ့ ပမာဏပဲ။

"မေးစရာမရှိတော့ရင် ဒီမှာ လက်မှတ်ထိုးပေးပါ အစ်ကို"

သူက စာရွက် (စာချုပ်တစ်ခုပါ) တစ်ခုကို ကျွန်တော့်ရှေ့ တွန်းပေးပြီး လက်မှတ်ထိုးရမဲ့နေရာကို လက်ညှိုးနဲ့ ထောက်ပြတယ်။ ဒီဂိမ်း



သာ ပေါ့သေးသေးတော့မဟုတ်။ စာချုပ်နဲ့တောင် သဘောတူထားရတဲ့ ဒိမ်း။

စာချုပ်ထဲက အချက်အလက်တွေက ကျွန်တော်တို့က စည်းကမ်းအတိုင်း ကစားရမှာဖြစ်သလို၊ သူတို့ကလည်း စည်းကမ်းအတိုင်း ဆုငွေချီးမြှင့်မဲ့ အချက်အလက်တွေပါပဲ။ ကျွန်တော် သဘောတူလက်မှတ်ထိုးပြီးတော့ . . .

"ဒါနဲ့ ကျွန်တော်တို့ Game ထဲက သွားရမဲ့မြို့က ဘယ်မြို့လဲ ဆိုဘူး"

"ကြယ်တွေ အသက်ရှင်နေတဲ့မြို့တဲ့"



www.burmeseclassic.com

www.burmeseclassic.com

## (5)

"ခရီးသွားဧည့်သည်များရှင့် . . . မကြာမီအချိန်အတွင်း လမ်းခရီးစဉ်တစ်ထောက် နားတော့မည်ဖြစ်ပါတယ်ရှင့်။ လူကြီးမင်းတို့ရဲ့ ကျန်းမာရေးနဲ့ အထွေထွေကိစ္စများအတွက် မိနစ် (၃၀) အချိန်ရရှိမှာ ဖြစ်ပါတယ်ရှင့်။ ဧည့်သည်တို့ရဲ့ တန်ဖိုးကြီးပစ္စည်းများကို မိမိနှင့်အတူ တစ်ပါတည်း ယူဆောင်သွားပါရန် . . . . . . "

ဧည့်လမ်းညွှန်မလေးရဲ့ အသံကြောင့် ခရီးသည်တွေ မှေးစက်ရာက လူးလွန့်နိုးထလာကြတယ်။ ကျွန်တော် အပါအဝင်ပေါ့။

မိုင်ဝေးလမ်းမကြီးရဲ့ အဆုံးမရှိတော့ဘူးလို့ ထင်ရတဲ့ အမှောင်ထုထဲမှာ မီးရောင်ဖျော့ဖျော့နဲ့ ထီးတည်းတည်နေတဲ့ ဆိုင်လေးတစ်ဆိုင်ကို တွေ့ရတာ တစ်မျိုးခံစားရစေတယ်။ အဲ့ဒီဆိုင်ရှေ့မှာ ကားကို ရပ်တန့်လိုက်တာမို့ ဒီဆိုင်ဟာ ကျွန်တော်တို့ တစ်ထောက်နားခိုးရမဲ့ဆိုင်လို့ အားလုံး သိလိုက်ကြတယ်။

ယုအိနဲ့ကျွန်တော် အတူတူ ဆင်းလာဖြစ်ခဲ့တယ်။ ဆိုင်ကလေးဟာ ဝါးနံ့သင်းမွှေးနေတယ်။ ဝါးခြမ်းအသစ်တွေနဲ့ ပြန်လည်တည်ဆောက်ထားတာကြောင့်ဖြစ်မယ်။



ခရီးသည် အလျှိုလျှို စားပွဲခုံပုလေးတွေရှိရာဆီ ဝင်ထိုင်ကြတယ်။ စားပွဲထိုးတွေကို စားစရာ ဘာရလဲ၊ ဘာကောင်းလဲ စသဖြင့် အမြန်းကာ အစားအသောက်တွေ မှာကြတယ်။ မှာယူမေးမြန်းသံတွေကလည်း ညဥ့်ယံအချိန်ကလေးကြောင့်ထင်တယ်။ အနည်းငယ် အေးစက်နေသလိုပဲ။

ပြီးတော့ ရှုရှိုက်သွင်းလိုက်တဲ့လေဟာ အေးစိမ့်လတ်ဆတ်နေတယ်။ ချောမွေ့ပြီး လှိုင်းတွေလို နိမ့်မြင့်လို့ ရှည်လျားသွားတဲ့ လမ်းအသွင်အပြင်၊ လရောင်အောက်လမ်းတစ်လျှောက်မှာ ကားစီးရင်း မြင်ခဲ့ရတဲ့ ကားလမ်းတစ်လျှောက်က တောင်တန်းရိပ်မည်းမည်းကြီးတွေကြောင့် ကျွန်တော်ရောက်နေတဲ့နေရာဟာ မြန်မာပြည်အရှေ့ဖျားဒေသတစ်ခုလို့တော့ ခန့်မှန်းမိတယ်။

"ခရီးသွားရတာ ဝါသနာပါတယ်ပေါ့ . . . ဟုတ်လား"

ကျွန်တော်ကမေးတော့ ယုအိက စားပွဲပေါ်က မြေနဲ့ပြုလုပ်ထားခဲ့ရတဲ့ ရေနွေးအိုးလေးကို ခင်ခင်မင်မင်ပြုံးပြီး ငုံ့ကြည့်နေရာက ခေါင်းခါပြတယ်။

"ဟင့်အင်း . . . မပါပါဘူး"

သူ့အဖြေက ကျွန်တော့်ကို ဟိုဘက်လှည့်ပြီး မျက်မှောင်ကုတ်သွားစေတယ်။ ခရီးသွားတာလည်း ဝါသနာမပါဘဲ ဒီလိုဘယ်ကိုသွားမှန်းမသိတဲ့ ခရီးတစ်ခုကို ဘာကြောင့်လိုက်လာရတာလဲ။ မဟုတ်မှလွဲရော သူက (blind)တွေထဲက တစ်ယောက်များ ဖြစ်နေမလား။

ကျွန်တော် သူ့ဘက်မျက်နှာလှည့်ပြီး ပြန်အကဲခတ်မိတယ်။ အတပ်မပြောနိုင်ဘူး။

စားပွဲထိုး အနားရောက်လာတယ်။ ခေါက်ဆွဲဖတ်နဲ့ပဲ ပတ်နွှာသည်လုပ်ရတဲ့ မုန့်အမည်တွေကို ရွတ်ပြတယ်။ ရှမ်းခေါက်ဆွဲ၊ ဆီချက်၊ မီးရှည်၊ ရှမ်းထမင်းချဉ်စတာတွေ။ ကျွန်တော်က 'ရှမ်းခေါက်ဆွဲ' လို့



www.burmeseclassic.com

www.burmeseclassic.com

မှာလိုက်တယ်။ ယုအိက စားပွဲထိုးရှတ်ပြတဲ့အထဲမှာ မပါတဲ့ အစား အသောက်ကို မှာတယ်။

"ဝေါက်စီအလွတ်တစ်လုံး"

တဲ့။ ကျွန်တော် သူ့ကို ဖျတ်ခနဲ ကြည့်မိသွားတယ်။

"ဘာလဲ . . . သူရှတ်ပြတဲ့အထဲမှာ မပါတဲ့ဟာ မှာလို့လား"

ဒါ ကျွန်တော့်အကြည့်ကိုသိလို့ သူ ပြန်ပြောတဲ့စကားပါ။

"အင်း . . . "

"မအံ့ဩပါနဲ့ဟာ . . . ငါက ဒီလမ်းတွေ သွားလာနေကျပဲ"

"ဘယ်လို . . . "

သူမက လေသံကို ခပ်တိုးတိုးဖြစ်အောင် နှိမ့်ပြောတယ်။

"ဟုတ်တယ် . . . ။ ငါက နင်တို့လို ဒီခရီးကို လေ့လာရေးတို့၊ အပန်းဖြေရေးအနေနဲ့တို့ လိုက်လာတာ မဟုတ်ဘူး။ ငါက ငါ့အိမ်ကိုငါပြန်ဖို့ လိုက်လာတာ"

"ဟင် . . . ဒါဆို 'ကြယ်တွေ အသက်ရှင်နေတဲ့မြို့' ဆိုတာ ဘယ်မြို့လဲ နင်သိတယ်ပေါ့"

"အင်း . . . သိတယ်လေ။ အဲ့ဒါကြောင့် ငါ ဒီကားနဲ့ လိုက်လာတာပေါ့။ ပုံမှန်အရဆိုရင် အခု ငါတို့သွားနေတဲ့မြို့ကို သာမန်ယာဉ်လိုင်းတွေက သွားရေးလာရေးခက်ခဲပြီး ခရီးသည်နည်းတတ်တာကြောင့် လူတွေစုပြီး စောင့်ပြီး ရက်သတ္တပတ်နှစ်ပတ်လောက်ကြာမှ တစ်ခါထွက်တာလေ။ ဒီတော့ အလျင်လိုတဲ့ ခရီးသည်တွေအတွက် အခက်ကြုံရတာပေါ့။ ငါလည်း ငါ့မြို့ကို အမြန်ပြန်မှ ဖြစ်မဲ့ကိစ္စရှိနေတယ်။ ဒါကြောင့် သာမန်ယာဉ်ကြော ပြေးဆွဲတဲ့ ကားမဟုတ်မှန်းသိပေမဲ့ ဒီအပျော်တမ်းခရီးသွားတဲ့ကားနဲ့ပဲ လိုက်ခဲ့တော့တာပဲ"

"သြော် . . ."

သူ ဒီကားနဲ့ လိုက်ပါလာရတဲ့အကြောင်းအရင်းက ဒီလိုကိုး။



"ဒါဆို ကြယ်တွေအသက်ရှင်နေတဲ့မြို့က နင့်အိမ်ရှိတဲ့ မြို့ပေါ့ ဟုတ်လား။ နင်နေတဲ့ မြို့ပေါ့"

"အင်း . . ."

ယုအိ ရေမွှေးခွက်ဖြူဖြူလေးကို မော့သောက်ရင်း အဲ့လိုဖြေတယ်။ ဖြေပုံက ပေါ့ပေါ့ပါးပါးပါပဲ။ ဒါဆို သူ့ကို ကျွန်တော် အခု ရင်ဆိုင်နေရတဲ့ ကစားပွဲအခြေအနေပြောပြပြီး သူ့ကို အကူအညီတောင်းရင် ကောင်းမလား။ အခုသွားမဲ့မြို့က သူ့မြို့ဆိုတော့ မြို့ရဲ့ လမ်းသွယ်၊ လမ်းမ၊ လမ်းမြှောင်၊ ဖြတ်လမ်းစတာတွေကို သူ သိကျွမ်းပိုင်နိုင်တာမို့ သူ လမ်းပြနိုင်မှာပဲ။ ကူညီနိုင်မှာပဲ။

ဒီအတွေးနဲ့ သူ့ကို ပြောဖို့ နှုတ်ခမ်းဟလိုက်တယ်။

" . . . . ."

ဒါပေမဲ့ ဒုတိယအတွေးက ဟန့်တားလိုက်တာမို့ ဘာမှမပြောဖြစ်ဘဲ နှုတ်ခမ်းပြန်ပိတ်လိုက်တယ်။ မဖြစ်ဘူး . . . ။ ယုအိက Blind-Game ထဲမှာရှိနေတဲ့ Blind တစ်ယောက်ဖြစ်နိုင်နေသေးတယ်။ ဟုတ်တယ် . . . ။ ဒီအခြေအနေမှာ ခင်မင်တဲ့စိတ်တစ်ခုတည်းနဲ့ လက်လွှတ်စပယ် မယုံကြည်သင့်ဘူး။ Blind ဆိုတာ ပါးပြင်မှာ တက်တူးထိုးထားတာမဟုတ်လို့ မြင်ရုံနဲ့ အလွယ်မသိနိုင်ဘူး။

အင်း . . . ဒါပေမဲ့ မေးခွင့်ရှိတာ တစ်ခုတော့ရှိတယ်။

"ဒါဆို . . . ယုအိ ကြယ်တွေ အသက်ရှင်နေတဲ့မြို့ဆိုတာ ငါတို့မြန်မာပြည်မြေပုံထဲက ဘယ်မြို့ကို ပြောတာလဲ"

သူက လေသံကို နှိမ့်ပြီးမှ တိုးသဲ့သဲ့အသံနဲ့ ပြောပြန်တယ်။

"ငါပြောလိုက်ရင် နင့်ရဲ့ ပျော်ရွှင်စရာကောင်းတဲ့ခရီးက 'ရသ' လျော့သွားမှာပေါ့ဟ။ အားလုံး အရှင်းသားသိနေတာထက်စာရင် တစ်ခုခု လျှို့ဝှက်ခံထားရတာက စိတ်ဝင်စားဖို့ မကောင်းဘူးလား။ ဘယ်ကိုရောက်မလဲဆိုတဲ့ ရင်ခုန်စိတ်လေးနဲ့ပဲ ဒီခရီးကို ဖြတ်သန်းကြည့်ပါလား။

www.burmeseclassic.com

နောက်ပြီး ငါ ဒီကားလက်မှတ်ဝယ်ကတည်းက အပြန်ကျရင် ပြန်မလိုက်ဘူး။ အဲဒီမြို့မှာ နေခဲ့မှာ။ ကျွန်မက အပျော်တမ်းခရီးသွား လည်း မဟုတ်ဘူး။ ကိုယ့်အိမ်ကိုပဲ ပြန်မှာပါလို့ ပြောပြတော့ သူတို့က 'ကတိ' တောင်းတယ်။ ဒီမြို့ရဲ့ နာမည်အရင်းကို ဒီခရီးစဉ်အတွင်း တခြား ခရီးသည်တွေကို မပြောပြပါနဲ့တဲ့။ အဲ့ဒါကြောင့် ငါပြောပြလို့ မဖြစ်ဘူး ဟ။ စိတ်မရှိပါနဲ့"

"ဩော် . . . သူတို့က နှုတ်ပိတ်ကတိတောင်းပြီးသားကိုး"

ဒီလိုရေရွတ်မိပေမဲ့ အခု သူပြောတဲ့စကားကိုကော အမှန်လို့ ယုံရမလား။ ဘာပဲဖြစ်ဖြစ် ခဏတော့ ယုံလိုက်ပြီး သူ့ကတိစောင့်ထိန်း မှုကို လေးစားတဲ့အနေနဲ့ ဆက်မမေးဖြစ်တော့ဘူး။

"ယုအိ . . . ခဏနော် . . . ဟိုဘက်လမ်းလေး ဘာလေး လျှောက်ပြီး ညရှုခင်းလေးတွေ ကြည့်လိုက်ဦးမယ်"

"အင်း . . ."

တကယ်တော့ ကျွန်တော် ဝင်းသစ်ကို လိုက်ရှာဖို့ ထွက်ခဲ့တာ ပါ။

ထွေထွေထူးထူး မရှာလိုက်ရဘဲ လမ်းဘေးကျောက်တုံးတစ်တုံး ပေါ်မှာ ထိုင်ပြီး ဆေးပေါ့လိပ်ဖွာနေတဲ့ ဝင်းသစ်ကို တွေ့လိုက်ရတယ်။ ဝင်းသစ်က ဘေးနားက ကျောက်တုံးတစ်တုံးကို လက်နဲ့ပုတ်ပြတယ်။

ကျွန်တော် အဲ့ဒီကျောက်တုံးမှာ ဝင်ထိုင်လိုက်တာပေါ့။

"ဖူး . . ."

အေးစက်စက် လေထဲကို ဆေးပေါ့လိပ်ငွေ့တွေ မှုတ်ထုတ်ပြီး ဒီကောင်က ခပ်ကျဲကျဲ ရယ်ချင်သလို လုပ်နေတယ်။

"ဟိုဟာ . . . ယုအိမဟုတ်လား"

ဒီကနေ ဆိုင်ကလေးထဲ လှမ်းမြင်နေရတယ်။ ဆိုင်ကလေးထဲ က ယုအိကိုလည်း မှုန်ရိပ်ရိပ် လှမ်းတွေ့ရတယ်။

"အင်း . . ."



"မင်းနဲ့ယုအိက တယ်လည်း ရေစက်ပါတာကိုကွ။ ဒီလို ခရီး ချီးမှာတောင် တိုက်တိုက်ဆိုင်ဆိုင် လာဆုံနေသေးတယ်။ ဆုံတာမှ တစ်ခုံ ဘည်း ပခုံးချင်းမှီအိပ်လို့ရအောင်လို့ လာဆုံတာ"

ပြောရင်း ဝင်းသစ် ပြုံးနေပြန်တယ်။ ဆက်ပြီးလည်း . . .

"ဒါပေမဲ့ မင်းနဲ့ယုအိကို တွဲတွေ့ရတော့ ပန်ရွယ်ဆုလာဘ်ကို လည်း လှမ်းသတိရမိတယ်ကွ။ ဆုလာဘ်နဲ့ ယုအိ၊ ဆုလာဘ်နဲ့ ယုအိ။ မင်းရဲ့ချိန်ခွင်က ဘယ်သူ့ဘက်ကို အလေးသာပြီး အိကျမလဲကတော့ စောင့်ကြည့်ရဦးမယ်"

ကျွန်တော်လည်း ခေါင်းမော့ပြီး ရယ်ကျဲကျဲ လုပ်မိသလားပဲ။ ကျွန်တော်အများကြီး အသေးစိတ် မခံစားချင်သေးတာလည်း အမှန်ပဲ။

"သူတို့နှစ်ယောက်လုံးက ခင်မင်စရာကောင်းတဲ့သူတွေပါ။ သူ တို့ထဲက တစ်ယောက်ယောက်နဲ့ အတူရှိနေချိန်ဆို ငါ့ရင်ထဲမှာ ရိုန်းမြမြ လေး ခံစားနေရတာတော့ အမှန်ပဲ။ အဲဒါတွေ ခဏထားပါကွ။ မင်းကို ငါ တစ်ခုမေးချင် . . ."

"အခုသွားနေတဲ့ 'ကြယ်တွေအသက်ရှင်နေတဲ့မြို့' က ဘယ် မြို့လဲလို့ မေးမလို့လား"

". . . . ."

ဝင်းသစ်က ကြိုသိနေပါလား။ ကျွန်တော့် အံ့ဩသွားသလို ဖြစ် တော့ ဝင်းသစ်ရယ်စစ လုပ်ပြန်တယ်။

"ပြီးတော့ . . . Blind-Game ထဲက Blind တစ်ယောက်လည်း ဖြစ်နေတယ်မို့လား"

"ဟင် . . . ဒါလည်း မင်းသိတာပဲလား"

"Blind တောင်မှ ထွက်ပြေးရမဲ့ Blind။ Blind (1)။ မျက်နှာနံ နံပါတ်တစ်မဟုတ်လား"

ကျွန်တော် ပျာသွားတယ်။ ရုတ်တရက် ချွေးစို့သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဝန်းကျင်အနှံ့ကိုလည်း ဒီစကား အခု ဘယ်သူကြားသွားမလဲ စိုးပြီး ဟိုဒီ မလုံမလဲကြည့်မိသွားတယ်။ ဝန်းကျင်က လူရှင်းနေတယ်။ ဟူး . . . တော်သေးတာပေါ့။

"ဟော့ကောင် . . . မင်း ငါ့ကို Blind (1) မှန်း ဘယ်လိုသိနေတာလဲ။ မင်းတို့ကုမ္ပဏီက ဒီဂိမ်းထဲက (Blind)တွေကို သူတို့ဝန်ထမ်းတွေတောင် မသိအောင် လျှို့ဝှက်ထားမှာဆိုပြီး . . ."

"ကုမ္ပဏီက အသိပေးထားတာ မဟုတ်ပါဘူး။ ခန့်မှန်းမိတာပါ။ မင်းရဲ့ပုံစံကိုကြည့်ပြီး ရိပ်မိတာပါ"

"ငါ့ရဲ့ပုံစံ"

"ဟုတ်တယ် . . . မင်းသာ သာမန်အပျော်တမ်းခရီးသွားဆိုရင် အခုသွားနေတဲ့မြို့ရဲ့ အမည်အစစ်ကို ကြိုသိချင်နေမှာ မဟုတ်ဘူးလေ။ အခု မင်းက သိပ်သိချင်နေတဲ့ပုံပဲ။ သိချင်တာကလည်း အခုသွားနေတဲ့မြို့ဟာ မင်းနဲ့ ရင်းနှီးနေတဲ့မြို့ဖြစ်ရင် နှစ်ရက်အတွင်း ဘယ်မှာ ပုန်းရှောင်နိုင်မယ်၊ ဘယ်လိုထွက်ပြေးနိုင်မယ်၊ ခိုအောင်းနိုင်မယ်ဆိုတာတွေ၊ လမ်းကြောင်းတွေ အကွက်ချပြီး ကြိုတွက်ချက်နိုင်မှာကြောင့်မို့လား"

" . . . . . "

'အင်း . . . ' လို့ ကျွန်တော် တိုးတိုးဖြေလိုက်တယ်။

"အခုသွားနေတဲ့ မြို့နဲ့ပတ်သက်ပြီး အများကြီး အဝေးကြီး စဉ်းစားမနေပါနဲ့ကွာ။ ဥပမာ – ခေါင်းကြီးစောင်းနေတဲ့မြို့ဆိုရင် ဘယ်မြို့လို့ မင်းထင်လဲ။ ဘယ်မြို့မှ မဟုတ်ပါဘူး။ မြန်မာနိုင်ငံမြေပုံကို ကြည့်လိုက်၊ ခေါင်းကြီးစောင်းနေတယ်လို့ ထင်ရတာ ဘယ်ပြည်နယ်လဲ"

"ကချင်ပြည်နယ်"

"အေး . . . အဲ့ဒါကြောင့် ခေါင်းကြီးစောင်းနေတဲ့မြို့ဆိုတာ ကချင်ပြည်နယ်ရဲ့မြို့တော် မြစ်ကြီးနားကို ပြောတာပဲ။ နောက် 'ဇလုံမြို့' လို့ နာမည်ပေးပြီးရင် ငါတို့လိုက်ပို့တဲ့နေရာက ဘယ်မြို့ဖြစ်မယ်ထင်လဲ။ ဘယ်မြို့မှမဟုတ်ဘူး။ ကလောမြို့ပဲ။ ကလောဆိုတာ ပလောင်



ဘာသာစကားနဲ့ဆိုရင် 'ကလောက်' ဆိုတဲ့ စကားလုံးကနေ ဆင်းသက်လာတာတဲ့။ 'ကလောက်' ဆိုတာ 'ဇလုံ' တဲ့။ ဒါကြောင့် ဇလုံမြို့ဆိုရင် ကလောမြို့ပေါ့"

"သြော် . . . "

"နောက် 'အသည်းနှလုံးရှိတဲ့ စားပြကြီး' မြို့ဆိုရင်လည်း . . ."

"အာ . . . နာမည်ကလည်းကွာ"

"အဟင်း . . . အဲ့ဒီအသည်းနှလုံးရှိတဲ့ စားပြကြီးမြို့လို့ အမည်ပြောင်းပေးပြီးရင် ငါတို့ ဘယ်မြို့ကို လိုက်ပို့လဲ သိလား။ 'ဟားခါး' မြို့ကို လိုက်ပို့တာကွ။ 'ဟားလ်' ဆိုတာ တောင်းခံတယ်ဆိုတဲ့အဓိပ္ပာယ်။ 'ခါး' ဆိုတာကျတော့ ချိုမြိန်မှုမရှိဘူး၊ ရက်စက်တဲ့သဘောတဲ့။ ဟားခါးဆိုတော့ ရက်စက်စွာတောင်းခံတယ်ဆိုတဲ့ သဘောပေါ့။

အရင်က ဟားခါးရွာကို တည်ခဲ့တဲ့သူတွေက အခွန်ဆက်ကြေးတွေကို ရက်ရက်စက်စက် တောင်းခံခဲ့ကြတယ်တဲ့။ ကောင်းတာတစ်ခုက အဲ့ဒီသေမှာ အသည်းပုံရေကန်ကြီး ရှိတယ်လေကွာ။ အဲ့ဒါကြောင့် အဲ့ဒီမြို့ကို အသည်းနှလုံးရှိတဲ့ စားပြကြီးမြို့လို့ ငါတို့က နာမည်ပေးတာပေါ့"

"အဟင်း . . . မင်းတို့ပဲ တတ်နိုင်တယ်"

"အင်း . . . ဒီလို အခု 'ကြယ်တွေအသက်ရှင်နေတဲ့မြို့' ဆိုတော့လည်း . . . "

ဝင်းသစ်ဆက်မပြောဘဲ ခဏနားသေးတယ်။ ပြီးတော့မှ . . .

"မြို့က သိပ်လှပါတယ်။ ဘာလို့ အဲ့လို နာမည်ပေးထားတာလဲဆိုတာတော့ ဟိုကိုရောက်ရင် အလိုလိုသိမှာပေါ့"

ဆိုပြီး စကားကို အဆုံးသတ်လိုက်တော့တယ်။

ပြီးတော့ တခြားစကား နည်းနည်းပြောဖြစ်တယ်။ နောက်တော့ ခုနဆိုင်ကလေးဆီ ကျွန်တော် ပြန်ခဲ့တယ်။

မှာထားတဲ့ ရှမ်းခေါက်ဆွဲလည်း ရောက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ယုအိက အထဲမှာ အဆာမပါတဲ့ ပေါက်စီကို ယုန်တစ်ကောင်လို ရှေ့သွားတွေနဲ့ တစ်ဖွဲ့ချင်း ကိုက်စားနေတယ်။ ကျွန်တော်လည်း ရှမ်းခေါက်ဆွဲစားရင်း ဆိုင်ထဲက လူတွေကို အကဲခတ်နေလိုက်တယ်။

ဆိုင်အဝင်ရဲ့ ညာဘက်ထောင့်မှာတော့ စားပွဲခုံကို နှစ်ခုဆက်ပြီး ဝိုင်းထိုင်စားသောက်နေကြတဲ့ မိသားစုတစ်စု။ တစ်ဦး ပန်းကန်ထဲက ဒေးစရာကို တစ်ဦးအပြန်အလှန်နှိုက်စားလို့၊ တစ်ယောက်တစ်လှည့်စီ ကင်မရာလက်ပြောင်းပြီး ဓာတ်ပုံရိုက်လို့ တကယ့်ကို အပျော်တမ်းထွက်လာတဲ့ မိသားစုတစ်စုပုံပဲ။

အဲ့ဒီ စားပွဲဘေးမှာတော့ လူသုံးယောက်။ နိုင်ငံခြားသား အမျိုးသားအမျိုးသမီးစုံတွဲနဲ့ မြန်မာအမျိုးသားကြီးတစ်ယောက်။ မြန်မာအမျိုးသားကြီးက စကားပြန်၊ လူမျိုးခြားစုံတွဲက ကမ္ဘာလှည့်ခရီးသည်ဒီလိုဖြစ်လိမ့်မယ်။

ဒီဘက်မှာတော့ လူငယ်တစ်ယောက်။ ကျွန်တော့်ထက်တောင်အနည်းငယ် ငယ်ဦးမဲ့ လူငယ်တစ်ယောက်။ စာအုပ်တစ်အုပ်ကို သက်သောင့်သက်သာ ထိုင်ဖတ်နေတယ်။ သူ့ပုံက တည်ငြိမ်နေတယ်။ စူးရှထက်မြက်တဲ့ အစွမ်းတစ်ခုရထားသလိုမျိုး သူ့မျက်ခုံးတွေက ဖြောင့်စင်းစိုက်ကျနေတယ်။ သူ ဘာကြောင့် ဒီခရီးကို လိုက်ပါလာတာလဲ။

တချို့ခရီးသည်တွေက ဆိုင်ထဲမဝင်ဘဲ ကားအနီးဝန်းကျင်မှာပဲ ပုံစံအမျိုးမျိုးနဲ့ ရှိနေကြတယ်။ သူတို့ကိုလည်း အကဲခတ်ရတယ်။

ဆိုင်နောက်ဖေးကနေ အခုမှ ဆိုင်ထဲဝင်လာတဲ့ လူကြီးကတော့အနည်းငယ် ရယ်ချင်စရာ ကောင်းနေတယ်။ ဗိုက်ရွှဲရွှဲ၊ မျက်လုံးရွှဲရွှဲ။ သူ့ဆီက စူးပြင်းတဲ့ အနံ့အသက်ကို အားလုံး ရှူရှိုက်မိကြမှာပဲ။

"အော့ . . ."

သူက လေပျို့တက်လိုက်ကြတော့ ဆိုင်ထဲကတချို့တွေ မျက်နှာရှုံ့သွားကြတာပေါ့။



"အဟဲ . . . Sorry ပါ။ Sorry နော်။ ကျွန်တော်သောက်တာများသွားပြီထင်တယ်"

သူက ယိုင်နဲ့နဲ့နဲ့ရပ်ပြီး တောင်းပန်သတဲ့။ ဒါပေမဲ့ တောင်းပန်ပြီးပြီးချင်းပဲ ယိုင်လဲသွားလို့ ကျွန်တော့်နံဘေးဝိုင်းက လူကြီးတစ်ဦးကသွက်လက်စွာ ပြေးထကာ ဖမ်းတားလိုက်တယ်။

ကားရဲ့အကူဝန်ထမ်းတွေဖြစ်တဲ့ ဝင်းသစ်နဲ့ တခြားဝန်ထမ်းတစ်ယောက် ပြေးဝင်ပြီး အဲ့ဒီလူဝကြီး (လူမူးကြီး)ကို ကားပေါ် ချော့မော့တွဲခေါ်သွားတယ်။

ခုနက လူဝကြီးကို လဲမသွားအောင် ပြေးတားလိုက်တဲ့ လူကြီးက ကျွန်တော့်ဘေးဝိုင်းမှာ ပြန်ဝင်ထိုင်တယ်။ အဲ့ဒီဝိုင်းမှာ သူတစ်ယောက်တည်း အေးစက်စက် ထိုင်နေတာပါ။ လူကတော့ ထောင်ထောင်မောင်းမောင်းနဲ့ သန်မာလှတဲ့ လူထွားကြီးပဲ။ သူ့ရဲ့ ရင်အုပ်ကြီးကြီးတွေကအားဘော်ဒီတွေလို မာကြောတောင့်တင်းနေမှာမှန်း သူအင်္ကျီချွတ်မပြပေမဲ့ ကျွန်တော်တို့ သိနိုင်ပါတယ်။

ခေတ်ဟောင်း ဂျင်းဘောင်းဘီနွမ်းနွမ်းတစ်ထည်ကို ဝတ်ထားတယ်။ သူ့ခြေထောက်ကြီးတွေကလည်း မြို့တံခါးတိုင်လုံးတွေလို ထွားကျိုင်းကျစ်လျစ်လို့။ ခိုင်မာတဲ့ မေးရိုးကြီးကတော့ သူ့ကို တစ်နည်း ခန့်ညားစေလိမ့်မယ်။ ဒါပေမဲ့ ထူးခြားသလိုဖြစ်တာက သူ့မျက်လုံးတွေပဲ။ သူ့မျက်လုံးတွေက ကျွမ်းမြှေမြှေနဲ့။ လျှို့ဝှက်စွာ ခဏခဏ ငိုထားသလိုလို။ အဟင်း . . . ကျွန်တော် စွက်စွက်ဖက်ဖက် အကဲခတ်နေမိပြီလား။

တခြားခရီးသည်အမျိုးမျိုးကိုလည်း တွေ့မြင်ရပါတယ်။ မှတ်စုစာအုပ်လေးတွေ၊ သေးငယ်တဲ့ ကင်မရာတွေနဲ့ ခရီးစဉ်အတွက် စိတ်အားထက်သန်နေတဲ့ပုံနဲ့ လူငယ်အုပ်စုတွေ၊ ကလေးငယ်ကို မြင်းတွေလျှောက်ပြနေတဲ့ မိသားစုတွေ၊ ပြီးတော့ စီးကရက်ကိုပဲ လိုမ့်သောက်

www.burmeseclassic.com

နေတဲ့သူတွေ၊ တချို့ ဦးထုပ်ငိုက်စိုက်ဆောင်းပြီး မှေးစက်နေတဲ့သူတွေ၊ တချို့ဒေသန္တရစကားတွေနဲ့ ဗဟုသုတဖွားနေကြတဲ့သူတွေ အစုံပါပဲ။ တော်တော်များများကတော့ ဘယ်ကိုသွားနေမှန်းမသိတဲ့ ဒီခရီးကို ပျော်နေကြပုံပဲ။

ဒီလိုခရီးသည်တွေထဲမှာ ဘယ်သူတွေဟာ (Blind) တွေ ဖြစ်နေကြမလဲ ခန့်မှန်းရ ခက်နေတယ်။ သံသယထားဖို့ လူလိုက်ရှာရခက်နေတော့ ကိုယ့်ကိုယ်ကိုယ်သာ သတိနဲ့နေရုံ ရှိတော့တယ်။

ခဏနေတော့ နားချိန်ပြည့်လို့ ကျွန်တော်တို့ ကားပေါ်ပြန်တက်ခဲ့ကြတယ်။ ကိုယ့်နေရာရောက်တော့ ပြတင်းပေါက်ဘက်မှာထိုင်တဲ့ ယုအိက အရင်ဝင်ထိုင်ရတယ်။ ပြီးမှ ကျွန်တော်က ကိုယ့်ခုံကိုယ် ထိုင်ရတယ်။

"ဟင် . . ."

သူ့ဆီက ထွက်လာတဲ့အသံပါ။

"ငါ့ပခုံးမှာ လိပ်ပြာလေး နားနေပါလား"

သူ့ဘယ်ဘက်ပခုံးမှာ လိပ်ပြာလေး နားနေတယ်။ ဟုတ်တယ်။ ကျွန်တော် ဆွဲယူခွာပေးမလို့ လုပ်လိုက်တော့ သူက ခေါင်းခါပြတယ်။

သူ့ဘာသာသူ့ ခွာတယ်။ လိပ်ပြာက အစိမ်းရောင်။

" . . . . . . "

အဲ့ဒီအစိမ်းရောင် လိပ်ပြာငယ်ကို သူ့လက်ဖဝါးဖြူဖြူလေးပေါ်တင်၊ မျက်လွှာချ၊ နှုတ်ခမ်းလေးလှုပ်ရုံနဲ့ တစ်စုံတစ်ရာကို ရေရွတ်နေတယ်။ ပြီးမှ လိပ်ပြာလေးကို ကားပြတင်းပေါက်ကနေ လွှတ်ပေးလိုက်တယ်။

ကျွန်တော် ထူးဆန်းသလို ကြည့်နေပေမဲ့ ဘာစကားမှ သူ အလိုက်တသိ ဆိုမလာဘူး။ အတော်လေးကြာမှ . . .

"ဖမ်းမိထားတဲ့ လိပ်ပြာလေးကို ကိုယ့်ရဲ့ဆန္ဒတွေ တီးတိုးပြောပြီး ပြန်လွှတ်ပေးလိုက်ရင် မိုးကောင်းကင်က ကျေးဇူးတင်တဲ့အနေနဲ့ ကိုယ့်ဆုတောင်းကို လိုက်လျောဖြည့်ဆည်းပေးတယ်တဲ့"



"ဟုတ်လား"

"ရက်အင်ဒီးယန်းတွေက အဲဒီလို ယုံကြည်ကြတယ်လေ"

"ဩော် . . ."

သူကော ဘာတွေ ဆုတောင်းခဲ့သလဲ။ ပျံထွက်သွားခဲ့ပြီဖြစ်တဲ့ လိပ်ပြာလေးကို လှမ်းမေးလိုက်ရမလားဟင်။

ကားကလည်း ထွက်ခွာခဲ့ပါပြီ။

• • •

ညခရီးသည်တွေ ဖြစ်ကြတာနဲ့အညီ လမ်းခရီးရဲ့ ရှုခင်းတွေကို ရှုစားမရတာနဲ့အတူ အိပ်စက်ရင်းနဲ့သာ လိုက်ပါလာခဲ့ကြတယ်။ တကယ်အိပ်ပျော်နေကြတဲ့သူတွေ၊ အိပ်ပျော်ဖို့ကို မှေးစက်ရင်း စောင့်ဆိုင်းနေသူတွေ ရောထွေးလို့ပါ။

တကယ်လည်း အိပ်မပျော်၊ အိပ်ပျော်ဖို့ စောင့်ဆိုင်းနေသူလည်း မဟုတ်ဘဲ အိပ်ချင်ယောင်ဆောင်နေသူတစ်ယောက်လည်းရှိတယ်။ အဲဒါ ကျွန်တော်ပဲ။

အိပ်ပျော်ချင်ယောင်ဆောင်ရင်းနဲ့ တစ်ကားလုံးက လူတွေကို လိုက်ကြည့် အကဲခတ်နေမိတယ်။ အချိန်ကြာမြင့်စွာ အကဲခတ်တဲ့အထိ ဘာမှထူးခြားတာ မတွေ့ရဘူး။ ဒါကြောင့် မနက်အတွက်သာ အားမွေးတော့မယ်လို့ ဆုံးဖြတ်လိုက်တဲ့အချိန်မှ အနောက်ဘက်ခုံက စကားသံတချို့ ထွက်လာတယ်။

"ငါတို့ အကောင်းဆုံး လှုပ်ရှားမှုဖြစ်မယ်"

"အင်း . . . ဒီမြို့ရဲ့ လမ်းကြောင်းတိုင်းကိုလည်း သေချာလေ့လာရမယ်။ ဘယ်နေရာတွေဟာ ပုန်းခိုးရှောင်တိမ်းလို့ ကောင်းတဲ့နေရာတွေလဲ။ အဲ့ဒါကိုလည်း အစိက တွက်ချက်ရမယ်"

www.burmeseclassic.com

မသင်္ကာစရာ စကားတချို့။ ကျွန်တော့်အနောက်ဘက်ခုံက ထွက်လာတာ။ လူနှစ်ယောက် အပြန်အလှန် ပြောနေကြတာပဲ။ အဲဒီလူနှစ်ယောက်ကို ကားပေါ် ကျွန်တော်စတက်ကတည်းက သေချာအကဲခတ်ဖူးလို့ မှတ်မိနေတယ်။ တစ်ယောက်က ဂျင်းအဝတ်အစားကို ဝမ်းဆက်ဝတ်ထားပြီး ကျန်တစ်ယောက်က ဂျာကင်အင်္ကျီ ဝတ်ထားတယ်။ တစ်ကားလုံးအိပ်ပျော်နေမှ သူတို့ တီးတိုးတိုင်ပင်နေကြတာလား။ သူ.. သူတို့ (Blind)တွေလား။ (Blind)လေးယောက်ထဲက တစ်ယောက်လား။ ဒါမှမဟုတ် (Blind)နှစ်ယောက် ပေါင်းမိနေတာများလား။ ရှင်းရှင်းလင်းလင်း မှတ်ချက်မချရဲသေးဘူး။

ဒါကြောင့် သေချာနားစွင့် အာရုံစိုက်လိုက်မှ . . .

“ဟင့်အင်း . . . ညီမကို အဲ့လိုမပြောပါနဲ့။ ဟင့်အင်း . . . ညီမ အစ်ကို့ဒဏ်ရာတွေကို ကုပေးနိုင်အောင် ကြိုးစားမှာ။ ဟင့်အင်း.. ဟင့်အင်း . . . ”

ယောင်ယမ်းသံက ကျွန်တော့်ဘေးဘက်က ထွက်လာတယ်။ ခေါင်းကို တွင်တွင်ခါပြီး အော်နေတဲ့ ယုအိအသံ။

ကျွန်တော် အမြန်လှုပ်နှိုးလိုက်တယ်။ ကားထဲက တချို့တွေ နိုးလာပြီး အနောက်ခုံက လူနှစ်ယောက်လည်း စကားသံတိတ်သွားတယ်။

“ယုအိ . . . ယုအိ . . . သတိထားဦး”

“အဟင့် . . . ဟင့် . . .”

သူ နိုးလာတယ်။ ကြောင်စီစီ မျက်လုံးလေးတွေနဲ့။

“ငါ အိပ်ပျော်သွားတာလား”

“အင်း . . . ယောင်အော်နေတာ”

“ဟာ . . . ဟုတ်လား . . . အားနာလိုက်တာ”

သူ ကားထဲကလူတွေကို အားတုံ့အားနာတဲ့ မျက်နှာလေးနဲ့ လိုက်ကြည့်ရှာတယ်။ ခေါင်းလေးညွတ်ပြပြီးလည်း တောင်းပန်တဲ့ အမူအရာမျိုးပြတယ်။



လူတွေ သူ့ဘာသာသူ နေသားကျသွားတော့မှ ကျွန်တော်လည်း ပခုံးတွန့်ပြလိုက်တယ်။ သူက ရှုပ်ထွေးနေတဲ့ ဆံပင်တွေကို လှန်ဖြီးလိုက်ပြီး လက်ကနာရီကို တစ်ချက်ကြည့်တယ်။

ကြယ်တွေ အသက်ရှင်နေတဲ့မြို့ကို ရောက်တော့မယ်လို့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com

**(6)**

မှုန်ဖျော့ဝါတဲ့ နေရောင်တန်းတချို့နဲ့ နံနက်ခင်းကလေး။

05 : 50 AM . . .

တောင်တန်းတွေနဲ့ သစ်တောတွေ ဆက်စပ်မျှတတဲ့ မြို့တ မြို့ဆီကို ခရီးသွားကားကြီးဟာ ထိုးဆိုက်ဝင်ရောက်ခဲ့ပါပြီ။

"လှတ်လပ်တဲ့ကမ္ဘာကြီးရဲ့ အေးမြတဲ့အရသာကို ရှာဖွေခံ ကြမဲ့ ဧည့်သည်တော်တို့အတွက် သာယာတဲ့ မြို့ကလေးဆီ ရောက်ရှိ ပါပြီ။ ဒီမြို့ကလေးကို ကျွန်မတို့ ခရီးသွားကုမ္ပဏီကတော့ ကြယ်တွေ အသက်ရှင်နေတဲ့မြို့လို့ နာမည်ပေးထားပါတယ်။ ဘာကြောင့် ဒီလိုနာမည် ပေးရသလဲဆိုတာကိုလည်း လူကြီးမင်းတို့ မကြာခင် နားလည်သိရှိသွား ကြမှာပါ။

ဧည့်သည်တော်တို့ရဲ့ ရင်မောစရာအကြောင်းအရာများကို ခ ဖြစ်ဖြစ် မေ့ပြီး ဒီမြို့ကလေးနဲ့ ရင်းနှီးစွာ ကြည်နူးစီးမျောနိုင်ကြပါ လည်ပတ်စရာနေရာတွေရဲ့ စာရင်းနဲ့ မြေပုံ၊ အရေးကြုံရင် ဆက်ရမဲ့ ဖုန်း နံပါတ်စာရွက်တွေကို ကားပေါ်ကအဆင်းမှာ ဝေပေးပါမယ်ရှင်။

လူကြီးမင်းတို့ ကိုယ့်အစီအစဉ်နဲ့ကိုယ် လွတ်လပ်စွာ လည်ပ လှေလာရမှာပါ။ နှစ်ရက်မြောက်တဲ့နေ့ နံနက် (၉) နာရီမတိုင်ခင် မြေ



မှာ ဆော်ပြထားတဲ့အတိုင်း မြို့အထွက်က ကားရှိရာနေရာဆီ အရောက် ပြန်လည်လာရမှာ ဖြစ်ပါတယ်ရှင်"

ဧည့်လမ်းညွှန်မလေးရဲ့ စကားအဆုံးမှာ ကားက အရှိန်လျှော့ ရာကနေ ရပ်တန့်စက်သပ်လို့ သွားပါပြီ။

မြို့အဝင်နေရာမှ အိမ်ခြေတွေကို သိပ်မတွေ့ရပေမဲ့ မြို့ခံလူတချို့ ကိုတော့ အနည်းငယ် လှမ်းတွေ့ရတယ်။ မြို့ခံလူတွေက ခရီးသွားကား ကြီးကို ရပ်ကြည့်ပြီး ပျော်နေကြတယ်။ သူတို့မြို့ကို ဧည့်သည်တွေ လာ ရောက်လည်ပတ်တာကို နှစ်သက်ကြပုံပဲ။

ကျွန်တော်တို့ဧည့်သည်တွေ ကားပေါ်ကနေ ဆင်းခဲ့ကြတယ်။ ားပေါ်ကအဆင်း တံခါးဝမှာ ဝင်းသစ်က စာရွက်တွေ ဝေနေတယ်။ ည်ပတ်စရာနေရာ စာရင်း၊ မြေပုံနဲ့ ဖုန်းနံပါတ်ပါတဲ့ စာရွက်ပါ။ ကောင်းဆုံးကြိုးစားခဲ့' လို့ ကျွန်တော့်ပခုံးကို ပုတ်ပြီး ဝင်းသစ်က နာရိပ်တစ်မျိုးနဲ့ တိုးတိုးပြောသေးတယ်။

"ဝှား . . . တောင်တန်းကြီးတွေက မိုက်တယ်ဟ"

"ဟေး . . . ဟိုမှာ ငှက်တွေ အရောင်စုံပါပဲလား"

"အသက်ကို အားရပါးရ ရှုကြည့်လိုက်စမ်း။ အရမ်းရှုလို့ ောင်းတယ်"

တက်ကြွနေကြတဲ့ ခရီးသွားအုပ်စုတစ်စုရဲ့ အသံတွေ။

ယုအိနဲ့ ကျွန်တော်ကတော့ ကားလမ်းနံဘေးမှာ ခြေစုံရပ်မိကြ ။ ကားလမ်းဟာ မချောမွေ့ပါဘူး။ ချွန်းထွက်နေတဲ့ ကျောက်ခဲတွေ း‌ထောင်ထောင်နဲ့၊ အဖြတ်အသန်းနည်းတဲ့ နယ်စပ်လမ်းကလေး လမ်းလိုမျိုး မြင်နိုင်တယ်။ လူကုံထံတို့ရဲ့ ဇိမ်ခံကားတွေအတွက်တော့ ရှုံ့စရာ လမ်းပေါ့။

အဲ့ဒီလမ်းလေးရဲ့ နံဘေးမှာ လှပတဲ့မိန်းမငယ်လေးနဲ့ ကျွန်တော် ရပ်နေခဲ့တယ်။

www.burmeseclassic.com

သူရပ်ထားတဲ့ ခြေအစုံနဲ့ ကျွန်တော်ရပ်ထားတဲ့ ခြေအစုံဟာ ပုဒ်မကလေးနှစ်ခုချထားသလို ညီညီလေး။

"ငါ . . . ငါ . . . သွားတော့မယ်"

သူများတွေ ခရီးရောက်လို့ ပျော်ရွှင်နေတဲ့အချိန်မှာ ကျွန်တော် ဝမ်းနည်းလာသလိုပါ။

"နင် . . . နောက်နှစ် ဆရာကန်တော့ပွဲ လာဦးမှာလား"

သူနဲ့ထပ်တွေ့ဖို့ ကျွန်တော် မျှော်လင့်နေတယ်။

"ငါ . . . ငါ . . . လာနိုင်တော့မယ် မထင်ဘူး"

" . . . . . "

"ငါ . . . ငါ . . . သွားတော့မယ်နော်။ ငါ . . . ငါ့အိမ်ကို ပြန်တော့မှာ။ နင် ဒီမြို့မှာ ပျော်ရွှင်နိုင်ပါစေဟာ"

သူ လှည့်ထွက်သွားတယ်။

ဒီနံနက်ခင်းဟာ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေတော့မယောင် အက်ကြောင်းတွေ ကြွတက်လာသလိုမျိုး ရုတ်တရက် ခံစားလိုက်ရတယ်။

သူ နည်းနည်းမှ လှည့်မကြည့်ဘဲ ကျောက်ချွန်းလမ်းလေး အတိုင်း ခြေလှမ်းစိပ်စိပ်လှမ်းလို့ ထွက်သွားပါပြီ။ မြင်ကွင်းကနေ ပျော မှုန်ဝေးလွင့်သွားတဲ့အထိ ကျွန်တော် ငေးနေချင်ခဲ့ပါတယ်။

ဒါပေမဲ့ . . .

"အိုး . . ."

ရုတ်တရက်ပဲ ကျန်းမာရေးကိစ္စက အောင့်အည်းမရဖြစ်လာ တယ်။ ဘယ်နား ကိစ္စရှင်းရမလဲ။ ဘေးဘီကို ကြည့်လိုက်တော့ လူ တွေ ဒီလိုပဲ ဟိုဘက်လမ်းဘေးက ချုံပင်တွေအနောက်ကို တစ်သုတ်ပြီး တစ်သုတ် ဝင်ဝင်ပြီး ကိစ္စရှင်းနေတာ တွေ့လိုက်ရတယ်။

ကျွန်တော်လည်း အလောတကြီးပဲ အဲ့ဒီအနောက်ကို ပြေးဝင် သွားလိုက်တယ်။ ဟူး . . . စိတ်ရှိလက်ရှိ အပေါ့သွားလိုက်ရလို့ စိတ်



ကျေနပ်သွားတယ်။ စိတ်ကျေနပ်မှ ရသွားတာကြောင့်လားမသိ အပေါ် သွားရင်း ကြည့်တာတောင် အဝေးက ရှုခင်းတွေက ဆွဲဆောင်မှုရှိနေ တယ်။

တိမ်တွေလည်း ဖြူလွလွ အုံ့သည်းလို့ ခြေဖျားထောက်ပြီး လေ လှမ်းမှုတ်လိုက်ရင်တောင် ရွေ့သွားမလားမှတ်ရအောင် တိမ်တွေဟာ ပြင်နဲ့နီးကပ်လို့၊ တောင်တန်းတွေကတော့ သစ်ပင်စိမ်းအိအိတွေနဲ့ ကွန် တည်ဆောက်ထားရဲ့။

ကိစ္စရှင်းပြီးလို့ ဘောင်းဘီဇစ်ဆွဲပြီး ကျွန်တော် ဒီဘက်လှည့် င်လိုက်တယ်။ ဒါပေမဲ့ အဲဒီအချိန်ပဲ ခပ်ထောက်ထောက်အထိအတွေ့ ခုက ခါးနောက်ပိုင်းကို တိုးဝင်လာတယ်။ တစ်ဆက်တည်းပဲ . . .

"ရှူး . . . အသံမထွက်နဲ့နော် . . . ကောင်လေး"

ဆိုတဲ့ အိမ်ငွေ့ချသူလို အမိန့်ပေးတဲ့ တိုးသဲ့သဲ့ လေယူလေ နဲ့အသံကို ကြားလိုက်ရတယ်။ ခါးကိုလာထောက်တဲ့အရာကို ချွန် တဲ့ လက်နက်တစ်ခုလို့ ကျွန်တော် ခန့်မှန်းမိတယ်။

ဒီလိုပြုမူလိုက်တာ ဘယ်သူလဲ။ ကျွန်တော်လည်း သူ့လိုပဲ လေ တိုးတိုး အသုံးပြုပြီး . . .

"ခင်ဗျား . . . ဘယ်သူလဲ၊ ဒါ ဘာလုပ်တာလဲ"

"အဲ့ဒါတွေ မေးမနေနဲ့။ အခု မင်းလိုက်နာရမှာက ငါခေါ်ရာ လိုက်ခဲ့ဖို့ပဲ"

ကျွန်တော် အရဲစွန့်ပြီး လည်စောင်းကြည့်လိုက်မှ ခြိမ်းခြောက် တဲ့သူရဲ့မျက်နှာကို တွေ့လိုက်ရတယ်။ 'ဟင် . . . လူဝကြီးပဲ'။ အဲ့လို ည်း နှုတ်ကအသံမထွက်ဘဲ ရေရွတ်မိသွားတယ်။ တစ်လမ်းလုံး ကား မှာ ပုလင်းပဲ အဆက်မပြတ်မော့လာတဲ့ လူဝကြီး။ လမ်းမှာ ကား နားတုန်းကလည်း ဆိုင်ထဲမှာ အမူးလွန်ပြီး လဲကျမလိုဖြစ်ခဲ့တဲ့ မိုး မားလူဝကြီးပဲ။



www.burmeseclassic.com

www.burmeseclassic.com

"ငါ့ရုပ်က လည်ပြန်လှည့်ကြည့်နေရအောင် လှလို့လား Blind (1)"

"ဟင် . . ."

သူက အလျင်အမြန်ပဲ ကျွန်တော့် ဂျင်းအကျႌအောက်ထဲ လက်လျှိုသွင်းလိုက်ပြီး အဲဒီအောက်ကနေမှ ချွန်ထက်တဲ့လက်နက်နဲ့ ထောက်လိုက်ပြန်တယ်။ သူရဲ့ လက်နက်ကိုင်ထားတဲ့လက်ကို တခြားသူ မမြင်စေအောင်ပေါ့။

"ဩော် . . . ခင်ဗျားက ကျွန်တော့်ကို အမိဖမ်းရမဲ့ Blind တွေထဲက တစ်ယောက်ပေါ့ . . . အ . . ."

စူးနေအောင် ခါးကို သူ့လက်နဲ့ ထိုးလိုက်လို့ပါ။ လက်နက်က ဓားငယ်တစ်ချောင်းဖြစ်မယ်။ ဂိမ်းစည်းကမ်းအရ အသက်အန္တရာယ်ဖြစ်အောင် မလုပ်ရဘူးဆိုပေမဲ့ ဒီလူ့ပုံက စိုးရိမ်ရတယ်။

"မင်းသိနေပြီပဲ။ အပိုတွေ မေးမနေနဲ့တော့လေ။ ငါက မင်းကို ဖမ်းခေါ်ပြီး ဆုကြေးငွေ သိန်းသုံးရာကို အရယူမှာ။ ကဲ . . . လာ . . . ကြာတယ်"

နောက်ကျောမှာ ဓားထောက်ခံထားရတာ ကောင်းသတင်း မဟုတ်ဘူး။ အားမတန်တဲ့ လောလောဆယ်မှာ မာန်ခဏလျှော့ပြီး နောက်မှ မီးစင်ကြည့်ကရမဲ့ အခြေအနေပဲ။ ဒီတော့ သူခိုင်းတဲ့အတိုင်း လုပ်ရုံပေါ့။

ကျွန်တော်က ရှေ့ကသွားရတယ်။ လူဝကြီးက နောက်က ချပ်ချပ်ပါအောင်ကပ်၊ ဂျင်းအကျႌနဲ့ အုပ်ကွယ်ပြီး ဓားနဲ့ထောက်လျက်ပါလာတယ်။ စောစောက ကားရပ်ထားတဲ့နေရာကို ပြန်လျှောက်ခိုင်းတာပါ။ အဲ့ဒီနေရာကို ရောက်တော့ . . .

"ဝိုး . . ."

ခဏလေး အပေါ်သွားလိုက်ရုံအချိန်လေးအတွင်းမှာ မြင်ကွင်းဟာ အံ့သြစရာကောင်းလောက်အောင် ပြောင်းလဲသွားပါလား။



ကားဝန်းကျင် ကျောက်ချွန်းလမ်းလေးပေါ်မှာ ခရီးသည်တွေအပြင် ဒေသခံ မြို့သူမြို့သားတွေနဲ့ ရောထွေးစည်ကားနေပါပြီ။ ဒေသခံတို့ရဲ့ တိုင်းရင်းသံဝဲဝဲတွေ။ ခရီးသည်တွေရဲ့ ဓာတ်ပုံရိုက်သံ တဖျပ်ဖျပ်တွေ၊ လမ်းညွှန်မြေပုံကြည့်ပြီး ဟိုအရင်သွားမယ်၊ ဒီအရင်သွားမယ်၊ ပြောကြသံတွေ၊ နံနက်ခင်း စားစရာလာရောင်းတဲ့ အထမ်းသည်တွေ၊ ဒေသထွက် အသုံးအဆောင်ပစ္စည်းသေးသေးလေးတွေ လာရောင်းတဲ့သူတွေ၊ တချို့ ဈေးတောင်းနဲ့၊ တချို့ ကြိမ်လင်ပန်းနဲ့။ နောက် တရုတ်ဝေါယာဉ်ဝေါယာဉ်ကြီးတွေနဲ့ အထမ်းသမားတွေလည်း ရောက်လာကြတယ်။ သူတို့ကို အခကြေးငွေ အနည်းငယ်နဲ့ ငှားရမ်းအသုံးပြုနိုင်ကြောင်းလည်း အော်ပြောနေကြတယ်။

စက်အင်ဂျင်သံတဟွတ်ဟွတ်နဲ့ လိမ္မော်ရောင် လိမ္မော်သီးတွေကို အနောက်မှာ အပြည့်တင်ဆောင်ပြီး မြို့ဆီကို ဦးတည်ပြီးလာနေတဲ့ အဖုံးခွင့်ထားတဲ့ သုံးဘီးဆိုင်ကယ်တစ်စီးကို လည်းလှမ်းတွေ့ရတယ်။

"ဟော့ . . . မြည်းတွေငှားတယ်နော်။ မြည်းတွေက ခင်ဗျားတို့ကို ကျောပိုးသွားမှာ။ ခင်ဗျားတို့ သွားလိုရာကို တင်ပါးလေး ပုတ်ပုတ်ပြီး သွားခိုင်းရုံပဲ။ ဟော့ . . . မြည်းတွေငှားတယ်နော် . . . သန်မာတဲ့ မြည်းတွေ"

မြည်းငှားစားနေတာတဲ့။ ရှမ်းခမောက်ကြီးကို စောင်းထားတဲ့ ဒေသခံမြို့သားကြီးက အဲ့ဒီလို တကြော်ကြော် အော်နေတယ်။ သူ့အောက်မှာ မြည်းသုံးလေးကောင်၊ သူ့လက်ထဲမှာ မြည်းနဲ့တွဲစပ်ထားတဲ့ နဖားကြိုးတွေ၊ သူ့အနောက်ကသစ်ပင်မှာတော့ မြည်းမဟုတ်တဲ့ မြင်းတစ်ကောင်ကို ချည်နှောင်ထားတယ်။

သစ်သီးသည်တွေပဲ အများအပြားပဲ။ ပြီးတော့ ဘာတွေရောင်းမှန်းမသိတဲ့ ဈေးသည်တွေကော အစုံပဲ။ ဒီဒေသရဲ့ ဧည့်ကြိုမှုပုံစံ အသက်မွေးဝမ်းကျောင်းမှုတွေကို ဆက်စပ်တွေ့နေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

ပွဲဈေးတန်းငယ်လေးတစ်ခု ဘွားခနဲ ဖန်ဆင်းပေါ်ထွက်လာ သလိုပဲ။

အဝါနွေးနွေး မနက်ခင်းကလေးဟာ ချစ်စဖွယ်ကျက်သရေတွေနဲ့ ရွှန်းပြည့်လာတယ်လို့ ခံစားရတယ်။

တစ်ခါမှမမြင်ဖူးတဲ့ မြင်ကွင်းမို့ ကျွန်တော့်လက်ရှိဒုက္ခကို မေ့ပြီး ငေးနေမိသေးတယ်။ ခါးနောက်က စူးခနဲဝေဒနာ ခံစားလိုက်ရမှ ကိုယ့်နောက်ကျောမှာ ဓားထောက်ထားသူရှိမှန်း ပြန်သတိရမိတယ်။

"ငေးမနေနဲ့။ အဲဒီမြည်းငှားတဲ့လူဆီ သွားစမ်း"

သွားဆိုတော့လည်း သွားရုံပေါ့။ သူ့လက်ထဲမှာက ကိုယ့်ကျောကို ထောက်ထားတဲ့ ဓားရှိနေမှတော့ ကိုယ်က ဘာတတ်နိုင်မလဲ။

မြည်းငှားတဲ့သူဆီရောက်တော့ မြည်းငှားတဲ့လူက ဦးစွာပဲ . . .

"မြည်းငှားမလို့လား။ အားလုံး နိုင်းကောင်းတဲ့ မြည်းတွေချည်းပဲ။ ခရီးစဉ်က ၂ ရက်ကြာမှာလို့ ကြားတယ်။ နှစ်ရက်စာ ငှားသွား၊ ငွေခုနှစ်ထောင်ပဲပေး"

ကြားရတဲ့ဈေးနှုန်းအရ ဒီအရပ်မှာ ငွေကြေးတန်ဖိုးက တော်တော်ရှိသလိုပဲ။

လူဝကြီးက မြည်းငှားသူရဲ့အနောက်ဘက်သစ်ပင်မှာ လှန်ထားတဲ့ လည်ဆံမွေးခါနေတဲ့ မြင်းကြီးကိုကြည့်ပြီး . . .

"ကျုပ်က အဲ့ဒီအကောင်ကို ငှားချင်တာ"

မြည်းငှားသူက တစ်ချက်ကြောင်သွားသေးတယ်။ ပြီး သူ့မြင်းသူ လှည့်ကြည့်ပြီး . . .

"ဒီမြင်းက ငှားဖို့ရည်ရွယ်တဲ့ မြင်းမဟုတ် . . . "

"ခင်ဗျားကြိုက်တဲ့ဈေးပြော"

လူဝကြီးက ငွေကြေးနဲ့ပတ်သက်ပြီး ခပ်ပြတ်ပြတ်ပြောချလိုက်တာမို့ မြည်းငှားသူလည်း မျက်နှာချိုးပြောင်းသွားတယ်။ သူ့မြင်းကို သစ်ပင်ကနေ သွားဖြုတ်လာပြီး လူဝကြီးဆီ အပ်တယ်။ မြင်းငှားခကို ကြေး



ကြီးတောင်းတယ်။ လူဝကြီးက အဲ့ဒီဈေးထက်တောင် ပိုပေးလိုက်တယ်။ မြည်းငှားသူနဲ့ လူဝကြီးရဲ့အကြား ဘာစကားမှ ကျွန်တော် ဝင်ပြောဖြစ်ဘူး။

အငေးကနေ တဖြည်းဖြည်းနီးလာပြီဖြစ်တဲ့ လိမ္မော်သီးတွေသည် တဲ့ သုံးဘီးဆိုင်ကယ်ကြီးဆီသာ အာရုံစိုက်နေမိတယ်။ စိုက်ကြည့်နေရင်းနဲ့ အကြံသစ်တစ်ခုလည်း ခေါင်းထဲပေါ်လာမိသလိုပဲ။

"ခင်ဗျား တစ်ခုတော့ သတိထားရမယ်ဗျ။ ဒီမြင်းက သူ့ညာဘက်မျက်လုံးကို ထိတာမကြိုက်ဘူး။ သူ့မျက်လုံးကို ထိလိုက်တာနဲ့ နောက်ခြေထောက်တွေက ကန်တော့တာပဲ။ ဒါဆို စီးရ၊ နိုင်းရတာ ရိုင်းသွားတတ်တယ်"

မြည်းငှားသူက သူ့မြင်းစရိုက်ကို ပြောပြတယ်။ အဲ့ဒီစကားကို ကျွန်တော် နားစွင့်မှတ်သားမိတယ်။

မြည်းငှားသူနဲ့ ညှိသင့်တာတွေ ညှိပြီးတော့ လူဝကြီးက ဓားထောက်လျက်နဲ့ပဲ . . .

"ကဲ . . . ကောင်လေး၊ မြင်းပေါ်တက်တော့"

လူဝကြီးက ကျွန်တော့်ကို မြင်းနဲ့တင် ဓားနဲ့ထောက်ပြီး ခေါ်သွားတော့တာပဲ။ ကြံစမ်း . . . ဘယ်လိုလုပ်ရမလဲ။ ဒီမိုက်ရှုကြီးလက်ထဲက လွတ်မို့။ ဒီအချိန် ကယ်ကြပါဗျို့လို့ အသံကုန်အော်လိုက်ရင် လွတ်ကိန်းရှိလား။ ဟင့်အင်း . . . မဖြစ်ဘူး။ တခြား(Blind)တွေပါ ငါ့ကို Blind မှန်း သိသွားကြလို့ ဝိုင်းလုကုန်ကြလိမ့်မယ်။ ဒါဆို ပိုဆိုးလိမ့်မယ်။ ကြာခဲ့သွားမယ်။ ကြံစမ်း။

လိမ္မော်ရောင် သုံးဘီးဆိုင်ကယ်ကြီးက ဒီပွဲဈေးတန်းလိုနေရာ ကိုက်သံတဗျင်းဗျင်းနဲ့ တိုးဝင်လာနေပါတယ်။

"ဟော့ကောင် . . . တက်လေ"

"ခဏလေးပါဗျာ။ ဒီအတိုင်း ခဏလေး ငြိမ်နေပါရစေ။ ခုနက သွား ဓားထောက်ခေါ်လာတော့ ကျွန်တော်က အပေါ့ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

မသွားလိုက်ရဘူး။ အဲဒါကြောင့် အခု ဗိုက်ထဲက လေအောင့်သလို ဖြစ်နေလို့ ခဏလေး . . . ခဏလေးပါပဲဗျာ"

လူဝကြီးက မားဦးနဲ့ ခပ်ဆတ်ဆတ် ဆောင့်ထိုးပြီး . . .

"ရှုတ်ရှုတ်မလုပ်နဲ့၊ မြင်းပေါ်တက်တော့"

ကျွန်တော် ဗိုက်လက်နဲ့ဖိပြီး ဝေဒနာသည်းပြကာ ခဏငြိမ်နေလိုက်သေးတယ်။

လိမ္မော်သီးတင်တဲ့ ဆိုင်ကယ်ကြီး မြင်းနားက ဖြတ်ခါနီးမှာ ကျွန်တော် မြင်းပေါ် လွှားခနဲ ခုန်တက်လိုက်တယ်။

အဲ့ဒီအချိန် နောက်ကျောက ထောက်ထားတဲ့ဓားနဲ့ ခဏလွတ်သွားပြီမို့လား။

ချက်ချင်းပဲ မြင်းရဲ့ ညာဘက်မျက်လုံးကို လက်နဲ့ပိတ်ရိုက်ပြီး တစ်ဖက်ကို လိမ့်ခုန်ဆင်းလိုက်တယ်။

"ဟာ . . ."

"ဟိုး . . ."

". . . . ."

"အဟီး . . . ဟီး . . . ဟီး . . . . ."

မျက်လုံးထိတာ မကြိုက်တဲ့မြင်းက ကဆုန်ပေါက်ခုန်ကာ နောက်ခြေထောက်တွေ ကန်ပါရောလား။ ပထမတစ်ချက် မထိ၊ ဒုတိယတစ်ချက်မှ အွပ်ခနဲ လူဝကြီးကို ကန်မိသည်။ ဝန်းကျင်ကလူတွေရဲ့ လန့်ပြီးအော်တဲ့အသံတွေ၊ မြင်းဟီတဲ့အသံတွေနဲ့ ဆူညံကုန်ပါတယ်။

မြေပေါ် ဒလိမ့်ကောက်ကွေးကျသွားပေမဲ့ မညည်းနိုင်ဘူး။ အနားက အရှိန်နဲ့ဖြတ်မောင်းလာတဲ့ လိမ္မော်သီးဆိုင်ကယ်ရဲ့အနောက် လိမ္မော်သီးတွေ ပြည့်မောက်နေတဲ့အပေါ်ကို ကျွန်တော် လွှားခနဲ . . . ။

"ဝုန်း . . . ဝေါ . . . ဝေါ . . . ဝေါ . . ."

"ဟာ . . . လိမ္မော်သီးတွေ"

". . ."



လိမ္မော်သီးတွေ ဖရိုဖရဲ ဖိတ်လျှံလွင့်ကုန်တယ်။

"ဟာ . . . ဟေ့လူ . . ."

"ဆက်မောင်း . . . ဆက်မောင်း . . . ခင်ဗျားလိမ္မော်သီးဖိုး သွား ကျွန်တော် နှစ်ဆပြန်လျော်မယ်။ မောင်း . . . မောင်း . . . မောင်း"

လူဝကြီး ဗိုက်လက်နဲ့ဖိ၊ မချိမဆန့်ခံစားရရင်း ကျွန်တော့်ကို ကျေမနပ်လှမ်းကြည့်ရင်း ကျန်ခဲ့တယ်။

ဈေးတန်းထဲမှာ လိမ္မော်သီး ပြေးကောက်သူတွေ၊ မြင်းကို ရှောင်ရှားကြ၊ ဝင်ထိန်းကြသူတွေ၊ ဘာမှန်းမမြင်လိုက်ကြပေမဲ့ ကျွန်တော့်ကို လှမ်းကြည့်ကြသူတွေနဲ့ ရှုပ်ယှက်ခတ်ကုန်ပါတယ်။

ဒီလှုပ်ရှားမှုအဖြစ်အပျက်တွေက တကယ့်ကို လျှပ်တစ်ပြက်အချိန်လေးပါပဲ။

ပွဲဈေးတန်းလေး နောက်မှာကျန်ခဲ့ . . .

လိမ္မော်သီးတွေပေါ်ကနေ အားရပါးရ အော်ဟစ်မိခဲ့သေးတယ်။

"ဘိုင့် . . . ဘိုင့် . . . ဗိုက်ပူကြီးရေ . . ."



www.burmeseclassic.com

www.burmeseclassic.com

**(7)**

"ဒဏ္ဍာရီသိပ်ဆန်ပေမဲ့ နတ်ယူတတ်ရင် တန်ဖိုးရှိတဲ့ သင်ခန်းစာတွေ ရရှိနိုင်တယ်။ အဲဒီတုန်းက တောင်ခြေရွာကလေးဟာ . . . ဟော ဟိုးမှာမြင်နေရတဲ့ တောင်ကိုတွေ့လား။ အဲဒီတောင်ပေါ်က ကျောက်တုံးကြီးကို ကိုးကွယ်ခဲ့ကြတယ်တဲ့။

ကျောက်တုံးကြီးက အိမ်တစ်လုံးစာလောက်ကြီးတယ်။ အဲ့ဒီအထဲမှာ နတ်မင်းကြီးတစ်ပါးလည်း နေထိုင်တယ်လို့ ယုံကြည်ကြတယ်"

"အင်း . . ."

"တစ်နေ့မှာ ရွာသူကြီး အိပ်မက်မက်တယ်။ ကျောက်တုံးစောင့် နတ်မင်းကြီးက အိပ်မက်ပေးတာတဲ့။ သူက ရွာကအချောဆုံးအလှဆုံး မိန်းမပျိုလေးကို မေတ္တာသက်ဝင်မိနေပြီတဲ့။ ဒါကြောင့် သူနဲ့ လက်ထပ်ပေးဖို့ အိပ်မက်ထဲကနေ တောင်းဆိုတယ်။

နတ်မင်းကြီးရဲ့တောင်းဆိုချက်ကို ရွာသူကြီးက မငြင်းဆန်နိုင်ဘူး။ သူတို့ကိုးကွယ်ရာ နတ်မင်းကြီးရဲ့ ဆန္ဒဆိုတော့လည်း သူတို့စိတ်တွေထဲမှာ ဘဝင်မကျတာမျိုး ရှိကောင်းရှိနိုင်ပေမဲ့ ခွင့်ပြုလိုက်ကြရတာပါပဲ။



ဒါကြောင့် မိန်းမပျိုလေးကို ကျောက်တုံးကြီးနဲ့လက်ထပ်ဖို့ စီစဉ်ကြတယ်။ ဒါပေမဲ့ မိန်းမပျိုလေးမှာ ချစ်သူရှိနေတယ်။ မိန်းမပျိုလေးက ပြတ်သားတဲ့ သစ္စာရှိပုံပေါ်တယ်။ သူ့ချစ်သူကောင်လေးကလွဲရင် နတ်မင်းကြီးလည်း မယူဘူး၊ ကျောက်တုံးကြီးလည်း မယူဘူးလို့ ငြင်းတယ်"

"တော်တယ် . . . ဆုံးဖြတ်ချက် အဆင့်မြင့်တယ်"

**"အင်း . . . အဲလိုပြောလို့ရတယ်။ ဒါပေမဲ့ တစ်ရွာလုံးနဲ့ တစ်ယောက်ဆိုတော့ အားမတန်ဘူးလေ။** နိမ့်ကျသေးတဲ့ ယဉ်ကျေးမှုအရ နတ်မင်းကြီးနဲ့ လက်ထပ်ဖို့ဆိုပြီး တောင်ပေါ်ကို အစမ့်ပို့ခံခဲ့ရတယ်။

ဒါပေမဲ့ မင်္ဂလာဦးညမှာတော့ ကောင်မလေးဟာ ကျောက်တောင်ရဲ့ ချောက်ကမ်းပါးမှာ ရပ်နေခဲ့တယ်။ ကောင်မလေးရဲ့ ဆံနွယ်တွေက လွင့်လျားချွန်းမြနေမှာပဲ။ ကောင်းကင်တိမ်တွေဟာလည်း နီမြန်းကျင်နေမှာပေါ့။ ကောင်မလေးရဲ့ မျက်လုံးထောင့်စွန်းတွေဟာလည်း စိတ္တဇအရောင်တစ်မျိုးနဲ့ တောက်ပချင် တောက်ပနေလိမ့်မယ်။ ဟုတ်တယ် . . . အဲဒီလို နောက်ခံသွေးပျက်ဖွယ်တွေလည်း တန်ဆာဆင်နေလိမ့်မယ်။ ကောင်မလေး ချောက်ထဲခုန်ချသွားခဲ့တယ်"

"ဩော် . . ."

"ထူးဆန်းတာတစ်ခုလည်း တစ်စပ်တည်းမှာပဲ ဖြစ်ပေါ်လာခဲ့တယ်။ နတ်မင်းကြီးနေထိုင်တယ်ဆိုတဲ့ ကျောက်တုံးကြီးဟာလည်း အလိုအလျောက်လိမ့်ပြီး ချောက်ထဲ ပြုတ်ကျသွားတယ်တဲ့"

". . . . ."

"အခု မင်းပြောတဲ့ 'နောင်ဘဝသို့ . . .' ဆိုတဲ့ဇရပ်က အဲ့ဒီကျောက်တုံးကြီးလိမ့်ကျသွားတဲ့ တောင်ထိပ်၊ ကောင်မလေး ခုန်ချသွားတဲ့နေရာမှာ ဆောက်ထားတာပဲ။ ဟိုးမှာ . . . နည်းနည်းလှမ်းမြင်နေရတယ်"

သူညွှန်ပြရာဆီ ဦးလှည့်ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အလေးတောင်ကုန်းတစ်ခုရဲ့ ထိပ်ဆီမှာ ဇရပ်သဏ္ဍာန် အဆောက်အဦးငယ်တစ်ခုကို ခပ်ရိပ်ရိပ် လှမ်းမြင်ရတယ်။

ခရီးလမ်းညွှန်စာရွက်ထဲမှာ ရေးထားတဲ့ လည်ပတ်စရာ စာရင်းထဲမှာပါလို့ ဒီလိမ္မော်သီးဆိုင်ကယ်မောင်းတဲ့သူကို မေးကြည့်တာပါ။ သူတလည်း ဒက္ခာရီနဲ့တကွ သက်ဝင်ခံစားပြီး ရှင်းပြခဲ့တယ်။

ဇရပ်နာမည်က 'နောက်ဘဝသို့ . . .' တဲ့။ အဲ့ဒီဇရပ်မှာ နောင်ဘဝအတွက် မေတ္တာရေးရာနဲ့ပတ်သက်ပြီး ဆုံရဆည်းရဖို့ အကြောင်းတွေ ဆုတောင်းရင် ပြည့်စေပါသတဲ့။ နောင်ဘဝအတွက်ပဲဆိုတော့ သိပ်ကို အနာဂါတ် ဝါဒီဆန်နေမလားလို့ ကျွန်တော့်စိတ်ထဲက အတွေးသက်သက်နဲ့ ဝေဖန်မိတယ်။

သူ သုံးဘီးဆိုင်ကယ်ကို ရပ်လိုက်တယ်။

"ဒီလမ်းအတိုင်းသွားရင် အဲ့ဒီဇရပ်ရှိတဲ့ တောင်ကုန်းဆီ ရောက်လိမ့်မယ်"

"ဟုတ်ကဲ့ . . . အခုလို ဇရပ်အကြောင်း ရှင်းပြတဲ့အတွက်ကော၊ လူဝကြီးလက်ထဲက ထွက်ပြေးတဲ့နေရာမှာ ကူညီခဲ့တဲ့အတွက်ကော၊ လိမ္မော်သီးတွေ ပြုတ်ကျကုန်တာကိုလည်း စိတ်မဆိုးတဲ့အတွက်ကော ကျေးဇူးပါဗျာ"

သူက ပါးစပ်ရဲ့ဖြဲဆန့်နိုင်မှုကို အကုန်အသုံးပြုပြီး အားပါးတရ ပြုံးလို့ . . .

"မင်းကလည်း လိမ္မော်သီးဖိုးတွေ အများကြီး လျော်ပေးတာပဲကို။ ကဲ . . . ကဲ . . . ကိုယ့်ခရီး ကိုယ်ဆက်ကြစို့"

သူ့ ဆိုင်ကယ်လီဗာကို ဆွဲလိုက်တော့ ဆိုင်ကယ်အိပ်ဇောပိုက်ကထွက်လာတဲ့ အငွေ့တွေက မနက်ခင်းမြူမှုန်တွေနဲ့ ရောသွားပါတယ်။ သူထွက်သွားပြီ။ ချစ်စဖွယ်လိမ္မော်သီးများ တလှုပ်လှုပ် တဝင်းဝင်းနဲ့ လိုက်ပါသွားကြ။



ထစ္စာတရားရဲ့ ကိုယ်သင်းရနံ့ ဖြစ်လိမ့်နိုးနိုး
အချိန်ကာလရယ် နာဖျားနောက်ကျခဲ့ပေါ့
တယ်ဆီ . . . တယ်နေရာ . . . အခုဆို . . .
ထည်နေရာမှာတော့
ဖြစ်ခွဲတစ်ခုကို မြင်ယောင်နေသော
မျက်ဝန်းတစ်စုံသာရှိ။

အရင်တုန်းက ဖွဲ့စပ်ခဲ့ဟန်မတူဘူး။ နောက်ပိုင်းနှစ်တွေမှ ရေးဖွဲ့ထွင်းဆစ်ထားဟန် ရှိတဲ့ပုံပဲ။ ဇရပ်ရဲ့ တိုင်လုံးတစ်ခုမှာ ဒီကဗျာလေးကို ထွင်းခြစ်ထားတယ်။ မည်သူရေးဖွဲ့ထားမှန်းလည်း နာမည်ရေးမထားတာကြောင့် မသိရဘူး။ ဇရပ်နောက်ခံဒဏ္ဍာရီထဲက မိန်းမပျိုလေးရဲ့ ခံစားချက်ကို ကိုယ်စားပြုပြီး ရေးဖွဲ့ထားတဲ့ပုံပါ။

ကဗျာလေးကိုဖတ်ပြီး တောင်အောက်ကို လှမ်းကြည့်မိတော့ ရင်ထဲ သိမ့်ခနဲ ခံစားရတယ်။ ဘယ်အရာတွေက မေတ္တာတရားကို အစမှအဆုံးသတ်သိမ်းပိုက်စေခဲ့သလဲ။ ကိုယ့်ဉာဏ်နဲ့မလိုက်တဲ့ မေးခွန်းကို ကိုယ်ပြန်မေးမိလိုက်သလိုပါ။

တောင်ပေါ်ရှုခင်းတွေက လှပနေတယ်။ ကောင်းကင်နဲ့ နီးနီးလေးဖြစ်နေတယ်။ သစ်ပင်တွေထက် အရပ်မြင့်နေသလို ခံစားရတယ်။



www.burmeseclassic.com

www.burmeseclassic.com

တိမ်တွေကိုလည်း လေချွန်လို့ လှမ်းခေါ်ပြီး လိုက်စီးသွားလို့ ရမယ့် အထင်ရောက်နေမိတယ်။ ဖြတ်ပျံသွားတဲ့ ငှက်တွေရဲ့ ရင်အုပ်ကို လှမ်းမြင်ရတယ်။ တောင်စောင်းမှာတော့ ပန်းတချို့ အဝါဖျော့ဖျော့ ပွင့်နေကြတယ်။

ရှုရှိုက်မိတဲ့ ခင်မင်ဖွယ် ရနံ့လေးတစ်မျိုးကလည်း အဲဒီပန်းလေးတွေဆီ ပျံ့လွင့်လာတာဖြစ်လိမ့်မယ်။ ဒီခရီးစဉ်သာ လွတ်လပ်တဲ့ ခရီးစဉ်ဆိုရင် ဒီနေရာမှာ ရွက်ဖျင်ထိုး၊ ရေနွေးအိုးတည်၊ ပြီးတော့ ကဗျာတစ်အုပ်နဲ့ အရာရာကို မေ့ပြီးနေဖြစ်မလားပဲ။

"ဟား . . ."

အသက်ရှူသွင်းရှူထုတ် ဘယ်နကြိမ်လုပ်မိမှန်း မသိဘူး။

ရှုခင်းလေးက သာယာပေမဲ့ ဒီနစ်ရက်အတွင်း ပြေးရလွှားရ စွန့်စားရမဲ့အဖြစ်တွေကို ကြိုတွေးမိတော့ စိတ်က ညှိုးနွမ်းရတယ်။ လူဝကြီးလက်ထဲက လွတ်ခဲ့တာလည်း မီးစင်ကြည့်ကတာ အဆင်ပြေသွားလို့သာပဲ။

နောက်ထပ် ကြုံရမဲ့ Blind တွေက ဘယ်လောက်အစွမ်းရှိမလဲ မသိဘူး။ ဒီမျက်ကန်းကစားပွဲမှာ ကြက်ကန်းဆန်အိုးတိုးဆိုပြီး ကံယုံဆုံးပုံနှင်းလို့ မရသလို၊ ဆင်ကန်းတောတိုးသလိုလည်း ဖွတ်တိုးလို့ မသင့်ဘူး။ မျက်ကန်းရင်တောင် ဉာဏ်မကန်းဖို့ သတိနဲ့နေရမယ်။

အဲ့ဒီလို တွေးနေမိချိန်မှာပဲ . . .

"ဟင် . . ."

လူနှစ်ယောက်။

တောင်ထိပ်ဆီ အပြေးရောက်လာပြီး ကျွန်တော်ရှိရာ ဇရပ်ဆီ ဦးတည်လာနေတဲ့ လူနှစ်ယောက်။ ပြေးလာနေပုံက သေရေးရှင်ရေးနှယ်။ ပြေးရာက ခေါင်းမော့လိုက်တော့ သူတို့မျက်နှာကို မြင်လိုက်ရတယ်။

"ဟင် . . . သူတို့နှစ်ယောက်"



ကားပေါ်မှာတုန်းက ကျွန်တော့်ခုံနောက်မှာထိုင်တဲ့ လူနှစ်ယောက်။ သူတို့ကိုလည်း ကျွန်တော် မသင်္ကာခဲ့တာ ကြာပြီမို့လား။ သူတို့ Blind တွေပဲနေမှာ။

"ကျွတ် . . . ပြေးရုံပေါ့"

တုံ့ဆိုင်းမနေဘဲ ကျွန်တော် ဇရပ်အကာကို ခုန်ကျော်ပြီး ချက်ချင်း အားထုတ်ပြေးရတော့တယ်။

"ဟေ့ကောင် . . . မပြေးနဲ့"

"ဟေ့ကောင် . . . ရပ်စမ်း . . . ရပ် . . ."

အော်ဟစ်သံတွေနဲ့အတူ သူတို့ ပြေးလိုက်လာကြတယ်။

တောင်ကုန်းအဆင်းတစ်နေရာက ကျောက်စရစ်ခဲရောတဲ့ မြေဆွေးနဲ့ ဆင်ခြေလျှောဖြစ်နေတယ်။ နှင်းတွေလည်း စိုနေတာကြောင့် ချော်ထဲချော်နေတယ်။ ဒါကိုမသိဘဲ အလောတကြီး ခြေချမိတဲ့ ကျွန်တော်လည်း ဒလဟော လျှော . . . ကျသွားခဲ့ပေါ့။

"ဝိုး . . . ဝိုး . . . ဝိုး . . ."

တံတောင်ဆစ်တွေ တင်ပါးတွေလည်း မြေနဲ့ ဒရွတ်တိုက်ပဲ။ လက်နှစ်ဖက်နဲ့သာ ကွေးပြီး ခေါင်းနဲ့မျက်နှာကို ကာကွယ်ထားလိုက်တယ်။

တောင်အလယ်လောက်အရောက်မှာ ဆင်ခြေလျှောက ဆုံးသွားတယ်။ ကျွန်တော် ကျွမ်းနှစ်ပတ်သုံးပတ်လိမ့်ပြီးမှ အရှိန်ရပ်နိုင်ခဲ့တယ်။ မြန်မြန်ပြန်ထ၊ ဆက်ပြေးဖို့ လမ်းကြောင်း ရှာရ။

"ဟေ့ကောင် . . . မပြေးနဲ့လို့ ပြောနေတယ်"

"ရပ် . . . ရပ်နေစမ်း . . ."

ဟိုနှစ်ယောက်လည်း အခုမှ ဆင်ခြေလျှောအတိုင်း လိုက်စီးလာကြတယ်။ စီးရင်းလည်း အဲ့လိုအော်ဟစ်နေကြတယ်။

ရှေ့တည့်တည့်ဆီက လှမ်းတွေ့နေရတဲ့ မြက်ရိုင်းတောလမ်းကြားထဲ ကျွန်တော် ဆက်ပြေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ခဏချင်းပဲ သူတို့ ကျွန်တော့်ကို သိပ်မကွာဘဲ လိုက်နိုင်လာခဲ့တာကတော့ ကျွန်တော့် ညံ့ဖျင်းမှုလို့ ဆိုရမယ်။ သူတို့က ကျွန်တော့်ထက် သန်မာအကြမ်းခံပြီး သွက်လက်ပိုကြတယ်။ မြက်ရိုင်းပင်တွေ ရှည်လျားနေတာကလည်း ခရီးမတွင်စေဘူး။ ဒါပေမဲ့ ဒီမြက်ရိုင်းပင်တွေကပဲ နောက်ကလိုက်လာသူတွေကို တစ်ချက်တစ်ချက် မျက်ခြည်ပြတ်သွားစေတယ်။

ဒီလိုနဲ့ သစ်ပင်ကြီးတစ်ပင်အနားက ဖြတ်ပြေးတုန်း ရုတ်တရက်ပဲ တစ်စုံတစ်ယောက်က လှမ်းဆွဲတာကို ခံလိုက်ရတယ်။ လှည့်ကြည့်လိုက်တော့ . . .

"ဟင် . . . နင် . . ."

"နင် . . . ယုအိ . . ."

"ရှူး . . ."

လက်ညှိုးလေး နှုတ်ခမ်းမှာတေ့လျက် ယုအိကို တွေ့လိုက်ရတယ်။

"ရှူး . . . လာ . . . ဒီအထဲမှာ လာဝပ်နေ"

သူက တွင်းတစ်ခုထဲကို ဆွဲခေါ်ရင်း ပြောတယ်။

တကယ့်တော့ တွင်း (ကျင်း) တစ်ခု မဟုတ်ပါဘူး။ သစ်ပင်ရဲ့အခြေ ပင်စည်နားမှာ လှိုက်စားပြီးပေါက်နေတဲ့ အခေါင်းပေါက်ကြီးတစ်ပေါက်ပါ။ အတော်ကိုင်းညွတ်ပြီး ယက်ကန်ယက်ကန်အနေအထားနဲ့ ဝင်လိုက်ရတယ်။ ဒါပေမဲ့ အထဲရောက်တော့လည်း သက်တောင့်သက်သာရှိပါတယ်။

မြက်ပင်ရှည်တွေက သစ်ခေါင်းအဝကို ဖုံးအုပ်ရှည်လျား ပိတ်ဆို့ထားပါတယ်။ ဒါကြောင့် အပြင်ကကြည့်ရင် မမြင်နိုင်ဘူး။

"နင် . . . နင့်အိမ်ကို ပြန်မှာဆို"

"အင်း . . . လမ်းကြုံလို့ 'နောင်ဘဝသို့ . . .' ဇရပ်ဝင်ပြီး ဆုတောင်းနေသေးတာလေ"



သူ့မှာ နောင်ဘဝအတွက် ဘာတွေများ ဆုတောင်းစရာရှိနေသလဲ။

"ဆူဆူညံညံ အော်သံတွေကြားလို့ ငါလိုက်ကြည့်တာ လူနှစ်ယောက်က နင့်ကို သဲကြီးမဲကြီးလိုက်နေတာတွေ့လို့ ငါလည်း တစ်ခုခု ကူညီနိုင်မလားလို့ ဒီသစ်ခေါင်းနားက စောင့်နေတာ။ အခုတော့ ကွက်တိဖြစ်သွားတယ်"

"သြော် . . . အဲဒီလိုလား"

အဲ့ဒီအချိန် အဝေးက တိုးဖော့ပြေးလွှားလာသံတွေကို ကြားလိုက်ရလို့ ကျွန်တော်တို့ အသံတိတ်လိုက်တယ်။

ခဏအကြာမှာတော့ ခြေသံတွေက နီးကပ်လာတယ်။ ဖိနပ်တွေရဲ့ အရင်းခံရမှုကြောင့် မြက်ပင်ရှည်တွေ အိကျ၊ လဲကျသွားတာကိုလည်း 'ရိပ်ခနဲ . . . ရိပ်ခနဲ' မြင်ရတယ်။ သူတို့ ဒီသစ်ပင်ရဲ့ ဒီသစ်ခေါင်းကို ရောက်လာကြပြီ။

"ဒီကောင် . . . ဒီနားလေးတင် ပျောက်သွားသလိုပဲ"

"အေးကွာ . . . မြန်မြန်ရှာနိုင်မှ တန်ကာကျမယ်"

သူတို့အချင်းချင်း ပြောဆိုနေတာကို ကြားရတယ်။ ကျွန်တော်တို့ အသက်ကိုတော့ ခပ်ဖွဖွ ရှူနေရတယ်။ တော်တော်ကြာအောင် သူတို့ ဒီနေရာမှာ လှန်လှောမွှေနှောက် ရှာဖွေခဲ့ကြသေးတယ်။

နောက်မှ သူတို့ အဝေးကို ပြေးသွားကြတယ်။ အန္တရာယ်ကင်းသွားပြီလို့ ယူဆရလေမှ မြက်ပင်တွေကို ဖြဲခွဲပြီး သစ်ခေါင်းထဲက ထွက်ခဲ့ကြတယ်။

"ဟူး . . . အခုမှပဲ အသက်ရှူဝတော့တယ်"

ယုအိက သူ့ညာဘက်ပခုံးအနောက်ဘက်ကို လည်ပြန်ကြည့်ပြီး အမှိုက်တွေခါကာ . . .

"သူတို့က ဘာလို့ နင့်နောက်ကို လိုက်နေကြတာလဲ"

" . . . . . "



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဖြေဖို့ အနည်းငယ်ကြာနေတော့ အလိုက်သိတဲ့သူ

သူက . . .

"ဖြေဖို့ အဆင်မပြေရင်လည်း မဖြေပါနဲ့။ ဒါပေမဲ့ အခု ခရီးစဉ်

တ နင့်အတွက် အန္တရာယ်ရှိနေသလိုပဲ။ ငါက ဒီဒေသခံဆိုတော့ နင့်

အတွက် ကူညီနိုင်တာတွေ ရှိမယ်ထင်တယ်။ နင် အန္တရာယ်ကင်းအောင်

ငါ့အိမ်လိုက်တည်းပါလား"

"အင်း . . . အဲ့လိုဆိုလည်း အဆင်ပြေမှာပဲ"

ကျွန်တော်က သဘောတူသလိုဖြေတော့ သူက ပြုံးပြီး ရှေ့က

အရင်လျှောက်သွားပါတယ်။

သူနဲ့အတူ လျှောက်ခဲ့တဲ့လမ်းခရီးဟာတော့ ထုံးစံအတိုင်း သူ

ရဲ့ စကားနည်းနိုင်လွန်းမှုကြောင့် ငြီးငွေ့ဖွယ်ကောင်းတဲ့ ရုပ်ရှင်ကား

တစ်ကားရဲ့ နောက်ခံတယောသံလို အေးစက်စက် ဖြစ်နေခဲ့ပါတယ်။

ကျောပိုးအိတ်ထဲက တစ်ပေကျော်ကျော်လောက်ရှည်မဲ့ ဓားလတ်တစ်လက်

ကို ထုတ်ယူပြီး မြက်ပင်တွေကို ခုတ်ယမ်းလို့ လမ်းရှင်းခဲ့တယ်။ မြက်ရိုင်း

တောကိုလွန်တော့ သစ်တောတစ်ခုထဲသို့ ရောက်တယ်။

နေလည်း အတော်မြင့်လာတာမို့ တစ်နေရာမှာ ထိုင်နားဖြစ်ကြ

တယ်။

သူက စက္ကူနဲ့ပတ်ထားတဲ့ မုန့်တစ်ခုကို ပေးတယ်။ သူပေးတဲ့

မုန့်ကိုယူရင်း ကျန်တဲ့လက်တစ်ဖက်က ကိုင်ထားတဲ့ဓားကို မြေမှာ အား

နဲ့စိုက်လိုက်တယ်။ တကယ်တော့ ဘာရယ်မဟုတ် လုပ်မိတာပါ။

ဒါကို ယုအိက အကြည့်တစ်မျိုးနဲ့ ကြည့်လာတယ်။

"ဘာဖြစ်လို့လဲ"

"အဟင်း . . . ဘာမှတော့ မဖြစ်ပါဘူး။ ဒါပေမဲ့ ဟိမဝန္တာတို့

တိဗက်နယ်စပ်တို့ဆီမှာတော့ နင် ဆင်ခြင်ရမယ်။ အဲဒီဒေသတွေမှာ ဒီလို

မြေကြီးထဲကို ဓားနဲ့ထိုးသွင်းတာမျိုး မလုပ်ရဘူး။



ဘာလို့လဲဆိုတော့ အဲ့ဒီဒေသတွေမှာ တချို့သူတော်စင်တွေ၊ ထူး

ခြားတဲ့အကျင့်တွေကို ကျင့်နေတဲ့ ဆာဒူးကြီးတွေ ရှိတယ်။ သူတို့ထဲ

က တချို့ပုဂ္ဂိုလ်တွေဟာ ကိုယ့်ကိုယ်ကိုယ် မြေထဲမှာ မြှုပ်ပြီးနေတဲ့ ကျင့်

စဉ်ကို ကျင့်တတ်ကြတယ်။ ဒါကြောင့် အဲ့ဒီဒေသတွေမှာ မြေထဲကို ချွန်

ထက်တဲ့လက်နက်တွေ အရမ်းကာရော မထိုးစိုက်ရဘူး"

"သြော် . . . သြော် . . ."

ဆင်ခြင်စရာတစ်ခု သိခဲ့ရပါတယ်။

"ဓား . . . ဓား . . ."

လို့ သူက မေးလေးမော့ပြီး ထပ်ပြောလိုက်မှ ကျွန်တော် စက္ကူ

ထုပ်ကို ခွာပြီး မုန့်ကို စားလိုက်ပါတယ်။ ပြီးမှ . . .

မြေမှာစိုက်ထားတဲ့ ဓားကိုလည်း ဆွဲနှုတ်လိုက်ပါတယ်။ အဲ့ဒီ

အခါတော့ . . .

"ဟင် . . . ဒါ . . . ဒါ . . ."

"ဟာ . . . သွေး . . . သွေးတွေမို့လား"

ဓားကို နှာခေါင်းနား အလျင်အမြန်ကပ်ပြီး ရှူကြည့်လိုက်တယ်။

ညှီစို့စို့အနံ့က ခေါင်းထဲ တွန်းထိုးဝင်လာတယ်။

လက်ထဲကဓား လွှတ်ကျမတတ် တုန်သွားတယ်။

ဓား . . . ဓားမှာ . . . စေးကပ်နေတဲ့ သွေး . . . သွေးတွေ။



www.burmeseclassic.com

www.burmeseclassic.com

## (၈)

လူနှစ်ယောက်လည်း အပြေးဝင်ရောက်လာတယ်။

ခုနက ကျွန်တော့်အနောက်ကို ပြေးလိုက်လာကြတဲ့ လူနှစ်ယောက်ပဲ။ သူတို့ရောက်လာပုံက ရုတ်တရက်နိုင်လွန်းတာကြောင့် ကျွန်တော်နဲ့ယုအိ အလျင်မီအောင် ထမပြေးနိုင်ခဲ့ဘူး။

သူတို့ထဲက တစ်ယောက်က ကျွန်တော့်ပခုံးကို ဖိထားလိုက်ပြီး . . .

“ငါတို့က မင်းကို ဒုက္ခပေးမဲ့သူတွေ မဟုတ်ပါဘူး။ ထွက်မပြေးပါနဲ့”

ကျန်တစ်ယောက်က ကျွန်တော့်လက်ထဲက သွေးစွန်းနေတဲ့ဓားကို ယူကြည့်တယ်။ ပြီးတော့ ချက်ချင်းပဲ ခုနက ကျွန်တော် ဓားစိုက်ထားတဲ့မြေနေရာကို တူးဆွပါတော့တယ်။ သူတို့တူးကြည့်မှပဲ မြေက ကျစ်လျစ်မှုမရှိဘဲ ပွယောင်းယောင်းဖြစ်နေမှန်း သတိထားမိတော့တယ်။ သိပ်မတူးလိုက်ရဘဲ တစ်စုံတစ်ခုဟာ တစ်စတစ်စ ပေါ်ပေါ်လာတဲ့အခါမှာတော့ . . .

“အမယ်လေး . . .”



ယုအိ ထိတ်လန့်ပြီး ကျွန်တော့်ပခုံးဆီ မျက်နှာအပ်ပြီး မကြည့်ရဲသလို ကွယ်လိုက်တယ်။

မြေထဲက ထွက်လာတာက အလောင်းတစ်လောင်း။ ခုနက မြေကို ဓားနဲ့စိုက်လိုက်တော့ ဓားမှာ သွေးစွန်းပြီး ပါလာတာ။ ဒီအလောင်းကောင်ကို ထိုးမိလို့ပဲ။

“ကျွန်တော်တို့က ရဲဝန်ထမ်းနှစ်ယောက်ပါ။ ဒီတောင်ဒီတောမှာ လူပျောက်မှုတိုင်ကြားထားလို့ အထက်က ညွှန်ကြားမှုအတိုင်း လာစုံစမ်းတာပါ”

“ခင်ဗျားတို့က ကားပေါ်မှာ ခရီးအစကတည်းက ပါလာတဲ့သူတွေပါ။ ဒီမြို့ရဲ့ လူပျောက်မှုကို ဒီမြို့ကရဲတွေက မစုံစမ်းဘဲ ဘာလို့ ခင်ဗျားတို့က တခြားမြို့ကနေ လာစုံစမ်းနေတာလဲ”

ကျွန်တော်က သံသယမကင်းလို့ မေးလိုက်တယ်။ သူတို့က ..

“ကျွန်တော်တို့က ဒီမြို့ကို အပြောင်းအရွှေ့ ကျလာတာလေးများ။ ဒါကြောင့် ဒီလူပျောက်မှုကို ကျွန်တော်တို့ကို တာဝန်ပေးထားတာပဲ။ ခင်ဗျား ကျွန်တော်တို့ကို မသင်္ကာဖြစ်မနေပါနဲ့”

“အခု လူပျောက်မှုတင်မကဘဲ သတ်မှု၊ သေမှုတွေတောင် ဖြစ်နေပါပြီ။ ဒီအလောင်းကောင်က ကျုပ်တို့ရှာနေတဲ့ လူထဲကတစ်ယောက်ပဲ၊ ကြည့်ရတဲ့ပုံစံအရ သတ်ပြီးမြှုပ်ထားတာ မကြာသေးဘူး။ ခင်ဗျားတို့ကြောင့် အလောင်းကောင်ရှာတွေ့တာ ကျေးဇူးပဲဗျာ”

သူတို့ပုံကြည့်ရတာ လိမ်ညာဟန်မတူဘူး။ တကယ့်ရဲဝန်ထမ်းတွေပါ။ ကျွန်တော်က . . .

“ဒါနဲ့ ခင်ဗျားတို့က ကျွန်တော့်နောက်ကို ဘာလို့ လိုက်လာကြတာလဲ”

“ခင်ဗျားကို သတိပေးချင်၊ သတင်းပေးချင်တာလေး ရှိလို့ပါ ခင်ဗျာ။ ခင်ဗျား မြို့အဝင် ကားရပ်တဲ့နေရာမှာတုန်းက လူဝကြီးရဲ့လက်



www.burmeseclassic.com

www.burmeseclassic.com

ထဲကနေ လိမ္မော်သီးဆိုင်ကယ်ပေါ်တက်ပြီး ခင်ဗျားထွက်ပြေးသွားတာကို ကျွန်တော်တို့ မြင်လိုက်ရတယ်။

လူဝကြီးက ဘာလို့ ခင်ဗျားကိုဖမ်းပြီး ခင်ဗျားက ဘာလို့ ထွက်ပြေးတာလဲဆိုတာလည်း ကျွန်တော်မသိပါဘူး။ ဒါပေမဲ့ ခင်ဗျားထွက်ပြေးပြီးတဲ့နောက် လူဝကြီးက ခင်ဗျားနောက်ကို ဆက်လိုက်သွားတယ်"

"အင်း . . . သူက ကျွန်တော့်ကို ဖမ်းရမဲ့သူပဲ၊ လိုက်မှာပေါ့ဗျ"

"ဒါပေမဲ့ သူတင်မကဘူး။ တခြားလူတချို့လည်း ခင်ဗျားနောက်ကို မသိမသာ ထပ်လိုက်လာကြတာကို ကျွန်တော်တို့ကို သတိပြုမိတယ်"

"ဟုတ်လား . . . အဲ့ဒီလူတွေက ဘယ်လိုပုံစံလဲ ခင်ဗျားတို့ မှတ်မိလား"

"တစ်ယောက်က လူငယ်ပဲ။ မျက်ခုံးမွေးစိုက်စိုက်နဲ့၊ စူးစူးရှရှ ရှိတဲ့ရုပ်ပဲ"

"အင်း . . ."

အဲ့ဒီရုပ်ကို ကျွန်တော်မှတ်မိတယ်။ စူးရှတဲ့ရုပ်နဲ့၊ ကျွန်တော်နဲ့ မတိမ်းမယိမ်းအရွယ် လူငယ်။

"နောက်တစ်ယောက်က မိန်းမကြီးဗျ။ ကားပေါ်မှာတုန်းက ပုတီးတချောင်းချောင်းစိပ်နေတဲ့ မိန်းမကြီးလေ"

ကားပေါ်မှာတုန်းက ရှေ့ပိုင်းခုံတွေဘက်မှာထိုင်တဲ့ မိန်းမကြီးအဖြစ် ကျွန်တော် မှတ်မိသွားပြန်တယ်။

"အဲ့ဒီမိန်းမကြီးကတော့ ခင်ဗျားနောက်ကို လူအများနဲ့ လိုက်လာလိမ့်မယ်ထင်တယ်။ ဘာလို့လဲဆိုတော့ ခင်ဗျား ထွက်ပြေးသွားတဲ့နောက်မှာ သူ အဲ့ဒီနားက ဒေသခံတချို့ကို ငွေပေးပြီး ငှားရမ်းနေတာကို တွေ့လို့ပဲ"

"ဩော် . . . သူတို့ လှုပ်ရှားကြပြီကိုး"



ကျွန်တော့်ကို Blind (1) မှန်း သိကုန်ကြပြီ။ ဒါကြောင့် တခြား ဘလိုင်းတွေ ထွက်ပေါ်လာကြပြီပေါ့။ မျက်ခုံးမွေးစိုက်စိုက်နဲ့ လူငယ်၊ ပြီးတော့ ဖိုးသမား လူဝကြီး။ နောက်တော့ အုပ်စုဖွဲ့ပြီးလှုပ်ရှားမဲ့ မိန်းမကြီး။ နောက်ဆုံး Blind တစ်ယောက်ပဲ ကျန်တော့တယ်။

"သူတို့တွေ ခင်ဗျားကို အန္တရာယ်ပေးမဲ့ပုံ ပေါ်နေတာကြောင့် ကျုပ်တို့နှစ်ယောက်က ခင်ဗျားနောက် အမြန်လိုက်လာပြီး စေတနာနဲ့ သတင်းပေးတာ။ ဒါကို ခင်ဗျားက ကြောက်လန့်ပြီး ထွက်ပြေးနေတော့ ဟူး . . . မောလိုက်တာဗျာ"

"အဲ . . . အဟဲ . . . အဲဒါ ကျွန်တော် အထင်လွဲနေလို့ပါ။ အခုလို ပင်ပင်ပန်းပန်း လိုက်သတိပေးတာ ကျေးဇူးပါပဲဗျာ"

"ရပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့က ပြေးလိုက်လွှားလိုက်နဲ့ ဘာဖြစ်နေကြတာလဲ။ ဥပဒေနဲ့ မလွတ်ကင်းတဲ့ကိစ္စတွေ . . . "

"မဟုတ်ပါဘူးဗျာ။ Game တစ်ခုထဲမှာ လှုပ်ရှားနေရတဲ့ Player တွေပါ။ တစ်ယောက်နဲ့တစ်ယောက် အန္တရာယ်ကြီးကြီးမားမား ပြုလို့မရပါဘူး။ စိတ်ချပါ"

"ကောင်းပြီလေ . . . ။ ဥပဒေနဲ့ ငြိစွန်းရင်လည်း ကျုပ်တို့က မျက်ခေါင်းနိုက်ပြီး ကြည့်နေမှာမဟုတ်ဘူး။ လက်ထိပ်ပိုက်ပြီး လိုက်လာခဲ့မှာ ကဲ . . . ဒါဆို ကျုပ်လည်း ကျုပ်တို့ တာဝန်ကို ဆက်ထမ်းဆောင်လိုက်ဦးမယ်"

သဘောကောင်းတဲ့ ရဲသားနှစ်ယောက်ဟာ အလောင်းကောင်ကြီးကိုထမ်း၊ ကျွန်တော်တို့ကို နှုတ်ဆက်လို့ ထွက်သွားပါတယ်။

Blind တွေဟာ တစ်ယောက်ပြီးတစ်ယောက် လှုပ်ရှားလာကြပြီ။ နောက်ဆုံး Blind တစ်ယောက်ပဲ ငြိမ်ချက်သားကောင်းနေဆဲ။ သူ ဘယ်ရောက်နေလဲ၊ သူ ဘာကြောင့် မလှုပ်ရှားသေးတာလဲ။ သူ ဘယ်သူလဲ။



www.burmeseclassic.com

www.burmeseclassic.com

ယုအိကို ကျွန်တော် ဆတ်ခနဲ လှည့်ကြည့်မိတယ်။ မသင်္ကာစိတ်နဲ့ပါ။ သူကော မဖြစ်နိုင်ဘူးလား။ မဖြစ်နိုင်ပါ။

သူက ကျွန်တော့်ကိုတောင် ပြန်ပြီး ချစ်စရာကောင်းတဲ့ အလှကုန်ပစ္စည်း ဘူးဝိုင်းဝိုင်းလေးလို ကြောင်စီစီ ပြန်ကြည့်နေတယ်။ သူ့အမူအရာကြောင့် ခုနက သူ့အပေါ်ထားမိတဲ့ သံသယကို နောင်တရမိသွားတယ်။

"ယုအိ . . ."

"ဟင် . . ."

"ဒီတောထဲမှာ ပုန်းခိုလို့ကောင်းမဲ့နေရာတွေ မရှိဘူးလား"

သူမ တစ်ချက်စဉ်းစားပါသေးတယ်။ ပြီးမှ ခေါင်းညိတ်လို့ . .

"ရှိတယ် . . ."

"ဘယ်နေရာတွေလဲ"

"ဟိုးရှေ့က နတ်တောင် . . ."



"ဒီတောင်နာမည်က နတ်တောင်တဲ့။ ဒီနတ်တောင်မှာ နတ်မောင်နှမ ငါးယောက်ရှိတယ်တဲ့။ သူတို့အားလုံးက အပျိုလူပျိုကြီးတွေ။ သူတို့က အရမ်းအလှအပကြိုက်တယ်။ ချောမောလှပတဲ့သူတွေ တောင်ပေါ်တက်လာရင် လိပ်ပြာအနှောက်ခံရတယ်တဲ့။ မလှမပတဲ့လူတွေ၊ သာမန်ရုပ်ရည်မျိုးတွေ တက်လာရင်တော့ စိတ်ဆိုးပြီး ဘေးဒုက္ခတွေ ပေးတတ်တယ်တဲ့"

"ဟာ . . . ဒါဆို လှလည်းမရ၊ မလှလည်း မရဆိုတော့ ငါတို့ ဒီတောင်ပေါ်ကို ဘယ်လိုလို့ တက်တော့မှာလဲ"

ဒီနတ်အပျိုကြီး၊ လူပျိုကြီးတွေနဲ့တော့ ခက်တော့တာပဲ။

"နင်က အဲ့ဒါတွေ ယုံကြည်လို့လား"

"အင်း . . . (21) ရာစုလူငယ်ဆိုတော့ လက်လွတ်စပယ် မယုံကြည်ချင်တာ အမှန်ပဲ။ ဒါပေမဲ့ ရောမရောက်ရင် ရောမလိုတော့ ကြည့်ကျက်ကျင့်ရမှာပေါ့ဟာ။ သူ့ဒေသနဲ့သူ ယုံကြည်တဲ့အရာကို ငါ မလေးစား မလုပ်ချင်ပါဘူး"

ယုအိက ရယ်စရာမဟုတ်ဘဲ ရယ်ပြီး နတ်တောင်အကြောင်း ဆက်ပြောတယ်။

"ဒါကြောင့် ဒီတောင်ပေါ်တက်ရင် ကိုယ့်ရဲ့ပင်ကိုရုပ်ရည်မပြဘဲ မျက်နှာဖုံးစွပ်ပြီး တက်ရတယ်ဟ"

"ဩော် . . . ဒီလို နည်းလမ်းရှိတာကိုး"



www.burmeseclassic.com

www.burmeseclassic.com

သူ့အရပ်နဲ့ သူ့ဇာတ်တော့ အဆင်ကို ချောနေတာပဲ။

"ဒါပေမဲ့ ငါတို့မှာ မျက်နှာဖုံးမှမပါဘဲ"

"တောင်ခြေမှာ သစ်ခုတ်သမားတွေ၊ တံငါသည်တွေ လာတာကို စောင့်ရမှာပေါ့။ သူတို့ဆီမှာ အပိုယူလာတဲ့ စက္ကူမျက်နှာဖုံးတွေရှိတယ်၊ အဲဒါတွေကို ဝယ်ရမှာပေါ့"

ကျွန်တော် ခေါင်းတဆတ်ဆတ်ပဲ ညိတ်နေမိတယ်။

တောင်ခြေရောက်တော့ သူပြောသလို သစ်ခုတ်သမားတစ်ယောက်နဲ့ တွေ့ပါတယ်။ သစ်ခုတ်သမားကလည်း စက္ကူမျက်နှာဖုံးအဖြူထည် ဝတ်ဆင်လျက်နဲ့ပါပဲ။ သူ့ဆီက အဲ့ဒီလို အလားတူ စက္ကူမျက်နှာဖုံးဖြူဖြူနှစ်ခုကို အလွယ်တကူ ဝယ်ယူနိုင်ခဲ့ပါတယ်။

နတ်တောင်ပေါ် တက်ရမဲ့နေရာရောက်တော့ သူက မျက်နှာဖုံးကို စွပ်ဖို့ပြင်တယ်။

"ခဏနေဦး"

မျက်နှာဖုံးကို မျက်နှာမတပ်ခင်ကျွန်တော် တားလိုက်ပါတယ်။

"မျက်နှာဖုံးကို ဖောင်တိန်နဲ့ အရောင်လေးတွေ၊ ဘာတွေ ခြယ်လို့ မရဘူးလား။ ဒီအတိုင်းဆိုတော့ မြင်ရတာ ပျင်းစရာကောင်းသလိုပဲ"

ကျွန်တော်က အတွန့်တက်တော့ သူက တစ်ချက် ခပ်တွေတွေ စဉ်းစားသေးတယ်။ နောက်မှ . . .

"အေး . . . လုပ်ကြည့်ရအောင်"

တဲ့။

ဒီနောက်တော့ ကျွန်တော့် ကျောပိုးအိတ်ထဲက ရောင်စုံဖောင်တိန်လေးတွေ ထုတ်ပြီး မျက်နှာဖုံးတွေပေါ် လျှောက်ခြစ်ကြတယ်။ သူက ကျွန်တော့်မျက်နှာဖုံးမှာ အစိမ်းရောင်နှုတ်ခမ်းမွေးတွေ လာခြစ်သလို ကျွန်တော်က သူ့မျက်နှာဖုံးမှာ ပါးနီအလုံးလေးတွေ ခြယ်ပေးလိုက်တယ်။ ထပ်ပြီး သူက ကျွန်တော့် မျက်နှာဖုံးမှာ မုတ်ဆိတ်မွေးတွေ လာခြစ်ပြန်



သလို ကျွန်တော်ကလည်း သူ့မျက်နှာဖုံးပေါ်မှာ အဆီတက်ပြီး ခေါင်း နှစ်ထပ်ဖြစ်တဲ့ပုံကို ဆွဲပစ်လိုက်တယ်။

ပြီး . . . နှစ်ဦးသား ခေါင်းမော့ရယ်ကြတယ်။ ပျော်ဖို့ကောင်းလိုက်တာ။

"ကဲ . . . လာ . . . တောင်ပေါ်တက်စို့"

သူနဲ့ ကျွန်တော် မျက်နှာဖုံးကိုယ်စီတပ်လို့ တောင်ပေါ်တက်ခဲ့ကြတယ်။

မျက်နှာဖုံးတပ်ထားလျက်နဲ့ကို သူက သိပ်လှနေတယ်လို့ ထင်မိတာ ကျွန်တော့်ရဲ့ ဘက်လိုက်တဲ့ ခံစားမှုတစ်ခုဖြစ်မှာပါ။ နှစ်ယောက်သား သီချင်းမဆိုဘဲ တောင်ပေါ်တက်ခဲ့ကြတယ်။

ဒါပေမဲ့ ဘယ်လောက်မှ မတက်ရသေး။

ခြေလှမ်း ဆယ်လှမ်းလောက် တက်ရသေးတယ်၊ ကျွန်တော့် ခေါင်းထဲက မူးရီလာတယ်။ ခေါင်းတစ်ခုလုံး နောက်ကျိလာပြီး မျက်လုံးတွေကလည်း မှိန်းချင်လာတယ်။

"ယုအိ . . . ငါ ဘာဖြစ်တာလဲ မသိဘူး။ ခေါင်းထဲ . . . ခေါင်းထဲက တစ်မျိုးဖြစ်နေသလို . . . လို . . ."

" . . . . . "

ယုအိဆီက အသံတိတ်နေတယ်။

ကျွန်တော် လှည့်ကြည့်လိုက်တော့ . . .

"ဟင် . . . "

ခြေလှမ်းငါးလှမ်းအကွာက သစ်ပင်ခြေရင်းမှာ ခွေခွေလေးလဲနေတဲ့ ယုအိကို တွေ့လိုက်ရတယ်။

အဲ့ဒီနောက် . . . အဲ့ဒီနောက် . . . .

ကျွန်တော်လည်း . . . .

ကျွန်တော့်အရိုးတွေ ပျော့ခွေသွားတာကိုပဲ မှတ်မိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၉)

"နိုးလာပြီလား"

"နိုးလာပြီလား . . . ကိုယ့်လူ"

ရီဝေဝေဖြစ်နေတဲ့ ကျွန်တော်ဟာ အဲ့ဒီလိုအသံတွေကို မပီဝိုးဝါး ကြားနေရတယ်။ အားတင်းပြီး မျက်လုံးဖွင့်ကြည့်လိုက်တော့ မျက်နှာဖုံးစွပ်လျက်သားရှိနေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရတယ်။

"နိုးလာပြီလား blind (1)"

"ခင် . . . ခင်ဗျား . . . ဘယ်သူတုံး"

"တုံးလိုက်တာ . . . ကိုယ့်လူရယ်။ ခင်ဗျားကို blind (1) လို့ ခေါ်မှတော့ blind Game ထဲက blind တစ်ယောက်ပဲပေါ့"

ဒီလိုပြောရင်းပဲ သူက မျက်နှာက မျက်နှာဖုံးကို ဖြည်းဖြည်းချင်း ဆွဲချွာပြတယ်။ မျက်ခုံးမွေးစူးစူးစိုက်စိုက်နဲ့ လူငယ်။

"ဩော် . . ."

ဒီလောက်ပဲ ကျွန်တော် ရေရွတ်နိုင်တယ်။ လူက အခုမှ နိုးထလာလို့ အားပြည့်ဖို့ အချိန်အနည်းငယ် ယူရဦးမယ်ထင်တယ်။ ကျွန်တော့်လက်တွေကိုလည်း သစ်ပင်တစ်ပင်နဲ့ ထိုင်လျက်သား လက်ပြန်ချည်နှောင်ထားတယ်။



"ခင်ဗျား ဘယ်လိုများ အခုလို ကျွန်တော့်ကို ဖမ်းနိုင်လိုက်တာလဲ"

"မေ့ဆေးတစ်မျိုး အသုံးပြုပြီးတော့ပေါ့"

"မေ့ဆေးနဲ့"

ကျွန်တော် သံယောင်လိုက်မိတယ်။ သူက ကျွန်တော့်ဘေးမှာ ကျနေတဲ့ မျက်နှာဖုံးတစ်ခုကို မေးဆတ်ညွှန်ပြတယ်။

ကျွန်တော် သဘောပေါက်ပါတယ်။

"ဩော် . . . ခင်ဗျားက မျက်နှာဖုံးမှာ မေ့ဆေးကို သုတ်ထားတာကိုး"

"ဒါပေါ့ . . . ဒါပေါ့ . . ."

ဒါကြောင့် ကျွန်တော်တို့ မျက်နှာဖုံးမျက်နှာမှာတပ်ပြီး မကြာခင်ပဲ မူးဝေပြီး သတိလွတ်သွားခဲ့တာကိုး။

"တောင်ခြေမှာတွေ့ခဲ့တဲ့ ကျွန်တော်တို့ကို မျက်နှာဖုံးရောင်းတဲ့ မျက်နှာဖုံးစွပ်ထားတဲ့ သစ်ခုတ်သမားကလည်း ခင်ဗျားပဲလား"

"တခြား ဘယ်သူဖြစ်နိုင်ဦးမှာလဲ . . . ကိုယ့်လူရဲ့။ ဟက် . . ဟက် . . ."

ခြောက်ကပ်ကပ်အသံနဲ့ မခိုးမခန့် ရယ်တယ်။ ဒီလူ့မှာ သတိထားရမဲ့ ဉာဏ်တစ်မျိုး ပိုင်ဆိုင်ထားတဲ့ပုံပဲ။

အချိန်ကတော့ ဆည်းဆာမျက်ထောင့်နီနေတဲ့ ညကူးခါနီး ညနေပဲ။

"ကျုပ်သုံးတဲ့မေ့ဆေး နည်းနည်းများသွားတယ်ထင်တယ်။ ကိုယ့်လူအိပ်တာ တော်တော်ကြာသွားတယ်"

သူက အသားခြောက် (ဆိတ်/ဆတ်သား တစ်ခုခုထင်တာပဲ) တွေကို ဓားမြှောင်နဲ့တဗျိဗျိလှီးပြီး မီးမကင်ဘဲ ပါးစပ်ထဲ ထည့်ဝါးတယ်။

ကျွန်တော် ယုအိကို သတိဝင်လာမိတယ်။ ဒါပေမဲ့ ကျွန်တော် မမေးရသေးခင်ဘဲ သူက . . .

www.burmeseclassic.com

"ကောင်မလေးကို လုံခြုံတဲ့နေရာမှာ ထားခဲ့ပါတယ်။ စိတ်မပူပါနဲ့။ ကောင်မလေးကလည်း လုကပတလေးပဲကွ။ ငါ တော်တော်စိတ်ထိန်းလိုက်ရတယ်"

"ခင်ဗျား . . ."

"စိတ်မပူပါနဲ့။ ကျုပ်က စည်းကမ်းတိုင်းကို လိုက်နာတတ်တဲ့ကောင် မဟုတ်ပေမဲ့ တစ်ခါတလေ သဘောကောင်းတတ်ပါတယ်"

အမှောင်တွေ တရိပ်ရိပ်သန်းလာတာနဲ့ ယုအိအတွက် စိုးရိမ်စိတ်တွေကလည်း တရိပ်ရိပ် ပိုလွှမ်းလာတယ်။

"ခင်ဗျား ကျွန်တော့်ကို ဘယ်လိုဆက်လုပ်ဖို့ စီစဉ်ထားလဲ"

"ဒီည ဒီမှာအိပ်မယ်။ ပြီးရင် ပိုလုံခြုံတဲ့နေရာကို ခေါ်သွားပြီး မင်းကို ဝှက်ထားခဲ့မယ်။ ပြီးရင် မြို့ထဲသွားပြီး မြည်းငှားခဲ့မယ်။ အဲ့ဒီမြည်းနဲ့ မင်းကိုတင်ပြီး Game အစီအစဉ်အတိုင်း ငွေသိန်း (၃၀၀) နဲ့ သွားလဲမယ်။ ပြီးရင်း ငါ့ကိုစောင့်နေကြမဲ့ ငွေမြင်ရင် ငမ်းငမ်းတက်ဖြစ်နေကြတဲ့ မိန်းမတွေဆီကို သွားမယ်ပေါ့ကွာ။ ဟား . . . ဟား . . . ဟား . . ."

"ဟား . . . ဟား . . . ဟား . . . လုလိုက်တဲ့အစီအစဉ်ဟေ့"

အဲ့ဒီရယ်မောသံဟာ ကျွန်တော့်အသံ မဟုတ်ဘူး။

အဲ့ဒီရယ်မောပြောဆိုသံက ရှေ့ဆီက အမှောင်ရိပ်ထဲက ထွက်လာတာပါ။

အသံအဆုံးမှာပဲ အမှောင်ရိပ်ထဲက အသံပိုင်ရှင်ဟာလည်း တရွေ့ရွေ့ ထွက်လို့လာတယ်။ လရောင်ဖျော့ဖျော့မှာ ကျွန်တော်တို့ မြင်လိုက်ရတာတော့ 'လူဝကြီး'ပါ။

"ဟား . . . ဟား . . . အစီအစဉ်က လုတယ်ဟေ့။ ဒါပေမဲ့ အဲ့ဒီအစီအစဉ်က ငါ့ကြောင့် ပျက်တော့မယ်ထင်တယ်"

လူဝကြီးက ဗိုက်ကြီးပွတ်လျက် ရှေ့တိုးလာပြီး အဲ့ဒီစကားဆိုတယ်။



လူငယ် မျက်မှောင်ကုတ်သွားတယ်။ မျက်ခုံးမွေးတွေ ပိုမို စိုက်ကျသွားတယ်။

အစာလုဘက် ရန်သူလာတာကို မျက်ဝါးထင်ထင် တွေ့လိုက်ရတဲ့ ဝံပုလွေတစ်ကောင်လို မျက်လုံးမျိုးနဲ့သူ။

ဒါပေမဲ့ သူ ဟန်ဆောင်ကောင်းပါတယ်။

"ဟား . . . ဟား . . . ဘယ်သူများလဲလို့၊ အရက်သမား လူဝကြီးပါလား။ လာပါ . . . ထိုင် . . . ထိုင် . . ."

သူ ချက်ချင်း ရယ်ဖွယ်ဖွဲ့ပြီး ဧည့်ခံလိုက်တယ်။

လူဝကြီးကလည်း ထိုင်တယ်။

ကျွန်တော်ကတော့ အကဲခတ်နေရတဲ့သူပေါ့။ အခု ကျွန်တော့်အခြေအနေက မြေခွေးနှစ်ကောင်ကြားမှာ ရောက်နေတဲ့ ယုန်တစ်ကောင်အသွင်လို ဖြစ်မယ်။

လူဝကြီးက ကျွန်တော့်ကို ပန်းပုတ်ပြီး . . .

"မင်း . . . တော်တယ်။ ငါ့လက်ကနေ ထွက်ပြေးသွားတဲ့အကွက်လေးက လုတယ်။ မြင်းခွာနဲ့ ပေါက်ခံလိုက်ရတာတော့ တော်တော်အီသွားတယ်ကွ။ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ မင်း မလွတ်စေရတော့ပါဘူး"

လူငယ့်ဘက်ကိုလည်း လှည့်ကာ စေ့စေ့ကြည့်လိုက်တယ်။ လူငယ်က အသားတုံးတွေကို ဓားမြှောင်နဲ့ဖြတ်ကာ အသာဝါးပြန်ရင်း . .

"တိုတိုနဲ့ လိုရင်းရှင်းကြရအောင်။ ခင်ဗျား အခု ဒီကိုရောက်လာတာ ဒီ blind (1) ကို ကျုပ်လက်ထဲကနေ လုဖို့မို့လား"

"သေချာတာပေါ့"

"ဒါဆို ကျုပ်တို့ တစ်ခုခုကို ယှဉ်ပြိုင်ကြရတော့မယ်ထင်တယ်"

"ဘာပြိုင်မှာလဲ"

လူဝကြီး အသံကလည်း ပြတ်သားမှုရှိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

“ကျုပ်က ကိုယ်ပိုင်တဲ့ အရာတစ်ခုထဲကနေ လှမ်းစိန်ခေါ်ပြီး ယှဉ်ပြိုင်တတ်တဲ့သူတွေကို နည်းနည်းမုန်းတယ်ဗျ။ ဒါကြောင့် ခင်ဗျားကို ဦးစားပေးပါတယ်။ ခင်ဗျားကြိုက်တဲ့ ယှဉ်ပြိုင်နည်းရွေးပါ”

လူငယ့်ပုံက ကိုယ့်ကိုယ်ကိုယ် အစွန်းရောက်အောင် အထင်ကြီးနေတဲ့ပုံပဲ။ လူဝကြီးကလည်း အဲ့ဒီပုံကိုမှ သဘောကျသလို ကြည့်လို့ ရယ်မောပြီး . . .

“ဒါဆိုလည်း အားမနာတော့ဘူး။ ကျုပ်ပြောပြီ။ အရက်သောက်ပြိုင်ချင်တယ်။ နိုင်တဲ့ကောင် ဒီကောင့်ကို ယူစတမ်းပေါ့”

သူတို့ရဲ့လောင်းကြေးက ကျွန်တော်တဲ့။

လူငယ်က ပခုံးနှစ်ဖက်တွန့်ပြီး . . .

“ခင်ဗျားမှာ အရက်အလုံအလောက်ပါလို့လား”

“အရက်သမားစစ်စစ်မှန်ရင် အရက်ပုလင်းတွေကို သူ့လက်တစ်ကမ်းထက် ပိုဝေးတဲ့နေရာမှာ မထားသင့်ဘူးလို့ ငါပြောချင်တယ်”

ပြောပြောဆိုဆိုပဲ ပခုံးချိတ်လွယ်ထားတဲ့ အိတ်ကြီး မြေမှာချပြတယ်။

သူမို့လို့ အလေးခံသယ်နိုင်တယ်လို့လည်း ကျွန်တော် ကြားက ဝင်ပင်ပန်းနေမိတယ်။

“အမြည်းနေရာမှာတော့ ခင်ဗျားရဲ့ အသားခြောက်တွေကို အားကိုးရမယ်ထင်တယ်”

“ရေအတွက်ကော”

“ဟိုမှာ စမ်းချောင်းတစ်ခုလုံး ရှိနေဟာပဲ”

“အဲ့ဒီစမ်းချောင်းထဲ ကျွန်တော် အပေါ့စွန့်ဖူးတယ်ထင်တယ်”

လူငယ်က အတည်လိုလို၊ နောက်သလိုလို ပြောတော့ လူဝကြီးကလည်း ရယ်မောပြီး . . .

“အဲ့ဒီတော့ လေးလေးပင်ပင် ပိုရှိတာပေါ့။ ဟား . . . ဟား”



နောက်တော့ သူတို့နှစ်ယောက် စမ်းချောင်းနားမှာ သွားပြီးသောက်ကြတယ်။ သူတို့ပြိုင်ပွဲက အရင်မှောက်တဲ့သူက အလိုလိုရှုံးနဲ့ပွဲပဲ ဖြစ်ပါလိမ့်မယ်။

ဒီနေရာက သစ်တောတစ်ခုထဲမှာပဲ။ သစ်တောအလယ်က စမ်းချောင်းလေး စီးဆင်းနေပုံက နေ့ဘက်မှာများ ကြည့်မြင်ရရင် ချက်ချင်းကင်မရာထုတ်ပြီး ဓာတ်ပုံရိုက်ချင်မဲ့ ရှုခင်းမျိုး ဖြစ်နေလိမ့်မလားမသိ။

သိပ်မကြာခင်မှာတော့ . . .

“ခွမ်း . . . ”

“ခွမ်း . . .”

ပေါက်ခွဲသံ၊ ကွဲသံတွေ ကြားလိုက်ရတယ်။

လူဝကြီးက ကျွန်တော့်ဘက် လှမ်းကြည့်ပြီး လှမ်းပြောတယ်။

“ငါတို့ တစ်ယောက်တစ်လုံးသောက်လို့ ကုန်သွားပြီ . . . ကောင်လေးရေ”

တဲ့။ မြန်လိုက်တာလို့ ကျွန်တော် အံ့သြသွားရတယ်။ တကယ့်ကို အရက်သမား ဝါရင့်တွေပါပဲ။ ဒါ ကောင်းတဲ့စံချိန်မဟုတ်မှန်း သိပေမယ့် ကျွန်တော် ချီးကျူးမိပါသေးတယ်။ သူတို့ ရီဝေဝေအဆင့်ကတော့ လွန်လောက်ပြီလို့တော့ ခန့်မှန်းမိတယ်။ သူတို့သောက်နေတဲ့ စမ်းချောင်းအစပ်နားနဲ့ ကျွန်တော့်ကိုချည်နှောင်ထားတဲ့ သစ်ပင်ဟာ ကိုက်(၂၀)ကျော်လောက်ဝေးပါတယ်။ ထွက်ပြေးဖို့ အတင်းရုန်းကြည့်ပေမဲ့ အချည်နှီးဆန်လွန်းနေတာကြောင့် တခြားနည်း စဉ်းစားနေရတယ်။

အဲဒီအချိန်မှာပဲ . . .

“သွေးခန့် . . . ”

အနောက်ဘက် လရောင်ဆီက သဲ့သဲ့ထွက်လာတဲ့ ခေါ်သံ။ ကျွန်တော် ဆတ်ခနဲခေါင်းထောင်ပြီး လှည့်ကြည့်လိုက်တော့ အဖိုးတန်လှတဲ့သူ့ကို တွေ့လိုက်ရတယ်။

www.burmeseclassic.com

"ယုအိ . . ."

"ရှူး . . . "

လက်ညှိုးနဲ့ နှုတ်ခမ်းပါးလေးမှာတေ့ပြီး အဲ့ဒီလို ရှူး . . . ဆို တဲ့ သင်္ကေတလေး လုပ်ပြတယ်။ (ဒီနေ့တစ်နေ့တည်းတင် သူ ဒီလိုလုပ် ပြတာ နှစ်ခါရှိပြီနော်) ။

သူကပဲ တိုးတိုးတိတ်တိတ် ကြိုးဖြည်ပေးတယ်။

လူဝကြီးနဲ့ ဟိုမျက်ခုံးမွေးစိုက်စိုက်နဲ့ လူငယ်ကတော့ ကျွန်တော့် ကို စိတ်ချလက်ချထားကာ သူတို့အချင်းချင်း သောက်ကောင်းဆဲ။

ယမကာ ချန်ပီယံပွဲ့ကို မိုက်မဲစွာ ဆင်နွှဲကြဆဲ။

ᨯ ᨯ ᨯ



(10)

BURMESE CLASSIC .com

"ငါလည်း နင့်ကို စိုးရိမ်နေခဲ့တာ။ ငါနိုးလာတော့ လျှိုတစ်ခု ထဲ ရောက်နေတယ်။ ဘယ်လိုဖြစ်တာလဲလို့ ပြန်စဉ်းစားစဉ်းစားရင်းနဲ့ နတ်တောင်ပေါ်စတက်တုန်းက ငါ ခေါင်းမူးသလိုလို ဖြစ်လာတာကို ငါ ပြန်စဉ်းစားကြည့်မိတယ်။ နောက်တော့ နင်လည်း ပျောက်နေတာနဲ့ ငါစိုးရိမ်လို့ နင့်ကိုလိုက်ရှာတာ။ ကံကောင်းလို့ပေါ့။ ငါ နင့်ကို အကောင်း အတိုင်း ပြန်တွေ့တာ။ အဟင်း . . ."

သူက ကျွန်တော့်အတွက် တကယ် စိုးရိမ်နေခဲ့တဲ့ပုံပါ။ ဘာ လို့ စိုးရိမ်နေခဲ့တာလဲလို့ အနေခက်မဲ့မေးခွန်းမျိုးကို မမေးမိဖို့ ကျွန်တော် ကြိုးစားနိုင်ခဲ့တယ်။

"ယုအိ . . . "

ကျွန်တော်က သူ့နာမည်ကိုခေါ်ပြီး ကျွန်တော့်ပါးပြင်ပေါ်နား ကို လက်ချောင်းနဲ့ ထောက်ပြလိုက်ပါတယ်။

"ဟင် . . . ဘာကိုလဲ"

"မျက်တောင်မွေး . . . အင်း . . . မျက်တောင်မွေးတစ်ခု ကျွတ်ပြီး ကပ်နေလို့"

"ဟယ် . . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

ဒါ ဝမ်းသာစရာမဟုတ်ဘူးလို့ ကျွန်တော့်ဘက်က ထင်ပေမဲ့ သူ့ဘက်က သိပ်ကို ပျော်ရွှင်သွားတဲ့ပုံပဲ။

ချက်ချင်း လက်နဲ့စမ်းပြီး မျက်တောင်မွေးကို ယူပြီးတော့ လက်ခုပ်ထဲထည့်၊ ပြီးတော့ အုပ်ကာဆုပ်ကာကိုင်၊ ပြီးတော့ ရင်ညွန့်မှာ လက်အုပ်ကလေးကိုကပ်၊ မတ်တတ်ရပ်၊ ပြီးတော့ မျက်လွှာချပြီး . . . သူ့နှုတ်ခမ်းလေးက တစ်စုံတစ်ရာကို တီးတိုးရွတ်ဆိုနေတော့တယ်။

သူ သေချာအာရုံပြုပြီး ရွတ်ဆိုနေတယ်။

ဘာလဲနားမလည်တဲ့ ကျွန်တော်က အထူးအဆန်း ငေးကြည့်နေရုံသာ။

“ပြီးတော့ သူ လက်ဖဝါးဖြန့်လို့ ခုနက လက်ဖဝါးပေါ်က မျက်တောင်မွေးလေးကို . . .

“ဖူး . . .”

ဆိုပြီး ဖွဖွ မှုတ်ထုတ်လိုက်ပါတော့တယ်။

ဒီလိုတွေလုပ်ပြီးမှ ကျွန်တော့်အနား ပြန်ထိုင်တယ်။

“ကိုယ့်မျက်စိက မျက်တောင်မွေးလေးကို လေမှာမှုတ်ပြီး ဆုတောင်းရင် ပြည့်တယ်တဲ့”

“နင် ဘာတွေ ဆုတောင်းပြန်တာလဲ”

“နောင်ဘဝအတွက်ပေါ့ဟာ”

စကားအဆုံးမှာ သိမ်ဖျော့သွားတဲ့ သူ့မျက်နှာငယ်ငယ်က ကျွန်တော့်အတွက် ပဟေဠိတစ်ခုလို ဖြစ်စေခဲ့တယ်။

“လာ . . . နင့်ကို ပြမယ်။ ချောင်းကမ်းစပ်လိုက်ခဲ့”

အခု ကျွန်တော်တို့ရှိနေတဲ့ နေရာဟာလည်း ချောင်းကမ်းစပ်နဲ့ နီးနေပြန်ပါတယ်။ ဟိုလူဝကြီးတို့နေရာနဲ့တော့ အဝေးကြီး ဝေးနေခဲ့ပါပြီ။

“ဟိုးမှာ . . . နင်ကြည့်လိုက်”

သူ ညွှန်ပြရာကို ကြည့်လိုက်တယ်။



အံ့ဩလွန်းတာကြောင့် ကျွန်တော့်ပါးစပ်ကော မျက်လုံးကော ပြူးသွားတယ်။

“လင်းနေတဲ့ သစ်ပင်တွေ”

သစ်ပင်တွေရဲ့ အပေါ်ယံလွှာက အစိမ်းရောင်တွေ လင်းအုံနေပါတယ်။ အစိမ်းရောင်လင်းတဲ့ ပန်းပွင့်တွေ။ ဒါမှမဟုတ် အစိမ်းရောင်ရှိတဲ့ သစ်ပင်တွေပေါ်မှာ လာခိုကပ်နေကြသလိုမျိုးပဲ။ အစိမ်းရောင်တွေ ဖျိုးဖျိုးဖျတ်ဖျတ်ကွန့်မြူးနေတဲ့ အလင်းရစ်သရမ်းတွေနဲ့လည်း တူတယ်။

“အဲ့ဒါ ပိုးစုန်းကြူးတွေကြောင့်လေ”

“ပိုးစုန်းကြူးတွေကြောင့် . . .”

“အင်း . . . ငါတို့ဒေသမှာ ဒီလဆိုရင် ပိုးစုန်းကြူးတွေ အရမ်းပေါတယ်လေ။ အပင်မြင့်မြင့်မှာလည်း နားကြပြီး အခု နင်တွေ့ရသလို တစ်ပင်လုံးဝေနေအောင် တလက်လက်နားလို့၊ မှိတ်တုတ်မှိတ်တုတ် ပျံသန်းလို့၊ မသိရင် သစ်ပင်တွေကပဲ မီးလင်းနေသလိုလို”

“အေးဟ . . . တော်တော်လှတာပဲ။ ငါ ဒါမျိုး တစ်ခါမှ မတွေ့ဖူးဘူး”

“ဒါကြောင့် ငါတို့မြို့ကို ‘ကြယ်တွေ အသက်ရှင်နေတဲ့မြို့’ လို့ ချီးသွားပေ့က ခေါ်ကြတာပေါ့။ ကြည့်လေ . . . သစ်ပင်ပေါ်မှာ နမိုရှာ ရှင်သန်နေတဲ့ ကြယ်လေးတွေ နားနေသလို မထင်ရဘူးလား”

ဟုတ်တယ် . . . ထင်ရတယ်။ သူပြောသလိုပဲ။ သူရွေးပြောတဲ့ စကားလုံးကလည်း လှတယ်။ ကမ်းရိုးတန်းတစ်လျှောက်မှာ ပေါက်ရောက်နေတဲ့ အလင်းသစ်ပင်တွေကလည်း လှတယ်။ ဒီလိုရှုခင်းမျိုး ရှိလိမ့်မယ်လို့တောင် ကျွန်တော် မထင်ခဲ့ဖူးဘူး။ ဒီရှုခင်းမှာ ကျွန်တော်တို့ ဆွံ့အငေးသက်မိကြ။

အရသာထူးကဲတဲ့ အစားအစာကို စားသုံးရတဲ့အခါ ချစ်ရတဲ့သူတွေကို သတိရသလို၊ အခုလည်း ဒီလို မေ့မလွယ်တဲ့ ရှုခင်းတွေကို ငေးမောရတဲ့အခါမှာလည်း ရင်ထဲတစ်မျိုးပဲ။



www.burmeseclassic.com

www.burmeseclassic.com

"နင် ပန်ရှယ့်ကို သတိရနေတာမို့လား"

" . . . "

သူ ဘယ်လိုလို့ သိနေတာလဲ။ ကျွန်တော် ချက်ချင်း ပြန်မဖြေဖြစ်ဘူး။ သူ ဘာလို့ ဒီလိုမေးလာရတာလဲ။ အတော်ကြာတဲ့အထိလည်း ပြန်မဖြေဖြစ်ဘူး။ ဒီလိုမေးလာတဲ့ သူ့မျက်နှာကိုလည်း ကျွန်တော် မကြည့်ရဲသလို ဖြစ်နေတယ်။

ဟုတ်တယ် . . . ။ ကျွန်တော် ပန်ရှယ့်ကို သတိရနေသလိုပဲ။ ပန်ရှယ့်ကို တွေ့ချင်နေတယ်။ သူနဲ့ ခပ်နီးနီးမှာ ဖြစ်နေချင်တယ်။

ယုအိက ကျွန်တော် အလွယ်တကူပြန်မဖြေတဲ့အခါ ကျွန်တော်တို့ အိတ်တွေထားတဲ့သစ်ပင်နား ပြန်သွားထိုင်တယ်။ အဲ့ဒီနားမှာ မီးပုံမဖိုဘဲ လျှပ်စစ်မီးအိမ်လေးကို ခလုတ်ဖွင့်ပြီး ထွန်းထားတယ်။ ကျွန်တော်လည်း အဲဒီနေရာမှာ သွားထိုင်လိုက်တယ်။

"ယုအိ . . . နင့်လက်မမှာ ဒဏ်ရာရနေပါလား"

"သေးသေးလေးပါ။ တစ်နေ့လုံး ပြေးရလွှားရ လုပ်လိုက်ရတာမို့ ခြစ်မိခိုက်မိထားတာ ဖြစ်မှာပေါ့"

သူက ပြုံးပြီး . . .

"ငါ့ကျတော့ ပြောတယ်။ နင့်လက်မမှာကောပဲ သွေးစို့နေတယ်"

"ဟင် . . . ဟုတ်လား"

ဟုတ်တယ်။ ငုံ့ကြည့်လိုက်တော့ ကျွန်တော့်လက်မမှာလည်း ပွန်းရာပဲ့ရာတစ်ခု။

"ငါ့မှာ ဆေးတွေပါတယ်ဟ။ ငါတို့ လက်မနှစ်ချောင်း အတူတူပူးပြီး ပတ်တီးစည်းထားရုံပေါ့"

ဒီစကားကို ကျွန်တော်က ပျော်စေပျက်စေ ပြောတာဖြစ်ပေမဲ့ သူဖြစ်ပျက်သွားတဲ့ပုံက . . .

"ဟင့်အင်း . . . ဟင့်အင်း . . . အတူတူပူးပြီး မချည်ပါဘူး။ ဘာကို အတူတူပူးပြီး ချည်ရမှာလဲ။ မချည်ဘူး . . . မချည်ဘူး"



သူ ချက်ချင်း ထိုင်ရာကထ၊ ကျွန်တော့်ကိုကျောပေးပြီး မတ်တတ်ရပ်သွားတယ်။ သူ့အမူအရာက မူပျက်ပြီး ထူးဆန်းနေတယ်။ ဒါကြောင့် ကျွန်တော် ကြောင်တောင်တောင် ငေးမောမိတာပေါ့။

ဒါကို သူလည်း သူ့ကိုယ်သူ ပြန်သတိထားမိသွားမှ မပွင့်တပွင့် ဖြေရှင်းချက်ပေးလာတယ်။

"သီဟိုဠ်မှာ လက်ထပ်မင်္ဂလာဆောင်ရင် သတို့သားနဲ့ သတို့သမီးကို ဒီလို လက်မချင်း ပူးချည်ကြတယ်တဲ့။ ဒါကြောင့် ငါတို့ . . . ငါတို့ အဲ့လိုလုပ်လို့မရဘူး"

သြော် . . . ဖြစ်ရမယ်။ သူက ကြဲဖန်ပြီး ရှက်နေသေးတယ်။

နောက် . . . ကျွန်တော် ဆေးပစ္စည်းတွေ ထုတ်ပေးတော့ သူ သူ့လက်ချောင်းသူ ပတ်တီးနဲ့ စည်းနေတော့တယ်။

တအောင့်လောက်ကြာတဲ့အထိ စကားနည်းခဲ့ကြပြီးမှ ငြိမ်သက်မှုဟာ အနေခက်စေတယ်လို့ မြင်မိတဲ့ ကျွန်တော်က စကားစလိုက်တယ်။

"ငါတို့အိပ်ရင် ဘယ်မှာ အိပ်ကြမလဲ။ ချောင်းစပ်နားက . . . ဟိုးမှာ ကျောက်ဖျာကြီးလားမသိဘူး။ အဲ့ဒီနားမှာ သွားအိပ်ကြမလား"

"ဟင့်အင်း . . . ဟင့်အင်း . . . မအိပ်ဘူး . . . ဘာလို့အိပ်ရမှာလဲ"

သူ့အမူအရာက အလန့်တကြား ဖြစ်နေပြန်တယ်။ 'ဆိုက်ကို' သွေးလွှမ်းနေတဲ့ မျက်လုံးတွေနဲ့ ပွက်ပွက်ခါအောင် သူငြင်းတယ်။

"ယုအိ . . . ဘာဖြစ်လို့လဲ"

"ဟင့်အင်း . . . ဟင့်အင်း . . . ငါတို့ ကမ်းခြေက ကျောက်ဖျာပေါ်မှာ မအိပ်ရဘူး။ ရှေးတုန်းက ဂျပန်ပြည်ကလင်မယားတွေ ရန်ဖြစ်စိတ်ဆိုးကြမှ ရပ်ရွာက ဒဏ်ပေးတဲ့အနေနဲ့ ဒီလိုအိပ်ခိုင်းတာ။ ငါ . . . ငါတို့ . . . ငါတို့ အဲလိုအိပ်လို့မရဘူး။ ကျောက်ဖျာပေါ်လည်း မအိပ်ဘူး။ နင်နဲ့ငါက . . . ဘာမှ . . . မှ . . . မဟုတ်တာ"

သြော် . . . ဖြစ်ရပြန်ပြီ။ ကျွန်တော် စိတ်ညစ်လို့ ခေါင်းကုတ်မိတယ်။ စိတ်ပေါက်ပေါက်နဲ့ ဆက်ပြောမိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အေးပါဟာ . . . ငါက ဒီအတိုင်း ပြောတာပါ။ အဲ့ဒီကမ်းခြေမှာ မအိပ်ချင်လည်း သစ်ပင်ပေါ် လင့်စင်ထိုးပြီး အိပ်လို့ရပါတယ်"

"ဟာ . . . အဲ့ဒါလည်း မဖြစ်ဘူး၊ မဖြစ်ဘူး . . . လုံးဝမဖြစ်ဘူး။ အဲလိုအိပ်တာက ရေးတုန်းက အာသံပြည်က လင်မယားတွေ စိတ်ဆိုးရန်ဖြစ်ကြရင် အပြစ်ပေးတဲ့အနေနဲ့ အိပ်ခိုင်းကြတာ။ ငါတို့ . . . ငါတို့ အဲ့လိုအိပ်ဖို့မသင့်ဘူး"

ကျွန်တော် ဘာမှကို မပြောတော့ဘူး။ ပါးစပ်မပါတဲ့လူတစ်ယောက်လိုပဲ နေလိုက်တော့တယ်။ ကျွန်တော် လေသွားတယ်။ သူ ဘာကြောင့် ဒီလိုဖြစ်ဖြစ်နေတာလဲ၊ ဘာကြောင့် ဒီလောက် အကဲဆတ်နိုင်လွန်းရတာလဲ။

ကျွန်တော်ရဲ့ နောက်ပြောင်ရှုံသက်သက်တွေက သူ့အတွက် ဆူပွက်စရာတွေချည်း ဖြစ်နေခဲ့တော့ ကျွန်တော် နှုတ်ဆိတ်ရုံပေါ့။

ကျွန်တော် သိသိသာသာ နှုတ်ဆိတ်သွားမှ သူက တစ်ခွန်းလှမ်းပြောတယ်။

"တောင်းပန်ပါတယ် . . . သွေးခန့် . . . " တဲ့။

ကျွန်တော် ပြန်ပြုံးပြလိုက်ပါတယ်။

တကယ်တော့ သူ့ကိုလည်း အားနာပါတယ်။ ကျွန်တော့်ကြောင့် သူ့အိမ်ကိုသူ ကောင်းကောင်းမပြန်နိုင်ဘဲ ဒီတစ်ညတာ သောင်တင်ခဲ့ရရှာပြီ။

"ငါလည်း တောင်းပန်ပါတယ် . . . ယုအိ"

လို့ ပြောလိုက်တော့ သူကလည်း ချမ်းမြေ့စွာ ပြုံးပြပါတယ်။

အဝေးသစ်ပင်တွေမှာ ပိုးစုန်းကြူးတွေ အလင်းခုန်ခုန်လို့။

မိုးလင်းခါနီးမှ ကျွန်တော်တို့ အိပ်ပျော်ဖြစ်ခဲ့ကြတယ်။ ဘယ်သူက အရင်အိပ်ပျော်တာလဲ မသိပေမဲ့ နိုးလာချိန်မှာတော့ . . .



## (11)

"အင်း . . . ဟင်း . . . ဟင်း . . ."

တင်းကြပ် ပိတ်ဆို့ခံထားရတဲ့အသံ၊ သူမပါးစပ်ကို အစို့ခံထားရတယ်။ လက်ပြန်ကြိုး တုပ်ထားတယ်။ ပြီးတော့ ကြိမ်နဲ့ရက်လုပ်ထားတဲ့ ခြင်းကျားကြီးထဲ ထည့်ခံထားရတယ်။

ကျွန်တော် ဝေဝါးနေသေးလို့ ပွတ်သပ်ကြည့်ကြည့်တော့လည်း မြင်ကွင်းပါပဲ။ ယုအိ ဖမ်းဆီးခံထားရတယ်။

ကျွန်တော့်ကို ဝိုင်းပတ်ပြီးလည်း လူတွေရပ်နေကြတယ်။ ဒီအထဲမှာ ကျွန်တော်နဲ့အနီးဆုံးမှာ ရပ်နေတာက မိန်းမကြီးပဲ။

ဒီမိန်းမကြီးကို ကျွန်တော်သိတယ်။ ကားပေါ်မှာတုန်းက ပုတီးထွက်ဝွက်စိပ်နေတဲ့ မိန်းမကြီး။ အဲ့ဒီတုန်းက တရားထူးရပြီး တဏှာကင်းစင်တဲ့ရုပ်နဲ့ (ဟိုရဲနှစ်ယောက်ပေးသွားတဲ့ သတင်းကလည်း မှန်တာပဲလို့လည်း ကျွန်တော် သတိရမိတယ်)။

အခုတော့ နှုတ်ခမ်းနီကို ရဲအောင်ဆိုးပြီး မိတ်ကပ်တွေ ပြာမှိုင်းနေအောင် ဖို့ထားတဲ့ ကိုယ့်အရွယ်ကိုယ်မသိတဲ့ မိန်းမတစ်ယောက် ဖြစ်နေပါလား။ သူက ကျွန်တော့်ကို မတ်တတ်ရပ်အနေအထားနဲ့ နိုးကြည့်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

“မောင်လေးရေ . . . အိပ်ရေးဝလောက်ပြီထင်တယ်နော်။ မမတို့ ခရီးဆက်ရအောင်”

ပထမဆုံးစကားဦးကို ဆိုလာတယ်။ သူ့အသံက ရှားစောင်းလက်ပပ်အတွင်းသားတွေလို ချွဲပစ်နေတယ်။ ဒါကောင်းတဲ့ အလားအလာ လုံးဝမဟုတ်ဘူး။

ကျွန်တော့်ကို ဝိုင်းပတ်ထားတဲ့ သူ့ရဲ့ လူတွေကတော့ ဒီမြို့က ဒေသခံတွေမှန်း ဝတ်စားထားပုံကို ကြည့်တာနဲ့ သိသာနေစေတယ်။

“ခင်ဗျားက Blind ပေါ့”

“အိုး . . . ခင်ဗျားတဲ့။ အဲ့လိုအသုံးအနှုန်းမျိုးက ဘယ်မှာအရသာရှိလို့လဲ။ မမလို့ ပြောင်းခေါ်စမ်းပါကွယ်။ တို့က မောင်လေးကို ကားပေါ်မှာကတည်းက၊ blind (1) မှန်းမသိခင်ကတည်းက စောင့်ကြည့်နေခဲ့ရတာ”

လေတယ်ဟေ့။ လေစရာအသစ်တော့ ထပ်တွေ့ပြန်ပြီ။ ဒီမိန်းမကြီး စကားပြောလိုက်တိုင်း ကျွန်တော့်မှာ ပေါင်ပေါ် ရွယားကောင်တွေ တက်လာသလိုမျိုး၊ ဒါမှမဟုတ် ချက်ချင်း အိမ်သာပြေးတက်ချင်သလိုလိုမျိုး ခံစားရတယ်။

“စိတ်တော့မရှိနဲ့ . . . မောင်လေးရေ၊ မင်းထွက်ပြေးသွားမှာကို မလိုလားလို့ လုံခြုံရေးအရ ကြိုးနဲ့ချည်ထားရဦးမယ်။ ဒါပေမဲ့ ဘာမှ အနာတရ မဖြစ်စေရဘူး။ မမ ကတိပေးတယ်”

ဒီလိုပြောပြီး သူ မျက်ရိပ်ပြလိုက်တော့ သူ့လူတွေက ကျွန်တော့်ကို လက်ပြန်ကြိုး တုပ်လိုက်ကြတယ်။ ပြီးတော့ ယုအိလိုပဲ ကျွန်တော့်ကိုလည်း ခြင်းကျားကြီးထဲ ထည့်ပြန်တယ်။

“နေပါဦး . . . ခင်ဗျား ကျွန်တော့်ကိုဖမ်းတာကတော့ ဟုတ်ပါပြီ။ သူ့ကိုကော ဘာလို့ဖမ်းရတာလဲ”

“သူကလည်း အလွယ်တကူ လွှတ်ပေးဖို့သင့်တဲ့ ကောင်မလေးမှမဟုတ်ဘဲ။ မင်းကို လူဝကြီးနဲ့ ဟိုမျက်ခုံးမွေးတစ်မျိုးဖြစ်နေတဲ့ လူငယ်



လက်ထဲကနေ ကယ်ခဲ့တဲ့သူမို့လား။ ဒါကြောင့်မို့ သူ့ကို သေးသေးသေး သဘောထားပြီး ဆက်ဆံလို့မရဘူး။ နှမ်းတစ်စေ့နဲ့ ဆီမဖြစ်ရင်သာနေမယ်၊ ‘ကင်း’ တစ်ကောင်ကြောင့်တော့ အဆိပ်ဖြစ်စေတယ် . . . မောင်လေးရဲ့”

blind တွေဟာ တစ်ယောက်ရဲ့လှုပ်ရှားမှုကို တစ်ယောက် တစ်နည်းနည်းနဲ့ အမြဲသိနေကြပါတယ်။

“ကျွန်တော် တောင်းပန်ပါတယ်။ သူ့ကို လွှတ်ပေးလိုက်ပါ။ သူက ကျွန်တော်တို့ Game နဲ့လည်း ဘာမှဆိုင်တဲ့လူမှမဟုတ်ဘဲ”

မိန်းမကြီးက ပြုံးတယ်။ သူပြုံးပုံက ပလတ်စတစ်တစ်စ မီးလောင်နေသလိုပဲ။ တွန့်လိမ်ခေါက်ခတ်လို့။

“မောင်လေးတောင်းပန်တာ အသုံးဝင်ပါတယ်။ ဒါပေမဲ့ အခုမတောင်းပန်နဲ့။ ညကျမှ နှစ်ကိုယ်ကြား တောင်းပန်စေချင်တယ်။ ဟင် ဘယ်လိုလဲ . . . မောင်လေး”

ဒီစကားပြောနေတဲ့ သူ့မျက်နှာကြီးကိုကြည့်ပြီး သွားကျိုးတာလိုလို၊ ကြက်သီးထတာလိုလိုတောင် ဖြစ်လို့။

ယုအိက ကျွန်တော့်ကို ခေါင်းခါပြနေတယ်။ ‘သူ့အတွက်နဲ့တော့ မတောင်းပန်ပါနဲ့၊ ရတယ်’ ဆိုတဲ့ သဘောမျိုးနဲ့လေ။ ကျွန်တော် ခေါင်းပြန်ညိတ်ပြလိုက်တယ်။ ဟုတ်တယ် . . . ။ တောင်းပန်နေရုံနဲ့ အလုပ်ဖြစ်မှာမဟုတ်ဘူး။

ကျွန်တော်တို့ကို ထည့်ထားတဲ့ ခြင်းကျားကြီးတွေကို ဝါးလုံးတစ်လုံးစီထိုးပြီး ဆိုင်းထမ်းပိုးလုပ်လို့။ လူနှစ်ယောက်က ရှေ့နောက်ပခုံးတင်ထမ်းပါတယ်။ အဲ့ဒီပုံစံအနေအထားအတိုင်း ကျွန်တော်တို့မသိတဲ့ နေရာတစ်ခုဆီသို့ ခေါ်ဆောင်သွားခဲ့ပါတယ်။

www.burmeseclassic.com

တစ်နေရာအရောက်မှာ သူတို့ စက္ကူမျက်နှာဖုံးတွေကို ပြိုင်တူ ခွပ်လိုက်ကြတယ်။ ကျွန်တော်တို့နှစ်ယောက် (ကျွန်တော် + ယုအိ) ကို လည်း မျက်နှာဖုံးတွေ ခွပ်ပေးကြတယ်။ ဒီအပြုအမူကြောင့် အခုရောက် နေတဲ့နေရာဟာ နတ်တောင်တစ်ဝိုက်လို့ ခန့်မှန်းမှုနဲ့ သိနိုင်တယ်။

သူတစ်ပါးဖမ်းဆီတာ ခံထားရပေမဲ့ ခြင်ကျားကြီးကြီးနဲ့ စီးပြီး လိုက်ရလို့ ဖိမ်ကျသလိုတောင် ဖြစ်နေပါသေးတယ်။ ဒီကြားထဲ မိန်းမ ကြီးက လိမ္မော်သီးစိတ်တွေ လာလာကျွေးလိုက်။ အအေးဘူးကို ပိုက်နဲ့ လာစုပ်နိုင်းလိုက်နဲ့ ပွတ်သီးပွတ်သပ် လာလုပ်နေတာတော့ ခံရခက်တယ်။ ယုအိကော အဆင်ပြေရဲ့လား။ မျက်နှာဖုံးစွပ်ထားတာမို့ သူ့မျက်နှာအရိပ် အခြည်ကိုလည်း အကဲမခတ်နိုင်ပါဘူး။

မြင်ရသလောက်တော့ ဒီနတ်တောင်ဟာ လျှိုတွေ၊ မြောင်တွေ ပေါများတယ်။ မိန်းမကြီးကလည်း ဒါကိုသိတာကြောင့် ဒီတောင်ပေါ်မှာ ပဲ ကျွန်တော့်ကိုဖမ်းထားပြီး တစ်နေ့လုံး ပုန်းအောင်းနေမဲ့ ပုံစံပဲ။ ပြီးမှ နံနက်အမီ ကားစောင့်နေမဲ့ မြို့ပြင်အထွက်နေရာကို သွားမဲ့သဘောရှိ တယ်။

ဒီလိုပုံစံတွေနဲ့ဆိုရင်တော့ ကျွန်တော် blind တွေ လက်ထဲက လွတ်အောင်ပြေးနိုင်ဖို့ မလွယ်တော့ဘူး။ blind တွေက ကျွန်တော့်ထက်



ပြင်ဆင်မှုအားကောင်းသလို အဘက်ဘက်မှာ လျှင်မြန်ပါးနပ်နေကြ တယ်။ ဒါကြောင့် ကဲစမ်းမဲဆုကြေးငွေ သိန်း (၃၀၀) ကလည်း ကျွန် တော် လက်လွှတ်ရမယ့်အရာ ဖြစ်နေခဲ့ပြီထင်ပါတယ်။

"ဟော့ . . . ဟိုမှာ . . . ရေတွေ စီးကျနေပါလား"

အခုရောက်ရှိနေတဲ့ တောင်တက်လမ်းနဲ့ လမ်းဘေးအောက်ဘက် နည်းနည်းဖဲ့ဆင်းမှ ရောက်မဲ့နေရာမှာ ရေတွေစီးနေပါတယ်။ အနည်း ငယ်သာမြင့်တဲ့ ကျောက်ဆောင်ဆီကနေ ရေတံခွန်တစ်ခုသဖွယ် ရေတွေ စီးကျနေပြီး မြောင်းကျဉ်းတစ်ခုအဖြစ် ဆက်လက်စီးဆင်းသွားတယ်။

"မောင်လေးလည်း ပင်ပန်းနေလောက်ပြီ၊ ရေချိုးမလား။ အင်း ရေချိုးလို့တော့ မဖြစ်ပါဘူး။ မောင်လေးက ထွက်ပြေးဖို့ ကြိုးစားရင် မမ စိတ်မကောင်းဖြစ်ရလိမ့်မယ်။ ဒီတော့ မမကိုယ်တိုင် ရေပက်တိုက် ပေးမယ်"

"ဗျာ . . . မလိုပါဘူး"

"မမအတွက်တော့ လိုတယ် . . . မောင်လေးရဲ့။ ညကျရင် မောင်လေးက မမကို နှစ်ကိုယ်ကြား တောင်းပန်မဲ့သူမို့လား"

ယုအိ တစ်ဖက်ကို လှည့်သွားတယ်။

ဒီမိန်းမကြီးရဲ့ မရှက်ဘဲ ပြောနေတဲ့စကားတွေအပေါ် ယုအိက ကြားက ဝင်ရှက်သွားတယ်။

"ရှင်တို့လည်း ခြေလက်မျက်နှာတွေ သွားဆေးချင် ဆေးကြ လေ"

မိန်းမကြီးက ခွင့်ပြုလိုက်တော့ သူ့လူတွေလည်း ရေမြောင်း ကလေးရှိရာဆီသို့ ဆင်းသွားကြတယ်။

"ကဲ . . . မောင်လေး၊ မမကို စိတ်ပျက်အောင် မလုပ်နဲ့နော်။ မမလည်း မျက်နှာသွားသစ်လိုက်ဦးမယ်။ ပြီးမှ မောင်လေးကို သန့်စင် ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com

မိန်းမကြီးကလည်း ရေမြောင်းရှိရာအောက်ထဲ ဆင်းသွားတယ်။

ဒီလိုလူတွေအားလုံး အနားမှာမရှိတော့မှ ယုအိနဲ့ကျွန်တော် ဆက်သွယ်ရတယ်။ နှစ်ယောက်သား အရင်ဘဝက ယုန်တွေကို ခြင်းထဲ ဖမ်းထည့်ခဲ့ဖူးလို့ ထင်ပါတယ်။ အခုကြည့် . . . နှစ်ယောက်သား ခြင်းကျားကြီးထဲမှာ နေနေရတယ်။ ယုအိက ပါးစပ်အဝတ်စို့ထားခံရတာမို့ အသံမထွက်နိုင်တော့။ ခေါင်းညိတ်ခေါင်းခါ လုပ်ပြတယ်။

"နေရထိုင်ရတာ အဆင်ပြေရဲ့လား"

ခေါင်းညိတ်ပြတယ်။

"ဗိုက်ကောဆာလား"

ခေါင်းခါပြတယ်။

"အိမ်သာကော မတက်ချင်ဘူးလား"

သူ ငြိမ်သွားတယ်။ ဟုတ်သားပဲ။ ကျွန်တော်ကလည်း အရှိန်လွန်ပြီး လျှောက်မေးမိတယ်။

"ရေကော ဆာလား"

ဒီတစ်ခါတော့ သူ လေးလေးပင်ပင် ခေါင်းညိတ်ပြတယ်။

ဒါပေမဲ့ လက်တွေကို ကြိုးတုပ်ခံထားရသလို ရေဘူးကလည်း ခပ်လှမ်းလှမ်းမှာသာ ရှိတဲ့အတွက်ကြောင့် ကျွန်တော်တို့ မတတ်နိုင်ခဲ့ဘူး။

ဒီအချိန် လူတစ်ယောက် အနားရောက်လာတယ်။ အဲ့ဒီလူက ဟိုမိန်းမကြီးငှားရမ်းထားတဲ့ ဒီမြို့က ဒေသခံလူပဲ။ သူက ညှာတာကြင်နာစိတ် ရှိတယ်ထင်ရဲ့။ ယုအိကို ရေဘူးယူပြီး ခွံ့တိုက်တယ်။

ပြီးတော့ ကျွန်တော့်ဆီ လျှောက်လာတယ်။

ကျွန်တော့်ကိုထည့်ထားတဲ့ ကြိမ်ခြင်းကြီးကို သူက ကျောပေါ် မ,တင်လို့ လွယ်ထားလိုက်တယ်။

"ဟော့လူ . . . ခင်ဗျား ဘာလုပ်မလို့လဲ"



ရှူး . . . တိုးတိုးနေ၊ မင်း ဒီမိန်းမကြီးလက်ထဲက မလွတ်ချင်ဘူးလား"

" . . . . . "

အဲ့ဒီလူက ပြောပြောဆိုဆိုပဲ အောက်ထဲဆင်းပြီး ရေဆေးမျက်နှာသစ်နေတဲ့လူတွေ ပြန်တက်မလာခင် လှမ်းမမြင်ခင် ကျွန်တော့်ကိုထမ်းပြီး ပြေးပါတော့တယ်။ ယုအိလည်း ကြောင်ကြည့်ရင်း ကျန်ခဲ့တယ်။

ကျွန်တော့်ကို ဘယ်ခေါ်သွားမှန်းမသိပေမဲ့ ကျွန်တော် အသာငြိမ်ပြီး လိုက်ခဲ့ပါတယ်။ ဘယ်ကိုပဲ ခေါ်သွားသွားဗျာ။ ဟိုမိန်းမကြီးရဲ့ လက်ထဲကလွတ်ရင် ပြီးတာပဲ။ မဟုတ်ရင် ဒီည ကျွန်တော့်ဘဝက ဆူးသေးသေးလေးပေါ် ရောမဖက်ရွက်ကြီး ကျချင်ကျလာနိုင်မဲ့ညပဲ။

• • •

"ခင်ဗျား ကျွန်တော့်ကို ဘယ်ခေါ်သွားနေတာလဲဗျ"

"လူတစ်ယောက်ဆီပေါ့"

လို့ သူက ဒီဒေသသံဝဲဝဲနဲ့ ပြန်ပြောပါတယ်။ မကြာခင် သူပြောတဲ့ လူတစ်ယောက်ဆီ ရောက်ပါတယ်။

သူပြောတဲ့လူရှေ့ရောက်တော့ ကျောမှာပိုးထားရာကနေ ကျွန်တော့်ကို မြေမှာချတယ်။ တစ်ဖက်လူကလည်း မျက်နှာဖုံးစွပ်ထားတာမို့ ဘယ်သူမှန်း ကျွန်တော် မသိရဘူး။ ဒါပေမဲ့ သူက ကျွန်တော့်ကို ထမ်းပိုးပြီး ခေါ်လာတဲ့သူကို ငွေစက္ကူတစ်ထပ် ထုတ်ပေးတယ်။ ပြီးတော့ . . .

"ကိုယ့်လူ တာဝန်ကျေပါတယ်။ သွားလို့ရပါပြီ"

လို့ပြောတယ်။

ကျွန်တော့်ကို ထမ်းလာတဲ့လူက အရိုအသေပြုသလို ခေါင်းတစ်ချက် ညွှတ်ပြပြီး ထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နဲ့ အခု မျက်နှာဖုံးစွပ်ထားတဲ့ လူနဲ့ပဲ ကျန်ခဲ့တယ်။ ဒီလူရဲ့ ခုနက စကားပြောတဲ့ အသံနဲ့ဟန်ကို ကျွန်တော် နည်းနည်းသိနေသလိုပဲလို့ စဉ်းစားနေစဉ်မှာပဲ သူက . . .

"ကျုပ် ဘယ်သူလဲဆိုတာ စဉ်းစားလား blind (1). . ."

စကားအဆုံးမှာ မျက်နှာဖုံးကို သူ ခွာချပြတယ်။

"ဩော် . . . ခင်ဗျားပဲကိုး"

သူက ခက်ထန်စူးရှတဲ့ မျက်ခုံးမွေးတွေရှိတဲ့ လူငယ်ပဲ။

"ခုနကလူက ဟိုမိန်းမကြီးရဲ့ လူမို့လား။ ဘယ်လိုဖြစ်လို့"

"ဟုတ်တယ်။ ခုနက လူက ဟိုမိန်းမကြီး ငှားထားတဲ့လူပဲ။ ဒါပေမဲ့ ကျုပ်က အဲဒီမိန်းမကြီးထက် စောပြီး သူ့ကို ငွေပိုပေးပြီး သူလျှိုလုပ်ခိုင်းထားတာလေ။ ကြေးစားဆိုတာ ကြေးများများပေးတဲ့သူကိုပဲ သခင်အဖြစ် သတ်မှတ်တာမို့လား။ ဟား . . . ဟား . . ."

သူက ပေါ့ပါးတဲ့လေသံနဲ့ပဲ ရှင်းပြတယ်။

ကြုံနေရတဲ့ blind တွေထဲမှာတော့ ဒီလူက အကွက်စေ့ဆုံးပဲ။

အခု ဒီနေရာဟာ အုံ့ဆိုင်းနေတဲ့ လှိုဏ်တစ်ခုပါ။ ဒါကြောင့် တစ်စုံတစ်ယောက်က ဒီနေရာကို အလွယ်ရှာတွေ့နိုင်မယ် မထင်ဘူး။ ဒါဟာ ကျွန်တော့်အတွက် ကံဆိုးစေတာပဲ။

သူက ကျွန်တော့်ကို သစ်ပင်နဲ့ ကပ်ပြီး နောက်ထပ်ကြိုးတစ်ချောင်းနဲ့ စနစ်တကျ တုပ်နှောင်တယ်။

"အေးအေးဆေးဆေးပေါ့ဗျာ . . . ဟုတ်လား။ ကျုပ်တို့ အများဆုံး ရေစက်ရှိလှ နောက်မနက်ခင်းတစ်ခုအထိပဲပေါ့။ အဲ့ဒီအချိန်ရောက်ရင် ကျုပ်က ငွေသိန်းသုံးရာယူ။ ခင်ဗျားလည်း ကိုယ့်လမ်းကိုယ်သွား၊ ဟုတ်လား။ ကျုပ် ဒီဂိမ်းကို အဲ့ဒီလို ဇာတ်သိမ်းချင်တယ်"

သူက အေးဆေးတဲ့အမူအရာနဲ့ သူ့အိတ်ကြီးသူ ခေါင်းအုံးပြီး လှဲရင်းပြောပါတယ်။ သိချင်တာရှိတာနဲ့ ကျွန်တော်က မေးရတယ်။



"ဟိုနေ့က ခင်ဗျားနဲ့ လူဝကြီး ပြိုင်သောက်တာ ဘယ်သူနိုင်သလဲ"

"အဟား . . . ဟုတ်သားပဲ။ ခင်ဗျားကို အဲဒါ ပြောပြရဦးမှာပဲ။ အဲ့ဒီတုန်းက ကျွန်တော် ရှုံးတယ်။ လူဝကြီးက မလွယ်ဘူး။ တော်တော်သောက်နိုင်တဲ့ ဘဲကြီးဗျ။ အရက်နှစ်လုံးကို ပြိုက်ခနဲ ကုန်အောင်သောက်သွားတာ ကျုပ်ဖြင့် မျက်လုံးအကြာကြီး ပြူးနေမိတယ် . . . ကိုယ့်လူ"

"အဟင်း . . ."

"ခင်ဗျား ထွက်ပြေးသွားနိုင်တာလည်း ခပ်ကောင်းကောင်းပဲ။ နို့ဆို ဒီလူနိုင်သွားလို့ ခင်ဗျားကို သူ့လက်ထဲထည့်လိုက်ရရင် ပိုဆိုးမှာ။ လူဝကြီးရဲ့ IQ ကလည်း ခန့်မှန်းမရဘူး။ ခင်ဗျားကို ပထမဆုံး blind (1) လို့ အတပ်သိပြီး စတင်လှုပ်ရှားနိုင်တဲ့သူပဲမို့လား"

သူပြောတာ ဟုတ်မှန်ကြောင်း ခေါင်းညိတ်ပြလိုက်တယ်။

နောက်တော့ သူ အပူအပင်မရှိသလို အိပ်သွားပါတော့တယ်။ ကျွန်တော် ထွက်မပြေးနိုင်ဘူးလို့ သူစိတ်ချသလို သူ့ကိုယ်သူလည်း ယုံကြည်မှုအပြည့်ရှိတာကြောင့် ဒီလို အိပ်စက်ရဲတာပဲ။

နောက်ထပ်တစ်နာရီလောက်ကြာတဲ့အထိ ကျွန်တော် လွတ်မြောက်ဖို့ လမ်းစမရဘူးဖြစ်နေတယ်။ ဒီတစ်ခါ ယုအိလည်း လာမကယ်နိုင်တော့ဘူးထင်ပါတယ်၊ နင် ငါ့ကြောင့် ပင်ပန်းနေခဲ့ပြီနော်။ အနီးမှာရှိတဲ့ ယုအိအပေါ် ကျွန်တော် အားနာနေမိတယ်။ ပြီးတော့ သတိရမိနေတယ်။

တစ်နာရီ ကျော်ကျော်လောက်ကြာတော့ သူ နိုးလာပြီး အသားခြောက်တွေကို ဓားနဲ့ လှီးစားနေပါတယ်။

"ကိုယ့်လူ စိတ်ပါရင် တစ်ချက် ပြောကြည့်ပါလား။ ဘဝမှာ အမှားတွေကို မလုပ်မိဖို့ အရေးကြီးဆုံးလို့ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com

သူ့မေးခွန်းက ထင်သလောက် မရိုးစင်းဘူး။ ကျွန်တော့်အဖြေကို သူ ခဏာပဲစောင့်ပြီး ကျွန်တော် အလျင်မီ ပြန်မဖြေနိုင်ခင် သူက ဆက်ပြောတယ်။

"ကျွန်တော့်ဘဝမှာ ဘယ်မိန်းမကိုမှ တကယ်မချစ်မိဖို့နဲ့ အတိတ်ကို မတွေးမိဖို့က အရေးအကြီးဆုံးပဲ"

သူ မမူးဘဲရင်ထဲက စကားတွေပြောနေတယ်။ သူလည်း သူ့ဘဝနဲ့သူ ခံစားချက်တွေရှိမှာပဲ။

သူက ခုနကစကားကို မပြောခဲ့သလို မျက်နှာပေးပြန်ပြင်ပြီး ဆေးလိပ်တစ်လိပ် ထုတ်ဖတ်နေပြန်တယ်။ သူ စာတော့ ကောင်းကောင်း ဖတ်နိုင်သားပဲ။

"အခုချိန်ထိ ခင်ဗျားရယ်၊ လူဝကြီးရယ်၊ ဟိုမိန်းမကြီးရယ် သုံးယောက်ပဲ ကျုပ်ကို လုနေကြတယ်။ နောက်ထပ် နောက်ဆုံးကျန်တဲ့ blind တစ်ယောက်က အခုထိ မလှုပ်ရှားသေးပါလား။ သူ ဘာကြောင့် မလှုပ်ရှားသေးတာလဲ။ သူ ဘယ်ရောက်နေလဲ ခင်ဗျားသိလား"

ကျွန်တော် မေးလိုက်တော့ သူကလည်း ကိုယ်ရောင်ဖျောက်ထားတဲ့ ရန်သူကို သတိရလိုက်သလို ချက်ချင်း ခေါင်းထောင်လာသေးတယ်။ ပြီးမှ ခေါင်းခါပြတယ်။

ဒါပေမဲ့ စိတ်ဝင်စားစရာက ကျွန်တော်တို့ရဲ့ ကျောဘက်မှာ ရောက်နေခဲ့ပါတယ်။

"ကျုပ် လှုပ်ရှားဖို့ ခင်ဗျားအနောက်မှာ ရောက်နေပါပြီ blind (1)"



## (12)

သူ့ကို ကျွန်တော်သိတယ်။

သူ့ရဲ့ ထွားကျိုင်းသန်မာလှတဲ့ ကိုယ်ခန္ဓာနဲ့ ရင်အုပ်မောက်မောက်ကြီးတွေကိုလည်း မှတ်မိတယ်။ ဒီခရီးကို လာစဉ်တုန်းက လမ်းတစ်ထောက်ဆိုင်တစ်ခုမှာ နားနေတုန်းက လူဝကြီးဆိုင်ထဲကို အရက်မူးပြီးဝင်လာစဉ် လဲကျမလိုဖြစ်တော့ သွက်လက်စွာ ပြေးပြီး တွဲကူနိုင်ခဲ့တဲ့ သူ့ပုံကိုလည်း မှတ်မိတယ်။

အထူးသဖြင့် နောင်တတရားရဲ့ ကိုက်ခဲခြင်းကို ခံနေရသလို မျိုး ကျွမ်းမြည့်တဲ့ သူ့မျက်လုံးတွေကို ကျွန်တော် မှတ်မိတယ်။

ဒါပေမဲ့ သူ့ကို ဒီဂိမ်းမှာ ပါဝင်နေပေမယ့် blind တစ်ယောက်ဖြစ်မယ်လို့တော့ လုံးဝမထင်ခဲ့မိဘူး။ အခုတော့ သူ လှုပ်ရှားလာပြီ။ blind -game မှာ (player) တွေစုံပြီလား။

"ကျုပ်က ကောင်လေးမျှော်နေတဲ့ နောက်ဆုံး (blind) တစ်ယောက်ပါ"

လို့ သူက မိတ်ဆက်လိုက်တဲ့အချိန်မှာတော့ blind-game မှာ လူစုံတက်စုံဖြစ်ခဲ့ပြီမှန်း သေချာသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

မျက်ခုံးမွေးစိုက်စိုက်နဲ့ လူငယ်က လူသန်ကြီးကို အံကြိတ်ပြီး ကြည့်တယ်။ လူသန်ကြီးကလည်း လူငယ့်ကို စူးစူးလောင်လောင်ကြည့်နေတယ်။ ဒီလိုကြည့်နေတာ အတော်ကြာသွားခဲ့တယ်။ မျက်တောင်မခတ်တမ်း မာကြောစွာ ကြည့်နေတယ်။

သူတို့ ကျွန်တော့်ကို အစာလုသလို လုကြတော့မယ်ပေါ့။ ဒီလို ကျွန်တော် ထင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော့်အထင် မပြည့်စုံခဲ့ဘူး။ သူတို့အကြည့်တွေ ထင်တာထက် ကြာလာတဲ့အခါ ကျွန်တော် တစ်မျိုးဖြစ်လာတယ်။

သူတို့နှစ်ယောက်ရဲ့ အကြည့်တွေက ပြိုင်ဘက်နှစ်ယောက်ရဲ့ အကြည့်တင်မကဘူး။ ရန်သူနှစ်ယောက်ရဲ့ အကြည့်လိုမျိုး ဖြစ်နေကြတယ်။ အာဃာတတွေ ပြင်းပြနေတဲ့အကြည့်တွေ။ ဟုတ်တယ် . . . သူတို့မျက်လုံးထဲမှာ မီးတောက်ကိုယ်စီနဲ့။ သူတို့ဟာ အသေခံစစ်သားနှစ်ဦး ကတုတ်ကျင်းမှာ ပက်ပင်းတိုးသလိုမျိုး။

"ခင်ဗျားကြောင့် ကျုပ်ဇနီး သေရတာ"

လူငယ့်အသံ စတင်ထွက်လာတယ်။

"မင်းကြောင့် ငါ့သမီးသေရတာ"

လူသန်ကြီးကလည်း ဒီလိုပြောပြီ။

လူငယ်က . . .

"ခင်ဗျားသမီးကို ကျုပ်သိပ်ချစ်ခဲ့ပေမဲ့ ဒါတွေဟာ တစ်ဖက်သတ် ပဲ။ ခင်ဗျား သောက်သုံးမကျလို့ ကျုပ်ကို ခင်ဗျားသမီးနဲ့ ပေးစားခဲ့တာ ပဲ။ ခင်ဗျား . . . အလကားလူ . . ."

လူသန်ကြီး ခဏခေါင်းငိုက်ကျသွားသေးတယ်။ ဒါပေမဲ့ ချက်ချင်းခေါင်းပြန်ထောင်လာပြီး . . .

"မင်းနဲ့ငါ စာရင်းရှင်းမယ်"

တစ်လုံးချင်း တောင့်တောင့်တင်းတင်း ပြောလာတယ်။



နောက်တော့ လူသန်ကြီးက ကျွန်တော့်ကို ချည်နှောင်ထားတဲ့ ကြိုးတွေကို ဓားနဲ့ ခုတ်ထစ်ဖြတ်တောက်ပစ်တယ်။ ဘာကြောင့် သူ ဒီလို လုပ်ရတာလဲ။ ကျွန်တော် ကြိုးတွေကို သပ်ချပြီး ထလိုက်တော့ သူက ကျွန်တော့်ကို လေးလေးနက်နက်ကြည့်ပြီးမှ ဒီလိုစကား ပြောလာတယ်။

"မင်းသွားတော့ . . . ကောင်လေး။ ငါတို့ စာရင်းရှင်းပွဲမှာ ကြားလူတစ်ယောက်ရှိနေတာကို ငါမကြိုက်ဘူး။ ငါ ဒီစာရင်းရှင်းပြီးတာနဲ့ မင်းကို ရအောင်ပြန်ဖမ်းမှာမို့ မင်း ဒီကြားထဲ ဝေးနိုင်သမျှဝေးအောင် ဉာဏ်သုံးပြီး ပြေးထားနှင့်တော့"

မြန်မာလိုပြောတာပဲမို့ သူ့စကားတွေကို နားလည်ပေမဲ့ ကျွန်တော် ကြောင်ပြီး ရပ်ကြည့်နေသေးတယ်။

"ဘာကြောင်နေတာလဲ သွားတော့ . . . ."

"ဟုတ် . . . ဟုတ်ကဲ့ . . . ကျေးဇူး . . . "

ကျွန်တော် လူသန်ကြီးကို ထစ်ထစ်ငေါ့ငေါ့ ကျေးဇူးတင်ပြီး ခြေထောက်တွေက အလိုလို ပြေးထွက်ခဲ့တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းကဟာနေပေမဲ့ ခြေထောက်တွေက ပြေးနေတယ်။ နေက ခေါင်းတည့်တည့်ရောက်နေလို့ အရပ်မျက်နှာတွေ ဝေဝါးနေပေမဲ့ ခြေထောက်တွေက ပြေးနေတယ်။ သူ ဘယ်နားမှာလဲ မသိပေမဲ့ ခြေထောက်တွေက သူ့ဆီပြေးနေတယ်၊ သူ ဘယ်မှာလဲ မသိလို့ မျက်လုံးတွေက သူ့ကိုရှာနေခဲ့။ သူ့နားရွက်လေး ဘယ်ဆီမှာ မှန်းမသိပေမဲ့ ကျွန်တော့်ပါးစပ်က သူ့နာမည်ကို ခေါ်လို့။

"ယုအိ . . ."

"ယုအိ . . ."

blind တွေလက်ထဲက လွတ်လွတ်ချင်း ကျွန်တော် သူ့ကို လိုက်ရှာနေမိခဲ့တယ်။

အချိန်အတော်ကြာအောင် ရှာခဲ့ပေမဲ့ နေရာနဲ့ ခြေရာတွေသာ ထပ်ခဲ့တယ်။ သူ့အရိပ်တောင် မတွေ့ခဲ့ဘူး။ တောထဲတောင်ထဲမှာ လူတစ်ယောက်နဲ့တစ်ယောက် ကွဲသွားတာဟာ ပင်လယ်ထဲကို ပဲစေ့လေးတစ်စေ့ နှစ်ခြမ်းကွဲပြီး ကျသွားတာနဲ့ ဆင်တူမလား။ ရှာလေမတွေ့လေ ဖြစ်လေမို့ ကျွန်တော် စိတ်တွေကယောက်ကယက်နဲ့ ပင်ပန်းလာတယ်။

စမ်းချောင်းတစ်ခုတွေ့မှ ကိုယ့်ကိုယ်ကိုယ်ရေဆာနေမှန်း သတိရမိတယ်။



ကမ်းစပ်မှာ ဒူးထောက်ပြီး ရေတွေကို လက်ခုပ်နဲ့ အသာခပ်သောက်လိုက်တယ်။ သောက်လို့ဝတော့မှ တဗွမ်းဗွမ်းနဲ့ အားရဝါးရ ချက်နှာသစ်၊ လည်ကုတ်တွေ ရေနဲ့ပုတ် စတာတွေ လုပ်ပစ်တယ်။ ကျွန်တော့်ရဲ့ အကြမ်းပတမ်းနိုင်မှုကြောင့် စမ်းချောင်းလေး လှိုင်းဂယက်တွေ ရိုက်သွားတယ်။ ဂယက်တွေငြိမ်သွားမှ ရေတွေပြန်ကြည်လင်လာပြီး ဆက်လက်စီးဆင်းသွားတယ်။

"ဟင် . . ."

ရေစီးထဲမှာ ပုံရိပ်တစ်ခု တွေ့လိုက်ရလို့ပါ။ အဲ့ဒီပုံရိပ်လေးဟာ ကျွန်တော့်ကို ဖျတ်ခနဲ နောက်ကို ဆွဲလှည့်စေခဲ့ပေါ့။

"ယုအိ . . ."

ကျွန်တော် လှည့်ကြည့်လိုက်တော့ ယုအိကို တွေ့လိုက်ရတယ်။ ယုအိက သူ့ခရီးဆောင်အိတ်လေးကို တစ်ဖက်၊ ကျွန်တော့် ကျောပိုးအိတ်ကို တစ်ဖက်လက်က ကိုင်လျက်နဲ့ ခပ်နွမ်းနွမ်းလေး ရပ်နေတယ်။ ဟူး . . . ဆိုပြီး လေပူတွေကို ပါးလေးဖောင်းအောင် မှုတ်ထုတ်ပြီး သူ ပြောနေတယ်။

"ငါ နင့်ကို လိုက်ရှာနေတာ"

"ငါ နင့်ကို လိုက်ရှာနေတာ"

ပြိုင်တူပြောမိသွားကြတော့ အသံထွက်အောင် နှစ်ဦးသား ခေါင်းဆော့ရယ်ဖြစ်ကြပါတယ်။

"နင် နတ်တောင်ပေါ်က စီးလာတဲ့ရေကို သောက်နေတာလား"

"ဘာဖြစ်လို့လဲ။ ပုံပြင်ထဲက နတ်ရေကန်ထဲကလို ဒီရေကို သောက်လိုက်ရင် အသက်ပြန်ပြန်ငယ်သွားလို့လား"

သူက သွားဖြူလေးတွေပေါ်အောင် ရယ်တယ်။ ပြီးတော့ ငါသည်း မျက်နှာသစ်ဦးမယ်ဆိုပြီး စမ်းချောင်းကမ်းခြေဆီလာတယ်။ ခြေချော်ကျပြီး ယိုင်သွားတော့ 'အမေ့ . . .' လို့ သူ့နှုတ်က ယောင်အော်ပြီး သူ့လက်က ကျွန်တော့်ပခုံးကို လှမ်းဆွဲတယ်။



www.burmeseclassic.com

www.burmeseclassic.com

"အာ . . . ဟော့ . . . ဟော့ . . ."

"ဝုန်း . . ."

ဆိုတဲ့အသံနဲ့ ကျွန်တော်တို့နှစ်ယောက်လုံး ရေထဲကျသွားတယ်။ သူက အသံကျယ်ကြီးနဲ့ အော်ရယ်ပါတယ်။ ဆံပင်တွေရေတွေစိုပြီး စုတ်ချွန်းချွန်းဖြစ်သွားတဲ့ ကျွန်တော်ရဲ့ပုံကို လက်ညှိုးနဲ့ထိုးပြီးတော့လေ။

"ဟား . . . ဟား . . . ဟား . . . သွေးခန့်ရုပ်ကြီးက ကြည့်ပါဦး။ အဟား . . . ဟား . . ."

သူ ဒီလို အားရပါးရ ရယ်တာမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်။ ကျွန်တော်လည်း သူရယ်နေတဲ့ပုံကိုကြည့်ပြီး အူယားတာမို့ လက်ခုပ်နဲ့ ရေတွေခပ်ပြီး ပြန်ပက်တယ်။ သူကလည်း ပြန်ပက်တယ်။ ကျွန်တော်ကလည်း ပြန်ပက်တယ်။ သူကလည်း . . . ။ သူပက်တဲ့ရေရယ် ကျွန်တော်ပက်တဲ့ရေရယ် လေထဲမှာ တိုးတိုက်၊ ရေသီးရေမှုန်တွေအဖြစ် လွင့်မွှာ ကြည်လင်လို့။

ကျွန်တော်က သူ့ထက် ပိုညစ်ပတ်ပြီး ရေတွေကို ပါးစပ်နဲ့ ငုံပြီး သူ့ဆီမှုတ်ထုတ်တယ်။

"အယ် . . . အယ် . . . မိုက်ရိုင်းလိုက်တာ။ တွေ့မယ် . . . တွေ့မယ် . . ."

ဆိုပြီး သူလည်း ရေကို ပါးစပ်နဲ့ငုံပြီး ကျွန်တော့်ဆီ ပြန်မှုတ်ထုတ်တယ်။ သူ ရေမှုတ်တဲ့ပုံက ဝေလငါးလုလုလေးတစ်ကောင်ကိုပဲ။

သူနဲ့ ကျွန်တော် ပျော်ခဲ့ကြတယ်။ တကယ့်ကို ပျော်ခဲ့ကြတယ်။

ကျွန်တော်တို့ရဲ့ ကိုယ်စီရင်ထဲမှာ ဘယ်တော့မှ မပျောက်ပျက်နိုင်တော့သလို။ ပျောက်ပျက်ရင်တောင် အထပ်ထပ်ပြန်ထင်လာမဲ့ ပျော်ရွှင်ခြင်းမျိုးနဲ့ကို ပျော်ခဲ့ကြတယ်။

"ဒါနဲ့ ဟိုမိန်းမကြီးက နင့်ကို ဒီလိုပဲ အလွယ်တကူ လွှတ်ပေးလိုက်တာလား"



"အင်း . . . နင်မှ သူ့လက်ထဲမှာ မရှိတော့တာ။ ငါ့ကိုဖမ်းပြီး ဘာလုပ်မှာလဲ။ သူ တကယ်လိုချင်တာက နင့်ကိုပဲလေ။ မောင်လေးကို လိုချင်တာလေ။ ဟက် . . . ဟက် . . ."

သူ့စကားကြောင့် ဟိုမိန်းမကြီးရဲ့ ကျွန်တော့်ကို 'မောင်လေး' လို့ ခေါ်တဲ့အသံကို ပြန်ကြားယောင်ပြီး ကြက်သီးမွေးညင်းထမိသေး။

"သွေးခန့်"

သူ ရုတ်တရက် မျက်မှောင်ကုတ်ပြီး ကျွန်တော့်နာမည်ခေါ်တယ်။ ပြီးတော့ သူ့နှာခေါင်းက အနံ့တစ်ခုခုရသလို တရှုံ့ရှုံ့ လုပ်နေတယ်။ ရေထဲမှာ တစ်ခုခုကို လိုက်ရှာနေသလိုမျိုး မျက်လုံးလည်း ကစားနေတယ်။

သူ မကြာခင်မှာပဲ သူရှာနေတဲ့ အရာကို တွေ့တယ်။ ရေစီးလှိုင်းမှာ တလှုပ်လှုပ်မျောနေတဲ့ ရေမွှေးပုလင်းတစ်လုံး။ သူ အမြန်ကောက်ယူလိုက်ပြီး . . .

"ဒီရေမွှေးကို နင်သိလား"

ကျွန်တော် ခေါင်းယမ်းပြလိုက်တယ်။

"ဒါဟို မိန်းမကြီးသုံးတဲ့ ရေမွှေးလေဟာ"

"ဟုတ်လား"

သူပြောတဲ့ ဟိုမိန်းမကြီးဆိုတာ ကျွန်တော့်ကို မောင်လေးလို့ ပွစိချွဲချွဲခေါ်တတ်တဲ့ blind - game ထဲက မိန်းမကြီးပေါ့။

ရေမွှေးပုလင်းကို အနီးကပ်တော့ရှုကြည့်တော့ မှတ်မိသွားတယ်။ ဟို မိန်းမကြီးရဲ့ ကိုယ်က တစ်ချက်တစ်ချက် ရှူးနေအောင် ရတတ်တဲ့ အနံ့ပဲ။

"သူတို့ ဒီချောင်းရဲ့ ရေညှာဘက်မှာ ရောက်နေတာဖြစ်မယ်။ ဒါကြောင့် သူတို့ပစ္စည်းတွေ မျောလာတာဖြစ်မယ်။ ငါတို့ ဒီနေရာက ခွာရင်ကောင်းမယ်"

"အင်း . . ."



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ကမ်းပေါ်ပြန်တက်ကြတယ်။ ဝတ်ထားလျက်အတိုင်းနဲ့ပဲ အဝတ်အစားတွေကို ရတတ်သလောက် ရေညှစ်၊ အထုတ်တွေကို သယ်ပိုးကြတယ်။ ဒီလို ပြင်ဆင်နေတုန်းပဲ ချောင်းရိုးအတိုင်း အပြင်းနှင်လာတဲ့ လှူတစ်စုကို လှမ်းတွေ့လိုက်ရတယ်။ ရှေ့ဆုံးက ပြောင်ပြောင်လက်လက်နဲ့ ကွကွ ကွကွပြေးနေတဲ့ မိန်းကြီးက ကျွန်တော် ကမ္ဘာပေါ်မှာ ကျောအတွန့်ဆုံး မိန်းမကြီးပေါ့။

"သူတို့ လာကြပြီ"

"အင်း . . . သွားစို့ . . ."

ကျွန်တော်တို့ ပြေးသွားတာကိုလည်း သူတို့မြင်လိုက်တာကြောင့် ထင်တယ်။ ညာသံပေးသလို . . .

မိနစ် (၃၀) လောက် ပြေးခဲ့ပြီးတဲ့အထိတောင် မျက်ခြည်မပြတ်နိုင်ဘဲ ပိုနီးလာတယ်။ ဒီအတိုင်းဆို မကြာခင် သူတို့ ဖမ်းမိတော့မယ်။

နောက်ထပ် (၅) မိနစ်လောက် ထပ်ပြေးပြီးချိန်မှာတော့ ချောက်ကမ်းပါးတစ်ခုဆီ ရောက်ခဲ့တယ်။ ရှေ့ကို နောက်တစ်လှမ်း ထပ်လှမ်းတာနဲ့ မိုင်ပေါင်းများစွာ စုတ်ပြတ်ကျွံကျသွားမယ့် ချောက်နက်တစ်ခုလို့တော့ မထင်ပါနဲ့။

ခပ်ပြေပြေနိမ့်ဆင်းနေတဲ့ ကမ်းပါးတစ်ခုရယ်ပါ။ ဒီကမ်းပါးပေါ်ကနေ မြို့ရှခင်းကိုလည်း လှမ်းတွေ့ရတယ်။ အခုထိ မြို့ထဲမသွားဖူးသေးတဲ့ ကျွန်တော်ဟာ မြို့ရှုခင်းကို ခဏငေးနေမိတယ်။ ဒီပုံအတိုင်းဆို ကျွန်တော်တို့ မြို့ထဲ ဦးလှည့်ရတော့မယ်။

"ငါတို့ မြို့ထဲဝင်ရတော့မယ်။ အင်း . . . ဒါပေမဲ့ ဒီအတိုင်းဆက်ပြေးနေလို့ကတော့ မြို့ထဲမရောက်ခင် ဟိုမိန်းမကြီးတို့အဖွဲ့ ဖမ်းမိမှာပဲ"

သူ့စကားနားထောင်ရင်းနဲ့ နောက်လှည့်ကြည့်လိုက်တော့ ဟိုမိန်းမကြီးတို့အဖွဲ့ကို မှုန်ရီပျပျ လှမ်းတွေ့ရတယ်။



"ဒီတော့ ငါတို့ ဟိုရပ်ကွက်ထဲ ဝင်နိုမှဖြစ်တော့မယ်"

သူညွှန်ပြတဲ့ ဟိုရပ်ကွက်ဆိုတဲ့ နေရာကိုကြည့်တော့ အိမ်ခြေသုံးလေးဆယ်လောက်စုနေတဲ့ နေရာတစ်ခုကို တွေ့တယ်။ အဲ့ဒီရပ်ကွက်က မြို့ပြင်မှာလို့ ပြောလို့ရတယ်။ အဲ့ဒီရပ်ကွက်အလွန်ကို ကြည့်လိုက်ရင် မြစ်ကျဉ်းတစ်ခု။ အဲ့ဒီမြစ်ကျဉ်းအလွန်ကိုကြည့်တော့ တောတန်းငယ်တစ်ခု။ ပြီးမှ အိမ်ခြေအမြောက်အများရှိနေတဲ့ မြို့ဧရိယာပီပီသသကို တွေ့ရတယ်။

သူက စောစောက သူညွှန်ပြတဲ့ရပ်ကွက်ကို ကြည့်ရင်းပဲ သက်ပြင်းတစ်ချက်မှုတ်ထုတ်ပြီး 'ဒါပေမဲ့ . . . .' လို့ ရေရွတ်တယ်။

"ဘာလဲ . . . အဲ့ဒီရပ်ကွက်ထဲဝင်ဖို့ ပြဿနာရှိလို့လား"

"အင်း . . . ရှိတယ်"

"ဘာလို့လဲ"

"အဲ့ဒီရပ်ကွက်က ပြဿနာရပ်ကွက်မို့လို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

## (13)

## ပြဿနာရပ်ကွက်

'မှ ကြိုဆိုပါ၏' ကိုတော့ အောက်က မီးသွေးခဲနဲ့ ရေးထားတယ်။ တစ်ယောက်ယောက် လက်ဆော့ထားတာဖြစ်မယ်။

"ဒီရပ်ကွက်ကလူတွေက လူစိမ်းဝင်လာရင် ပြဿနာတစ်ခုခု အမြဲလုပ်တယ်။ ဒါမှမဟုတ် သူတို့မှာရှိတဲ့ ပြဿနာတွေကို ဝင်ဖြေရှင်းခိုင်းတယ်။ ဒီလိုမှ မဖြေရှင်းရင် ဒီရပ်ကွက်ထဲကထွက်ဖို့ သိပ်မမျှော်လင့်နဲ့တော့။ သူတို့က ကြံဖန်ပြီး ဒီရပ်ကွက်ထဲက မထွက်နိုင်အောင် ကြံစည်ကြလိမ့်မယ်။ ဒါ ဒီရပ်ကွက်ရဲ့ ဟိုးအရင်ရှေးကတည်းက ရှိခဲ့တဲ့ ထုံးတမ်းအစဉ်အလာ စည်းကမ်းတွေပဲ"

"ဘယ်လိုလူတွေပါလိမ့်။ လူထူးလူဆန်းလို့ ပြောရမလား၊ လူ့ငွစာလို့ ပြောရမလား"

"နှစ်မျိုးစလုံး ရောပြီး ပြောသင့်တယ်။ သူတို့နေတာတောင် ကြည့်ပါလား၊ မြို့ထဲမှာမနေဘူး။ မြို့ပြင်မှာ ရပ်ကွက်တည်ထားတာ"



ဘာပဲပြောပြော၊ ဟိုမိန်းမကြီးလက်ထဲ ရောက်မဲ့အစား၊ ဒီရပ်ကွက်ထဲ ဝင်စွန့်စားကြည့်ရတာ ပိုကောင်းမယ်ထင်တယ်"

"အင်း . . . ငါလည်း အဲ့ဒီလိုပဲထင်တယ်"

သဘောတူ အပြောတူပြီးနောက်မှာတော့ ကျွန်တော်တို့ ခြေလှမ်းတူစွာနဲ့ ဒီရပ်ကွက်ထဲ ဝင်ခဲ့ကြပေါ့။

• • •

ရပ်ကွက်ထဲရောက်တာနဲ့ ရပ်ကွက်သူ၊ ရပ်ကွက်သားတွေက အမျိုးမျိုးအထွေထွေသော အကြည့်တွေနဲ့ ကြည့်ကြတယ်။ ကျွန်တော်တို့ကလည်း ပထမ ဘာသိဘာသာနေဖို့ ကြိုးစားပေမဲ့ အဆင်သိပ်မပြေလုတာကြောင့် အူကြောင်ကြောင် ပြန်ပြုံးပြနေရတယ်။ ခြေလှမ်းတွေလည်း တွန့်တွန့်ဆုတ်ဆုတ်။

"လူစိမ်းတွေ ဝင်လာပြီဟေ့"

"ဧည့်သည်နှစ်ယောက် ရောက်လာတယ်ဟေ့"

"ဧည့်သည်တွေ မလာတာကြာလို့တောင် ပျင်းနေတာ။ အခုတော့ အတော်ပဲဟေ့"

သူတို့လူအုပ်က ကျွန်တော်တို့ကို အတင်းတွန်းပြီး အနီးဆုံး လက်ဖက်ရည်ဆိုင်ထဲ ဝင်စေတယ်။ ခြေထောက်တွေက အလိုလို ဆိုင်ထဲ လှမ်းမိသွားကြတယ်။

"လာကြ . . . လာ . . . လာ . . . ဒီဆိုင်ထဲ ဝင်နိုင်းခဲ့"

"ဟုတ်ပြီ . . . လာ . . . ဒီခုံမှာထိုင်"

သူတို့ ညွှန်ပြတဲ့စားပွဲမှာပဲ ခပ်ကြောင်ကြောင် အနေအထားနဲ့ ဝင်ထိုင်လိုက်တယ်။ ကျွန်တော်နဲ့ ယုအိ အကြည့်ဆုံမိကြတယ်။ ပြီး၊ ထူးပြီ။

"ကဲ . . . ဒီလူတွေကို ဘာပြဿနာ ရှင်းနိုင်းမလဲဟေ့"



www.burmeseclassic.com

www.burmeseclassic.com

"ညိုပုရဲ့ပြဿနာ ရှင်းနိုင်းမယ်ကွာ"

"ရပ်ကွက်လူကြီးရဲ့ ပြဿနာလည်း ရှင်းနိုင်းမယ်ဟေ့"

". . . . ."

အသံတွေက သွပ်ခေါင်းမိုးတွေ ဆန့်ပြနေတဲ့အတိုင်းပဲ ဆူညံလို့။ နားပိတ်ထားတာပဲဖြစ်ဖြစ်၊ ထပြေးပစ်တာဖြစ်ဖြစ် လုပ်ချင်လာတယ်။

ဒီအချိန်ပဲ ဒီဆိုင်ရဲ့ ပိုင်ရှင်ဖြစ်တဲ့လူက ကျွန်တော့်တို့ဝိုင်းထဲ ဝင်ထိုင်လာပြီး . . .

"မင်းတို့ ဒီရပ်ကွက်ရဲ့ စည်းကမ်းတွေ၊ အစဉ်အလာတွေကို မသိဘူးထင်တယ်။ မြို့ပြင်တောထဲကနေ မျက်စိလည်ပြီးမှ ဒီရပ်ကွက်ထဲ ရောက်လာတာမို့လား"

"မဟုတ်ပါဘူး . . . ကျွန်မက ဒီမြို့သူပါပဲ။ သူကတော့ ခရီးသွားတစ်ယောက်ပါ။ ဒီရပ်ကွက်ရဲ့ စည်းကမ်းတွေကိုလည်း သိပါတယ်"

"သိသိလျက်နဲ့ ဝင်လာတယ်"

"ဟုတ်ပါတယ် . . . ရွေးစရာလမ်းမရှိလို့ ဝင်လာတာပါ"

"ဒါဆို ငါတို့မှာရှိနေတဲ့ ပြဿနာတွေကို ရှင်းလင်းပေးနိုင်မယ်ပေါ့"

"ဒါတော့ ကြိုးစားကြည့်ရမှာပေါ့"

ဆိုင်ရှင်လူကြီးက မေးပြီး ယုအိက ဖြေနေတယ်။ ကျွန်တော် နှုတ်ဆိတ်လျက် ဝန်းကျင်ကို အကဲခတ်ရင်း သူတို့စကားကို နားထောင်နေတယ်။

ဆိုင်ရှင်က လူထုဘက်လှည့်ပြီး . . .

"ကဲ . . . ငါတို့ သူတို့ကို ကိုညိုပုရဲ့ပြဿနာကို ရှင်းနိုင်းဖို့ ညိုပုဆီသွားကြစို့"

မီးစင်ကြည့်က,တာပေါ့ဆိုတဲ့ မထူးဇာတ်စိတ်နဲ့ သူတို့နဲ့ လိုက်ခဲ့တယ်။ ရပ်ကွက်တစ်ဝက်လောက်နီးနီးလူတွေ လိုက်ပါလာကြတယ်။ ညိုပုအိမ်ရှေ့ရောက်တော့ . . .

"ညိုပု . . . ညိုပု . . ."



သံပြိုင်အော်ကြတယ်။ ညိုပုအမေက တံခါးဖွင့်ပေးတော့ အိမ်ထဲကို ဆန့်သလောက်ဝင်ထိုင်ကြတယ်။

အိမ်ထဲရောက်တော့ ကြမ်းပြင်ပေါ်က အိပ်ရာမှာ ညိုပု လှဲနေတယ်။ ကျွန်တော်နဲ့ယုအိ သူ့ခေါင်းရင်းဘေး ဝင်ထိုင်တယ်။ လက်ဖက်ရည်ဆိုင်ရှင်က ညိုပုအမေနဲ့ ညိုပုကို ကျွန်တော်တို့နဲ့ မိတ်ဆက်ပေးတယ်။ ညိုပုပြဿနာကို ရှင်းနိုင်းဖို့ ကျွန်တော်တို့ကို အကြောင်းစုံ အရင်ရှင်းပြတယ်။

ညိုပုက ဖျားနေတာပါ။ ကိုယ်တွေတောင် တုန်ယင်နေသလိုပဲ။ ဒါပေမဲ့ စောင်လည်း မခြုံထားဘူး။ ဘာအင်္ကျီမှလည်း မဝတ်ထားဘူး။ ဒီအတိုင်း အပေါ်ပိုင်းတုံးလုံးကြီး။ အထူးအဆန်းပဲ။

"ဘာပြဿနာမျိုးလဲရှင့်"

ယုအိက မေးတယ်။

"သူဖျားနေတာလေ"

"အာ . . . ကျွန်မက ဆရာဝန်မှမဟုတ်တာ။ ဒီပြဿနာ ဘယ်လိုလုပ် ဖြေရှင်းပေးနိုင်မှာလဲ"

"သူ ဘာလို့ဖျားတာလဲသိရင်တော့ ဖြေရှင်းပေးနိုင်မှာပါ"

"ဒါဖြင့်လည်း ပြော"

"ညိုပု မင်းကိုယ်တိုင် ရှင်းပြလိုက်ကွာ။ မင်းကိစ္စက မင်းကိုယ်တိုင်ရှင်းပြမှ ခံစားချက်ပါမှာ"

ညိုပုပုံသဏ္ဌာန်က သိပ်မပုပါဘူး။ ခပ်ရှည်ရှည်ပဲ။ ဒါပေမဲ့ ညိုရုံတင်မကဘူး။ မည်းနေတယ်။ ကျွန်တော့်ကောင်ကြီး ဒိန်ကြီးထက်တောင် ဆံချည်နှစ်မျှင် သုံးမျှင်စာလောက် ပိုမည်းမယ်။

လက်ဖက်ရည်ဆိုင်ရှင်က ဒီလိုပြောတော့ ညိုပုက မျက်နှာငယ်ငယ်နဲ့ ဒီလိုရှင်းပြတယ်။ ရှင်းမပြခင် သူ့ကိုယ်သူ ဗမာလူမျိုးစစ်စစ်ဖြစ်ကြောင်း မြန်မာလို ပီပီသသ သုံးကြိမ်ပြောသေးတယ်။ ပြီးမှ . . .

"ကျွန်တော်က အသားမည်းတယ်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဒါကြောင့် ကျွန်တော့်မှာ ဒုက္ခရောက်ရတယ်"

"ဘယ်လို ဒုက္ခရောက်ရတာလဲ"

"ကျွန်တော် အသားမည်းတာကို လှောင်ကြတာပေါ့ဗျာ။ သူများတွေက လေလည်လို့ 'ဘူ . . .' တို့၊ 'ဘွတ် . . .' တို့ အသံထွက်ပေမဲ့ မင်းက 'ဘလက် . . .' (black) လို့ ထွက်တဲ့ကောင်တဲ့။ အဲဒီလိုစကြတာ"

"အို . . . ကြဲကြဲဖန်ဖန်ရှင်"

"အရက်သောက်ရင်တောင် 'ဖြူ' ဆိုတဲ့ စကားလုံးနဲ့ပတ်သက်ရင် ဝိုင်းလှောင်ကြလို့ အရက်ဖြူမသောက်ရဘူး။ အမည်းရောင်စာလုံးပါတဲ့ (black label) သောက်တဲ့။ အဲ့ဒါမှ မင်းနဲ့အသွင်တူမှာဆိုပြီး ဝိုင်းလှောင်ကြတာ"

"အဲ့ဒါကြီးကျတော့ လွန်တာပေါ့"

"လွန်မလွန်တော့ မသိဘူး။ အရက်သောက်ရင်းနဲ့ အမြည်းစားချင်ရင်တောင် ဆိတ်သားခြောက်လေး မစားရဘူး။ မင်းကလည်း အခဲကြော်စားစမ်းပါတဲ့။ မင်းနဲ့ အရောင်တူတာပဲစားတဲ့"

"စတာဆိုပေမဲ့ ဒီလောက်ကျတော့ ဘယ်ကောင်းမလဲ"

ညိုပုပြောရင်း (mode)ဝင်လာတာမို့ မျက်ရည်တွေ လည်တက်ရှိုက်သံတွေ အက်ထွက်လာတယ်။ ကျွန်တော် မြန်မာလူမျိုးပါလို့ နောက်တစ်ခါပြောပြီးမှ . . .

"အဆိုးဆုံးကတော့ အင်္ကျီဝတ်တာနဲ့ ပတ်သက်ပြီးတော့ပဲ"

"ဘာပြောကြပြန်တာလဲ"

"ကျွန်တော် အင်္ကျီအဖြူရောင်ဝတ်ရင် 'အိမ်မြှောင်ချေး' ဒီဇိုင်းမျိုး မင်းမို့ ထွင်ဝတ်တတ်တယ်တဲ့။ တချို့ကလည်း ကြီးကန်းဘဲဥစွန်နေတဲ့ ဒီဇိုင်းတဲ့"

"ဩော် . . . ပြောရက်လိုက်ကြတာ"

"ကျွန်တော် အနီရောင်ဝတ်ရင် 'အသားမည်း၊ အရဲဆင်' လို့တဲ့။ 'အသားမည်း ပတ္တမြားခဲပါကွ'လို့ ကျွန်တော်က စကားရှိတတ်သလောက်



နဲ့ ပြန်ပြောတော့လည်း မင်း ပတ္တမြားကတော့ ချေးခြောက်လူးခံထားရတာပါတဲ့"

"ကျွတ် . . . ကျွတ် . . ."

"ကျွန်တော် အမည်းရောင်ဝတ်ရင်ကျတော့ အသားအရည်နဲ့ ဒီလောက်တစ်ထပ်တည်းကျနေတဲ့ဟာ ဝတ်မနေစမ်းပါနဲ့ကွာတဲ့။ မြောင်းပုတ်ထဲ ကားတာယာကွင်းကြီးနစ်နေတဲ့ စတိုင်လ်နဲ့တဲ့"

"ရှာတတ်လိုက်ကြတာ စကားလုံးတွေကလည်း"

"ကျွန်တော် အဝါရောင်ဝတ်ရင် ငန်းတော်ကျားကြီး လမ်းလျှောက်လာတယ်ဟောလို့ အော်ကြပြန်တယ်"

"ဟင် . . . ရှင်ကလည်း သူတို့ပြောသမျှ အကုန်မှတ်မိနေတာပဲလား"

"မှတ်မိတာပေါ့ဗျာ . . . ရင်ထဲ စူးနေတဲ့ စကားလုံးတွေပဲတိုး"

"ဩော် . . . အင်းပေါ့ . . ."

"ကျွန်တော် အပြာရောင်ဝတ်တော့ကျတော့ အပြာရောင်ဆိုတာ ငြိမ်းချမ်းရေးကို ကိုယ်စားပြုတာတဲ့။ တစ်ကမ္ဘာလုံးချစ်တဲ့ ငြိမ်းချမ်းရေးကို မင်းရဲ့အမည်းရောင်ကြီး မစွန်းစေစမ်းနဲ့ကွာတဲ့။ အဲ့လိုကို နိုင်ငံတကာဆန်အောင် လှောင်ကြတာ"

"ဟုတ်ပါပြီ"

"ရှင်းရှင်းပြောရရင် သူတို့ဝိုင်းလှောင်တာနဲ့ ကျွန်တော် ဘာအရောင်မှ မဝတ်ရဲတော့ဘူး။ ဒါကြောင့် နောက်ပိုင်း ကျွန်တော် အင်္ကျီချွတ်ပြီးပဲ နေလိုက်တော့တယ်"

"အင်္ကျီချွတ်နေတော့ မလှောင်ကြတော့ဘူးပေါ့ ဟုတ်လား"

"လှောင်တာပါပဲ။ မဲရတဲ့ကြားထဲ လေသလပ်ခံနေသေးတယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com

ခွိခနဲ ရယ်သံထွက်သွားတဲ့ ကျွန်တော့်ကို ညိုပုက လှမ်းဂျိ ရှိုင်းသေးတယ်။ ကျွန်တော် မျက်နှာပိုး အမြန်သတ်လိုက်ရတယ်။ ရပ်ကွက်သူ ရပ်ကွက်သားတွေကလည်း ပြုံးစေ့စေ့နဲ့။

"နောက်ဆုံးတော့ ကျွန်တော်ပဲ ဒုက္ခရောက်တာပဲ။ အမြဲတမ်း အကျိုးချုတ်ထားတော့ အအေးပတ်တော့တာပေါ့။ ဒီတော့ ဖျားပြီး ဒီလို အိပ်ရာထဲ လဲတော့တာပေါ့။ ငီး . . . လူတွေ မကောင်းဘူး"

အော်ငိုလိုက်တာများ မျက်နှာမည်းမည်းကြီးကို ရှုံ့တွလို့။ သူ တကယ် Feel ဖြစ်နေရှာတာပါ။

"ကဲ . . . ဒီပြဿနာကို ဘယ်လိုရှင်းမလဲ"

ယုအိ မျက်မှောင်ကျုံ့တယ်။ ကျွန်တော့်ကို ကြည့်တယ်။ ဘယ်သူ့မှမကြည့်ဘဲ သူ့ဘာသာသူ ပြန်စဉ်းစားတယ်။

"ကောင်းပြီ . . . ဒီပြဿနာ ကျွန်မ ရှင်းပေးမယ်"

"တကယ်"

ယုအိ ခေါင်းညိတ်ပြတော့ ညိုပု ပျော်သွားရှာပြီး မျက်နှာလေး ဖြီးသွားတယ်။ ဒီတော့မှ ကျွန်တော် တွေ့လိုက်ရတယ်။ သွားတွေက တော့ ဖြူသား။

အဲ့ဒီအချိန်ပဲ . . .

"ရပ်ကွက်လူကြီး လာတယ်ဟေ့"

လူတွေရှဲပြီး လမ်းဖယ်ပေးကြတယ်။ ရပ်ကွက်လူကြီးကလည်း မာဖလာအမည်းရောင်ကြီး လည်ပင်းပတ်ပြီး ဝင်လာတယ်။ အနားရောက်မှ ညိုပုမြင်ရင် စိတ်ထိခိုက်ပြန်မှာကို သတိရလို့ထင်တယ်။ 'အမည်းရောင်' မာဖလာကြီးကို ချွတ်ပြီး ဝှက်ထားလိုက်တယ်။

"ညိုပု . . . သက်သာလား"

ညိုပု ခေါင်းယမ်းပြတယ်။

ညိုပုကို လူနာသတင်း နည်းနည်းမေးပြီး ရပ်ကွက်လူကြီးက ကျွန်တော်တို့ဘက် လှည့်တယ်။



"ရပ်ကွက်ထဲ လူစိမ်းဝင်တယ်ဆို"

"ဟုတ်ကဲ့ . . . သူတို့ပါပဲ"

ရပ်ကွက်လူထုက ကျွန်တော်တို့ကိုညွှန်ပြပြီး ပြောတယ်။

"အခု ညိုပုပြဿနာကို ဘယ်သူဖြေရှင်းမှာတဲ့လဲ"

"ဟိုကောင်မလေးက ဖြေရှင်းမှာတဲ့"

"ဒါဆို ငါ့ပြဿနာကို ကျွန်တဲ့တစ်ယောက် ဖြေရှင်းပေးရမှာပေါ့။ ကဲ . . . မင်း ငါနဲ့လိုက်ခဲ့"

"ကျွန်တော် . . . "

ရပ်ကွက်လူကြီးက ကျွန်တော့်ကိုခေါ်တယ်။ ကျွန်တော် ယုအိကို ကြည့်လိုက်တယ်။ ယုအိက လိုက်သွား . . . လိုက်သွား . . . လို့ တိုးတိုးပြောတယ်။ ပြဿနာကို ကောင်းကောင်းရှင်းခဲ့ . . . တဲ့။

• • •

ရပ်ကွက်လူကြီးရဲ့ ပြဿနာက သတို့သားပြဿနာပါ။ ရပ်ကွက်လူကြီးကတော့ ယောက်ျားကြီးဆိုတော့ သတို့သားမလိုဘူးပေါ့။ သူ့သမီးကတော့ မိန်းမဆိုတော့ သတို့သားလိုတယ်ပေါ့။ သူ့သမီးရဲ့ ပြဿနာပါ။

သတို့သားက သုံးယောက်ဖြစ်နေတယ်။ ဆိုလိုတာက ရပ်ကွက်လူကြီးရဲ့သမီးကို လူသုံးယောက်က တင်တောင်းထားတယ်။ ထိမ်းမြားဖို့ကို ကမ်းလှမ်းထားတယ်။ သုံးယောက်စလုံးက ရုပ်ရည်အင်္ဂါ၊ စိတ်နေစိတ်ထား၊ စီးပွားရေး မဆိုးဘူးတဲ့။

တစ်ယောက်နဲ့တစ်ယောက် ကွာဟချက် ကျဉ်းမြောင်းနေပါတယ်တဲ့။ ဒါကြောင့် ရပ်ကွက်လူကြီးရဲ့သမီးက ရွေးရခက်နေတာတဲ့။ သူတို့နာမည်ကိုလည်း ရပ်ကွက်လူကြီးက မိတ်ဆက်ပေးတယ်။ မောင်လွင်တဲ့၊ မောင်ဟိန်းတဲ့။ မောင်ကြယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com

“ဒါ . . . ငါ့သမီးကို လက်ဆက်ချင်နေတဲ့ သတို့သား သုံးယောက်ပဲ”

အဲ့ဒီသုံးယောက်ကို ကျွန်တော် တစ်ယောက်ချင်းစီ အနီးကပ်လိုက်ကြည့်တယ်။ ဝက်ခြံအလုံးအရေအတွက် မတူတာကလွဲရင် အားလုံး ရုပ်ရည်က သိပ်မကွာပါဘူး။ ညိုပုထက်တော့ သာကြတာချည်းပဲ၊

“မင်း . . . ဖြေရှင်းပေးရမှာက ဒီသုံးယောက်ထဲက ငါ့သမီးနဲ့ ကိုက်ညီမဲ့ သတို့သားကို ရွေးပေးရမှာပဲ”

လက်ညှိုးနဲ့ မေးစေ့ကိုကုတ်ပြီး စဉ်းစားနေလိုက်တယ်။ အကြံတော့ရတယ်။ ဒါပေမဲ့ သတို့သမီးကို နည်းနည်းအင်တာဗျူးရဦးမယ်။

“ဒီသုံးယောက်ကို အခန်းအပြင် ခပ်ဝေးဝေး ခဏသွားခိုင်းလိုက်ပါ . . . ရပ်ကွက်လူကြီး”

ကျွန်တော်က အကြံတစ်ခုရှိသလို ပြောတာမို့ ရပ်ကွက်လူကြီးကလည်း လိုက်နာတယ်။

“ကဲ . . . ကြားတဲ့အတိုင်းပဲ။ မင်းတို့ အပြင် ခဏထွက်ကြ။ ဟိုး . . . အိမ်သာနား သွားနေကြ”

သတို့သမီးကလည်း နည်းနည်းမဆိုးဘူး။ ‘ဝတ်မှုံရွှေရည်’ နဲ့ နည်းနည်းဆင်တယ်။ မျက်နှာပိုင်းမပါဘူး။ မျက်နှာပိုင်းက ‘ကဗျာဆရာမ အမွှန်မွှန်း’ ဆိုတာနဲ့တူတယ်။ အဲ့ဒီကဗျာဆရာမကို မမြင်ဖူးရင် ပေါက်စီတစ်လုံးကို မျက်လုံးတွေ၊ ပါးစပ်တွေ တပ်ပြီးကြည့်လိုက်၊ အဲ့ဒီပုံပဲ။ သတို့သမီးက အဲ့ဒီပုံပဲ။

“ကြာပါတယ် . . . ဦးလေးရာ၊ ဦးလေးလည်း အိမ်သာနား သွားနေဦး”

“ဘာကွ . . . ”

“ကျွန်တော် သတို့သမီးကို လွတ်လွတ်လပ်လပ် မေးချင်တာရှိလို့”



မာဖလာကြီးကို ဗုစ်ခနဲ ယမ်းလို့ သိပ်မကြည်တဲ့ဟန်ပြပြီး ရပ်ကွက်လူကြီး ထွက်သွားတယ်။ အိမ်သာနားတော့ မဟုတ်ဘူး။ နောက်ထဲဝင်သွားတာကြောင့် မီးဖိုချောင်ထဲလည်း ဖြစ်ရင်ဖြစ်မယ်။

ဒီတော့မှ အင်တာဗျူးတကယ်စတယ်။

“ခင်ဗျား သူတို့သုံးယောက်ထဲက ဘယ်သူ့ကို သဘောအတွေ့ဆုံးလဲ”

“သုံးယောက်လုံးပဲ”

“အာ . . . ”

ကျွန်တော် နားထင်မွေး ထောင်သွားတယ်။

“ခင်ဗျားကလည်း အဲ့လောက်ကြီးတော့ . . . သုံးယောက်ကြီးဆောင် . . . ”

“သုံးယောက်လုံးယူမယ်လို့ မပြောပါဘူး။ သုံးယောက်က ကျွန်မအတွက် အခုလောလောဆယ်တော့ ငြင်းစရာမရှိပါဘူး။ သုံးယောက်လုံး ရွေးချယ်လို့ အဆင်ပြေတယ်လို့ ပြောတာပါ။ မောင်ဟိန်းကလည်း ကျန်းမာကြံ့ခိုင်ပြီး အားကိုးချင်စရာကြီး။ မောင်လွင်ကလည်း ဖြူဖြူနုနုနဲ့ ရင်ခုန်စရာပဲ။ မောင်ကြယ်ကလည်း မလှုပ်တလှုပ်နဲ့ ပြုံးဖြီးဖြီးလေးဆိုတော့ အသည်းယားစရာကောင်းတာပဲ။ အင်း . . . တစ်ယောက်တစ်မျိုး ဆွဲဆောင်မှုရှိနေကြတယ်”

လိုချင်တဲ့အချက်အလက် မရတာကြောင့် မေးခွန်းလှည့်မေးရတယ်။

“စိတ်ကူးထဲက ခင်ဗျားအိမ်ထောင်ဘက်ကကော၊ ဘယ်လိုမျိုးလဲ”

“အင်း . . . ကျွန်မစိတ်ကူးထဲက အိမ်ထောင်ဘက်ပုံစံကို ပြောရမယ်ဆိုရင်တော့ ကျွန်မကို တကယ်ချစ်ရမယ်။ နှစ်ပေါင်းများစွာ ကြာတဲ့အထိ မငြီးမငွေ့ သစ္စာရှိရှိ ကြင်ကြင်နာနာရှိနေမဲ့ လူမျိုးပေါ့”

“အိုကေ”



www.burmeseclassic.com

www.burmeseclassic.com

အခုမှ လိုချင်တဲ့အပိုင်း ရောက်တော့တယ်။

"ခင်ဗျားကို နှစ်နှစ်ကာ့ကာနဲ့ မငြီးမငွေ့ ချစ်သွားမဲ့သူကို ကျွန်တော် ရွေးပေးမယ်"

"တကယ်လား . . . ဘယ်လိုရွေးမှာလဲ"

"စောင့်ကြည့်ပေါ့"

• • •

ကျွန်တော် ဒီပြဿနာကို ဖြေရှင်းနိုင်မဲ့ ကျွန်တော့်အစီအစဉ်ကို စတင်ဖို့အတွက် ရပ်ကွက်လူကြီးနဲ့ သတို့သားသုံးယောက်ကို ခေါ်လိုက်ပါတယ်။ ရပ်ကွက်လူကြီးမှာ သားတစ်ယောက်လည်း ရှိသေးတယ်။ သတို့သမီးလုပ်မဲ့သူရဲ့ အောက်က အငယ်ပေါ့။ မောင်လေးပေါ့။ သူ့ကိုလည်း ခေါ်လိုက်တယ်။

ပြီးတော့ ဒီလိုအစီအစဉ်အတိုင်း လုပ်ရပါတယ်။

၁။ ချောင်းကြည့်ပေါက်တချို့ပါတဲ့ အခန်းတစ်ခန်းကို တောင်းလိုက်တယ်။

၂။ အဲ့ဒီအခန်းထဲမှာ သတို့သမီးကို မျက်လုံးတွေ အဝတ်အနက်ရောင်နဲ့စည်းပြီး (Blind fold) အနေအထားနဲ့ ထားလိုက်တယ်။

၃။ ချောင်းကြည့်ပေါက်တွေပါတဲ့ အခန်းနဲ့ မျက်နှာချင်းဆိုင်ကအခန်းကိုလည်း တောင်းလိုက်တယ်။

၄။ အဲဒီအခန်းထဲမှာ သတို့သားသုံးယောက်ကို ထည့်ထားလိုက်တယ်။

၅။ ဘောလ်ပင်နဲ့ စာရွက်တောင်းပြီး ကျွန်တော် တစ်စုံတစ်ရာကို ရေးလိုက်တယ်။

၆။ ပြီးတော့ အဲ့ဒီစာရွက်ကို ရပ်ကွက်လူကြီးနဲ့ သူ့သားကို ပေးလိုက်တယ်။



ဒီလိုလုပ်ငန်းစဉ်တွေ ပြီးတော့မှ သတို့သမီးအခန်းထဲ ဝင်သွားပြီး . . .

"ခဏနေရင် သတို့သားတွေ တစ်ယောက်ပြီးတစ်ယောက် ဝင်လာလိမ့်မယ်"

"ဝင်လာပြီး ဘာလုပ်မှာလဲ"

"မလန့်ပါနဲ့။ သူတို့က ခင်ဗျားကို ကြည့်ရုံကြည့်မှာပါ။ ခင်ဗျားအသားကို ထိလို့မရဘူး။ အပြင်ကနေလည်း ကျွန်တော်တို့ တိတ်တဆိတ် စောင့်ကြည့်နေမှာပါ။ ခင်ဗျားလုပ်ပေးရမဲ့အလုပ်က ဒီလို မျက်လုံးစည်းထားတဲ့အတိုင်း မတ်တတ်ရပ်နေရုံပါပဲ"

သူမ နားမလည်သလို ဖြစ်သေးပေမဲ့ ခေါင်းညိတ်ပြတယ်။

နောက် သတို့သမီးအခန်းထဲက ထွက်ပြီး သတို့သားတွေအခန်းကို သွားရတယ်။ သူတို့ကိုလည်း မှာစရာရှိတာ မှာရတယ်။

"ဒီအခန်းရဲ့ ရှေ့တည့်တည့်က အခန်းထဲမှာ သတို့သမီးကို မျက်လုံးအဝတ်စည်းပြီး ထည့်ထားတယ်။ ခဏနေ ကျွန်တော် တံခါးလာခေါက်မယ်။ အဲ့ဒီအခါ ခင်ဗျားတို့ထဲက တစ်ယောက်က ဒီအခန်းထဲက ထွက်ပြီး သတို့သမီးရှိတဲ့ မျက်နှာချင်းဆိုင်အခန်းထဲ ဝင်သွားရမယ်"

"ဝင်ပြီး ဘာလုပ်ရမှာလဲ"

"ဘာမှမလုပ်ရဘူး။ အဲ့ဒါ အရေးကြီးတယ်။ အသားကိုတောင် မထိရဘူး။ ခင်ဗျားတို့အလုပ်က သတို့သမီးကို မျက်လုံးနဲ့ ကြည့်နေရုံပဲ"

"ဘယ်လိုကြည့်ရမှာလဲ၊ ဘာကိုကြည့်ရမှာလဲ"

"ကြည့်ချင်တဲ့နေရာ ကြည့်ဗျာ။ စိတ်ထဲရှိတဲ့အတိုင်း လွတ်လွတ်လပ်လပ်ကြည့်ဗျာ။ (၁၀) မိနစ်ကြာတဲ့အခါ အဲ့ဒီအခန်းကို ကျွန်တော် တံခါးလာခေါက်မယ်။ အဲ့ဒီအခါ ခင်ဗျားတို့က ပြန်ထွက်ပြီး ဒီအခန်းထဲ



www.burmeseclassic.com

www.burmeseclassic.com

ပြန်ဝင်နေရမယ်။ အဲ့ဒီပုံစံအတိုင်း ခင်ဗျားတို့သုံးယောက် တစ်ယောက် တစ်လှည့် လုပ်ပေးရမယ်"

သူတို့အချင်းချင်း နားမလည်သလို အကြည့်ချင်းဆုံကြတယ်။ ဒါပေမဲ့ လက်ခံကြပါတယ်။

"ရပါတယ်။ ကြည့်ရုံပဲကို လွယ်ပါတယ်"

"အင်း . . . ခင်ဗျားတို့ သဘောပေါက်ရင် ခဏနေ တံခါးလာ ခေါက်မယ်"

နောက် သတို့သားတွေအခန်းထဲက ထွက်ပြီး ရပ်ကွက်လူကြီး တို့ သားအဖဆီ သွားလိုက်တယ်။

"ဦးလေးတို့ သားအဖက သတို့သားဝင်သွားတာနဲ့ ကျွန်တော် ပေးထားတဲ့ စာရွက်ထဲက အမှတ်ပေးစည်းမျဉ်းအတိုင်း အမှတ်ပေးရုံပဲ။ ရှင်းလားမသိဘူး"

"ရှင်းတယ်"

"သဘောပေါက်တယ်"

"ပေါက်ရင် အစီအစဉ်စ,ဗျာ"

• • •

အစီအစဉ် စ,ပြီ။

"ခေါက် . . . ခေါက် . . . ခေါက် . . ."

သတို့သားတွေ အခန်းကို တံခါးခေါက်လိုက်တယ်။ ပထမဦး ဆုံး မောင်လွင် ထွက်လာတယ်။ မှာသွားတဲ့အတိုင်း သတို့သမီးအခန်း ထဲကို တန်းတန်းမတ်မတ် ဝင်သွားတယ်။

မောင်လွင်ဝင်သွားတာနဲ့ ကျွန်တော်က အချိန်စမှတ်လိုက် တယ်။ ရပ်ကွက်လူကြီးနဲ့ သူ့သားက ချောင်းကြည့်ပေါက်တွေဆီ သွား



ပြီး မျက်လုံးအပ်လိုက်ကြတယ်။ ဒီကနေစောင့်ကြည့်ပြီး သူတို့မောင်လွင် ကို အမှတ်ပေးကြလိမ့်မယ်။ ကျွန်တော်လည်း အခြားချောင်းကြည့်ပေါက် တစ်ခုကနေ မောင်လွင်ကို ကြည့်နေလိုက်တယ်။

## (မောင်လွင်)

အခန်းထဲဝင်လာပြီးတော့ မောင်လွင် သတို့သမီးရှေ့မှာ ရပ် တယ်။ သတို့သမီးမျက်နှာလေးကို ကြည့်တယ်။ တော်တော်ကြာသည် အထိ မျက်နှာလေးပဲ ကြည့်တယ်။ ဒါပေမဲ့ ငါးမိနစ်ကျော်ကျော်လောက် မှာတော့ မျက်လုံးတွေက သိပ်မရိုးတော့ဘူး။

သတို့သမီးကလည်း မျက်စိကို အုပ်ထားတာဆိုတော့ သူဘယ် နေရာကြည့်ကြည့် သတို့သမီးက မသိဘူးပေါ့။ သူ ဒီလို တွက်ပုံရတယ်။ ဒါကြောင့် မောင်လွင့်မျက်လုံးတွေ သိပ်မရိုးတော့ဘူး။ အောက်ကို လျှော ဆင်းလာတယ်။ တခြားနေရာတွေကိုလည်း ကြည့်လာတယ်။

မျက်လုံးက သာမန်ထက် ပိုဝင်းပြီး အရောင်ထွက်လာတယ်။ 'ဂလု' ခနဲ ဓလုတ်ကြီး ဖောင်းသွားတယ်။ (တံတွေးမျိုချလိုက်ဟန်ရှိ)။ ပြီးတော့ မျက်လုံး အထက်ပြန်တက်သွားတယ်။ မျက်နှာကိုကြည့်တယ်။ ပြီးတော့ အောက်ပြန်လျှောတယ်။ နောက်တော့ ဒီလို အစုန်အဆန်ကြည့် နေတော့တာပဲ။

ဆယ်မိနစ်ပြည့်တော့ အချိန်စေ့ပြီမို့ ကျွန်တော် တံခါးသွား ခေါက်လိုက်တယ်။ နောက်တစ်ယောက်အလှည့်။ ဒီတစ်ခါ မောင်ဟိန်း။

မောင်ဟိန်းဝင်သွားပြီးတာနဲ့ ခုနကလိုပဲ ကျွန်တော်က အချိန် စမှတ်။ ရပ်ကွက်လူကြီးနဲ့ သူ့သားက ချောင်းကြည့်ပေါက်တွေဆီ မျက် လုံးအပ်လိုက်ကြတာပေါ့။

www.burmeseclassic.com

## (မောင်ဟိန်း)

မောင်ဟိန်း သတို့သမီးရှေ့မှာ ရပ်လိုက်တယ်။ သတို့သမီး မျက်နှာကို ကြည့်တယ်။ နောက်တော့ သုံးမိနစ်မပြည့်ခင်ပဲ မျက်နှာကြည့်ရတာ အားမရတော့ဟန်နဲ့ မျက်လုံးတွေ အောက်ဘက်ဆီ လျှောဆင်းလာတယ်။ တခြားနေရာတွေကို စူးစူးစိုက်စိုက်ကြည့်လာတယ်။ အဲ့ဒီလိုကြည့်နေတုန်းပဲ 'ဟင်း . . . ဟင်း . . .' နဲ့ သက်ပြင်းကြီးကို ချချနေတယ်။

နောက်တော့ သက်ပြင်းချရုံ၊ ဒီလိုတစ်နေရာတည်းမှာ ရပ်ကြည့်နေရုံနဲ့ မတင်းတိမ်တော့ဘဲ သတို့သမီးအနောက်ဘက်ဆီတောင် လမ်းလျှောက်ပြီး လှည့်ပတ်ကြည့်ပါတယ်။ ပြီးတော့ လျှာကြီးကိုလည်း အပြားလိုက် သပ်သပ်နေတယ်။ သူ့အကြည့်ကြီးကလည်း မြင်ရသူကိုပင် မရိုးမရွဖြစ်စေနေတယ်။ မောင်ဟိန်းကတော့ တကာယ်မလွယ်ဘူး။

အချိန်စေ့လို့ တံခါးခေါက်တာတောင် မောင်ဟိန်းက သိပ်မထွက်ချင်ဘူး။ လည်ပြန်စောင်းစောင်းပြီး အဆစ်ကြည့်ကြည့်နေသေးတယ်။

မောင်ဟိန်းပြီးတော့ မောင်ကြွယ့်အလှည့်ပါ။

## (မောင်ကြွယ်)

မောင်ကြွယ်ကတော့ မျက်နှာသေလေးနဲ့။ ဝင်လာကတည်းက တုပ်တုပ်မလှုပ်ဘူး။ သတို့သမီးရှေ့မှာရပ်၊ သတို့သမီးမျက်နှာကိုပဲ တောင့်တောင့်ကြီး ငေးနေတော့တယ်။ ခေါင်းကလေး တိမ်းတယ်ပြုတယ်တောင် မရှိဘူး။ သတို့သမီးရဲ့ မျက်နှာလေး။

အထူးသဖြင့် သတို့သမီးရဲ့ အဝတ်စည်းထားတဲ့ မျက်လုံးနေရာ



လေးကိုပဲ ကြည့်နေတယ်။ မျက်လုံးထဲက မျက်ဆံအနက်ကလေးနဲ့တို ကြည့်နေတာ။ သတို့သမီးရဲ့ ရှိုက်ဖိုကြီးငယ် အသွယ်သွယ်တွေဆီကို မျက်လုံးက ရောက်မသွားဘူး။ မျက်လုံးလည်း ပိုဝင်းမလာဘူး။ မျက်နှာလေးဆီသာ မျက်တောင်အခတ်နည်းစွာ ငေးနေတယ်။ သွားရည်လည်း မကျဘူး၊ သက်ပြင်းလည်း မချဘူး၊ လျှာလည်း မသပ်ဘူး။

ဒီအတိုင်း ရိုးရှင်းရိုဝေစွာသာ ငေးမောနေတယ်။

ဒီအတိုင်းပဲ ဆယ်မိနစ်ပြည့်အောင် ငေးနေခဲ့ပါတယ်။ မပိုင်သေး၊ မဆိုင်သေးတဲ့အချိန်မှာ စောင့်ထိန်းသွားတဲ့ မောင်ကြွယ့်အကြည့်တွေက တကာယ့်ကို ချီးကျူးစရာပါပဲ။

• • •

"အခု မင်းတို့လုပ်ရမဲ့အလုပ်က အိမ်သာနား ပြန်နေဖို့ပဲ။ ခဏနေမှ ငါသမီးနဲ့ ထိုက်တန်တဲ့ကောင်ကို အောင်စရင်းထုတ်ပြန်ပေးမယ်။ အခုသွား . . . အိမ်သာနား"

သူ့သားမက်ဖြင့် မဖြစ်သေးဘူး၊ ရပ်ကွက်လူကြီးက ဟောက်လွှတ်နေတယ်။

ပြီးတော့ ရပ်ကွက်လူကြီးနဲ့ သူ့သားက သူတို့ပေးထားတဲ့အမှတ်တွေ ကွဲပြားမှုရှိမရှိ တိုက်ကြည့်ကြတယ်။ ပြီးတော့ ပေါင်းကြနှုတ်ကြနဲ့ ပျမ်းမျှရှာနေကြတယ်။

သတို့သမီးက ကျွန်တော့်ကို ကြည့်နေတယ်။ ကျွန်တော့် အစီအစဉ်နဲ့ပတ်သက်ပြီး ရှင်းပြစကားကို ကြားချင်နေပုံပဲ။

ကျွန်တော်ကလည်း ရှင်းပြမှာပါ။

"ရော့ . . . ဒီအမှတ်ပေးစည်းမျဉ်းကို အရင်ကြည့်လိုက်ဦး။ ပြီးမှ ကျွန်တော် သေချာရှင်းပြပါ့မယ်"

သူမက ကျွန်တော်ပေးတဲ့စာရွက် ယူကြည့်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## အမှတ်ပေးစည်းမျဉ်း

သတို့သားတစ်ဦးစီအတွက် ပေးထားသောအမှတ် = (15)မှတ်

အောက်ပါနေရာများကို ကြည့်ပါက အောက်ပါအတိုင်း အမှတ်လျှော့ခံရမည်။

| | | |
|---|---|---|
| နှုတ်ခမ်း | = | (၁) မှတ် |
| လည်ပင်း | = | (၂) မှတ် |
| ရင်ပိုင်း | = | (၄) မှတ် |
| ရင်အောက်ပိုင်းနှင့် ခါး၏အကြား | = | (၃) မှတ် |
| ခါးအောက်ပိုင်း | = | (၅) မှတ် |
| တစ်ပတ်ပတ်၍ နောက်မှပတ်ကြည့်လျှင် | = | (၁၀) မှတ် |

အထက်ဖော်ပြပါ နေရာများကိုကြည့်၍ အောက်ပါအပြုအမူများ ဖြစ်ပေါ်ပါက အောက်ပါအတိုင်း ထပ်မံအမှတ်လျှော့မည်။

| | | |
|---|---|---|
| သာမန်ထက် မျက်လုံးပိုဝင်း / ပြူးသွားရင် | = | (၁) မှတ် |
| ပါးစပ်ကြီး အဟောင်းသားဟနေရင် | = | (၂) မှတ် |
| သက်ပြင်းရှည်ကြီးချရင် | = | (၃) မှတ် |
| တံတွေးမျိုချရင် | = | (၄) မှတ် |
| လျှာသပ်ရင် | = | (၅) မှတ် |
| လက်ချောင်းတွေ မရိုးမရွလှုပ်ရှားလျှင် | = | (၆) မှတ် |
| သွားရည်ကျရင် | = | (၇) မှတ် |



"မိခင်နို့ကို ကလေးကကိုက်တာလည်း ရာဂစိတ်ပဲ' လို့ စိတ်ခွဲပညာရှင် ဆစ်ဂမန်ဖရိုက် (Sigmund Freud) က ပြောဖူးတယ်။ အဲ့ဒီအဆိုကို စဖတ်မိခါစတုန်းက ကျွန်တော် သွေးနားထင်ဆောင့်မတတ် တုန်လှုပ်မိတယ်။ သူက လူတိုင်းအရွယ်တိုင်းရဲ့ သိစိတ်၊ မသိစိတ်ထဲမှာအထိ လိင်စိတ်က ကိန်းဝပ်နေတယ်လို့ ဆိုချင်ပုံပဲ။

သူ့မှုရင်းအဆိုက ပြင်းထန်လွန်းလို့ သူအလွန်အကျူးဆိုလိုက်တာပဲလို့ ကျွန်တော် နည်းနည်းဖော့ပြီး နှလုံးသွင်းမိတယ်။ အခု ကျွန်တော် ပြောချင်တာကလည်း ခုနကလိုပဲပေါ့။ လူတွေဟာ အရွယ်ရောက်တဲ့အခါ ကိုယ့်ရဲ့ ဆန္ဒကျင်ဘက်လိင်တွေဆီ ချဉ်းကပ်တတ်ကြတယ်။ ဒီလိုချဉ်းကပ်တဲ့အခါမှာလည်း ပျမ်းမျှအားဖြင့် အကြောင်း (၃) မျိုးနဲ့ ချဉ်းကပ်ကြတယ်"

ကျွန်တော့်ရဲ့ စိတ်ရှည်လက်ရှည်ရှင်းပြမှုကို ရပ်ကွက်လူကြီးရယ်၊ သူ့သားရယ်၊ သူ့သမီးရယ်ကလည်း စိတ်ပါလက်ပါ နားထောင်ကြတယ်။ ကျွန်တော် ဆက်ပြောတယ်။

"အဲ့ဒီချဉ်းကပ်မှု သုံးမျိုးထဲမှာမှ နံပါတ် (၁) က ဥစ္စာစည်းစိမ်ဂုဏ်ပကာသနတွေကြောင့် ချဉ်းကပ်ကြတယ်။ အဲ့ဒီလိုလူတွေဟာ သူတို့အလိုရှိတဲ့ စည်းစိမ်တွေ ရရှိသွားတဲ့အခါ သူတို့ ချဉ်းကပ်ခဲ့တဲ့ လူအပေါ် သူတို့ချစ်သူအပေါ် ငြီးငွေ့ကြတယ်။ လိုတာပြည့်ပြီမို့ ပြန်ခွာလိုကြတယ်။

www.burmeseclassic.com

ဒီနံပါတ် (၁) အချက်နဲ့ တိုက်ကြည့်မယ်ဆိုရင် သတို့သားသုံးယောက်ကလည်း စည်းစိမ်ဥစ္စာ သူ့ဟာနဲ့သူ ပြည့်စုံကြတယ်။ ခင်ဗျားတို့ ပိုင်ဆိုင်မှုစည်းစိမ်နဲ့လည်း ကွာဟမှုမရှိဘူး။ ဒီတော့ သတို့သားသုံးယောက်က ခင်ဗျားကို စည်းစိမ်ဥစ္စာကြောင့် ချဉ်းကပ်တာမဟုတ်ဘူး"

ရပ်ကွက်လူကြီးရဲ့သမီး (သတို့သမီး) က လက်ခံသလို ခေါင်းညိတ်ပြတယ်။

"ချဉ်းကပ်ရခြင်းအကြောင်း နောက်တစ်ခု နံပါတ် (၂) ကတော့ ရှင်းရှင်းဆိုရရင် ကာမဂုဏ်ကြောင့်ပေါ့။ ယောက်ျားက မိန်းမကို ချဉ်းကပ်တယ်ဆိုမှတော့ ဒီလိုစိတ်လေးလည်း သဘာဝအရ ပါတာပေါ့။ ဒါပေမဲ့ တချို့က ဒီလိုမဟုတ်ဘူး။ ကြောရရုံ ကြံချင်တာမျိုး။

မေတ္တာစိတ်ထက် ကာမဂုဏ်က ပိုတက်ကြွအားပါနေတဲ့ ချဉ်းကပ်မှုမျိုးလည်း ရှိတယ်။ ဒီနံပါတ် (၂) အချက်က အဲ့ဒီလိုလူတွေကို ဆိုလိုတာပဲ။ အဲ့လိုလူတွေကလည်း ကြာရှည်မခံဘူး။ သူတို့အလိုရှိတဲ့ ကာမဂုဏ်အရသာတွေ ရရှိသွားတဲ့အခါ ငြီးငွေ့လာတယ်။ အပြစ်ဖို့လာမယ်၊ အသစ်ရှာဖို့ လမ်းစရှာမယ်။ စွန့်ခွာလာကြမယ်။ ဒီလို အကြောင်းတွေ ရှိလာမယ်။

အခု သတို့သားသုံးယောက်ထဲမှာလည်း ဒီလိုလူမပါဘူးလို့ မပြောနိုင်ဘူး။ ဒါကြောင့် အခုလိုစမ်းသပ်မှုမျိုး လုပ်ရတာပဲ။ ခင်ဗျားကလည်း ခင်ဗျားကို တစ်သက်လုံး မငြီးမငွေ့ သစ္စာတည်ပြီး ချစ်သွားမဲ့သူ့ကို လိုချင်တယ်လို့ ကျွန်တော့်ကို ပြောထားတာကိုး"

"ဒါပေါ့ရှင် . . .။ ဘယ်သူက သစ္စာမရှိတဲ့သူနဲ့ အတူနေချင်မှာလဲ"

"ဟုတ်ပါပြီ . . .။ ပြောလက်စနဲ့ နံပါတ် (၃) ချဉ်းကပ်သူအကြောင်း ပြောပြဦးမယ်။ နံပါတ် (၃) ချဉ်းကပ်သူဆီက အသံ၊ အနံ့၊ အမြင်၊ အထိအတွေ့ ဘာအရသာမှ လက်တွေ့မရချင်နေ၊ သူ့စိတ်ထဲမှာ



တွေးနေရရင် ဒါမှမဟုတ် တစ်ဖက်လူက အသိအမှတ်ပြုရင်ကိုပဲ တင်းတိမ်နိုင်တဲ့သူ၊ သူ့ရင်ထဲမှာ တခြား တပ်မက်မှုနည်းတယ်။ ချစ်တာတစ်ခုကပဲ အကြီးမားဆုံး။

အဲဒီခံစားမှုလေးကိုပဲ နူးညံ့သိမ်မွေ့စွာနဲ့ တခြားအရာတွေကို လိုချင်မှုထက် ပိုပြီး တန်ဖိုးထားနေမိလိမ့်မယ်။ ဘာကြောင့် ချစ်နေခဲ့မှန်းလည်း မသိဘူး။ ဒါကြောင့် ဘာကြောင့်နဲ့မှလည်း သစ္စာမပြယ်နိုင်တော့ဘူး။ အဲ့ဒီလိုလူမျိုး"

"အဲလို့လူမျိုးကို လိုချင်လိုက်တာ။ ဒါ ကျွန်မတို့မိန်းမသားတွေရဲ့ အလိုချင်ဆုံးပေါ့"

"ဟုတ်ကဲ့ပါ . . . ဒါကြောင့် ဒီလိုအစီအစဉ်မျိုး လုပ်ရတာပေါ့။ 'မနုစိတ္တရမ္မသတ်ကျမ်း' ရဲ့အဆိုအရ ခင်ဗျားတို့လို အသက် (၂၀) မိန်းကလေးအရွယ်ကို 'မျက်ဝန်း'လို့ခေါ်တယ်။ ဘာကြောင့် ဒီလိုခေါ်တာလဲတော့ ကျွန်တော်လည်း မသိဘူး။ ဒါနဲ့ လူ့စိတ်ရဲ့ ပြတင်းပေါက်ဟာ မျက်လုံးဆိုတဲ့စကားကို ခင်ဗျားယုံလား။ ကျွန်တော်ကတော့ ရာခိုင်နှုန်းတော်တော်များများ ယုံတယ်။

ဒါကြောင့် သတို့သားသုံးယောက်ရဲ့ စိတ်ကို အကဲခတ်ဖို့ သူတို့မျက်လုံးကို အကဲခတ်ရုံပေါ့။ ဒီလိုအကဲခတ်အမှတ်ပေးဖို့ ခင်ဗျားကို အခန်းလွတ်တစ်ခုထဲ ထည့်လိုက်တယ်။ သူတို့ခင်ဗျားကို ဘာတွေကြည့်မှန်းမသိအောင် မျက်လုံးကို အဝတ်နဲ့ကာလိုက်တယ်။ သူတို့ လွတ်လွတ်လပ်လပ် ကြည့်ပါစေပေါ့။ ဒီတော့မှ သူတို့ရဲ့ ဖုံးကွယ်နေတဲ့စိတ်တွေ၊ ဟန်ဆောင်နေတဲ့ မျက်လုံးတွေကို ကျွန်တော်တို့ အပြင်က စောင့်ကြည့်အကဲဖြတ်နိုင်မှာ"

"သြော် . . ."

"အကဲဖြတ်တဲ့နေရာမှာလည်း ပိုကာမဂုဏ်ပြင်းတဲ့ အစိတ်အပိုင်းတွေကိုကြည့်ရင် ပိုပြီး အမှတ်လျှော့ရတာပေါ့။ ခဏနေ အမှတ်ပေါင်းပြီးရင် သတို့သား ဘယ်သူလဲဆိုတာ သိရတော့မှာပါ"

www.burmeseclassic.com

သူမက ရှက်ဝံ့သလို ခေါင်းငုံ့ပြုံးတယ်။

အငြင်းပွားဖွယ်မဖြစ်အောင်သာ အမှတ်ပေးတဲ့ဒိုင်ကို နှစ်ယောက်ထားရတာပါ။ တကယ်တမ်းထွက်လာတော့လည်း အမှတ်ပေးထားပုံက အတူတူပါပဲ။ တစ်ယောက်တည်း ပေးထားသလိုကို တစ်ထပ်တည်းကျနေတယ်။

မောင်ဟိန်း . . . အဆင်မပြေပါဘူး။ အားလုံးသိတဲ့အတိုင်း သက်ပြင်းကြီး ခဏခဏချတယ်။ မျက်လုံးလည်း ကျွတ်ထွက်မတတ်ပြူးတယ်။ လျှာလည်း သပ်တယ်။ အံမယ် . . . တစ်ပတ်တောင် ပတ်ကြည့်လိုက်သေးတယ်မို့လား။ ဒီတော့ အမှတ်တွေ လျှော့ရလွန်းလို့ အနုတ်ဘက်တောင် ရောက်ခဲ့ပြီ။

မောင်လွင်လည်း မစွံဘူး။ မောင်ဟိန်းလို တစ်ပတ်ပတ်မကြည့်ရုံပဲရှိတယ်။ ရှေ့ကနေ မျက်လုံးကို ထောင့်စုံထားပြီး နေရာအစုံကို ကြည့်ခဲ့တယ်။ သူလည်း နုတ်ရရင် အမှတ်ကျန်တော့မှာ မဟုတ်။

မောင်ကြယ် . . . လူရိုးသားလေး။ ချစ်သူကို ရင်ဘတ်သက်သက်နဲ့ ချစ်တဲ့ကောင်လေး။ ဘာမှမဆိုင်သေးတဲ့အချိန်မှာ မျက်လုံးနဲ့တောင် မပြစ်မှားရက်တဲ့ ကောင်လေးပေါ့။

သတို့သားသုံးယောက်ကို အောင်စာရင်း ကြေညာပေးဖို့ ပြန်ခေါ်လိုက်တယ်။

"ကဲ . . . သေချာနားထောင်ကြ။ ငါ့သမီးရဲ့ သတို့သားက မောင်ကြယ်ပဲ"

လို့ ရပ်ကွက်လူကြီးက ကြေညာတဲ့အချိန်မှာတော့ မောင်ကြယ်က တအားပျော်သွားပြီး မောင်ဟိန်းနဲ့မောင်လွင်ကတော့ ခေါင်းငိုက်သွားကြတယ်။ ဘာလို့ ဒီလို ရွေးချယ်ရတာလဲဆိုတာကိုလည်း ကျွန်တော်ကပဲ အမှတ်ပေးပုံတွေ၊ အကဲဖြတ်ပုံတွေကို ဒုတိယအကြိမ် ရှင်းပြရပြန်တယ်။



အဲဒီတော့မှ မောင်ဟိန်းနဲ့ မောင်လွင်လည်း သူတို့ရဲ့ မစောင့်ထိန်းနိုင်တဲ့ မျက်လုံးတွေအတွက် ရှက်စိတ်တွေ ဝင်နေကြတယ်။

"နှာဘူးကောင်တွေ . . . ငါ့သမီးနဲ့ မင်းတို့နှာဘူးတွေနဲ့ မတန်ဘူး"

ရပ်ကွက်လူကြီးရဲ့ ဟိန်းဟောက်မှုမှာ မောင်ဟိန်းနဲ့ မောင်လွင်ကျုံ့ကျုံ့လေး ခေါင်းငုံ့လို့ပေါ့။

"သွားစမ်းကွာ . . . နှာဘူးကောင်တွေ၊ ငါ့ရှေ့က သွားစမ်း"

"ဟုတ် . . . ဟုတ်ကဲ့ . . . အဲ . . . ဒါနဲ့ ကျွန်တော်တို့က အိမ်သာနားပဲ ပြန်သွားရမှာလား"

"အိမ်သာကျင်းထဲသာ ခုန်ဆင်းလိုက်ကြဟေ့"

ဒီလိုနဲ့ ရပ်ကွက်လူကြီး ပြဿနာကို ကျွန်တော် ရှင်းနိုင်ခဲ့ပါတယ်။

ယုအိလည်း ကျွန်တော့်ဆီ ရောက်လာတယ်။ ညိုပုလိုက်ပို့တာပါ။ ညိုပုက အခုထိ ဘာအကျိုးမှ မဝတ်သေးပေမဲ့ မျက်နှာကတော့ ပြုံးရွှင်နေပြီဖြစ်တာကြောင့် ပြဿနာတစ်နည်းနည်းနဲ့ အဆင်ပြေသွားပြီလို့ ခန့်မှန်းရတယ်။ ယုအိကလည်း ပြုံးတုံ့တုံ့အမူအရာနဲ့ လက်မထောင်ပြတယ်လေ။

ရပ်ကွက်လူကြီးက ဘာဖလာအနက်ကြီးကို ညိုပုမမြင်အောင် သိမ်းပြန်ရင်း ပြောတယ်။

"ငါတို့ရပ်ကွက်ထဲက ပြဿနာနှစ်ခုကို ဖြေရှင်းပေးခဲ့တဲ့အတွက် မင်းတို့အပေါ် တစ်ခုခု ပြန်လုပ်ပေးချင်တယ်ကွာ။ ပြော . . . မင်းတို့ ငါတို့တတ်နိုင်မဲ့ အရာတစ်ခုခုပဲကွာ။ ဘာလိုချင်တာရှိ . . . ရှိ . . ."

"ဧည့်သည်ရောက်လာပြန်ပြီဗျို့"

"လူစိမ်းရောက်လာပြန်ပြီဗျို့"

ရပ်ကွက်လူကြီးရဲ့ စကားဖြင့်မဆုံးသေး၊ အဲ့လိုအသံ ဖြစ်ကြားလာရတယ်။ ကျွန်တော်နဲ့ယုအိ မျက်လုံးချင်းဆုံသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲ့ဒီလို အော်ဟစ်ဆော်ဩပြီး ပြေးလာတဲ့ ရပ်ကွက်သားတစ်ယောက်ကို ကျွန်တော်ဆီးတားပြီး မေးလိုက်တယ်။

"အခု ရပ်ကွက်ထဲ ဝင်လာတဲ့ဧည့်သည်က အသက် (၄၀) လောက်ရှိမယ့် မိန်းမကြီးမို့လား။ အရွယ်နဲ့မလိုက်အောင် ပြင်ဆင်ထားတယ်လေ"

"ဟုတ်တယ် . . . ခင်ဗျား ဘယ်လိုသိတာလဲ"

သူ့ကို ပြန်မဖြေနိုင်ဘဲ ကျွန်တော် ချက်ချင်း ရပ်ကွက်လူကြီးဘက်လှည့်လိုက်ပြီး . . .

"ဦးလေး . . . ကျွန်တော်တို့ကို ကျေးဇူးဆပ်ချင်တယ်ဆိုရင် အခုရပ်ကွက်ထဲဝင်လာတဲ့ မိန်းမကြီးကိုသာ ဒီရပ်ကွက်ထဲမှာ ဖြေရှင်းရခက်တဲ့ ပြဿနာတစ်ခုခုနဲ့ အချိန်ဆွဲပေးထားပါ။ သူက ကျွန်တော်တို့အတွက် အန္တရာယ်ရှိလို့ပါ"

ရပ်ကွက်လူကြီးက ကျွန်တော်နဲ့ ယုအိကို စေ့စေ့ကြည့်သေးတယ်။ ပြီးမှ . . .

"စိတ်ချ . . . မင်းတို့က ငါ့ကို ကောင်းကောင်းကျေးဇူးပြုထားတာပဲ။ လုပ်ပေးရမှာပေါ့။ အဲ့ဒီမိန်းမကို ပြဿနာကြီးကြီးနဲ့ကို ဆွဲထားလိုက်မယ်"

ပြီးတော့ ညိုပုနဲ့ မောင်ကြယ်ကပဲ ကျွန်တော်နဲ့ယုအိကို ရပ်ကွက်အထွက်ထိ လိုက်ပို့တယ်။ လမ်းမှာ ကျွန်တော်က မောင်ကြယ့်ကို တီးတိုးမေးမိသေးတယ်။

"ခင်ဗျားဗျာ . . . ဘယ်သူမှမရှိတဲ့ အခန်းလွတ်တစ်ခုထဲ ကိုယ်ကြိုက်တဲ့ကောင်မလေးရဲ့ ရှေ့မှာရှိနေတာတောင် ခင်ဗျားက သူ့မျက်နှာလေးပဲကြည့်နေတာ မပျင်းဘူးလား"

"ဟာ . . . ဘယ်နှယ့်ပြောတာလဲ။ ပျင်းတာပေါ့ဗျာ"



"ဒါနဲ့များ တခြားနေရာတွေ ဘာလို့မကြည့်တာလဲ။ ကြည့်ချင်လို့လား"

"ဘယ့်နှယ်မေးလိုက်တာလဲဗျာ။ ကြည့်ချင်လိုက်တာမှ တစ်ပိုင်းကို သေနေတာပဲ။ ကျွန်တော့်ခေါင်းက 'ဦး (အုံး)လွဲနေလို့' စောင်းလို့ငုံ့လို့မရလို့ ခက်နေတာပေါ့ဗျာ"

"ဟိုက် . . . အဲ့လို့လား"

သေရောလို့ပဲ စိတ်ထဲက ထရွတ်မိတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

## (14)

ကျွန်တော်တို့ မြစ်ကျဉ်းကလေးဆီ ရောက်လာခဲ့ကြတယ်။ မြစ်ရဲ့တွန့်ကွေးနေတဲ့ ဟိုးခြေရင်းဖျားမှာ ဆည်းဆာဟာ ဝပ်ဆင်းနေတယ်။ မြစ်ရိုးအတိုင်း လျှောက်ခဲ့တယ်။ ရေတိမ်တဲ့အပိုင်းကျရင် ဟိုဘက်ကမ်း ကူးရမယ်ဆိုတဲ့ အတွေးနဲ့ပေါ့။

ဒီလိုလျှောက်ခဲ့ရင်းပဲ ကျွန်တော် သူ့ကို Blind-Game အကြောင်း ပြောပြဖြစ်တယ်။ ဒီမြို့ကို ရောက်လာရခြင်းရဲ့ အကြောင်းအရင်းမှန်၊ ဒီလို လူတွေလိုက်ဖမ်းကြ၊ ပြေးကြဖြစ်နေရတဲ့ အကြောင်းရင်းရယ်ကို ပြောပြလိုက်တယ်။ သူက စကားဆုံးအောင် စိတ်ဝင်တစားနဲ့ နားထောင်ခဲ့တယ်။ ပြီးတော့မှသာ လေသံနိမ့်နိမ့်နဲ့ . . .

“ဘာလို့ အခုမှပြောပြတာလဲ”

“ . . . . ”

“ငါ့ကိုလည်း အဲ့ဒီ Game ထဲက တစ်ယောက်ဖြစ်နေမှာစိုးလို့လား”

ကျွန်တော် ပြန်မဖြေပေမဲ့ သူ နားလည်ပါတယ်။ ‘sorry’ ပါလို့ တိုးတိုးပြောတော့ သူက ခေါင်းယမ်းပြတယ်။ ‘ဒါ လိုအပ်တဲ့ သံသယပါ’ လို့ သူက သဘောထားကြီးမှုနဲ့အတူ ပြန်ပြောတယ်။



သူ အလွယ်တကူ ခွင့်လွှတ်တော့ ကျွန်တော် ပိုအားနာသွားရတယ်။ ဘာကြောင့်မှန်းမသိဘူး။ သူက ကျွန်တော့်အတွက် အမြဲလိုအပ်နေမဲ့ အရာတစ်ခုလို့လည်း ခံစားလာမိတယ်။ ဒီလိုခံစားမိတဲ့ တစ်ခဏလေးမှာပဲ ကျွန်တော်ဟာ တခြားကောင်မလေးတစ်ယောက်ကိုလည်း မျက်လုံးထဲ မြေးမြင်မိတယ်။ ပန်ရွှယ် . . . ။

သူက စကားလမ်းကြောင်းလွှဲတဲ့ အသံမျိုးနဲ့ ညီပုပြဿနာရှင်းခဲ့ပုံကိုလည်း ပြန်ပြောပြတယ်။ ရယ်ဟဟအသံနဲ့ပါ။

“သူ့ပြဿနာက အသားအရေခွဲခြားခံရတဲ့ ပြဿနာရယ်၊ တစ်ဖက်သားပြောတဲ့စကားကို အရမ်းအတည်ယူခံစားတတ်တဲ့ ပြဿနာရယ်ပဲဟ။ ဒီတော့ ငါက ချော့မော့တရားဟောရတာပေါ့။ ဒီခေတ်မှာ အသားအရောင်ခွဲခြားတာ ခေတ်မမီတော့တဲ့သူတွေမှ ခွဲခြားတာလို့။

အခုဆို အသားမည်းပေမဲ့ ကမ္ဘာကိုတောင် ဩဇာညောင်းတဲ့ အိုဘားမားလိုလူကြီးလည်း ရှိနေပြီ။ ‘မင်ဒဲလား’တို့ ဘာတို့လည်း ရှိနေသားပဲ။ အားကစားဘက်ကိုလည်း ကြည့်ဦး။ ဘောလုံးပဲကြည့်ကြည့်၊ လက်ဝှေ့ပဲကြည့်ကြည့် ဥပမာ – မိုက်တိုင်ဆန်တို့၊ ဟိုလီဖီးတို့၊ အပြေးဘက်လည်း ကြည့်ဦး။ ‘အူစိန်ဘော့’ တို့ ရွှတ်လို့တောင် ကုန်မှာမဟုတ်ဘူး။ အားလုံး ထိပ်တန်းတွေချည်းပဲ”

သူပြောနေပုံက အားရှိပါးရှိမို့ ကျွန်တော်တောင် ဝင်ပြီး အသားမည်းချင်လာပြီ။

“ဒါကြောင့် ကိုယ်လုပ်ရမဲ့အလုပ်ကိုပဲ တစ်စိုက်မတ်မတ် အာရုံစိုက်လုပ်ပါ။ အပေါ်ယံ ဝေဖန်လှောင်ပြောင်မှုတွေက သာမညပါ။ ကိုယ်အောင်မြင်လာတဲ့ တစ်နေ့မှာ ကိုယ့်ရဲ့ စူးရှခမ်းနားတဲ့ အောင်မြင်မှုအရောင်က ကိုယ့်အသားအရည်အရောင်တွေကို ဖုံးလွှမ်းသွားမှာပဲ။ အဲ့ဒီလိုတွေ ငါပြောရတာပေါ့”

“ဒီတော့ အဆင်ပြေသွားရောလား”



www.burmeseclassic.com

www.burmeseclassic.com

"လုံးလုံးလျားလျားတော့ အဆင်မပြေသေးဘူး။ သူ နည်းနည်း တွေဝေနေသေးတယ်။ ဒါပေမဲ့ အားတက်လာတာတော့ သေချာတယ်။ အဓိကက သူက အင်္ကျီကို ဘာအရောင်ဝတ်ရမှန်းမသိတဲ့ 'ကာလာဆိုက်ကို' ဖြစ်နေတာ။ ဒါကြောင့် ငါကပဲ သူ့ကို အင်္ကျီချုပ်ပေးဖို့ အချိန်မှာတော့ အင်္ကျီဒီဇိုင်း ဆွဲပေးခဲ့ရတာပေါ့ဟ"

"ဘယ်လိုဒီဇိုင်းလဲ"

"အင်း . . . ငါပြမယ်"

ဆိုပြီး သူက အင်္ကျီဘယ်အိတ်ကပ်ထဲက စာရွက်ငယ်တစ်ရွက် ထုတ်ပြတယ်။ စာရွက်ထဲမှာ သူဆွဲထားတဲ့ ဒီဇိုင်းပုံ။ အင်္ကျီတစ်ထည်လုံးက အနက်ရောင်။ ဒါပေမဲ့ ဝဲဘက်ရင်အုံပေါ်မှာတော့ အသည်းအိတ်ကပ်လေးတစ်ခု။ အရောင်က ပိုးသားလို အဖြူရောင်လေး။ အဲဒီအောက်ကမှ ဒီလိုစာတန်းလေးကိုလည်း အဖြူရောင်စာလုံးလေးတွေနဲ့ ရေးထားတယ်။

**(I put my soul in my pocket)**

(ငါ့စိတ်ထားကို ငါ့အိတ်ကပ်ထဲ ထည့်ထားတယ်။)

ဒီဇိုင်းက ဒီလောက်ပါပဲ။

"အဲဒါဆို သူ ကျေနပ်သွားလောက်ပါပြီ"

"အင်း . . . အပေါ်ယံ အရေပြားကြီးဖြူနေဖို့ထက် အတွင်းသား နှလုံးသားဖြူဖို့က အရေးကြီးတယ်လို့။ တချို့က နောင်ဘဝမှာ အသားဖြူဖို့ ဘုရားစေတီတွေကို ထုံးသုတ်တတ်ကြတယ်။ အဲဒီလို ထုံးသုတ်တာထက် လူလူချင်း မေတ္တာတရားနဲ့ သုတ်လိမ်းဆက်ဆံတာ ပိုကောင်းတယ်၊ ပိုလိုအပ်တယ်။ ဘုရားလည်း သဘောတူမှာပဲလို့ ပြောခဲ့တယ်လေ"

သူ့ဖြေရှင်းနည်းလေးက ချစ်စရာကောင်းနေလေရဲ့။

ဒီလိုပဲ ကျောက်စရစ်ခဲဖြူဖြူလေးများကို နင်းရင်း စကားတပြော



ပြောနဲ့ လျှောက်လာရင်း မြစ်ထဲမှာ ပုလင်းလေးတွေ မျောနေတာကို တွေ့လိုက်ရတယ်။

ပုလင်းလေးတွေ ဘာအတွက် ဒီလိုမျောနေတာပါလိမ့်။

ပုလင်းဖြူဖြူ အလွတ်တွေပါ။ ဒါပေမဲ့ ပုလင်းတွေထဲမှာတော့ စာလိပ်ကလေးတွေ စာရွက်ခေါက်ကလေးတွေနဲ့။

ဒီပုလင်းတွေကို ကျွန်တော်မြင်သလို သူလည်း မြင်ပါတယ်။ ဒါပေမဲ့ သူ့ပုံက ထူးဆန်းဟန်မရှိဘူး။

"အဲဒါ ဘာပုလင်းတွေလဲ"

"ဗေဒင်ပုလင်းလေးတွေပေါ့"

"ဗေဒင်ပုလင်း . . . "

ကျွန်တော် သံယောင်လိုက်မိတယ်။

"အင်း . . ."

သူ ခေါင်းတစ်ချက်ညိတ်ပြပြီး ချက်ကျလက်ကျ ရှင်းပြတယ်။

"ဟိုးရှေ့က မြစ်လယ်မှာ ဗေဒင်ဆရာတစ်ယောက်ရဲ့ အိမ်ရှိတယ်။ သူတို့က ထူးဆန်းတယ်ပဲဆိုမလား။ ဆွေစဉ်မျိုးဆက် ဒီမြို့မှာ ဗေဒင်ဟောခဲ့ကြတယ်။ ဒီမြို့လူတွေဟာ သူတို့ရဲ့ ကံကြမ္မာမေးခွန်းတွေကို အဲဒီဗေဒင်ဆရာဆီ မေးကြတယ်။

အလုပ်မအားမလပ်လို့ ဗေဒင်ဆရာဆီ မလာနိုင်တဲ့သူတွေနဲ့ မြစ်ညာဘက်က ငါးဖမ်းတဲ့ တံငါသည်တွေဟာ သူတို့ရဲ့ မွေးသက္ကရာဇ်တွေ၊ နာမည်တွေ၊ နေ့နံတွေနဲ့အတူ သူတို့မေးချင်တဲ့ ကံကြမ္မာမေးခွန်းတွေကို စာရွက်မှာရေး၊ ဒီလို ပုလင်းနဲ့ထည့်ပြီး ရေစီးအတိုင်းမျှောလို့ ဗေဒင်ဆရာဆီ မေးကြတယ်လေ။ ဗေဒင်ဆရာအိမ်က မြစ်ကိုဖြတ်ပြီး ပိုက်ကွန်တစ်ခုနဲ့ တားထားတာမို့ ပုလင်းတွေက အဲဒီနေရာရောက်ရင် ဆက်မစီးနိုင်တော့ဘူးလေ"

"ဩော် . . ."



www.burmeseclassic.com

www.burmeseclassic.com

"ပြီးမှ သူတို့အားလပ်တဲ့အချိန်မှ ဗေဒင်ဆရာဆီက ပုလင်းလေးတွေ သွားပြန်ယူ၊ သူတို့မေးခွန်းအတွက် ဟောစာတမ်းကိုယူ၊ ဗေဒင်ဟောခပေး၊ အဲဒီလို လုပ်ကြတယ်လေ။ ခရီးသွားကားရဲ့ ဒီမြို့အတွက်ပေးတဲ့ လည်ပတ်စရာမြေပုံထဲမှာတောင် ဒီနေရာပါတယ်လေ"

"အင်း . . . ဟုတ်သားပဲ။ ဒါနဲ့ ဗေဒင်ဆရာက ဟောတာကောင်းလား။ မှန်လား"

"ငါလည်း တစ်ခါမှ မဟောဖူးဘူး။ ကြားရတဲ့အသံတွေ အလျှောက်တော့ မဆိုးဘူး။ ယတြာတော့ မချေပေးဘူးတဲ့။ နင်မေးချင်လို့လား"

"ဟင့်အင်း . . . "

"လာပါ . . . ရှေ့ကျရင် သူ့အိမ်ရောက်တော့မှာပဲ။ မေးကြည့်တာပေါ့"

အဲဒီလိုပြောပြီး သူက သွက်လက်စွာ ရှေ့က ပြေးထွက်သွားပါတယ်။

ဒီလိုနဲ့ ရှေ့ရောက်တော့ တကယ်ပဲ မြစ်အလယ်မှာ ရေပေါ်အိမ်လေးတစ်လုံး တွေ့ပါတယ်။ နေချင်စဖွယ်အိမ်ကလေးဟာ ဆည်းဆာမှာ ဝါဝင်းဝင်း အရောင်တောက်နေတယ်။ မြက်ခြောက်တွေ ဝါးခြမ်းတွေနဲ့ပဲ ဆောက်လုပ်ထားပုံရတယ်။ အဲ့ဒီအိမ်လေးဆီသွားဖို့ ဝါးဖောင်တစ်ခုကိုလည်း ကမ်းမှာ ချည်ပေးထားတယ်။

"လာ . . . ဒီဖောင်နဲ့ အဲ့ဒီအိမ်ကိုသွားမယ်။ ပြီးရင် ဒီဖောင်နဲ့ပဲ ဟိုဘက်ကမ်းကို ကူးကြမယ်"

သူ စီစဉ်သလိုပဲ ကျွန်တော် လက်ခံလိုက်တယ်။ နောက်တော့ ယောကျ်ားကော၊ မိန်းမကော ဖောင်စီးကြတော့တယ်။ နှစ်ယောက်စလုံး မလှော်တတ်လှော်တတ်နဲ့ လှော်ကြတာ ဖောင်ကြီးက တဝဲလည်လည် ဖြစ်နေပါသေးတယ်။ ဗေဒင်ဆရာရဲ့အိမ်ကို အဲ့ဒီလို တလည်လည်နဲ့ ဆိုက်ရောက်ခဲ့ပါတယ်။



ဗေဒင်ဆရာရဲ့ အကူတပည့်ဖြစ်ပုံရတဲ့ ခါးကုန်းကုန်းနဲ့ လူတစ်ယောက်က ခရီးဦးကြိုပြုတယ်။ အိမ်ထဲရောက်မှ ဗေဒင်ဆရာကို တွေ့ရတယ်။ ဗေဒင်ဆရာဟာ အိုမင်းနေပြီဖြစ်တဲ့ အဘိုးကြီးပါ။ ရေနွေးကြမ်းတစ်အိုးကိုသာ အရသာရှိစွာ သောက်သုံးနေတယ်။ ဝင်လာတဲ့ကျွန်တော်တို့နှစ်ယောက်ကိုလည်း မကြည့်ဘဲ . . .

"ထိုင်ကြကွယ့်"

လို့ စကားဆိုတယ်။

ဗေဒင်ဆရာရဲ့ အိမ်အတွင်းနံ့ရံတွေဟာ ကျမ်းကြီးကျမ်းငယ်တွေ အင်းအိုင်စာလုံးတွေ၊ နတ်ရုပ်တွေနဲ့ ရှုပ်ယှက်ခတ်နေပါတယ်။

"ဘာမေးချင်လို့လဲ"

ယုအိက . . .

"ဆရာ . . . နောင်ဘဝအတွက်ကော ဟောပေးနိုင်ပါသလား"

ဗေဒင်ဆရာ ထင်ထင်ရှားရှား မျက်မှောင်ကျုံ့သွားတယ်။ ဒီလိုမေးခွန်းနဲ့ သူ ရင်မဆိုင်ဖူးပုံပဲ။ ဒီလိုမေးခွန်းနဲ့ စကားစလိုက်တဲ့ ယုအိကိုလည်း ကျွန်တော် အံ့သြမိတယ်။

ဗေဒင်ဆရာက ခေါင်းကို ခပ်လေးလေးခါတယ်။

"ကျုပ် . . . မဟောပေးနိုင်ပါဘူး။ ဒီဘဝအတွက်ပဲ မေးပါ"

"ဒီဘဝအတွက်တော့ မေးစရာမရှိပါဘူး။ ကျွန်မအတွက်တော့ ဒီဘဝက အဆုံးသတ်ပြီးသား ရုပ်ရှင်တစ်ပုဒ်လို ဖြစ်နေခဲ့တာကြာပါပြီ"

သူ့စကားနဲ့ မျက်နှာရိပ်ကလည်း ထူးဆန်းနေတယ်။ သူ့ပုံက ဒီဘဝအတွက် သူ့ကံကြမ္မာ သူကြိုသိပြီးနေတဲ့ပုံမျိုး။

ဗေဒင်ဆရာကလည်း သူ့နားလည်မှုနဲ့ သူ ယုအိကို သနားသလို ကြည့်တယ်။ ပြီးမှ ကျွန်တော့်ဘက် လှည့်တယ်။

"ကောင်လေးကော ဘာမေးချင်လို့လဲ"

ကျွန်တော်က ဗေဒင်ကို ဆန်းကြယ်တဲ့ ပညာတစ်ခုအဖြစ် လက်ခံပေမဲ့ တကယ့်တကယ်မှာတော့ ယုံသလိုလို မယုံသလိုလို ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com

တတ်ပါတယ်။ ဒီနေရာကိုလည်း ယုအိရှေ့ကသွားလို့သာ ရောက်ခဲ့ရတာပါ။ ဒါကြောင့် ဘာမှမေးဖို့ အစီအစဉ်မရှိ။

"ဘာမှမေးစရာမရှိ . . ."

"သူရဲ့ မေတ္တာရေးနဲ့ပတ်သက်ပြီး ဟောကြည့်ပေးပါဆရာ"

အဲ့ဒီစကားကြောင့် ကျွန်တော်နဲ့ ဗေဒင်ဆရာ ကြောင်သွားတယ်။

အဲ့ဒီစကားကို တည်ငြိမ်တဲ့ လေသံပြတ်နဲ့ ဖြတ်ဝင်ပြောလိုက်သူက ယုအိဖြစ်နေတယ်။ ကျွန်တော် ယုအိဆီ အကြည့်ရောက်မိတာပေါ့။ ယုအိက ဘာလို့ ဒီလိုပြောရတာလဲ။ ဘာကြောင့် ကျွန်တော်ရဲ့ ကံကြမ္မာကို ဝင်မေးမြန်းရတာလဲ။

"မေတ္တာရေးဆိုတာ သူ့ရဲ့ နှလုံးသားရေး၊ အိမ်ထောင်ရေးကို ပြောတာပါဆရာ။ ကျေးဇူးပြုပြီး ဟောပေးပါ"

ယုအိက ထပ်ဖြည့်စွက်ပြောတယ်။ ဗေဒင်ဆရာကလည်း ယုအိကို တစ်ချက်စွေကြည့်ပြီးမှ ကျွန်တော့်ကို စေ့စေ့ကြည့်တယ်။ ကျွန်တော့် သဘောထားကို ဆိုင်းငံ့နေတယ်။ ကျွန်တော်လည်း အလိုလိုခေါင်းညိတ်ပြဖြစ်သွားတယ်။

"ဟောပေးပါဆရာ"

လို့ တိုးညှင်းညှင်းပြောပြီးတော့ . . .

"ဒါဆို လက်ဖဝါးနှစ်ဖက် ရှေ့ထုတ်လိုက်ပါ"

ကျွန်တော် သူပြောတဲ့အတိုင်း ထုတ်ပြလိုက်တော့ သူက ကျွန်တော့်လက်ဖဝါးနှစ်ဖက်ကို ငုံ့ကြည့်ပါတယ်။ ကျွန်တော့်လက်ဖဝါးပေါ်က အရေးအကြောင်းတွေဟာ ကျွန်တော့်ဘဝရဲ့ အဖြစ်အပျက်အပိုင်းအစတွေကို တကယ်ပဲ ကိုယ်စားပြုနိုင်သလား။ ကျွန်တော် မသိပါဘူး။

ကြက်ခြေခတ်တွေ ရှုပ်ပွနေတဲ့ လက္ခဏာကို ဗေဒင်ဆရာက သူ့ရဲ့ ရီးလေးခိုနေတဲ့ ခေါင်းတွဲ့တွဲ့ကြီးနဲ့ ငုံ့ကြည့်ပြီး . . .



"မေတ္တာရေး . . . အင်း . . . အိမ်ထောင်ရေး . . . အိမ်ထောင်ရေး . . ."

လို့ ရေရွတ်နေတယ်။

'အိမ်ထောင်ရေး' တဲ့။ ဒီစကားလုံးကို လွန်ခဲ့တဲ့ ရက်ပိုင်းလောက်ကမှ ကျွန်တော်တို့ များများစားစား နားထောင်ခဲ့ပါသေးတယ်။

ကျွန်တော်တို့ဆိုတာက . . .

. . . . . . . . . . . . . . . ။



www.burmeseclassic.com

www.burmeseclassic.com

## အတိတ် (၄)

ကျွန်တော်တို့ဆိုတာ ကျွန်တော်ရယ်၊ စောမင်းရယ်၊ ကျော်စွာနှစ်ကောင် (သုံးစီးရှင်နဲ့ အုန်းမုတ်ခွက်) ရယ်၊ ဒိန်ကြီးရယ်၊ ရဲဝင့်ရယ်၊ သီဟနိုင်ရယ် စသဖြင့် ရှစ်ယောက်လောက်။ ပြီးတော့ မိန်းကလေးအဖွဲ့က ပန်ရွှယ်တို့၊ ချစ်ဖူးသိမ့်တို့၊ မိုမိုရွှေရည်တို့၊ မျိုးသန္တာတို့ ဆယ်ယောက်လောက်ရယ်ပေါ့။

ဆရာကန်တော့ပွဲပြီးလို့ သုံးရက်လောက်အကြာမှာပဲ ကန်တော့ပွဲတုန်းက ဖိတ်ထားတဲ့ ဆရာကြီးငြိမ်းရဲ့အိမ်ကို သွားကြတာပါ။

ဆရာက ထမင်းကျွေးမယ်ဆိုပြီး ပြောထားပေမဲ့ ဒီလူအုပ်နဲ့ဆိုရင် ဆရာသွေးတိုးသွားနိုင်တာကြောင့် လမ်းမှာ ကိုယ့်ဘာသာကိုယ် ဈေးဝယ်ခဲ့ကြတယ်။ ဆရာ့အိမ်က သာမန်ဆန်ပါတယ်။ မြို့စွန်က ပျဉ်ထောင်အိမ်ပုလေးပါပဲ။ ခြံဝန်းထဲမှာ ရေတွင်းကင်နဲ့ သီးပင်စားပင်တွေနဲ့ဆိုတော့ မြင်ရတာ ရိုးရှင်းတဲ့ဘဝကို ခံစားရတယ်။ မိန်းကလေးတွေက ချက်ပြုတ်ကြတယ်။ ကျွန်တော်တို့က တခြားဝေယျာဝစ္စတွေ လုပ်ကြရတယ်။

ထမင်းကျက်တော့ ဆရာနဲ့အတူ ထမင်းဝိုင်းစားကြတယ်။ ထမင်းစားပြီးမှ ရေနွေးပန်းကန်လုံးတွေ အလယ်မှာချပြီး စကားဝိုင်းဖွဲ့ကြတယ်။



ဆရာ . . . ကန်တော့ပွဲနေ့က ဆရာပြောသွားတယ်လေ။ မင်းတို့ကို အခုအရွယ်အတွက် သိပ်အရေးကြီးတဲ့ ဆုံးမစကား ပြောချင်တယ်ဆို။ အဲ့ဒါ ဘာစကားလဲဆရာ”

မိုမိုရွှေရည်က ဦးဆောင်မေးတယ်။ ဒိန်ကြီးကလည်း တင်ပါးကို ဒရွတ်တိုက်ဆွဲပြီး ပန်ရွှယ်နဲ့ နည်းနည်းနီးလည်း နည်းနည်းသိသာတယ်ဆိုတဲ့စိတ်နဲ့ ရှေ့တိုးရင်း . . .

“ဟုတ်တယ် ဆရာ။ အခုအရွယ်အတွက်ဆိုတော့ တပည့်တို့လည်း စိတ်ဝင်စားတာ”

ဆရာက ရယ်လက်စမျက်နှာကို တည်ငြိမ်အောင် ပြင်လိုက်တယ်။ ဆရာ ဒီစကားတွေကို လေးလေးနက်နက် ပြောချင်ပုံရတယ်။

“ဆရာ . . . မင်းတို့ကို ဒီအရွယ်အတွက် အဓိကပြောချင်တာက ‘အိမ်ထောင်ရေးအကြောင်းပဲ’ ”

တပည့်တွေ သိသိသာသာ ငြိမ်ကျသွားတယ်။ လေးနက်တဲ့ကိစ္စမို့ လေးလေးနက်နက် နားထောင်ဖို့ နားစွင့်ကြတယ်။

“အိမ်ထောင်ဆိုတာ လူနှစ်ဦးဟာ သူတို့အချင်းချင်းလည်း သဘောတူ၊ ဥပဒေအရလည်း သဘောတူပြီးလို့ အတူတူနေတဲ့ဘဝကို ခေါ်တာလို့ ဆရာက အကြမ်းဖျင်း ပြောချင်တယ်။ လူငယ်ဘဝတွေ ကုန်ဆုံးသွားတဲ့အခါ ရှေ့ဆက်ရမဲ့ ခရီးရှည်ကြီးကို တော်တော်များများက အိမ်ထောင်သည်ဘဝနဲ့ပဲ ဖြတ်သန်းကြတယ်မဟုတ်လား။ အိမ်ထောင်သည်လို့ ဖြစ်လာပြီဆိုရင် အိမ်ထောင်ရေးစံထားမှု (Marriage Ideal) ဟာ ရှိလာကြတာပဲ။ လူတော်တော်များများရဲ့ စံထားမှုကတော့ (generation) ပေါ့”

ကျွန်တော်တို့ ကျောင်းသားဘဝတုန်းက စာသင်ကောင်းတဲ့ ဆရာက ကျွန်တော်တို့ ကိုယ့်ဘဝနဲ့ ကိုယ့်လောကထဲ ထဲထဲဝင်ဝင် ဝင်နေချိန်မှာလည်း လောကသဘာဝတရားကို စိတ်ဝင်စားစရာဖြစ်အောင် ချနေနိုင်ပါတယ်။ အခုလို အိမ်ထောင်ရေးအကြံပေး (marriage



www.burmeseclassic.com

www.burmeseclassic.com

counsellor) တစ်ယောက်လိုပြောတဲ့ စကားတွေကလည်း ကျွန်တော်တို့ကို အကျိုးရှိစေပါတယ်။

"ကွာရှင်းမှုမှာတော့ အမေရိကန်နိုင်ငံက အများဆုံးပဲ။ အာရှနိုင်ငံတစ်ခုမှာတောင် တစ်လောက စစ်တမ်းအရ အိမ်ထောင်သည် (၅၀%) က ကွာရှင်းဖို့ စိတ်ရှိနေကြတယ်တဲ့။ ဒါ ကြောက်စရာအချက်ပဲကွ။ သုတေသနပညာရှင်တွေက ကွာရှင်းပြတ်စဲရတဲ့ အကြောင်းအရင်းတွေကို ဒီလိုထုတ်ဖော်တယ်။ (၁) မိသားစုဘ၀၊ (၂) ပထ၀ီ၀င်အနေအထား၊ (၃) အမျိုးသမီးတို့ အလုပ်အကိုင်ရနိုင်မှု အခွင့်အလမ်း၊ (၄) အိမ်ထောင်ရေးနဲ့ ပတ်သက်တဲ့ စံထားမှုဆိုပြီးတော့ပေါ့"

ပြီးတော့ ဆရာက လက်ထပ်ကြပုံအမျိုးမျိုးကိုလည်း ပြောပြတယ်။ လူနဲ့နတ်နဲ့ လက်ထပ်တာ။ ဆွေမျိုးအချင်းချင်း လက်ထပ်တာ၊ (sexless marriage) လိင်ဆက်ဆံမှုမရှိဘဲ လက်ထပ်တာ (Mixed marriage (or) Intermarriage) ဘာသာခြားချင်း လက်ထပ်တာ၊ (chines ghost marriage) သေဆုံးကွယ်လွန်လျက်နဲ့ သတို့သားနဲ့ သတို့သမီးကို လက်ထပ်ပေးတာ၊ (child marriage) ကိုယ်၀န်ပဋိသန္ဓေဆောင်စဉ်ကတည်းက လက်ထပ်ပေးတာ၊ (Forced marriage) ကာယကံရှင်နှစ်ဦးရဲ့ ဆန္ဒမပါဘဲ လက်ထပ်တာ။ (same-sex marriage) လိင်တူလက်ထပ်တာ။ (Flash- marriage) ကမန်းကတန်းလက်ထပ်တာ စသဖြင့် စုံနေတာပါပဲ။

ဒဏ္ဍာရီပုံပြင်တွေထဲမှာ တွေ့ရတတ်တဲ့ လူနဲ့တိရစ္ဆာန် လက်ထပ်တာ၊ လူနဲ့ သက်မဲ့အရာ၀တ္ထုတွေဖြစ်တဲ့ ကျောက်ရုပ်ကြီးတွေ၊ သစ်ပင်တွေနဲ့ လက်ထပ်ပေးတာတွေအထိကို ဆရာက နှိုက်နှိုက်ချွတ်ချွတ် ပြောသွားပါတယ်။

"တစ်ပင်လဲလို့ တစ်ပင်ထူတာတော့ အကြောင်းကြောင်းကြောင့်လိုအပ်ပေမဲ့ တစ်ပင်မလဲသေးဘဲ တစ်ပင်ဖွတ်ထူချင်တာတော့ စာရိတ္တယုတ်ညံ့တာပဲလို့ ဆရာပြောချင်တယ်။ လင်ကွဲ၊ မယားကွဲတွေ ဖြစ်ကြတာလည်း သူတို့အကြောင်းနဲ့ သူတို့ဆိုပေမဲ့ အဲဒီလို အကြောင်းမရှိရင် ဖိုကောင်းတာပေါ့ . . . မဟုတ်ဘူးလား။ သားသမီးငယ်ငယ်လေးတွေရှိရက်နဲ့ ကွဲကြပြဲကြဖြစ်ကြပြီး မိဘတွေက သူတို့အတ္တနဲ့သူတို့ ဘယ်ထွက်သွားမှန်းမသိ။ ကလေးကျတော့ မိဘမဲ့ကျောင်းမှာ ပစ်ခဲ့ကြ။

ဒါမျိုးတွေလည်း အများကြီးပဲ။ ဒါကြောင့် ဒီလိုအဖြစ်အပျက်တွေ လျော့နည်းအောင်လို့ စိတ်ပညာလေ့ကျင့်ခန်းတစ်ခုလည်း ထွင်ထားကြတယ်ကွ။ နေဦး . . . ဆရာဆွဲပြမယ်"

ဆရာက နံရံပေါ်မှာအသင့်ရှိနေတဲ့ ကျောက်သင်ပုန်းမှာ ဒီလိုဇယားကွက်ကို ဆွဲပြတယ်။ ကျွန်တော်တို့ကိုလည်း ကူးဆွဲခိုင်းတယ်။

| | အိမ်ထောင်ရေးတစ်ခု ပျော်ရွှင်တည်မြဲရေး နေ့စဉ်လေ့ကျင့်ပေး | |
|---|---|---|
| ၁။ | တစ်ခုလပ်၊ နှစ်ခုလပ် | × |
| ၂။ | အမြဲစိုးမိုးလိုစိတ်ရှိခြင်း | × |
| ၃။ | ၀န်ချတောင်းပန်ခြင်း | ✓ |
| ၄။ | သစ္စာရှိခြင်း | ✓ |
| ၅။ | လင်ငယ် | × |
| ၆။ | မယားငယ် | × |
| ၇။ | အပြန်အလှန်နားလည်မှု | ✓ |
| ၈။ | သဘောထားသေးခြင်း | × |
| ၉။ | မိဘမဲ့ | × |
| ၁၀။ | ကြင်နာယုယခြင်း | ✓ |
| ၁၁။ | အမုန်း | × |
| ၁၂။ | ပျော်ရွှင်သောမိသားစု | ✓ |





www.burmeseclassic.com

www.burmeseclassic.com

"ဖယားထဲမှာပါတဲ့ ရှောင်ကြဉ်ရမဲ့ ဝေါဟာရတွေကို ရွံ့မုန်းတဲ့ စိတ်နဲ့ (×)ခြစ်ပစ်ရမယ်။ လိုက်နာကျင့်ကြံရမဲ့ ဝေါဟာရတွေကိုတော့ နှလုံးသွင်းတဲ့စိတ်နဲ့ (✓) ခြစ်ရမယ်။ အောက်ဆုံးက ပျော်ရွှင်သော မိသားစုဆိုတဲ့ ဝေါဟာရကိုတော့ ကိုယ့်ရဲ့ ရည်ရွယ်ရာပန်းတိုင်မို့ အမှန်ခြစ် ထင်ထင်ရှားရှား ကြီးကြီးမားမား ခြစ်ပစ်ရမယ်။

အဲဒီလိုဝေါဟာရတွေကို အထက်အောက်မွှေနှောက်ပြီး အမြဲ လေ့ကျင့်ပေးရမယ်။ ဘာမှမခက်ဘူး။ ကိုယ်က အမှားအမှန်ကို ခြစ်ပေးရုံပဲ။ ဒါဆို ငါ့တပည့်တို့ရဲ့ သိစိတ် မသိစိတ်ထဲကနေပြီး ရှောင်ကြဉ်ရမဲ့ ဝေါဟာရရဲ့ အပြုအမူတွေကို ရွံ့မုန်းရှောင်ကြဉ်လာပြီး ကျင့်ကြံသင့်တဲ့ ဝေါဟာရတွေကို အလိုလို ပြုမူကျင့်သုံးဖြစ်လာလိမ့်မယ်။ နေ့စဉ် လေ့ကျင့်မပေးနိုင်ရင်တောင် တစ်ပတ်သုံးလေးရက်တော့ လေ့ကျင့်ပေးသင့်တယ်ကွယ့်"

"ဩော် . . . ဟုတ်ကဲ့ပါ့ဆရာ"

"အပျိုကြီး လူပျိုကြီး လုပ်မဲ့သူတွေအတွက်တော့ ဒီဇယားက မျက်စိစူးစရာပဲနော် ဆရာ"

"ဟား . . . ဟား . . . ဟား . . ."

တစ်ယောက်ကထပြီး အရွှမ်းဖောက်လိုက်တော့ အားလုံး ရယ်ကြတယ်။

ပြီးတော့ ဆရာ့ကို ကန်တော့ပြီး ကျွန်တော်တို့ ပြန်ခဲ့ကြတယ်။

အပြန်ခရီးမှာ မိုမိုရွှေရည်ကလားမသိဘူး။ ပြောသေးတယ်။

"ဆရာက broken-family က ဆင်းသက်လာတာတဲ့"

ကျွန်တော်တို့ တညီတညွတ်တည်း 'ဩော် . . . ' ဆိုပြီး ရေရွတ်မိကြတယ်။ ဒါ့ကြောင့် ဆရာက သူ့လိုမဖြစ်အောင် ကျွန်တော်တို့ကို စေတနာအပြည့်နဲ့ နှိုးဆော်သွားတာပဲ။ အခုချိန် ဆရာတပည့်တွေ ပြန်သွားတော့ သူ့မိသားစုဓာတ်ပုံလေးကို သွားထုတ်ကြည့်ပြီး မျက်ရည် စို့နေမလားလို့ ကျွန်တော် အတွေးရောက်မိသေးတယ်။



မြန်မာဗွီဒီယိုကားတွေထဲကလို မျက်စိမျက်နှာတွေပစ်ပြီး ရှောင်ပေးသွားကြတာ မဟုတ်ပါဘူး။ အားလုံး ကိုယ့်အလုပ်နဲ့ ကိုယ်ထွက်သွားဖြစ်ကြတာပါ။ ဘာရယ်မဟုတ်ဘဲ ကျွန်တော်နဲ့ ပန်ရွှယ်သာ နှစ်ဦးတည်း ကျန်ခဲ့တယ်။ ဒီလိုပဲ အတူလျှောက်လာရင်း လက်အားနေတာနဲ့ ကိုယ့်မျက်နှာကိုယ်ပွတ်ရင်း (သူများမျက်နှာမှ ပွတ်မရတာကိုး) မျက်ခုံးမွေးတစ်ခုအနားက အမာရွတ်သေးသေးလေးကို လက်နဲ့စမ်းမိတယ်။

ကျွန်တော် တစ်ခုခုကို သတိရပြီး ပြုံးမိသွားတယ်။

"ပန်ရွှယ် . . ."

"ဟေ့ . . ."

ထူးပုံကြီးက တုံးတာ။ ဒါပေမဲ့ mood သွင်းပြီး စကားကို ဆက်ပြောလိုက်ပါတယ်။

"နင်နဲ့ငါ လက်ထပ်ဖူးတယ်နော်"

"ဘာ . . . ဘာ . . . ကြက်သီးထလိုက်တာ။ ဘာတွေပြောနေတာလဲ"

"ဟုတ်တယ်လေ . . . ဒီအမာရွတ်လေးကိုကြည့်။ နင် မမှတ်မိတော့ဘူးလား"

ကျွန်တော် အမာရွတ်လေးကို လက်နဲ့ထောက်ပြပြီး ပြောလိုက်တာပါ။ ဟုတ်တယ် . . . ။ သူနဲ့ကျွန်တော် ငယ်ငယ်တုန်းက မင်္ဂလာဆောင်ဖူးတယ်။ မြန်မာလိုတောင် မဟုတ်ဘူး။ တရုတ်လို။

"နင် မေ့နေပြီလား။ အဲ့ဒီတုန်းက ဒိန်ကြီးက ဘိသိက်ဆရာလေ"

မင်္ဂလာဆောင်တမ်း ကစားတာပါ။ ဒိန်ကြီးက တရုတ်ကားထဲကအတိုင်း ရှေ့ကနေ လက်ကြီးမြှောက်ပြီး 'မိုးနဲ့မြေကို ကန်တော့ပါ' ဆိုပြီး တိုင်ပေးတယ်။ ကျွန်တော်တို့လည်း ကုန်းကန်တော့ကြတာ။ ပန်ရွှယ်က ဘာမှမဖြစ်ဘူး။ ကျွန်တော် မြေကြီးကို ကန်တော့တော့ ကျောက်ခဲချွန်နဲ့ ထိုးမိတာ သွေးထွက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ခစ် . . . ခစ် . . ."

ကျွန်တော်ရဲ့ အဲ့ဒီတုန်းက သွေးထွက်သွားတဲ့ အမာရွတ်ကို ကြည့်ပြီး မှတ်မိသွားသလို သူရယ်တယ်။

"အဲ့ဒီ ဒိန်ကြီးအကြောင်း မပြောစမ်းပါနဲ့။ ဒီကောင့်ကြောင့် စနေနေ့တိုင်း အိမ်မနေရဘဲ ရပ်ကွက်ထိပ်က ဥယျာဉ်ထဲ သွားနေနေရတာ"

"ဘာလို့လဲဟ"

"ဒီကောင်က စနေ့နေ့ဆို အလုပ်အားတယ်လေ။ အားတာနဲ့ ငှက်ပျောပွဲ၊ အုန်းပွဲရွက်ပြီး ငါ့အိမ်လာပြီး ငါ့ကို လာတင်တောင်းတာဟ။ မြန်မာလို ပြောလည်းမရဘူး။ ငါ့အဖေကလည်း တင်းနေပြီ"

"ဟား . . ."

ကျွန်တော် လက်လန်သွားတယ်။

"ဟာ . . . ဒိန်ကြီးက ပက်ပက်စက်စက် ကြောင်တာပဲ"

"ကြောင်မှာပေါ့ နင်နဲ့ပေါင်းတာကို"

ပြောပြီး သူ့စကားနှု ဆဲဘောကျပြီး ခေါင်းမော့လို့ တလွင်လွင် ရယ်နေတော့တယ်။

သူရယ်နေတာမြင်တော့ ကျွန်တော် အေးချမ်းတာပေါ့။

အဲ့ဒီရယ်လွင်နေတဲ့ မျက်နှာလေးကို ကျွန်တော် အမုန်ခြစ်ကြီးကြီး ခြစ်ပေးလိုက်တယ်။



အတိတ်ဆိုတာ
ဘယ်လို ကြက်ခြေခတ်ခတ်
အချိန်တန်ရင် ကိုယ့်ရှေ့မှာ ခြေစုံပြန်လာရပ်ပြတတ်တဲ့
နားလည်ရခက်စရာ မိန်းမ။



www.burmeseclassic.com

www.burmeseclassic.com

## (15)

"မင်းဟာ တွေဝေနေသူတစ်ယောက်ပဲ။ မင်းရဲ့စိတ်ထဲမှာ မင်းဖွားစာရင်အဖြစ် ရည်ရွယ်ချင်နေတဲ့သူ နှစ်ယောက်ဖြစ်နေတယ်။ အဲဒီနှစ်ယောက်ထဲက တစ်ယောက်ယောက်ရဲ့ အနားမှာ မင်းနေနေရရင် ကျန်တဲ့တစ်ယောက်ကိုလည်း စိတ်ကအလိုလို တောင့်တနေသလို ဖြစ်နေတယ်။ ဟုတ်တယ်မို့လား"

ကျွန်တော့်မျက်လုံးတွေ ပြူးဝင်းလာပြီး သူ့ကို ကြည့်နေမိတယ်။ ဒီဗေဒင်ဆရာက ကျွန်တော့်စိတ်ကို အတိအကျ ဘာသာပြန်နေပါလား။ ကျွန်တော့်နှလုံးသားလမ်းကြောင်းဟာ ဘယ်နှခြမ်းများ ကွဲဖြာနေပါသလဲ။

"ဒါပေမဲ့ မင်းဟာ လျှော့နှစ်ဖက်နင်းချင်သူတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းရဲ့တွေဝေစိတ်က မင်းကို အခန့်မသင့်ရင် မျောက်သစ်ကိုင်းလွတ်တော့ ဖြစ်စေနိုင်တယ်။ နောက်ပြီး မင်းရဲ့ လက္ခဏာအရေးအကြောင်းတွေကို ကြည့်ရတာ ရှေ့ကို ပီပီပြင်ပြင် တိုးတိုက်ဖို့ထက် အနောက်ကို ပြန်ကြည့်ရင်း သာယာနေရတာကို ကျေနပ်နေတတ်သေးတယ်။ ရှင်းရှင်းပြောရရင် မင်းက အတိတ်ကို သိပ်တန်ဖိုးထားခဲ့မင်တယ်။ ဒါကြောင့် အနာဂတ်ကို လှမ်းရမဲ့နေရာမှာ . . . "

"တော်ပါတော့ ဆရာ"



ကျွန်တော့်အသံ တုန်ယင်နေပါသလား။ ယုအိက ငြိမ်သက်လို့ ကျွန်တော့်ကို ကြည့်နေတယ်။ ကျွန်တော့် အသက်ရှူသွင်းရှူထုတ် မမှန်မကန် မြန်နေခဲ့တယ်။

"ကျေးဇူးပါပဲ ဆရာ။ ဒီလောက်နဲ့ပဲ ဟောတာရပ်ပေးပါတော့"

ဗေဒင်ဆရာအဘိုးအိုက အိုမင်းနေတဲ့ သူ့မျက်တောင်တွေကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ကျွန်တော့်ကို ပြုံးကြည့်နေတယ်။ ကျွန်တော် အားတုံ့အားနာဟန်နဲ့ အရိုအသေပြုပြီး တောင်းပန်လိုက်တယ်။ ခုနက သူဟောနေချိန် ဖြတ်ပြီး တောင်းဆိုလိုက်တဲ့ ကျွန်တော့်အပြုအမူက သိပ်မယဉ်ကျေးဘူးမို့လား။

နောက်တော့မှ ကျွန်တော်တို့ ဗေဒင်ဟောခပေးပြီး ဒီရေလယ်အိမ်ကလေးထဲက ထွက်ခဲ့ကြတယ်။

ဝါးဖောင်ပေါ် ပြန်ရောက်တဲ့အထိ နှစ်ယောက်သား ဘာစကားမှ မပြောဖြစ်ဘူး။ ဖောင်ကိုလှော်ပြီး ဟိုဘက်ကမ်းကို ရောက်အောင်သွားဖို့ပဲ မေ့လျော့နေခဲ့တယ်။ နှစ်ယောက်သား ဘာကြောင့်မှန်းမသိ တစ်ယောက်မျက်နှာ တစ်ယောက်ရှောင်ရင်း အတွေးလွန်နေတာကြောင့် ဖောင်ဟာ မျောချင်တိုင်း မျောနေပါတယ်။ ရေသင့်ရာ၊ လေသင့်ရာအတိုင်း။

ဗေဒင်ဆရာရဲ့ ရေလယ်အိမ်နဲ့ အတော်ဝေးတဲ့အထိ ယုအိနဲ့ ကျွန်တော် အသက်မဲ့တဲ့ ကောက်ရိုးရုပ်တွေလို ဝါးဖောင်ပေါ်မှာ ငြိမ်သက်ရင်း မျောလာခဲ့တယ်။

ဟုတ်တယ်။ ကျွန်တော်ဟာ တွေဝေနေသူတစ်ယောက်ပဲ။ ကျွန်တော့်ရင်ထဲမှာ ယုအိက ပင့်ကူအိမ်လို တွယ်ငြိနေပြီး ပန်ရွယ်က ပျားအုံတစ်ခုလို တွယ်ကပ်နေတယ်။ ကျွန်တော် တစ်ခုခုကို ခွာချသင့်ပြီ။

"ဟင် . . ."

ယုအိအသံ ထွက်လာတယ်။

ကျွန်တော် သူ့ကို ကြည့်လိုက်တယ်။ ပြီးတော့ ကိုယ်စီးနေတဲ့ ဖောင်ကိုလည်း ပြန်သတိထားမိလိုက်တယ်။ ဖောင်က သောက်က ကြီး



www.burmeseclassic.com

www.burmeseclassic.com

မားတဲ့ သတ္တဝါတစ်ကောင်ကောင် တွန်းထိုးနေသလိုပဲ။ ဒီနေရာက ရေ ဘယ်လောက်နက်လဲ ကျွန်တော်တို့မသိဘူး။ ဘယ်လိုသတ္တဝါကြီးမျိုး ရှိနိုင်မှာလဲ။ ကယောင်ချောက်ချား အတွေးနဲ့အတူ ဖောင်ကလည်း ဗလောင်းဗလဲ လှုပ်လာတယ်။

"ဘာ . . . ဘာဖြစ်တာလဲ . . . သွေးခန့်၊ ငါ . . . ငါ . . ရေမကူးတတ်ဘူး"

ဆိုးတာပဲ။ အခြေအနေ ခါးပြီ။ ကျွန်တော်လည်း ငယ်ငယ်က ရေတစ်ခါနစ်ဖူးပြီးကတည်းက ရေထဲဆင်းဖို့ ကြောက်ခဲ့တဲ့ကောင်ဆိုတော့ ရေမကူးတတ်။

ကျွန်တော်တို့ ကိုယ်စီအိတ်တွေကို ကိုယ်တိုင်ဆုပ်ထားကြတယ်။

အဲ့ဒီအချိန်ပဲ ဝုန်းခနဲအသံနဲ့အတူ ဝါးဖောင်ဟာ တစ်ဖက်စောင်းနင်း မြောက်တက်သွားတယ်။

"အိုး . . ."

"ဝိုး . . ."

နှစ်ယောက်သား ရေထဲ ကစဥ့်ကလျား ပြုတ်ကျကုန်တယ်။

ရေထဲမှာ ကျွန်တော်တို့ ယက်ကန်ယက်ကန်၊ ရှန်းလေနစ်လေ မောလေ၊ မွန်းလေ။

ယုအိရဲ့ ရေမွန်းပြီး လက်တွေ လေထဲတဆာဆာနဲ့ ကမ်းနေ တဲ့ပုံလေးကို နောက်ဆုံး မြင်လိုက်ရတာပဲ။ အဲဒီနောက် နှာခေါင်းထဲ ပါးစပ်ထဲ၊ ရေတွေ ဒလဟော ထိုးဝင်လာတာပဲ ခံစားသိတော့တယ်။

အဲ့ဒီနောက်တော့ အရာရာ ဝေဝါး . . . မှောင် . . .။



"အွပ် . . ."

ရေတွေ ပျို့ခနဲ အန်ထုတ်ပစ်တယ်။ နောက်ထပ် အွပ်ဆိုတဲ့ အသံနဲ့ ရင်ဘတ်က လှိုင်းလိုရှန်းကြွပြီး ရေတွေ ထပ်အန်တယ်။ ဒီလို နှစ်ခါလောက်အန်ပြီးမှ မျက်လုံးဖွင့်လာနိုင်တယ်။

ကျွန်တော့်အမြင်အာရုံထဲကို ဝင်လာတာ လူမျက်နှာရိပ်တစ်ခု။ ဝေဝါးနေသေးလို့ မျက်တောင်ပုတ်ခတ်ပြီး ပြန်ကြည့်လိုက်မှ သေသေ ချာချာ မြင်လိုက်ရတယ်။

"လူသန်ကြီး . . . "

မာကျောနေတဲ့ မေးရိုးနဲ့ လူသန်ကြီးက ပက်လက်လန်နေတဲ့ ကျွန်တော့်ကို ငုံ့ကိုင်းကြည့်နေတယ်။

"သွေးခန့် . . . သတိရလာပြီလား"

ဒါကတော့ ယုအိအသံ။ ပက်လက်လှန်ထားရတော့ မြင်ကွင်း က အသံလာရာဆီ မကြည့်နိုင်ဘူး။ ဒါကြောင့် ချက်ချင်းထထိုင်ဖို့ ကြိုး စားလိုက်တယ်။ ဒီတော့မှ ကျွန်တော့်လက်တွေ ချုပ်နှောင်ခံထားရမှန်း သတိထားမိလိုက်တယ်။

"ကောင်လေးကို ကျုပ်ပြောသားပဲ။ ကျုပ် ဟိုကောင်နဲ့ စ[illegible]င်း ရှင်းနေတုန်း ဝေးနိုင်သမျှဝေးအောင် ဉာဏ်သုံးပြီး ပြေးထား[illegible]ပါဆို။ ကောင်လေးက သိပ်ပေါ့ဆတာကိုး"



www.burmeseclassic.com

www.burmeseclassic.com

ပြောဆိုရင်းပဲ လူသန်ကြီးက ကျွန်တော့်ကို ထိုင်နိုင်ဖို့ ထူပေးတယ်။

ထိုင်ခွင့်ရမှ ယုအိကို တွေ့ရတယ်။ လက်ပြန်ကြိုး တုပ်ခံထားရတယ်။ ဒီလို ဒုက္ခရောက်နေတဲ့ကြားက ယုအိက အိစက်ညက်ညောစွာ ပြုံးပြနေသေးတယ်။ ကျွန်တော် ပြန်သတိရလာလို့ စိတ်အေးနေပုံပဲ။

လူသန်ကြီးက ဂတ်စ်မီးခြစ်လေးတစ်လုံးနဲ့ တဖျောက်ဖျောက်ခြစ်ရင်း သူ့အရေပြားတွေကို ခပ်ဖွဖွ အပူပေးနေတယ်။ သူ့ပုံစံကြည့်ရတာ တော်တော်ချမ်းနေတဲ့ပုံပဲ။

သူက တုန်တုန်ယင်ယင်ဖြစ်နေတဲ့ကြားက ကျွန်တော့်ကို ပြောပြတယ်။ သူ ကျွန်တော်တို့ ဗေဒင်ဆရာရဲ့ ရေလယ်အိမ်ထဲကနေ ပြန်ထွက်အလာကို ရေထဲကနေ စောင့်နေခဲ့ရကြောင်း၊ ကျွန်တော်တို့ တော်တော်နဲ့ ထွက်မလာတာကြောင့် သူ ရေထဲမှာ အတော်ကြာအောင် စောင့်ခဲ့ရကြောင်း၊ ကျွန်တော်တို့ထွက်လာမှ သူက တိတ်တဆိတ် ရေငုပ်လိုက်လာပြီး ကျွန်တော်တို့စီးလာတဲ့ ဝါးဖောင်ကို သူ့ရဲ့ သန်မာတဲ့အားနဲ့ တွန်းလှန်မှောက်ပစ်ခဲ့ကြောင်းတွေ ပြောပြတယ်။

"စိတ်မကောင်းပါဘူးကွာ၊ မင်းတို့ကို ဒီလိုလုပ်ရတာ"

နိုင်သူစားတမ်း ကစားပွဲတစ်ခုမှာ ဒီလိုတောင်းပန်တဲ့စကားကြားရတာ ကိုယ့်ကိုယ်ကိုယ် မဖြူစင်သူလို့ မြင်စေတယ်။ လူသန်ကြီးရဲ့ သွင်ပြင်က ကျွန်တော်တို့ကို မလွှဲသာလို့ ဖမ်းဆီးရသလိုမျိုးပါ။ သူ အရမ်းလည်း ချမ်းနေတယ်။ နှုတ်ခမ်းတွေတောင် ဖြူဖျော့နေတယ်။

"ကဲ . . . ထကြ၊ မင်းတို့နှစ်ယောက်'

သူ သိပ်နေထိုင်မကောင်းတဲ့ကြားက ခရီးဆက်ပါတယ်။ ဒီထက်ပိုလုံခြုံမဲ့ နေရာတစ်ခုဆီဖြစ်မယ်။ ကျွန်တော်တို့ကို လက်ပြန်ကြိုးတုပ်ထားလျက်နဲ့ ရှေ့ကလျှောက်စေပြီး သူက ကြိုးစရှည်နဲ့ နောက်ကဆွဲပြီးလိုက်ပါတယ်။ ကျွန်တော်တို့ ရှေ့ကလျှောက်ရင်း ညွှန်ရာအတိုင်း သွားရတယ်။



ကျွန်တော်က နှစ်ရက်အတွင်း ပြေးလိုက်လွှားလိုက် ဒီလိုဖမ်းဆီးခံရလိုက်ဆိုတော့ ဒီအခြေအနေကို မမှုတော့ပါဘူး။ ဒါပေမဲ့ မနက်မိုးလင်းလို့ ကားဆီရောက်ရင် Game က ပြီးပြီပဲ။ ဒီလိုဆို ဆုကြေးငွေကို ကျွန်တော် လက်လွှတ်ရတော့မလား။ ဟုတ်တယ် . . . ။ အချိန်က ဒီတစ်ည နောက်ဆုံးပဲ။ အခုတောင် ကောင်းကင်မှာ ကြယ်တွေ နဖူးထွက်နေပြီ။ ညဦးသန်းပေါ့။

"ဦးလေး . . . အအေးမိနေပြီထင်တယ်။ ကျွန်မအိတ်ထဲမှာ ဆေးတချို့ပါတယ်။ ယူသောက်လိုက်ပါလား"

ကျွန်တော်တို့ကိုဖမ်းဖို့ သူ ရေထဲမှာ အကြာကြီး စိမ်စောင့်ခဲ့ရတာကြောင့် အအေးမိခဲ့ပြီထင်တယ်။

"နေပါစေ . . . ။ ငါတို့ အပြန်အလှန် စေတနာမထားကြရင်ကောင်းမယ်"

အခု သွားနေတဲ့လမ်းက မြို့ထဲဘက်ကို ဦးတည်နေတယ်လို့ ပြောတယ်။ ဒီအတိုင်းသာ ဆက်လျှောက်ရင် မြို့စွန်မှာရှိတဲ့ သူ့အိမ်ဘက်ကိုရောက်နိုင်ကြောင်း ယုအိက တိုးတိုးပြောသေးတယ်။

"ကောင်လေး . . . မင်းပြောစမ်း။ ဒီ Game မှာ winner ဖြစ်ရင် ရတဲ့ဆုကြေးငွေနဲ့ မင်း ဘာလုပ်မှာလဲ"

"အစကတော့ ကိုယ့်စီးပွားရေးအတွက်ပဲ ရင်းနှီးမြှုပ်နှံမယ်ပေါ့။ ဒါပေမဲ့ အခုတော့ ဒီလိုမဟုတ်တော့ဘူး။ ဒီ Game ထဲမှာ ပါဝင်ရင်းနဲ့မှ တခြားမြင်သိလာရတယ်"

" . . . "

"ဒီလို blind - game လို့ အမည်ပေးထားတဲ့ ဘယ်သူ ရန်သူမှန်းမသိ၊ ဘယ်သူ မိတ်ဆွေမှန်းမသိဘဲ အရာရာကို သံသယနဲ့ ကြည့်နေရတဲ့ Game မှာတင် ဒီလောက်ပင်ပန်းတာဆိုတော့ တကယ့်မျက်မမြင်တွေဆိုရင် ဘယ်လောက်တောင် ပင်ပန်းရမလဲ။ တချို့ သူတို့ရုပ်ကိုတောင် သူတို့ မြင်ဖူးကြရဲ့လား။ ကမ္ဘာပေါ်မှာ သစ်ရွက်လေးတွေ ရှိတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

တာကို သူတို့ အထိအတွေ့တွေ၊ အသံတွေနဲ့ပဲ သိနေရတာလား။ သူတို့ရဲ့အထင် စိတ်ကူးနဲ့ပဲ ရောင့်ရဲနေရတာလား။ ကျွန်တော် အဲဒီလို မျက်မမြင်တွေရဲ့ဘဝကိုပါ အတွေးချဲ့မိလာတယ်။ ဒါကြောင့် ဒီ Game မှာ winner ဖြစ်ရင် ဆုကြေးငွေကို မျက်မမြင်ကျောင်းတွေကို လှူမယ်"

လူကြီးက 'အဓိပ္ပာယ်ရှိတယ်' လို့ ခေါင်းတညိတ်ညိတ်နဲ့ ပြောတယ်။ ဆက်ပြီးလည်း သူ့အကြောင်းကို ဆွေးမြည့်ပင်ပန်းစွာ ပြောတယ်။

"ငါက အရင်က လောင်းကစားသမားတစ်ယောက်ပေါ့။ ငါ့မျက်လုံးဟာ ဖဲချပ်တွေရဲ့ ထောင့်စွန်းက ဂဏန်းသင်္ကေတတွေကိုပဲ အမြဲကြည့်ချင်နေခဲ့တယ်။ အဲ့ဒီအက္ခရာလေးတွေကို လက်မနဲ့ ဖိဖိပွတ်ပြီးရင် ခုန်ရတဲ့အရသာကို စွဲလမ်းခဲ့တယ်။ ဓားသမား ဓားနဲ့သေ၊ ဖဲသမား ဖဲနဲ့သေတာပေါ့။ အကြွေးတွေ ပတ်လည်ဝိုင်းခဲ့တယ်။

ငါတို့ကျင်လည်တဲ့ ဖဲဝိုင်းလောကမှာ ရူးရှပြီး ထက်မြက်ပုံရတဲ့ လူငယ်တစ်ယောက်လည်းရှိတယ်။ အဲ့ဒီကောင်က အမြဲ ညဏ်ရောင်စုံရှုင်ပြီး ပါးနပ်တယ်။ အဲ့ဒီကောင်က ငါ့သမီးကို အမြဲကြည့်နေခဲ့တယ်။ ဒီကောင် ငါ့သမီးကို နှစ်သက်နေတာပေါ့ကွာ။

ဒီတော့ အကြွေးလည်ပင်းမြုပ်နေတဲ့ငါက ဒီကောင်နဲ့ ငါ့သမီးကို အတင်းပေးစားလိုက်တယ်။ ဒီတော့ ဒီကောင့်ဆီက ပိုင်ဆိုင်မှုတွေကလည်း ငါ့အတွက် နှိုက်မကုန်တဲ့ ရတနာတွင်း ဖြစ်လာတယ်ပေါ့။ တကယ်တော့ ရိုင်းရိုင်းပြောရရင် ငါဟာ ကိုယ့်သမီးကိုယ်ရောင်းစားခဲ့တာပဲမို့လား"

သူ့ကိုယ်သူ အပြင်းထန်ဆုံး ရိုက်ချနေပါတယ်။ သူ့အသံတွေ ချမ်းလို့ တုန်ယင်နေတာလား၊ ခံစားမှုကြောင့် တုန်ယင်နေတာလား။

"ငါကတော့ ဟိုကောင်ဆီက လွယ်လွယ်ရတဲ့ငွေတွေနဲ့ ပျော်ပျော်ကြီး လောင်းကစားလို့ပေါ့။ ဒါပေမဲ့ ငါ့သမီးကတော့ သူမချစ်တဲ့သူနဲ့ ယူခဲ့ရတဲ့အတွက် အမြဲတမ်း တမှိုင်မှိုင် တတွေတွေနဲ့ပေါ့။



အဟင်း . . . ထူးဆန်းတယ်ပဲ ပြောမလား၊ ဟိုကောင်က တော့ ငါ့သမီးကို တကယ်ချစ်တယ်ဆိုပဲ။ ဒါပေမဲ့ ငါ့သမီးက အမြဲ ရှောင်ဖယ်၊ ရှောင်ဖယ်လုပ်တော့ ကြာတော့ ဒီကောင် မခံနိုင်ဘူး။ ညကို မူးအောင်သောက်ပြီး ငါ့သမီးကို ရိုက်ပုတ်တယ်။

ကြည့်ပါဦး . . . ငါ့မောဟကြောင့် ငါ့သမီးလေး ဒုက္ခတွင်းထဲ ရောက်နေရတာ။ မှန်တယ်။ ငါ့သမီး ကိုယ့်ကိုယ်ကိုယ် သက်သေပစ်တာ မှန်တယ်။ ငါ့သမီးဟာ သူ့အသက်နဲ့ရင်းပြီး ငါ့ကို ဆုံးမခဲ့တာပေါ့။ ငါ့သမီးဆုံးတော့ ဟိုကောင့်ဆီက ငါ ဘာမှမရတော့ဘူး။ ဒီကောင်ကိုယ်တိုင်လည်း စိတ်ဓာတ်ကျလို့ အရက်တွေပဲသောက်ပြီး စီးပွားရေး တွင်းဆုံးကျသွားတယ်။

ငါလည်း အကြွေးပင်လယ်မှာ ကျန်ရှိနေတဲ့ ငါ့မိသားစုနဲ့ ပေါ်လာမျောနေခဲ့ရတာပေါ့။ အကြွေးရှင်တွေက ညတိုင်း ငါတို့အိမ်ကိုလာပြီး ထမင်းစားပွဲကို ကန်ကျောက်လှန်နေကြပြီ။ ငါ့ကြောင့် ကျန်တဲ့မိသားစုအပ်ဒုက္ခမရောက်စေချင်တော့ဘူး။ အကြွေးတွေ မြန်မြန်ဆပ်ရမယ်။ ငါ့မိသားစုကို ပြန်ပေးဆပ်ရမယ်။ ဒါ့ကြောင့် ငါ မင်းတို့ကို ဖမ်းရတာပါကွာ"

သူ့စကားအပေါ် ကျွန်တော်တို့ ကရုဏာသက်နေမိတယ်။ ရင်ထဲ မကောင်းဘူး။ ကျွန်တော် မေးစရာရှိလို့ မေးရသေးတယ်။ ခေါင်းထဲမှာ လင်းခနဲ တစ်ယောက်ယောက်ကိုလည်း ကျွန်တော် သတိရသွားတာကြောင့်ပါ။

"အဲ့ဒီဆုံးသွားတဲ့ ဦးလေးသမီးရဲ့ ယောကျ်ားဆိုတာ ဒီ blind-game ထဲမှာပါနေတဲ့ မျက်ခုံးမွေးစိုက်စိုက်နဲ့ လူများလား"

"ဟုတ်တယ် . . . အဲဒီကောင်ပဲ။ တွေ့တဲ့နေရာမှာ သတ်မယ်လို့ ဆုံးဖြတ်ထားတာ။ ကံကြမ္မာက ငါ့ကို ဒီနေရာမှာတော့ မျက်နှာသာပေးလိုက်တာပဲ။ ဒီ Game ထဲမှာ ဒီကောင်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ဆုံခွင့်ပေးခဲ့တယ်။ ဒါပေမဲ့ ငါ ဒီကောင့်ကို မသတ်ခဲ့ဘူး။ ငါ့သမီးသတ်

www.burmeseclassic.com

သေတာ ဒီကောင့်ကြောင့်ဆိုတာထက် ငါ့ကြောင့်ဆိုရင် ပိုမှန်တယ်။ အားလုံး ငါ့အပြစ်ပဲ။ ငါ့ရဲ့ ညံ့ဖျင်းညှက်နည်းမှုတွေပဲ”

သူက ဆက်မသွားဘဲ ရပ်တန့်လိုက်တာကြောင့် ကျွန်တော်တို့လည်း ရှေ့မဆက်ဘဲ ရပ်တန့်မိကြတယ်။ သူ သက်ပြင်းတွေကို တဟူးဟူးမှုတ်ထုတ်နေတယ်။ သူ့စိတ်တွေ အပြင်းအထန် လှုပ်ရှားနေပုံပဲ။ ခန္ဓာကိုယ်ရဲ့ ဖျားနာမှုနဲ့၊ စိတ်ရဲ့ လှုပ်ရှားမှုပေါင်းစည်းပြီး သူ့တစ်ကိုယ်လုံး တုန်ယင်နေတယ်။

“ငါ ဆင်ခြင်မိတဲ့ခဏမှာ ဒီကောင့်ကို မသတ်နိုင်ခဲ့တော့ဘူး။ လည်မျိုအထိ ဓားထောက်နိုင်ခဲ့သေးပေမဲ့ ငါဓားကို လွှတ်ချပစ်ခဲ့တယ်”

သူ ငှက်ဖျားရောဂါသည်တစ်ယောက်လို ကျုံ့ကျုံ့လေး ထိုင်ချလိုက်တယ်။ ပြီးတော့ အားရပါးရ ခေါင်းမော့ပြီး . . .

“ဟား . . . ဟား . . . ဟား . . . တကယ်တော့ ငါတို့ အစုကစားနေတဲ့ မျက်ကန်းကစားပွဲထဲမှာ ပါဝင်နေတာ ငါတို့တင်မကဘူး။ ဒီကမ္ဘာကလူတွေ အကုန်ပါတယ်။ ငါပြောမယ်။ အားလုံး မျက်ကန်းတွေချည်းပဲ။ မောဟအမှောင်ထဲမှာ ကန်းလောင်နေတဲ့ ငနဲတွေချည်းပဲ။ အားလုံး သောက်ရူးသောက်ကန်းတွေချည်းပဲ . . . ဟား . . . ဟား . . . ဟား . . . ဟား . . .”

သူ အရူးတစ်ယောက်လို တဟားဟားအော်ရယ်ပြီး တစ်ကမ္ဘာလုံးကလူတွေကို စွပ်စွဲပစ်နေပါတယ်။ သူ့ရယ်သံ အက်ကွဲကွဲကြီးက ကြားရတဲ့ ကျွန်တော်တို့ရင်ထဲတောင် ရှုံးသွပ်သွားစေပါတယ်။ သူ့နှုတ်ခမ်းကသာ တဟားဟားအော်နေတာ မျက်လုံးထဲမှာတော့ မျက်ရည်တွေ တအိအိ စုဖွဲ့လာတယ်။

သူရှိသမျှ အားအကုန်ထုတ်ပြီး ရယ်နေတယ်။ ယုအိကလည်း စိတ်မချမ်းမြေ့သလို မျက်လုံးမှိတ်ထားတယ်။

သူ့ရယ်သံတစ်စနဲ့ ခြောက်ကပ်ကပ် အဆုံးသတ်သွားတယ်။ သူ ကျွန်တော်တို့ကို ကြည့်တယ်။ သူ့ခါးမှာကပ်နေအောင် ချိတ်ထားတဲ့



ဓားအိမ်ထဲက ဓားကို ချွမ်ခနဲမြည်အောင် ဆွဲထုတ်လိုက်တယ်။ သူ ကျွန်တော်တို့ဆီ လျှောက်လာတယ်။

သူ . . . သူ ဘာလုပ်မှာလဲ။ စိတ်ရှုးပေါက်ပြီး ကျွန်တော်တို့ကို တစ်ခုခုလုပ်တော့မှာလား။ ကျွန်တော်တို့ မျက်လုံးအပြူးသားနဲ့ ကြက်သေသေနေတယ်။

ဒီအချိန်ပဲ သူက ကျွန်တော်တို့လက်မှာချည်ထားတဲ့ ကြိုးတွေကို ဓားနဲ့ ဖြတ်တောက်ပေးပါတော့တယ်။

“ဟင် . . . ဦးလေး . . . ဒါ . . . ”

“မင်း စိတ်ဓာတ်ကောင်းတယ်။ ငါ ငါ့ကိုယ်ငါ အပြစ်ပေးရမယ်။ ဒီငွေတွေလည်း ငါ့အကျိုး ငါ့မိသားစုအကျိုးဆိုတဲ့ အတ္တနဲ့ယှဉ်ပြီးပဲ အသုံးပြုနေမိမှာ။ ဒီတော့ မင်းရသွားတာ ကောင်းတယ်။ မင်းက ဒီငွေတွေကို အဓိပ္ပာယ်ရှိရှိ အများအတွက် အသုံးချမဲ့သူဆိုတော့ မင်းကို ငါ လွှတ်ပေးသင့်တာပေါ့။ မင်းကို ငါ လွှတ်ပေးမယ်”

ကျွန်တော်တို့ကို သူချည်တဲ့ကြိုး သူပြန်ဖြတ်ပေးရင်း ပြောနေတယ်။

ကြိုးတွေ ဖြတ်တောက်ပေးပြီးတော့ သူ အနီးဆုံးသစ်ပင်တစ်ပင်ဆီသွားပြီး အသာလေး ခွေမှီပြီးထိုင်တယ်။ သူတစ်ကိုယ်လုံးကို သူ့လက်တွေနဲ့ အငမ်းမရ ပွတ်နေတယ်။ သူ အရမ်းချမ်းခိုက်နေပုံပဲ။ သူ ဖျားလည်းဖျားနေတယ်။

ယုအိက ချက်ချင်း သူ့အိတ်ထဲက ဆေးတချို့ကိုယူပေးပြီး ‘လူသန်ကြီး’ ကို တိုက်တယ်။ သူ့အကျီက ပါးလွှာတယ်။ ဒါကြောင့် ကျွန်တော်က ကျွန်တော့်အိတ်ထဲက အနွေးထည်ကို ထုတ်ပြီး သူ့ကို ဝတ်ပေးလိုက်တယ်။

ကျွန်တော့်အိတ်ထဲက အဝတ်အစားတွေကလည်း ဖောင်ဒေါ်က ပြုတ်ကျတုန်းက ရေစိုထားတာ အခုထိ ကောင်းကောင်းမခြောက်သေးပါဘူး။ ဒါကြောင့် ယုအိက သူနဲ့အနီးဆုံးနေရာမှာ မီးပုံတစ်ခု ဖို



www.burmeseclassic.com

www.burmeseclassic.com

ပေးတယ်။ ရေစိုနေတဲ့ အဝတ်တွေကို မီးအပူပေးပြီး ခြောက်သွေ့သွားတော့မှ သူ့ကို အထပ်ထပ်ဝတ်စေတယ်။

လွန်ခဲ့တဲ့ မိနစ်ပိုင်းတွေတုန်းက သူဟာ ကျွန်တော်တို့ကို ဖမ်းဆီးခဲ့သူဖြစ်ပေမဲ့ အခုတော့ ရဲဘော်ရဲဘက်တစ်ယောက်လို သံယောဇဉ်ဖြစ်နေပုံမျိုး ဖြစ်သွားပါပြီ။

"ငါ . . . ငါ . . . သက်သာပါပြီ။ မင်းတို့သာ သွားကြတော့။ Game က မပြီးသေးဘူး။ မင်းအတွက် အန္တရာယ်ရှိသေးတယ်။ တခြားသူတွေသာ ဒီ Game မှာ winner ဖြစ်သွားရင် သူတို့ကိုယ်ကျိုးအတွက်ပဲ ပျော့ပျော့ကြီး အသုံးချသွားမှာ။ ဒါကြောင့် မင်းရမှဖြစ်မှာ။ သွား . . မင်းတို့ မိုးမလင်းခင်အထိ သတိနဲ့နေကြ"

ကျွန်တော်တို့ ဖျားနာနေတဲ့သူ့ကို ထားခဲ့ပြီး ထွက်မသွားရက်ပါဘူး။ ဒါပေမဲ့ သူက ကျွန်တော့်လုံခြုံရေးကို စိုးရိမ်ပြီး ကျွန်တော့်ကို အတင်းနှင်လွှတ်နေတယ်။

နောက်ဆုံးမှ ကျွန်တော်တို့ သူ့ကို နွေးထွေးနေသာအောင် စိတ်ချရလောက်အောင် စီစဉ်ပေးပြီး ထွက်ခဲ့ပါတယ်။ ကျွန်တော်တို့ သူ့ကို လှည့်ကြည့်လှည့်ကြည့်နဲ့ နောက်ဆံတင်းစွာ ထွက်ခွာတုန်း ခြေလှမ်းဆယ်လှမ်းအကွာလောက်ရောက်မှ . . .

"ကောင်လေး . . . "

လို့ လှမ်းခေါ်လိုက်တယ်။ ကျွန်တော် သူ့အနား ပြန်သွားလိုက်ရတယ်။ ယုအိက အနားအထိ ပြန်လိုက်မလာတော့ဘဲ ခပ်လှမ်းလှမ်းကနေပဲ စောင့်နေတယ်။ ဒီလို ယုအိနဲ့ အလှမ်းကွာတဲ့ အနေအထားမှာမှ သူက ကျွန်တော့်ကို တိုးတိုးစကားတစ်ခွန်း ပြောပါတယ်။ အဲ့ဒီစကားကတော့ . . .

" . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . "



**(16)**

မြို့ဟာ မှောင်မည်းနေပါတယ်။

လူခြေတိတ်နေတဲ့ လမ်းများဟာ အေးစက်နေမှာပဲ။ သစ်ရွက်တွေရဲ့ အဖျားခတ်သံကို လေပြည်သံနဲ့ ရောပြီးကြားတယ်။ ပိုးကောင်တချို့လည်း တကျစ်ကျစ် မြည်နေသေး။

"ရှူး . . ."

သူ လေချွန်သံ ကျယ်ကျယ်ပေးလိုက်တယ်။ ဘာသဘောလဲလို့ ကျွန်တော်ကြည့်လိုက်တော့ သူက ပြုံးပဲပြုံးပြတယ်။

သူ ဘာကြောင့် လေချွန်လိုက်တာလဲဆိုတာကို ခဏအကြာမှာ ပြေးလာတဲ့ခွေးတစ်ကောင်ကို မြင်လိုက်မှ သိရပါတယ်။ ခွေးက တစ်ဟုန်ထိုးပြေးလာပြီး ယုအိရှေ့လည်းရောက်ရော ယုအိခြေထောက်တွေကို သူ့နှာရွက်တွေနဲ့ တအားပွတ်နေတယ်။

"ဒါ ငါ့ခွေးလေးလေ"

ခွေးက သိပ်မငယ်တော့ပါဘူး။ အရောင်က ကော်ဖီရောင်ဖျော့ဖျော့နဲ့။ တချို့နေရာတွေမှာတော့ အဖြူကွက်တွေနဲ့။

"လာ . . . ဟိုးရှေ့လမ်းဆုံးရင် ငါ့အိမ်ရောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com

လမ်းသိပေမဲ့ ခွေးက သူ့ထိပ်ပိုင်းဖြူနေတဲ့ အမြီးလေးကို ယမ်းပြီး ရှေ့က လျှောက်သွားပါတယ်။

သူ့အိမ်ဟာ သူပြောသလို လမ်းဆုံးမှာရှိတယ်။ ခြံဝန်းကျယ်ကျယ်နဲ့ နှစ်ထပ်အိမ်လေးပဲ။ စိတ်ပါရင် ခေါင်မိုးပေါ်လည်း တက်နေလို့ရတဲ့ ပုံစံဆောက်ထားတာကြောင့် သုံးထပ်တိုက်လို့ ခေါ်ချင်ရင်လည်း ရမလားပဲ။ ဒါပေမဲ့ မကြာခင် ပြိုကျတော့မယောင် အိုမင်းဟောင်းနွမ်းနေတဲ့ ငိုမဲ့မဲ့ အဆောက်အဦးလေးပါ။

သူ ခါးလယ်လောက်မြင့်တဲ့ စည်းရိုးလေးနဲ့ တံခါးကို တွန်းဖွင့်လိုက်တော့ ခွေးက လှစ်ခနဲ အရင်ဝင်သွားတယ်။

သူ သက်ပြင်းတွေ ချနေတယ်။ အိမ်တံခါးဝဆီရောက်တော့လည်း တံခါးကို ခေါက်တာပဲဖြစ်ဖြစ်၊ တွန်းဖွင့်ကြည့်တာပဲဖြစ်ဖြစ် မလုပ်ဘဲ သက်ပြင်းပဲ ချနေပါတယ်။

“ဘာဖြစ်လို့လဲ၊ နင့်မှာ အခက်အခဲရှိလို့လား။ နင့်မိဘတွေ တစ်မျိုးမြင်မှာ စိုးလို့လား။ ငါ တခြားနေရာမှာ သွားတည်းလိုက်မယ်လေ”

“ဟင့်အင်း . . . ရတယ်။ ငါ ကြည့်ရင်ဆိုင်မယ်”

‘ငါ ကြည့် ရင် ဆိုင် မယ်’ တဲ့။

ဒီစကားအသုံးအနှုန်းက သူ့မှာ ကျွန်တော်မသိတဲ့ ထိပ်တိုက်တွေ့ရတော့မဲ့ စိုးရွံ့စရာ အရေးကိစ္စတစ်ခု ရှိနေတဲ့သဘောပဲ။

သူ နောက်ထပ် သက်ပြင်းတစ်ခုကို ချတယ်။ ပြီးတော့ သူ အားတင်းလိုက်သလို မျက်နှာမျိုးပြင်ပြီး တံခါးကို တွန်းဖွင့်လိုက်တယ်။

ကျွီ . . . ဆိုတဲ့ ညည်းသံရှည်နဲ့ ဆီမဝတဲ့တံခါးဟာ ခြောက်ကပ်ကပ် ပွင့်သွားတယ်။ ကျွန်တော် အထဲကို ခြေလှမ်းလှမ်းဝင်ဖို့ မျက်နှာမော့လိုက်တော့ . . .

“အား . . . ”

ကျွန်တော် လွှတ်ခနဲ ကျယ်လောင်စွာ အော်မိသွားတယ်။ ရုတ်ချည်းပဲ ကျောပြင်တစ်ခုလုံးက ကြက်သီးမွေးညင်းတွေ ဝုန်းခနဲ တစ်ဟုန်ထိုး



ထိုးထောင်ကုန်တယ်။ နားထင်မွေးတွေအောကားပြီး ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။

“ . . . . . . ”

ကျွန်တော် မြင်လိုက်ရတဲ့အရာက လူတစ်ယောက်ပါ။ သေတော့ သေချာပါတယ်။ လူတစ်ယောက်။ ဒါပေမဲ့ မျက်နှာတစ်ခြမ်းက စုတ်ပြတ်နေတာပဲ။ သံရည်ပွက်ပွက်နဲ့ ပက်ခံထားရသလိုမျိုး ဘယ်ဘက်မျက်လုံးအောက်ကနေ စပြီး ပုံရွဲ့လောင်မြိုက်ရာတွေနဲ့။ ဒီလို မျက်နှာသွင်ပြင်မျိုးရှိတဲ့အပြင် သူ့ဆံပင်ကောက်ကောက်တွေက တစ္ဆေတစ်ကောင်လို ရှည်လျားလို့နေတယ်။ အနက်ရောင် အင်္ကျီလက်ရှည်ကြီးကို ဝတ်ထားတာကလည်း သူ့ကို သေမင်းလို မြင်စေတယ်။

သူ ခြေလည်း မသန်ဘူးထင်တယ်။ ဝီးချဲပေါ်မှာ ထိုင်နေတယ်။

သူ ကျွန်တော်တို့ကို မျက်လုံးစိမ်းတစ်စုံနဲ့ စူးနေအောင် စိုက်ကြည့်နေတယ်။ တဖြည်းဖြည်း လျော့ပါးသွားတယ်။ ဒါပေမဲ့ သူ့ရဲ့ အငြိုးကြီးသူတစ်ယောက်လို ကြည့်နေတဲ့ အကြည့်စိမ်းစိမ်းကြီးတွေက ကျွန်တော့်ကို တွန့်ဆုတ်နေစေသေးတယ်။

“အစ်ကို . . . ညီမပြန်လာပြီလေ”

ယုအိ လက်ကအိတ်ကို လွှတ်ချပြီး အဲ့ဒီ ကြောက်မက်ဖွယ်လူဆီ မက်မက်မောမော ပြေးသွားတယ်။ အဲဒီလူရဲ့ မျက်လုံး ဝင်းတောက်သွားတယ်။ ဒါကိုမသိဘဲ အနားရောက်တော့ ယုအိက ဝီးချဲလက်ရန်းပေါ်ကလက်ကို ဆုပ်ကိုင်လိုက်တယ်။ ပြီးတော့ ဂရုတစိုက် ကြင်နာစွာ ပြောတယ်။

“အစ်ကို . . . ထမင်းစား . . . ”

“ဝုန်း . . . ”

ယုအိ လွင့်သွားတယ်။ စားပွဲတစ်ခုနဲ့တိုက်မိပြီး အပြိုပြိုအလဲလဲ ဖြစ်သွားတယ်။ ကျွန်တော် ဟာခနဲ အံ့အားသင့်သွားတာပေါ့။

ယုအိကို သူ တွန်းပစ်တာ။ သူဆိုတာ ဟို ကြောက်မက်ဖွယ်သူ။ သူ စကားစလာတယ်။

www.burmeseclassic.com

"နင် ပြန်လာတာနဲ့ လင်ငယ်ပါ တစ်ခါတည်း ခေါ်လာတယ်ပေါ့ ဟုတ်လား . . . "

"အို . . . အစ်ကိုကလည်း ဒါ ညီမရဲ့ ယယ်သူငယ်ချင်း . . ."

"ငါ့ကို သောက်ရူးမှတ်နေလား။ နင် ငါ့ကို ရွံနေတာမို့လား။ ငါ့ကို နွာချင်နေတာ ငါမသိဘူးများ မှတ်နေလား။ သောက်ကောင်မ . . ခွေးမ . . ."

မကြားဝံ့မနာသာတွေ၊ ကျွန်တော် နားလည်း မခံနိုင်၊ လက်လည်း မခံနိုင်တာကြောင့် . . .

"မဟုတ်ဘူး . . . ခင်ဗျားမှားနေပြီ။ သူနဲ့ ကျွန်တော်က . . ."

"ဇုဟုဇကောင် . . . မင်းက ဘာလို့ဝင်ပြောတာလဲ။ အော် . . . ဆောရီး . . . ငါမှားသွားတယ်။ မင်းက မင်းမယားထိတော့ ဝင်ပြောမှာပေါ့"

"ဟာ . . . အစ်ကို . . . အဲ့လို . . ."

"ကောင်းတယ် . . . ။ နေခဲ့ကြ၊ ပျော်သလိုသာ နေခဲ့ကြ၊ ဖောက်ပြန်တဲ့လူတွေနဲ့ ငါ အတူမနေနိုင်ဘူး။ မင်းတို့နေခဲ့ကြ"

သူ ဝိုးချဲကို တဂျောင်းဂျောင်းတွန်းပြီး အပြင်ထွက်သွားတယ်။

"အစ်ကို . . . အစ်ကို . . . ညီမ ရှင်းပြ . . ."

ယုအိ ပြေးလိုက်ပါတယ်။ ယုအိ ဝိုးချဲကိုဆွဲတားတော့ ဟိုလူက ရိုက်ပုတ်တယ်။

ယုအိရဲ့ဆံပင်တွေကို ဆောင့်ဆွဲတယ်။ ပြီးတော့ ဝိုးချဲကို ဆက်တွန်းပြီး ထွက်သွားတယ်။ ယုအိ အိမ်ရှေ့လမ်းလေးပေါ်မှာ လဲကျရင်း ရှုပ်ထွေးသွားတဲ့ ဆံပင်တွေနဲ့ ငိုကြွေးရင်း ကျန်ခဲ့တယ်။

ကျွန်တော် ဘာမှနားမလည်ဘူး။ ဒီတဒင်္ဂအတွင်း ဖြစ်ပျက်သွားတာတွေကို မယုံနိုင်သလို မှင်သက်နေမိတယ်။ ယုအိရဲ့ဘဝ ဘာဖြစ်နေတာလဲ။ စိတ်ထဲမှာ အံ့သြခြင်း၊ မခံနိုင်ခြင်း၊ နားမလည်ခြင်း၊ စိုးနင်ခြင်း၊ နာကျင်ခြင်းတွေနဲ့ ရောပြွမ်းပြီး တုန်ခါနေတယ်။



ကျွန်တော် သူ့အနားဆီ ခြေသံတိုးတိုးနဲ့ လျှောက်သွားခဲ့တယ်။ သူ့ကိုထူဖို့ ကျွန်တော် ဒူးထောက်ထိုင်လိုက်တော့ သူ ကျွန်တော့် ဒူးကိုဖက်ပြီး တအိအိ ငိုပါတော့တယ်။

ရှိုက်သံတွေ . . . ရှိုက်သံတွေ . . . ရှိုက်သံတွေ . . .

ကျွန်တော့်ရင်ဘတ်ထဲ ခုန်ပေါက်ဝင်လာခဲ့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

သူ သူ့အခန်းထဲမှာ တံခါးပိတ်ပြီးငိုနေတာ အတော်ကြာသွားပြီ။

ကျွန်တော်တောင် ဧည့်ခန်းထဲကော၊ အိမ်ထဲကော စိတ်လေလေနဲ့ လမ်းလျှောက်ရင်း ကြည့်နေခဲ့တာ ဘယ်နှခေါက်ရှိပြီမှန်း မသိဘူး။ အိမ်မှာ တခြားလူသူလည်း မတွေ့ရပါဘူး။ ဧည့်ခန်းထဲမှာပဲ ပြန်ထိုင်နေလိုက်တယ်။ ရှိုက်သံ မကြားရတော့ဘူး။ ယူအိ ငိုလို့ မောပြီးအိပ်ပျော်သွားပြီလို့ ကျွန်တော်ထင်နေတုန်း အခန်းထဲက သူ ထွက်လာတယ်။

လက်တစ်ဖက်မှာလည်း ပုလင်းငယ်နှစ်လုံးကို ကိုင်လို့၊ သူ့မျက်နှာဟာ နာရီတချို့ကြာအောင် ငိုထားတာကြောင့် စေးကပ်နီမြန်းနေတယ်။

"အိမ်အပေါ်ထပ်က ရှုခင်းကောင်းတယ်။ ငါတို့ အတူတူ ဝိုင်သောက်ရင်း ကြည့်ကြမလား"

လို့ သူက ပြုံးပြီးပြောတယ်။

အဲ့ဒီနောက်မှာတော့ . . .

ဝိုင်ပုလင်းလေးနှစ်လုံးနဲ့ အိမ်ခေါင်မိုးထပ်ကို ရောက်ခဲ့ကြတယ်။ ခေါင်းမိုးအစွန်းမှာ နှစ်ယောက်သား ခြေထောက်တွေ တွဲလောင်းချပြီး ထိုင်ဖြစ်ကြတယ်။ သူက ဝိုင်ပုလင်းတစ်လုံးပေးပြီး . . .



"နင်က ဒါသောက်" တဲ့။

ကျန်တဲ့ပုလင်းကိုတော့ သူ့လက်ထဲမှာ ပိုက်ပြီး . . .

"ဒါက ငါသောက်မယ်" တဲ့။

သူပြောသလိုပဲ သူ့အိမ်အပေါ်ဆုံးထပ်က မြင်ရတဲ့ ရှုခင်းတွေက မက်မောစရာ ကောင်းနေပါတယ်။ အဝေးက သစ်ပင်တော်တော်များများဟာ ပိုးစုန်းကြူးတွေကို ဦးထုပ်လုပ်ဆောင်းပြီး လင်းလက်နေတာကို မြင်ရတယ်။ ဒီမြို့ရဲ့ ထင်ရှားတဲ့ သင်္ကေတတစ်ခုလည်း ဖြစ်တယ်။ ဒီရှုခင်းဟာ ဘယ်လိုကြည့်ကြည့် မရိုးနိုင်ဘူး။ လမင်းကလည်း မိုးသားထဲမှာ အရောင်မှိန်နေပေမဲ့ ကြည့်ကောင်းနေသလိုပါ။

ဟိုးအဝေးက တောင်ကုန်းတစ်ခုကို ကျွန်တော် မြင်ဖူးသလို ဖြစ်နေချိန် သူကပြောတယ်။

"အဲ့ဒါ ငါတို့ပြေးလွှားခဲ့ရတဲ့ 'နတ်တောင်လေ' တဲ့။ အဲ့ဒီရဲ့ သည်ဘက်အောက တောင်ပုပုလေးက 'နောင်ဘဝသို့ . . .' ဇရပ်ရှိတဲ့ တောင်လေ'တဲ့။ ဟိုးမှာ . . . တွေ့လား၊ မီးရောင်မှိန်မှိန်လေး လှမ်းမြင်ရတယ်။ အဲ့ဒါ 'နောင်ဘဝသို့ . . .' ဇရပ်ပဲ။ အဲ့ဒီတောင်ခြေကလူတွေက ညဆို အဲ့ဒီဇရပ်ကို မီးပူဇော်ကြတယ်လေ"

တဲ့။

ဒီလိုမျိုး သူဟာ လှမ်းမြင်နေရတဲ့ ရှုခင်းတွေကို အေးစက်စက်ရှင်းပြနေတယ်။

ခုနက ဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကို ဘာမှမဖြစ်ခဲ့သလို ပုံစံမျိုးနဲ့ သူ နေနေတယ်။ သူနေနိုင်ပေမဲ့ ကျွန်တော် မနေနိုင်ခဲ့ဘူး။

"ခုနကလူ ဘယ်ထွက်သွားတာလဲ မသိဘူး။ နင် လိုက်မရှာတော့ဘူးလား"

"ဟိုး . . . "

အဝေးတစ်နေရာကို ညွှန်ပြလို့ သူပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ဟိုး . . . ဘုရားကျောင်းထဲကို သူသွားတာပါ။ သူ ဒီလိုပဲ စိတ်တွေ ကစဉ့်ကလျားဖြစ်ပြီး ငါ့ကိုစိတ်ဆိုးတဲ့အခါ အဲ့ဒီဘုရားကျောင်း ထဲ သွားနေတတ်တယ်"

"သြော် . . ."

ကျွန်တော် ခဏငြိမ်သက်ပြီးမှ မမေးမိဖို့ထိန်းထားတဲ့ မေးခွန်း ကို မေးမိလိုက်တယ်။

"သူ နင့်ကို အမြဲတမ်း ဒီလိုပဲ နာကျင်အောင် ဆဲဆိုရိုက်ပုတ် နေတာပဲလား"

သူ မဖြေဘူး။ ဘယ်ဘက်မျက်လုံးက ခပ်မြန်မြန်စီးကျလာသော မျက်ရည်ကို ညာဘက်လက်နဲ့ လှမ်းသုတ်လိုက်တယ်။

"သူက ငါ့ခင်ပွန်းလေ။ ငါတို့က ဆွေမျိုးလည်း သိပ်မကင်း ဘူး။ နှစ်ဝမ်းကွဲ အစ်ကိုလောက်ဖြစ်မယ်။ နှစ်ဖက်မိဘနဲ့ ဆွေမျိုးတွေ က မမွေးခင်ကတည်းက နှုတ်ကတိနဲ့ လက်ထပ်ပေးခဲ့ကြတာ။ (Child Marriage)ပေါ့ဟာ"

" . . . "

သူ အေးအေးဆေးဆေး ဆက်ပြောပြသွားပါတယ်။

"သူ အရင်က ဒီလိုမဟုတ်ပါဘူး။ သိပ် သိမ်မွေ့ကြင်နာတဲ့ ယောကျ်ားကောင်းတစ်ဦးပါ။ ငါ သူ့ကို ချစ်မိပါတယ်။ ဒါကြောင့် ငယ် ငယ်ကတည်းက သူ့ကိုငါ ခင်ပွန်းလိုကော၊ အစ်ကိုတစ်ယောက်လိုကော သံယောဇဉ်နှစ်မျိုးနဲ့ တွယ်တာအားကိုးခဲ့တယ်။ သူကလည်း ငါ့အပေါ် ဆို တခြားလူတွေအမြင်မှာ အကဲပိုတယ်လို့ထင်လောက်တဲ့အထိ ချစ်ခဲ့ တယ်။ အင်း . . . ချစ်ခဲ့တယ်ပေါ့"

သူ ဝိုင်ပုလင်းလေးကို မော့ပြီး တစ်ကျိုက်နှစ်ကျိုက် သောက် ပြန်တယ်။ ကျွန်တော်လည်း လက်ထဲက ပုလင်းကို သူနဲ့အပြိုင် မော့ သောက်လိုက်တယ်။



သူ ကျွန်တော်သောက်ပြီးတဲ့အထိ ကျွန်တော့်ကို ကြည့်နေခဲ့ တယ်။ ပြီးမှ ဆက်ပြီး . . .

"ဒါပေမဲ့ ငါတို့ ကံမကောင်းဘူး။ ငါတို့မိသားစုတွေ စုပေါင်း နေကြတဲ့အိမ်ကြီး မီးအကြီးအကျယ် လောင်ခဲ့တယ်။ အချိန်မတော် ထလောင်တဲ့မီးက အားလုံးကို သေမင်းဆီ ခေါ်ဆောင်သွားခဲ့တယ်။ ဆွေ မျိုးတော်တော်များများနဲ့ ငါတို့မိဘတွေလည်း မီးထဲပါသွားခဲ့တယ်။ ငါ တို့ပိုင်ဆိုင်မှုတွေ အများစုလည်း မီးထဲပဲ ပါကုန်တာပေါ့။

သူကတော့ မသေပေမဲ့ ဒဏ်ရာအကြီးအကျယ် ရခဲ့တယ်။ နင် မြင်တဲ့အတိုင်း သူ့ခြေထောက်နဲ့ သူ့မျက်နှာ ပျက်စီးသွားတယ်။ ခြေ ထောက်ကတော့ စိတ်ရှည်ရှည်နဲ့ ယုံယုံကြည်ကြည် အားတင်းပြီး လေ့ ကျင့်ခန်းလုပ်သွားရင် နဂိုအတိုင်း ပြန်ကောင်းနိုင်ချေရှိတယ်လို့ ဆရာဝန် က ပြောခဲ့ပါတယ်"

"အင်း . . ."

"ငါကတော့ ကြံဖန်ကံကောင်းခဲ့တယ်။ အဲ့ဒီမီးလောင်တဲ့ညက ငါ ငါ့သူငယ်ချင်းအိမ်တစ်အိမ်မှာ ကိစ္စတစ်ခုနဲ့ သွားအိပ်ဖြစ်ခဲ့တယ်။ ထားပါတော့ဟာ။ အဲ့ဒီလို မီးလောင်လို့ ဆုံးရှုံးသွားတဲ့ဥစ္စာတွေကို ပြန် မဖြည့်တင်းနိုင်ခင်ဘဲ နောက်ဆက်တွဲ ပြဿနာတွေကြောင့် ငွေတွေ အဆက်မပြတ် ကုန်ခဲ့တယ်။ ငါတို့ စားဖို့သောက်ဖို့တောင် အနိုင်နိုင် အထိ ယုတ်လျော့ခဲ့တယ်။ ငါတို့ တော်တော် ချွတ်ခြုံကျခဲ့တယ်။

တခြားဆွေမျိုးတွေကလည်း ပစ်မထားကြပါဘူး။ သူတို့နဲ့လာ နေဖို့လည်း ပြောကြတယ်။ တတ်နိုင်သလောက်လည်း ထောက်ပံ့ကြ တယ်။ ဒါပေမဲ့ သူက ခေါင်းမာတယ်။ ဒါ သူ့ကို ဒုက္ခိတတစ်ယောက် ဖြစ်သွားလို့ သနားတဲ့အနေနဲ့ ပေးကမ်းကြတာ။ ငါ သနားစာတော့ မစား နိုင်ဘူးလို့ ပြောတယ်။ သူ တလွဲမာန ထားခဲ့တယ်။

သူ ဆေးရုံကဆင်းတော့လည်း ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ သူ့ မျက်နှာကိုသူ မှန်ထဲကြည့်ကြည့်ပြီး သူ စူးစူးဝါးဝါး အော်တယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com

မခံစားနိုင်ဘူး။ လူတွေကလည်း သူ့မျက်နှာကိုတွေ့ရင် လန့်ဖျပ်မှင်သက်ကုန်ကြတယ်လေ”

ကျွန်တော်ကိုယ်တိုင်တောင် အဲလို ဖြစ်ခဲ့သေးတာပဲ။ ဟုတ်တယ်။ သူ့ရဲ့ ပျက်ဆီးသွားတဲ့ ရုပ်ရည်က ရွံ့တွမဲကျွမ်းနေတယ်။

“လူတွေရဲ့ အဲဒီလို ဖြစ်ဖြစ်သွားတဲ့ အပြုအမူတွေကြောင့် သူ စိတ်ဒဏ်ရာရခဲ့တယ်။ ဒါကြောင့် သူ သူ့ကိုယ်သူ အဆုံးသတ်မှတ်လာတယ်။ လူတွေနဲ့ ရှောင်ရှားချင်လာတယ်။ ဖြစ်နိုင်ရင် လူအဖြစ်ကကို သူ နုတ်ထွက်သွားချင်နေတယ်။ ဒါကြောင့် လူသူနည်းတဲ့နေရာမှာ နှစ်ယောက်တည်း သွားနေရအောင်တဲ့။ သူ ပြောလာတယ်”

“အဲဒါကြောင့် ဒီမြို့ကလေးဆီ ရောက်လာခဲ့တာပေါ့ . . . ဟုတ်လား”

“ဟုတ်တယ် . . . ။ ငါ သူ့သဘောအတိုင်း ဘာမှမငြင်းဆန်ခဲ့ဘူး။ အားလုံးနဲ့ အဆက်ဖြတ်ပြီး ဒီမြို့ကလေးဆီ ရောက်ခဲ့တယ်။ ရှိတာတွေရောင်းချပြီး ဒီမြို့ကလေးဆီ လာဇာတ်မြှုပ်ခဲ့တယ်။ ဒါပေမဲ့ ရှိတာလေးနဲ့ အမြဲတမ်းနေသွားလို့တော့ အဆင်မပြေဘူးလေ။ ငါတို့ စားဝတ်နေရေး ရှိသေးတယ်။ ဒီတော့ ငါလည်း အများနည်းတူပဲ အလုပ်တစ်ခု လုပ်ဖို့ ပြင်ရတယ်။ လူအများနဲ့ ဆက်ဆံပြောဆိုလာရတယ်။

ဒါကို သူ မကြိုက်ဘူးဟ။ သူ ငါ့ကို အမြဲ စကားနာထိုးနေခဲ့တယ်။ ငါ ဒုက္ခိတဖြစ်တာနဲ့ နင်က အလုပ်ထလုပ်ပြတယ်ပေါ့ . . . ဟုတ်လားတဲ့။ ငါ့ကို ထဘီနားခိုစားတဲ့ကောင်ဖြစ်အောင် လုပ်နေတာလားတဲ့။ တခြား ပြောမကောင်းတဲ့ စကားလုံးတွေနဲ့တောင် ငါ့ကို ဆဲဆိုတယ်ဟာ။ အထူးသဖြင့် ယောကျ်ားတွေနဲ့ဆက်ဆံရင် သူ မရတော့ဘူး။ သူ . . . သူ . . . ငါ့ကို . . . ”

မျက်ရည်တွေ စီးကျလာတာကို သူ သုတ်လိုက်ရပြန်တယ်။ ကျွန်တော့်ရင်ထဲမှာ ဆိုးဆိုးဝါးဝါး စို့နင့်နေတယ်။



“သူ ဘယ်လောက်ဆိုးဆိုး သူ ငါ့ခင်ပွန်းပဲ။ ငါ့ရဲ့ယောကျ်ား ဆိုတဲ့အသိနဲ့ ငါ နေခဲ့ပါတယ်။ အမှန်ဆို သူနဲ့ငါ ဥပဒေအရ တရားဝင်တောင် လက်မထပ်ခဲ့သေးပါဘူး။ ဒါပေမဲ့ ငါအမြဲတမ်း သူ့အပေါ် သစ္စာထားတယ်။ ရိုသေသည်းခံပြီး ဆက်ဆံတယ်။ ဒါလည်း အလကားပဲ။

သူ ငါ့ကို သူ့အနားနားမနေနိုင်အောင် လုပ်နေတယ်။ ငါ့ကို အမြဲသံသယရှိနေတယ်။ ငါ့အပေါ် ကြမ်းတမ်းရိုင်းစိုင်းပြီး ဆက်ဆံတယ်။ ကြာတော့ ငါ သူ့ကို ကြောက်ရွံ့လာတယ်။ ငါ သတ်ပစ်ချင်စိတ်တောင် တစ်ခါတလေ ပေါ်လာခဲ့တယ်။ ဒါပေမဲ့ . . . ဒါပေမဲ့ . . . သူက ငါ့ခင်ပွန်းပဲလေ”

သူ ရှိုက်ကြီးတငင် ငိုချင်နေခဲ့ပါတယ်။

ခင်ပွန်းတစ်ယောက်အပေါ်ထားတဲ့ သူ့ရဲ့ သစ္စာတရားကို ကျွန်တော် လေးစားမိပါတယ်။ ဒါကြောင့် မနေ့ညက ချောင်းကမ်းစပ်မှာ သူ စကားတွေ ဆတ်ဆတ်ထိမခံ အထအနကောက်ပြီး အမူအရာပျက်နေခဲ့တာပေါ့လို့လည်း ကျွန်တော် ပြန်သတိရမိတယ်။

သူ ငိုတာကိုရပ်ပြီး ဝိုင်ကို တစ်ချက် မော့သောက်လိုက်ပြန်တယ်။ ကျွန်တော်လည်း လိုက်သောက်တယ်။

ပြီးတော့ နှစ်ယောက်သား ငြိမ်သက်နေခဲ့တယ်။ အဝေးက ရှုခင်းတွေကိုပဲ မငေးသာလိုလိုနဲ့ ငေးနေမိခဲ့တယ်။ စိတ်ထဲ ကိုယ်စီမှာ ပြောစရာလေးတွေ ရှိနေဦးမှာလည်း သေချာတယ်။ ဒါပေမဲ့ ဘာမှထပ်မပြောဖြစ်ဘဲ နှစ်ဦးသဘောတူ တိတ်ဆိတ်နေခဲ့တယ်။

လမ်းပေါ်မှာ ဖန်မီးရောင်ဖြူဖြူနဲ့ တွန်းလှည်းတစ်စီး တွန်းလာတာကို တွေ့ရတယ်။ ဘာရယ်မဟုတ်ဘဲ ဒီလိုပဲမြင်မိပြီး ထီသည်ဖြစ်လိမ့်မယ်လို့လည်း ခန့်မှန်းမိတယ်။ ဒါပေမဲ့ တဖြည်းဖြည်း ကိုယ်ခန့်မှန်းတာ မှားမှန်း သိရတယ်။

ပူဖောင်းသည်ပါ။ ကလေးကစားစရာ လေမှုတ်ရုပ်တွေနဲ့ မိုးထွေပူဖောင်းတွေကို တွန်းလှည်းနဲ့ လိုက်ရောင်းနေတဲ့ အသည်ပါ။ အဲဒီ

www.burmeseclassic.com

အသည်ကြီးက ကျွန်တော်တို့ကို တွေ့မလားမသိပေမဲ့ ကျွန်တော်တို့က အဲ့ဒီအသည်ကြီးကော၊ ရောင်စုံပူဖောင်းလေးများကိုကော လှမ်းတွေ့ရတယ်။

"အဟောင်း . . . . မိုးပျံပူဖောင်းလေးတွေက ခင်စရာကောင်းမဲ့ပုံလေး"

လို့ သူ အခုတ်တရ ပြောလာတယ်။

"ဒါဆို ငါတို့ သွားဝယ်ကြမယ်လေ"

လမ်းမပေါ်ဆင်းပြီး ကျွန်တော်တို့ ပူဖောင်းတွေ သွားဝယ်ကြတယ်။ ပူဖောင်းသည်ကြီးက အိမ်ပြန်တော့မှာမို့ ဈေးပေါပေါနဲ့ ပူဖောင်းတွေကို ရောင်းတယ်။ သူက မိုးပျံပူဖောင်းတွေ အများကြီးကိုယူတယ်။ အပြာရောင် များများရွေးယူတယ်။

ပိုက်ဆံရှင်းမယ်ဆိုမှ ပိုက်ဆံမပါလို့ ကျွန်တော်က အိမ်ထဲတစ်ခေါက်ပြန်ဝင်ပြီး ပိုက်ဆံအိတ် ယူရသေးတယ်။ ပိုက်ဆံအိတ်ကိုင်ပြီး ပြန်လာတော့ သူကပြောသေးတယ်။ 'ကြာလိုက်တာ' တဲ့။ ဟုတ်တယ် . . ။ ကျွန်တော် နည်းနည်းကြာသွားတယ်။ ကျသင့်ငွေ ရှင်းရင်းပဲ . . .

"ဦးလေး . . . မိုးမပျံပူဖောင်းကော ရှိသေးလား"

"ဟင် . . . "

"မိုးပေါ်မှာမပျံတဲ့ ရိုးရိုးကိုယ့်ဘာသာကိုယ် လေနဲ့မှုတ်ရတဲ့ ပူဖောင်းအလွတ် မရှိဘူးလားလို့ ပြောတာ"

"သြော် . . . ရှိတယ်"

တုံးတိတိဖြေပြီး ဈေးသည်ကြီးက ထုတ်ပေးတယ်။

ကျွန်တော်ကလည်း လေမမှုတ်ရသေးတဲ့ ပူဖောင်းပျော့ပျော့လေးကို ယူခဲ့တယ်။

ခေါင်းမိုးထပ်ဆီ ပြန်ရောက်တော့ နဂိုအတိုင်း ခြေထောက်တွေ တွဲလောင်းချပြီး ပြန်ထိုင်ကြတယ်။



"နင်က ဘာဖြစ်လို့ ဒီလို မိုးပျံပူဖောင်းတွေ အများကြီးဝယ်တာလဲ"

"စောင့်ကြည့်ပေါ့"

သူ့မှာ လုပ်စရာတစ်ခုခု ရှိတဲ့ပုံပဲ။ ကျွန်တော့်မှာလည်း လုပ်စရာတစ်ခု ရှိနေပါတယ်။

"ယုအိ . . . "

"ဟင် . . ."

"နင် ဟိုဘက်လှည့်၊ ငါ့ကိုကျောခိုင်းပြီး ခဏနေပေး"

"ဘာလို့လဲ"

"ငါ ပူစီပေါင်းမှုတ်မလို့"

"မှုတ်ပါလား . . . ကိုယ့်ဘာသာကိုယ်။ ငါက ဘာဖြစ်လို့ ဟိုဘက်လှည့်ရမှာလဲ"

"အာ . . . ပူဖောင်းမှုတ်တယ်ဆိုတာ လွယ်တာမဟုတ်ဘူး။ ပူဖောင်းက လေတွေဝပြီး ဖောင်းမလာခင် ငါတို့ပါးစပ်ကြီးတွေက လေတွေမှုတ်ရလို့ အရင်ဖောင်းလာတာမို့လား။ အဲ့ဒီလို ပါးစပ်ကြီးဖောင်းတော့ ငါ ရုပ်ဆိုးတာပေါ့ဟ။ ငါ ရုပ်ဆိုးတဲ့ပုံကြီး နင် မကြည့်ရပါဘူး"

"အံမယ် . . . ဖြစ်ရမယ်"

သူ ဒီလိုအမြင်ကပ်တဲ့အသံနဲ့ ပြောသေးပေမဲ့ ကျွန်တော် တောင်းဆိုသလို မိုးပျံပူဖောင်းလေးတွေ ကိုင်လျက်နဲ့ပဲ ဟိုဘက်လှည့်ကျောခိုင်းနေပေးပါတယ်။

သူ ပြန်လှည့်လာချိန်မှာတော့ ကျွန်တော့်လက်ထဲမှာ လေတွေနဲ့ ဖောင်းပြည့်နေတဲ့ ပူဖောင်းဝဝလေးတစ်လုံး ရှိနေပြီပေါ့။ ဒီလို ခုနက လေမှုတ်ထည့်ထားတဲ့ ပူဖောင်းလေးကို မြှောက်ကိုင်ပြပြီး . . .

"ငါ ဒီပူဖောင်းလေး နင့်ကို လက်ဆောင်ပေးချင်တယ် . . . ယုအိ"

"အင်း . . . ယူမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီပုဖောင်းလေး လွယ်လွယ်နဲ့ မပေါက်ကွဲသွားအောင် နှင် ထိန်းသိမ်းရမယ်"

"အင်းပါ . . . အင်းပါ . . ."

သူ ပေါ့ပေါ့ပါးပါး ပြုံးဖြေတယ်။

ပြီးတော့ ကျွန်တော်ပေးမဲ့ ပုဖောင်းလေးကို မယူသေးဘဲ သူ့ဘာသာသူ လုပ်ချင်တာတစ်ခုကို အရင်လုပ်တယ်။

သူ ဝိုင်ပုလင်းကိုဆွဲယူပြီး တစ်ကျိုက်ကျိုက်နဲ့ ဆက်တိုက်မော့ချတယ်။ သူ့လည်ဇလုတ်လေး ပိန်လိုက်ဖောင်းလိုက် လှုပ်ရှားနေတာကို ကျွန်တော် မြင်နေရတယ်။ သောက်လည်းပြီးရော သူ နည်းနည်းယိုင်သွားတယ်။ ဒီလောက်အများကြီး တစ်ကျိုက်တည်း သောက်လိုက်တော့ မမူးဘဲနေမလား။ ဝိုင်မို့လို့ တော်သေး။

ပြီးတော့ သူ မိုးပျံပူဖောင်းရဲ့ ကြိုးစလေးတွေကို လက်နှစ်ဖက်နဲ့စုဆုပ်ပြီး ကိုင်တယ်။ အဲ့ဒီလက်သီးဆုပ်လေးကို ရင်ညွန့်မှာ ကပ်တယ်၊ ကောင်းကင်ကို တစ်ချက်ကြည့်ပြီး မျက်လွှာချတယ်။ ပြီးတော့ နှုတ်ခမ်းက တတွတ်တွတ်ရေရွတ်နေတယ်။ သူ တစ်ခုခု ဆုတောင်းနေပြန်တာလား။ ဒီလိုတွေးမိချိန်ပဲ သူလက်တွေကို ဆန့်မြှောက်ပြီး ပူဖောင်းတွေကို လွှတ်လိုက်တယ်။ ပူဖောင်းတွေ မိုးသားထဲ တစ်မုဟုတ်ချင်း တက်သွားတယ်။

သူနဲ့ကျွန်တော် အတူတူ မော့ကြည့်ဖြစ်တယ်။ ဒီလိုကြည့်ရင်းပဲ သူက . . .

"ငါကြည့်ဖူးတဲ့ ရုပ်ရှင်တစ်ခုထဲမှာ အဲ့ဒီလို မိုးပျံပူဖောင်းလေးတွေကို လေထဲလွှတ်ပြီး ဆုတောင်းရင် ဆုတောင်းပြည့်တယ်တဲ့။ ငါတို့ဆုတောင်းတွေကို သူတို့ဗိုက်ဝဝကြီးထဲထည့်ပြီး ဘုရားသခင်ရှေ့ကျမှ ပေါက်ကွဲပြီး ဖြည့်ပြတာလား မသိဘူးနော်"

သူ ချစ်စရာကောင်းအောင်တွေးပြီး ပြောတတ်နေတယ်။ သူ လမ်းခရီးကားပေါ်မှာတုန်းက ပခုံးပေါ် လိပ်ပြာနားတော့လည်း ဒီလို ဆု



တောင်းပြီး လေထဲလွှတ်ပေးလိုက်တယ်။ မနေ့ညက မျက်တောင်မွေးလေး ပါးပြင်ဆီမှာ ကျွတ်နေတော့လည်း သူ ဒီလိုပဲ လက်ခုပ်နဲ့ခုပ်လေထဲမှုတ်ပြီး ဆုတောင်းတယ်။

"နှင် ဘာတွေ ဆုတောင်းနေတာလဲ"

"နောင်ဘဝအတွက်ပေါ့ . . . သွေးခန့်ရဲ့"

အဲ့ဒီလိုဖြေပြီး ခြေထောက်လေး တွဲလောင်းချလျက်နဲ့ပဲ သူ ပက်လက်လှန်လိုက်တယ်။ သူ နောင်ဘဝအတွက်ပေါ့လို့ ဖြေတဲ့အသံက ယခုဘဝကို အပြီးအပိုင် အဆုံးသတ်မှတ်လိုက်တဲ့ အသံမျိုးလား။ ကျွန်တော်လည်း သူ့လိုပဲ ပက်လက်လှန်လှဲချလိုက်တယ်။ ကြယ်တချို့ဟာ ကျွန်တော်တို့မျက်ဝန်းနဲ့ တည့်မတ်တဲ့နေရာမှာ လင်းလိုက်မှိန်လိုက် ဖြစ်နေတယ်။

"နှင်က ဘာလို့ နောင်ဘဝအတွက် ကြိုပြီး ဆုတောင်းနေတာလဲ"

သူ ချက်ချင်း မဖြေဘူး။ ခဏပြန်ထိုင်ပြီး လက်ကျန်ဝိုင်တွေကို အကုန်မော့သောက်လိုက်တယ်။ ပြီးတော့ ခုနကလိုပဲ ပက်လက်လှန်ပြီး . . .

"ငါ နောက်ဘဝကျ နှင်နဲ့ အတူတူနေချင်တယ်"

". . ."

ကျွန်တော် . . . ကျွန်တော် . . . ပြာဝေတဲ့ ခံစားမှုတစ်ခုက ရင်ဘတ်ထဲကို ဆောင့်တက်လာတယ်။ သူ . . . သူ . . . အရမ်းမူးနေပြီထင်တယ်။ သူ့မျက်လုံးတွေက ကျွန်တော့်ဆီမှာမရှိဘဲ အဝေးဆီကိုပဲ လှမ်းငေးနေတာ ကျွန်တော့်အတွက် နေရှထိုင်ရ သက်သာစေပါတယ်။ ခုနကစကားကတော့ သူ့စကားသံအစစ်လား၊ ဒီလို ဝေခွဲမရခင်ဘဲ သူက . . .

"ခုနက ငါပြောတဲ့စကားကို ကြားလား"

"ကြား . . . ကြားတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကြားရင် မကြားခဲ့သလို သဘောထားလိုက်တော့ဟာ။ ငါ ဒီဘဝ ငါ့ခင်ပွန်းအပေါ်မှာ နူတ်နဲ့တောင် သစ္စာဖောက်တာမျိုး မဖြစ်ချင်ဘူး။ ဒီဝဋ်တွေကို ငါ အသန့်စင်ဆုံး အကုန်ဆပ်သွားနိုင်တယ်"

အိမ်ထောင်ရေးဟာ သူ့အတွက် ဝဋ်နာကံနာတစ်ခုလို ဖြစ်ခဲ့ပြီ။

"ပြီးတော့ ငါ့ကို ကတိတစ်ခု ထပ်ပေးပါလား"

" . . . . . "

"နင် ပန်ရွယ်ကို လက်ထပ်ပါ"

"ဟင် . . ."

"နင် ဒီလို တွေဝေမနေဘဲ ပန်ရွယ့်ကို ပြတ်ပြတ်သားသား ရွေးချယ်သင့်ပြီ။ အခု ငါ့ဘဝအမှန်ကိုလည်း နင်သိခဲ့ပြီပဲ။ ပန်ရွယ်ဟာ နင့်အတွက် သိပ်ကောင်းမွန်တဲ့ ကြင်ယာဖက်လို့ ငါပြောချင်တယ်"

" . . . . . "

လက်ကျန်ဝိုင်ပုလင်းကို ကျွန်တော် အဆက်မပြတ် မော့သောက်လိုက်တယ်။ ရင်ဘတ်ထဲမှာ ရှုပ်ထွေးနေတယ်။ ဒီလိုပဲ ခေါင်းထဲမှာလည်း ရှုပ်ထွေးနေတယ်။ ဘာတွေလဲ။

အခု ဘယ်လိုအခြေအနေမှာ ရောက်ရှိနေတာလဲ။

ဒီညဟာ ကျွန်တော် နားမလည်နိုင်စရာ အကောင်းဆုံးညပေါ့။

ဝိုင်ကို ကုန်အောင်သောက်နိုင်ပေမဲ့ . . .

အတွေးကိုကုန်အောင် မတွေးနိုင်ခဲ့ဘူး။



**(17)**

အိပ်မက်ထဲမှာလား၊ အပြင်မှာလား။

ခြုံသလိုလို ကြားရတယ်။ တိမ်တွေပေါ် လိုက်သွားရသလို ခံစားနေရတယ်။ ကိုယ့်ဦးနှောက်ကိုယ် ငှက်သိုက်တစ်ခုလို ရှုပ်ရှုပ်ထွေးထွေး မြင်တယ်။ မျက်ခွံကိုဖွင့်ဖို့ အားထုတ်လိုက်တော့ ခေါင်းကို ကျောက်တုံးနှစ်ခုက ညှပ်ထားသလို ခံစားနေရတယ်။ လက်တွေလည်း တစ်ယောက်ယောက်က ဖမ်းညှစ်ထားသလို လှုပ်ရတာ တင်းကြပ်နေတယ်။

အိပ်မက်ထဲမှာလား၊ အပြင်မှာလား။

ဖျတ်ခနဲ။

အားနဲ့ဖွင့်လိုက်မှ အပြင်ကအရာတွေကို အိပ်မက်ထဲ ဆွဲယူမက်နေမှန်း ကျွန်တော် သိလိုက်တယ်။

"နိုးပြီလား"

နားထဲမှာ အဲ့ဒီအသံ အရင်ကြားပြီး မျက်လုံးထဲမှာ သူမကို အရင်မြင်ရတယ်။ ယုအိ။

သူက ကျွန်တော်ထိုင်ဖို့ ထူပေးတယ်။ ဒီတော့မှ အောက်ခြေက မတည်ငြိမ်ဘဲ ယိမ်းလှုပ်နေမှန်း ခံစားသိတယ်။ ဘေးဘီကို ကြည့်လိုက်တော့ . . .

www.burmeseclassic.com

"ဟင် . . ."

ကျွန်တော် မောင်းနှင်နေတဲ့ မြင်းလှည်းတစ်စီးပေါ် ရောက်နေတာပဲ။ အိပ်မက်ထဲက ခြူသံက ဒီမြင်းလှည်းဆီက ခြူသံပဲ။ လက်တွေ တိုလည်း တစ်မျိုးခံစားရလို့ ငုံ့ကြည့်လိုက်တော့ . . .

"ဟင် . . ."

ကြိုးတွေနဲ့ တုပ်နှောင်ခံထားရတာပဲ။ ယုအိကိုကြည့်လိုက်တော့ သူမ ပျက်ယွင်းတဲ့ မျက်နှာအမူအရာနဲ့ ငုံ့သွားတယ်။

"ငါ တောင်းပန်ပါတယ်"

" . . . . . "

"ငါက blind game ထဲက blind တစ်ယောက်ပါပဲ"

"ဟင် . . ."

ရုတ်တရက် တွန်းချခံရသူတစ်ယောက်လို ဟာဆင်းသွားတဲ့ ခံစားမှုမျိုး ကျွန်တော့်မျက်နှာမှာ ဖြစ်ပေါ်သွားတယ်။ မြင်းလှည်းမောင်းတဲ့သူကို ကြည့်လိုက်တော့ လူ၀ကြီးဖြစ်နေတယ်။ ဗိုးသမား လူ၀ကြီး။

"သူက ငါ့ခင်ပွန်းရဲ့ ဦးလေးလေ။ ငါတို့နဲ့ အတူနေတယ်။ ဒီကစားပွဲမှာ သူ ငါ့ကို အများကြီး ကူညီခဲ့တယ်။ ဒီကစားပွဲမှာ ပါ၀င်ရတာလည်း ငါ့ဦးလေးအတွက် အရက်ဝယ်ပေးခဲ့တာကနေ ဒီလိုကံစမ်းမဲ ပေါက်ပြီး ပါ၀င်ခဲ့တာပေါ့"

ဗိုးသမားလူ၀ကြီးက မျက်နှာသေနဲ့ တစ်ချက်လှည့်ကြည့်ပြီး မြင်းလှည်းကို ဆက်မောင်းတယ်။

အံ့ဩမဆုံးဖြစ်နေတဲ့ ကျွန်တော်ဟာ ပါးစပ်အဟောင်းသား ဖွင့်လို့ပေါ့။

"နင် . . . နင် . . . တစ်လမ်းလုံး ငါ့အနားမှာ အကြံနဲ့ ရှိနေခဲ့တာပေါ့"

"ငါ တောင်းပန်ပါတယ်"

"ငါ . . . ငါညက သောက်တဲ့ဝိုင်မှာလည်း နင် တစ်ခုခု ထည့်ခဲ့တာလား"



"ဟုတ်ပါတယ်။ အဲ့ဒါကြောင့် နင် အခုမှနိုးတာပေါ့"

"နင် တော်တော် အကြံပက်စက်တဲ့ မိန်းမပဲ။ ငါ့ကို စနစ်တကျ ကြံစည်ပြီး လှည့်စားခဲ့တာပဲ"

ဒေါသတကြီးပြောတဲ့ ကျွန်တော့်စကားလုံးတွေကို သူ မကြား ၀့်သလို မျက်နှာငုံ့နေတယ်။ ခဏကြာမှ မျက်ပင့်ကြည့်ပြီး . . .

"အခုကစားပွဲက မျက်ကန်းကစားပွဲလေ။ ဒီကစားပွဲက နင်နဲ့ ငါ့ရဲ့ ခင်မင်မှုသံယောဇဉ်တွေကိုလည်း မကြည့်စေနိုင်၊ မမြင်နိုင်အောင် အမှောင်ချထားနိုင်စွမ်း ရှိနေတယ်ဟာ။ ဒါကြောင့် ငါ့ကိုခွင့်လွှတ်ပါ"

"ဘာ . . ."

"ငါ တောင်းပန်ပါတယ်"

"တော်စမ်းဟာ . . . နင် . . . နင် . . ."

မြင်းလှည်းဟာ မညီညာတဲ့ စပါးခင်းလမ်းပေါ်မှာ ဖြတ်သန်းခဲ့ပါတယ်။ ကျွန်တော် တစ်လမ်းလုံး သူ့ကို နာကျင်စရာစကားတွေနဲ့ ထိုးစစ်ဆင်ခဲ့တယ်။ သူ မခံနိုင်တဲ့စကားလုံးတွေ ရွေးချယ်ပြီး ကျွန်တော် ပြင်းပြင်းထန်ထန် ပစ်ပေါက်ပြောဆိုခဲ့တယ်။

မြို့အထွက်က ကားရှိရာနေရာဆီကိုရောက်တော့ လာတုန်းက မြို့အဝင်နေရာလိုမျိုးပဲ ပွဲဈေးတန်းငယ်လေးသဖွယ် စည်ကားနေပါတယ်။ ကျွန်တော်တို့ မြင်းလှည်းဆိုက်တော့ သူတို့ စည်းကားနေတာတွေ ခဏ ရပ်တန့်သွားပြီး ကျွန်တော်တို့ဆီကို အကြည့်တွေ ရောက်ကုန်တယ်။

ကားအနီးမှာ ခရီးသည်တွေလည်း အစုံရောက်နေပြီ။ ကျွန်တော့်တို ဖမ်းမမိလိုက်တဲ့ blind တွေလည်း အကုန် ရောက်နှင့်နေကြပြီ။ ယာဉ် ဝန်ထမ်းတွေကလည်း ကျွန်တော်တို့ကို ဆီးကြိုကြတယ်။

မြင်းလှည်းပေါ်ကနေ ကျွန်တော့်ကိုဖမ်းဆီးလျက် ဆင်းလာနိုင်တဲ့သူက ယုအိဖြစ်နေတော့ အားလုံး အံ့ဩကုန်ကြတယ်။ တခြား blind တွေဖြစ်တဲ့ မျက်ခုံးမွေးစိုက်စိုက်နဲ့လူက မျက်လုံးပြူးသွားပြီး ဟိုမိန်းခ



www.burmeseclassic.com

www.burmeseclassic.com

ကြီးက ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ လူသန်ကြီးကတော့ တစ်ခုခုကို နားလည်လိုက်သလို ခေါင်းတဆတ်ဆတ်ညိတ်နေခဲ့။

ဝင်းသစ်ကလည်း အပြေးရောက်လာပြီ . . .

"blind game ရဲ့ winner က ယုအိလား။ မင်းကို ယုအိ ဖမ်းမိသွားတာလား၊ ဟုတ်လား။ ယုအိက ဒီဂိမ်းထဲကပဲလား"

အံ့သြတကြီးနဲ့ မေးခွန်းတွေ တရစပ်မေးလာတယ်။

ကျွန်တော် ဝင်းသစ်မျက်နှာကို တစ်ချက်ကြည့်လိုက်တယ်။ ပြီးတော့ ဘာမှမဖြေချင်သလို တွန်းဖယ်ပြီး ကားဆီသာ သွားလိုက်တယ်။

"သွေးခန့် . . . "

ကျွန်တော် လှည့်မကြည့်ဘဲ ရပ်တန့်ရုံ ရပ်တန့်လိုက်တယ်။ ရှိုက်သံကြားရတယ်။ ယုအိ ငိုနေသလား။

"နင် ဒီလို ငါ့ကို လှည့်မကြည့်ချင်လောက်အောင် ခါးခါးသီးသီး ဆက်ဆံသွားတာ ကျေးဇူးပါပဲဟာ။ ဒီလိုအချိန်မှာ နင်သာ ငါ့ကို ကြင်ကြင်နာနာနဲ့ နားလည်ဆက်ဆံပေးနေရင် ငါ အားနာနေရမှာ။ ငါ တစ်သက်လုံး စိတ်မကောင်းဖြစ်နေရတော့မှာ။ အခုလို ဆက်ဆံလိုက်တော့ ငါ နေသာသွားတာပေါ့ဟာ။ ကျေးဇူးပဲ။ ပြီးတော့ ငါ တောင်း – ငါ တောင်းပန်ပါတယ်ဟာ"

စကားဆုံးတော့ ကျွန်တော် ဆက်လှမ်းလျှောက်ခဲ့တယ်။ လုံးဝ လှည့်မကြည့်ဘဲ ကားပေါ်တက်ခဲ့တယ်။

အလာတုန်းက ထိုင်တဲ့နေရာမှာပဲ ထိုင်လိုက်တယ်။ ဘာမှ မတွေးမိအောင် ကြိုးစားပြီး နေလိုက်တယ်။ မျက်လုံးကို မှိတ်လိုက်တယ်။

ယုအိ . . . နင် ငါ့ကို တောင်းပန်ဖို့မှမလိုဘဲ။

တကယ်လို့ . . . လိုအပ်တယ်ဆိုရင်တောင် . . .

ငါ . . . အမြဲတမ်း . . . ခွင့် . . . လွှတ် . . . သွား . . . မှာပေါ့။

ယုအိရယ် . . .



## (18)

သူမ ထိုင်၍မရ ဖြစ်နေသည်။ ထ၍နေသော်လည်း ရင်ထဲ လေးပင်နေသည်။ လမ်းလျှောက်ကြည့်တော့ ခြေလှမ်းတွေက ချိတုံချတုံ၊ သွားမရှိသလို ပျော့ဖတ်ဖတ်။

အမူအရာပျက်နေသည့် သူမကို ဝိုးချဲပေါ်မှ ကြောက်မက်ဖွယ် မျက်နှာနှင့် လူက အကဲခတ်ကြည့်နေသည်။ နောက်ဖေးမီးဖိုခန်းထဲတွင် လူဝကြီးတစ်ယောက်၊ အနံ့ပြင်းသော အရည်များကို တစ်ခွက်ပြီးတစ်ခွက် ကျိုက်နေသည်။

သူမ မည်သို့နေနေ အဆင်မပြေသဖြင့် လဲလျောင်းရန် ရည်ရွယ်၍ သူမအခန်းထဲသို့ သူမ ဝင်ခဲ့သည်။ မှန်ပြတင်းမှ အလင်းနုနုသည် သူမ အိပ်ခန်းအတွင်းသို့ ထိုးကျလျက်ရှိသည်။ သူမ လဲလျောင်းလိုက်သည်။ ထိုအခါ အိပ်ရာခေါင်းအုံးနံဘေးတွင် ပူဖောင်းလေးတစ်လုံးကို တွေ့သည်။ သူမ ချက်ချင်း မှတ်မိလိုက်သည်။ 'မနေ့ညက သူပေးခဲ့တာ'။ စိတ်ထဲမှ ရေရွတ်မိသည်။

ရင်ထဲ တန်ဖိုးထားစိတ်နှင့် သူမ ပူဖောင်းလေးကို ရင်မှာ ပွေ့လိုက်သည်။ သူမ ကံမကောင်းပါ။ သူမ အင်္ကျီမှာ တွယ်ချိတ်ထားသည့် ပွင့်နေသည့် အပ်ချိတ်လေးက ပူဖောင်းလေးကို အသက်နုတ်သွားသည်။ ဖောင်းခနဲ လွင့်ဖွာပေါက်ကွဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . ."

ပူဖောင်းလေးထဲမှ။ ပေါက်ကွဲသွားသော ပူဖောင်းလေးထဲမှ စာတစ်စောင်လည်း လန့်ခုန်ထွက်လာသည်။ သူမ တစ်ချက်ကြောင် သွားသေးသည်။

သို့သော် ချက်ချင်းပဲ သတိဝင်ပြီး စာကို ကောက်ယူဖြန့်ဖတ် လိုက်သည်။

သို့/

ယုအီ

ဒီစာကို မိုးပျံပူဖောင်းတွေ ဝယ်တုန်းက ပိုက်ဆံအိတ်မပါလို့ အိမ်ထဲ ခဏပြန်ယူတဲ့အချိန်မှာ ရေးခဲ့တာ။ မြန်မြန်ရေးရလို့ လက်ရေး ခပ်သော့သော့ဖြစ်နေပေမဲ့ နင် ကြိုးစားဖတ်လိမ့်မယ်လို့ ငါသိနေတယ်။ တကယ်တော့ ငါ ရေးသာရေးနေပေမဲ့ ဒီစာကို နင့်ကို မဖတ်စေချင်ပါ ဘူး။ ဒါပေမဲ့ ငါ နှုတ်ဆက်တဲ့အနေနဲ့ ရေးလိုက်ပါတယ်။ ငါတို့ နောင် ဘယ်အချိန် ပြန်တွေ့မယ်မှန်းမသိတဲ့အတွက် နှုတ်ဆက်သင့်တယ်။

နင့်ကို *blind game* ထဲက *blind* တစ်ယောက်မှန်း ငါသိခဲ့ပါ တယ်။ ငါတို့နဲ့ လူသန်ကြီးနဲ့ လမ်းခွဲခါနီးတုန်းက လူသန်ကြီးက ငါ့ကို စကားတိုးတိုး ခေါ်ပြောသေးတယ်လေ။ သူက နင့်ကို သတိထားတဲ့။ နင်က *blind* တစ်ယောက် ဖြစ်နေနိုင်တယ်တဲ့။

ပြီးတော့ နင့်ကို နင့်အစ်ကို (နင့်ခင်ပွန်း) အထင်လွဲပြီး ရိုက် ပုတ်သွားလို့ နင် နင့်အခန်းထဲမှာ ငိုနေတုန်းက ငါ တစ်အိမ်လုံးကို ပတ် ကြည့်မိတယ်။ အခန်းတစ်ခန်းထဲမှာတော့ အကျီအကြီးကြီးတွေ၊ ဖိနပ် အကြီးကြီးတွေ တွေ့တယ်။ ဒါ လူဝကြီးတစ်ယောက်မှ ဝတ်ဆင်လို့ရမဲ့ အသုံးအဆောင်တွေလို့ ငါ ခန့်မှန်းမိတယ်။



နောက်ပြီး မီးဖိုခန်းက စားပွဲပေါ်မှာလည်း အရက်ထည့်ပြီး သောက်ထားတဲ့ ခွက်တစ်ခွက်တွေ့တယ်။ အရက်နံ့ကို ငါ မှတ်မိတယ်။ လမ်းမှာ ခရီးတစ်ထောက်နားတုန်းက လူဝကြီး ယိုင်ထိုးယိုင်ထိုးနဲ့ ဆိုင် ထဲဝင်လာတော့ သူ့ဆီက ဒီလိုအနံ့မျိုး ရတယ်လေ။ ဒါကြောင့် နင်နဲ့ လူဝကြီးကို ငါ တွဲမြင်မိတယ်။ ငါ သိလိုက်တယ်။ နင်ဟာလည်း ဒီဂိမ်း ထဲမှာ တစ်နည်းနည်းနဲ့ ပါဝင်နေတဲ့သူပဲဆိုတာကို။

ဒါပေမဲ့ ဘာကြောင့်မှန်းမသိဘူး။ နင် ငါ့ကို လှို့ဝှက်ဆက်ဆံ နေပေမဲ့ ငါ နားလည်ပေးနိုင်နေတယ်။ နင် ဒီ (*Game*) မှာ (*winner*) ဖြစ် ရင် ရမဲ့ငွေတွေနဲ့ နင့်အစ်ကိုရဲ့မျက်နှာကို ဆေးကုပေးမှာမို့လား။ နင် ကားပေါ်မှာ အိပ်မက်မက်လို့ ယောင်ယမ်းပြီး အော်တုန်းကစကားကို ငါ ပြန်သတိရမိလို့ ဒီလိုပြောရတာပါ။

နင့်အစ်ကိုက သူ့မျက်နှာပျက်စီးသွားလို့ ကိုယ့်ကိုယ်ကိုယ် ယုံ ကြည်မှုမရှိတော့ဘဲ သူများကိုသာ သံသယရှိနေတဲ့ စိတ္တဇပုံစံတစ်မျိုး ဖြစ် နေတာ မဟုတ်လား။ နင့်အစ်ကို အရင်လို ပြန်ကျန်းမာပြီး နင့်ကို ပြန် ချစ်နိုင်ပါစေ။ နင် အရာရာအဆင်ပြေသွားရင် ငါတို့ကို စာနာမှုကောင်း ကောင်းနဲ့ လွှတ်ပေးခဲ့တဲ့ လူသန်ကြီးကိုလည်း ပြန်ကြည့်ပေးပါလို့ ငါ ပြောချင်တယ်။

နင့်အိမ်ကခွေးက ငါတို့ ဆယ်တန်းတုန်းက အတူတူကောက် တွေ့ရတဲ့ ခွေးလေးမို့လား။ ငါ သူ့အရောင်ကို မှတ်မိတယ်။

ငါ နင်နဲ့အတူတူ ဖြတ်သန်းခဲ့တဲ့ ဒီနှစ်ရက်တာကာလကို ဘယ် တော့မှ မေ့တော့မယ်မထင်ဘူး။ ငါ မမေ့နိုင်ပေမဲ့ နင် မေ့နိုင်ရမယ်။ ပူ ဖောင်းတွေဟာ အလွယ်တကူ ပေါက်ကွဲတတ်သလို ငါတို့အတိတ်ကို နင် အလွယ်တကူ ပေါက်ကွဲစုတ်ပြဲပစ်လိုက်ပါ။

နင် ငါ့ကို မနက်ဖြန်မနက်ကျရင် မြို့အထွက်က ကားဂိတ်နေ ရာဆီ ဖမ်းခေါ်သွားတဲ့အခါ ငါ နင့်ကို မုန်းချင်ယောင် ဆောင်ဦးမယ်



www.burmeseclassic.com

www.burmeseclassic.com

*ထင်တယ်။ အဲဒီအချိန်မှာသာ ငါ ကြင်ကြင်နာနာ ဆက်ဆံလိုက်ရင် ငါတို့ ပိုခံစားရမယ်ထင်တယ်။ ဒီလိုခံစားမှုတွေဝင်ရင် ငါတို့ အပြစ်ကျူးလွန်တာပဲ။ နင် နင့်အစ်ကိုအပေါ်ထားတဲ့ သစ္စာကို နည်းနည်းလေးမှ မယိမ်းယိုင်စေချင်ဘူး။ ဒါကြောင့် ငါ နင့်ကို အဲဒီအချိန်ကျရင် ငါ့ဘက်ကစပြီး ခါးခါးသီးသီး ဆက်ဆံရမယ်ထင်တယ်။ ငါ့ကို ရက်စက်ခွင့်ပြုပါ။*

*နင် ငါ့ကို ပန်းရှယ်နဲ့ သဘောတူလား။ ငါ ပန်းရှယ့်ကို ကြိုးစားကြည့်ချင်တယ်။ ဟင် . . . နင် သဘောတူလား။*

*ဘာပဲဖြစ်ဖြစ်ပါဟာ . . . နင် ခဏခဏသုံးတဲ့ စကားလုံးလို နောင်ဘဝပေါ့။ နောင်ဘဝမှာလည်း နင်နဲ့ငါ အနည်းဆုံး သူငယ်ချင်းအဖြစ် ဆက်ရှိနေချင်တယ်။*

*နင် အခုဘဝမှာလည်း ပျော်ရွှင်ခြင်းနဲ့ ပြန်တွေ့ပါရစေ။*

*ဒီလိုဆုတောင်းရင်း ငါ ဒီစာနဲ့ နှုတ်ဆက်လိုက်တယ်နော်။*

**သွေးခန့်**

သူမစာကို ဖတ်ပြီး ရင်ညွန့်မှာ ကပ်လိုက်သည်။ အင့်ခနဲ ရင်အတွင်းထဲက နင်သွားသည်။ မျက်ရည်များ တပွက်ပွက် ဆူဝေကျဆင်းလာ။ သူမ မခံစားနိုင်တော့ပါ။

ဝုန်းခနဲ ထိုင်ရာကထ၊ အခန်းတံခါးကို ပြေးတွန်းဖွင့် အိမ်ထဲက ပြေးထွက်ခဲ့သည်။

"ညီမ . . . ဘယ်သွားမလို့လဲ"

ဦးချဲပေါ်ကလူက အော်မေးတာကို သူမ မကြားတော့။ ဂရုမစိုက်တော့။ အိမ်နံဘေးမှာ ထောင်ထားသည့် ခြင်းဖြူဖြူနှင့် စက်ဘီးလေးကို သူမ တက်၍စီးနင်းလိုက်သည်။ ပြီးနောက် သူမ အားရှိသလောက် တဂျုံးဂျုံး နင်းတော့သည်။



"သွေးခန့် . . ."

နှုတ်က တဆာဆာ အလိုလို အော်နေမိသည်။ ဝါမှုန်သော စပါးခင်းများသည် လှမ်းမော့ဖွယ် ယိမ်းလှုပ်နေသည်။ ညီညာမှုမရှိသည့် စပါးခင်းလမ်းသည် သူမကို ဆီးကြိုနှောင့်ယှက်နေသည်။ တိမ်တွေ ငိုမှဲ့မှဲ့နှင့် သူမကို ကောင်းကင်မှ မိုးပေးထားသည်။

သူမ၏ အလောတကြီးနိုင်မှုကြောင့် စက်ဘီးကလေး ပစ်လဲသည်။

လက်ဖဝါးမှာ သွေးတွေ စို့ကုန်သည်။ ခြေထောက်တွေ ပွန်းရှကုန်သည်။ ဒါတွေ ဂရုမစိုက်နိုင်ပါ။ သူမ အမြန်ပြန်ထ စက်ဘီးလေးကို ထူ၍ ဆက်နင်းခဲ့သည်။

စပါးခင်းကြီး၏ ဟိုးတစ်ဖက်တွင် အဝေးပြေးကားတစ်စီးကို တွေ့ရသည်။ သူမ ကားအနားမရောက်ခင် ကားကြီးက တအိအိ မောင်းထွက်လေသည်။ သူမ မမီမှန်းသိလျက် လှမ်းမျှော်ကြည့်ရင်း နာမည်တစ်ခုကို နှုတ်မှ အော်ခေါ်နေသည်။ ခြေထောက်တွေက အဆက်မပြတ်နင်းနေသည်။ စပါးခင်းများက သူမကို မကြည့်ရက်သလို မျက်လုံးမှိတ်ထားကြသည်။

အဝေးပြေးကားကြီးသည် တအိအိနှင့် အရှိန်ရစ ပြုလာပြီး တဖြည်းဖြည်း မြန်ဆန်လာသည်။

သူမ အမြန်ဆုံး နင်းခဲ့သည်။ အကျယ်ဆုံး အော်ခေါ်သည်။ သူမလည်ချောင်းတွေ ခြောက်ကပ်နာကျင်လာသည်အထိ။

သွေးခန့် . . . သွေးခန့် . . .

မည်သည့်သီအိုရီမှ စက်ဘီးလေးကို မကူညီခဲ့ပေ။

အဝေးပြေးကားကြီးသည် အဝေးကြီး . . . အဝေးကြီးဆီသို့ ပြေး၍ပြေး၍ . . . သွားခဲ့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com

**(၁၉)**

ခေါ်သံလိုလို ကြားနေမိတယ်။

'သူ' များနောက်ကနေ မမိမကမ်း အပြေးလိုက်တာများလား။

ပြတင်းပေါက်ကနေ အနောက်ကို လှည့်ကြည့်လိုက်ချင်ပေမဲ့ ကိုယ့်စိတ်ကိုယ် ထိန်းလိုက်တယ်။ ကျွန်တော် စိတ်ကူးယဉ်တာ သိပ်များသွားပြီထင်တယ်။ ဒါ ဇာတ်ဝင်ခန်းတစ်ခုမှ မဟုတ်ဘဲ။ အပိုတွေ မတွေးချင်စမ်းနဲ့ကွာ။

သူ့အတွက် ကျွန်တော် စာတစ်စောင် ရေးထားခဲ့တယ်။ ညတုန်းက သူ့ကို ဟိုဘက်လှည့်နိုင်းထားပြီး စာရွက်ခေါက်ကို ပူဖောင်းထဲလိပ်ထည့်ပြီး လေမှုတ်လို့ ထားခဲ့တယ်။ သူ ဖတ်ခွင့်ရရင်လည်း ရမယ်၊ မရရင်လည်း မရဘူး။ ကျွန်တော် မသိနိုင်ဘူး။

ကျွန်တော်သိတာတစ်ခုက ကျွန်တော် ဒီနှစ်ရက်အတွင်း သူနဲ့ အတူရှိခဲ့တဲ့အချိန်ကို ဘယ်လိုမှ မေ့မှာမဟုတ်ဘူးဆိုတာပဲ။ လူတိုင်းနဲ့ ကျွန်တော် လောင်းရဲတယ်။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ ပူဖောင်းတွေဟာ တစ်နေ့နေ့မှာ ပေါက်ကွဲသွားမှာပဲ။ ဒါမှမဟုတ် လေလျော့ပြားချိုင့်ပြီး အမှိုက်တစ်ခု ဖြစ်သွားမှာပဲ။



ဒါပေမဲ့ ကျွန်တော်ယုံကြည်တဲ့ မိုးသားထဲမှာတော့ ကျွန်တော်ယုံကြည်တဲ့ ပူဖောင်းလေးတစ်လုံးဟာ အထိအခိုက်မရှိဘဲ **အမှုန်အမွှား** ကင်းစင်စွာ လွင့်ဝဲနေလိမ့်မယ်။ အဲဒီပူဖောင်းလေးကို အတိုင်းမသိ တန်ခိုးကြီးတဲ့ တန်ခိုးရှင်တစ်ယောက်က ဒါမှမဟုတ်၊ မှော်ဆရာတစ်ယောက်က သူ့တန်ခိုးတွေ အကုန်သုံးပြီး ဖန်ဆင်းသွားခဲ့တာပေါ့။ မှော်ပူဖောင်းလေးတစ်လုံးပေါ့။

ဒါပေမဲ့ အဲဒီမှော်ပူဖောင်းလေးဟာ သိပ်ဈေးကြီးလွန်းတယ်ကွယ်။

အဟင်း . . . လေလံပစ်စရာမလိုဘဲ သိန်းသုံးရာ ပေးဝယ်ခဲ့ရတယ်။

ဒါပေမဲ့ အဲဒီ မှော်ပူဖောင်းလေးကို ဝယ်ယူခဲ့လို့ ငါ မနှမြောဘူး။

ဘာကြောင့်လဲဆိုတော့ အဲဒီပူဖောင်းလေးထဲမှာ . . .
ငါ အဖိုးမဖြတ်နိုင်တဲ့
နင်နဲ့ပတ်သက်ခဲ့တဲ့ အတိတ်တွေ . . . ရှိနေလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဒီတောင်တော့ ဒီလို ထုံးဖြည်ခဲ့လိုက်ပြီ။
အတိတ်ဆိုတာ
မပေါက်မကွဲ
ဝိုးမှုတ်လုံးထဲက ကောင်းကင်မှာ ဝဲနေမဲ့
မှော်ပူဖောင်းလေးတစ်လုံးပဲကွယ်။



## (20)

BURMESE CLASSIC .com

ခရီးက ပြန်လာပြီး သိပ်မကြာတဲ့ တစ်နေ့မှာ . . . ။

စနေနေ့ တစ်နေ့ပါ။ ကျွန်တော် အရင်တုန်းကနေခဲ့ဖူးတဲ့ ရပ်ကွက်ဆီ ရောက်ခဲ့တယ်။

ပန်ရွှယ့်ဆီ လာတာပါ။ ပန်ရွှယ့်ကို ကျွန်တော် ပြောစရာစကားရှိတယ်။ ပြောမှဖြစ်မယ်။ မပြောရင် မဖြစ်ဘူး။ သူများပြောသွားရင် ခက်မယ်။ ကိုယ်တိုင်ပြောရတာလည်း မလွယ်ဘူး။ ဒါဆို ဘာစကားပြောမှာလဲဆိုတာ ရိပ်မိကြရောပေါ့။ ဒါပေမဲ့ အရိပ်ပဲ မိလို့မဖြစ်ဘူး။ အကောင်လိုက်မိဖို့ ညကတည်းက ကျွန်တော် စကားလုံးတွေ အများကြီး စီလာခဲ့တယ်။

ပန်ရွှယ့်အိမ်မရောက်ခင် ဘောမင်းအိမ် အရင်ရောက်တယ်။ မကောင်းတတ်လို့၊ လမ်းတအားကြုံနေလို့ ရှူးအရမ်းပေါက်ချင်နေလို့ ခဏဝင်လိုက်တာပါ။ အပေါ့အပါးသွားပြီးတော့ ဒီကောင်နဲ့ စကားအထာ ပြောဖြစ်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ငါ ပန်ရွှယ့်အိမ် သွားမလို့။ သူ အပြင်တွေ၊ ဘာတွေ ထွက်သွားတာများ တွေ့သေးလား"

"ငါ လမ်းပေါ်ငေးမိသလောက်တော့ မတွေ့ဘူး။ ဒိန်ကြီးကိုတော့ တွေ့တယ်။ ငှက်ပျောပွဲ၊ အုန်းပွဲလည်း ခေါင်းမှာရွက်လို့"

"ဟာ . . . ဒါဆို ငါသိပြီ။ ပန်ရွှယ် အခုချိန် အိမ်မှာမရှိဘူး"

ကျွန်တော် ပန်ရွှယ်ရှိတဲ့နေရာကို လိုက်သွားဖို့ပြင်တော့ စောမင်းက ဖတ်လက်စဂျာနယ်ကို အသံထွက် ဆက်ဖတ်တယ်။

"အရက်ကုမ္ပဏီတစ်ခု သိန်း (၃၀၀) မဲဖောက်ပေးတယ် ဆိုပါလား။ ဆုကြေး သိန်း(၃၀၀) ပေါက်တဲ့သူက မိန်းကလေးဖြစ်နေလို့ ရှက်လို့ဆိုပြီး နာမည်အရင်းလည်း မဖော်ပြထားဘူး။ ဓာတ်ပုံလည်း မဖော်ပြထားဘူးတဲ့ကွ။ ဟား . . . ဟား . . . မိန်းကလေးတွေလည်း သောက်တတ်နေပြီထင်တယ်။ ကိုးရီးယားရှူးပြီး သောက်တာနေမှာပါ။ ဟား . . ဟား . . ."

စောမင်းက သူ့ဘာသာသူ ခပ်ပြိန်းပြိန်းပြောပြီး သူ့ဘာသာသူ ပြန်ရယ်နေတယ်။

ကျွန်တော် မျက်နှာနည်းနည်း ပျက်သွားတာကိုလည်း စောမင်း မရိပ်မိခဲ့ပါဘူး။

ခြေလှမ်းတွေက မသွက်လက်တော့ပေမဲ့ ရပ်ကွက်ထိပ်က ကစားကွင်းလေးဆီ လျှောက်ခဲ့ပါတယ်။ ပန်ရွှယ်က ဒိန်ကြီးရန်ကြောက်လို့ စနေနေ့တိုင်း ဒီကစားကွင်းလေးမှာ လာရှောင်နေတာမို့လား။

သူ့ကို လှမ်းတွေ့ပါတယ်။ သူ ကလေးစီးတဲ့ ဒန်းကလေးကို စီးနေတယ်။

ကျွန်တော့်ကိုတွေ့တော့ သူ တကယ် ဝမ်းသာသွားတာမို့ မျက်နှာလေး အရောင်တောက်သွားပေမဲ့ ဒန်းကလေးပဲ ဆက်စီးနေပါတယ်။



သူ့ဘေးကလွတ်နေတဲ့ တခြားဒန်းကလေးပေါ် ကျွန်တော် ဝင်ထိုင်လိုက်တယ်။

"ဘာလာလုပ်တာလဲ . . . အရူးရဲ့"

"ငပေါမလေးကို ပြောစရာရှိလို့ လာတာ"

"အေး . . . ပြော"

သူ့ကို ငပေါမလို့ ခေါ်မှန်းလည်း သူသိတယ်။

သူ့ ပါးပြင်ကလေးတွေ နညက်နေတာဟာ ကျွန်တော့်ကို အသည်းယားစေတယ်။ ရင်ခုန်တာကို ထိန်းရတာ ကမ္ဘာ့အခက်ဆုံး အလုပ်တစ်ခုထဲမှာ ပါဝင်တယ်လို့ ပြောရင် ငြင်းမဲ့သူ နည်းလိမ့်မယ် ထင်တယ်။

သူက ပြောဖို့ တွန့်ဆုတ်နေတဲ့ ကျွန်တော့်ကို မသင်္ကာသလို ကြည့်တယ်။ ကျွန်တော်ပြောမဲ့ စကားကို နည်းနည်းရိပ်မိသွားလား မသိဘူး။ ပါးပြင်ရဲ့ အမို့ဆုံးနေရာလေးတွေ ရဲလာတယ်။

"ဘာပြောမလို့လဲ . . . ပြောလေ"

ဒီလိုပြောပေမဲ့ သူ မျက်နှာလွှဲလိုက်တယ်။ ဒါပေမဲ့ စကားလွှဲလို့မဖြစ်တဲ့ ကျွန်တော် ဆက်ပြောရမယ်။

"ပန်ရွှယ် . . . ငါလေ . . ."

"ငါ နင့်ကို . . . "

"ဟား . . . ဟိုမှာ မိုးပျံပူဖောင်းတွေ အများကြီးပဲ"

သူ မိုးကောင်းကင်ထဲ လက်ညှိုးညွှန်ပြီး အားပါးတရ ပြောလာတယ်။ သူ ညွှန်ပြရာမိုးသားထဲမှာ ဘယ်ကဘယ်လို ပျံ့လွင့်လာမှန်း မသိတဲ့ မိုးပျံပူဖောင်းမိသားစုလည်း မသိပါဘူး။ အပြာရောင်နောက်ခံ ကောင်း ကင်ထဲမှာ ရောင်စုံလွင့်လို့။ ကျွန်တော့်စကား မဆုံးလိုက်ပါဘူး။ ထပ်ပြီး ဆက်ပြီးလည်း မပြောဖြစ်ခဲ့ဘူး။

www.burmeseclassic.com

မိုးပျံပူဖောင်းတွေ . . . မိုးပျံပူဖောင်းတွေ . . .

သူတို့တွေဟာ ကျွန်တော့်စိတ်ကို တစ်မျိုးဖြစ်စေခဲ့ပေ့ါ။ ကျွန်တော်ပြောချင်တဲ့ စကားတွေကို ဆွဲငင်သိမ်းပိုက်ပြီး နုတ်ယူသွားတယ်။ ကျွန်တော် ကျောက်စရစ်ခဲလေးတွေလောက်တောင် စကားမပြောဖြစ်တော့ဘူး။

အဲဒီညနေ ကျွန်တော် သူ့ကို မည်သည့်စကားမှ ထပ်မံမပြောဖြစ်ခဲ့တော့ပါဘူး။


🎀 🎀 🎀

သုဝေး

**December, 2012**

**01:05 PM**






www.burmeseclassic.com